ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၂၅)   ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်   ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် ၊ ကြာသပတေး၊ (ဩဂုတ် ၃၀ ၊ ၂၀၁၂)




တရုတ်နိုင်ငံဘက်ခြမ်း နယ်စပ်ကယ်ဆယ်ရေးစခန်းများမှ ပြန်လည်ပြောင်းရွှေ့လာသော စစ်ဘေးဒုက္ခသည်များနှင့် ၎င်းတို့၏ပစ္စည်းများ ဓာတ်ပုံ-ဇော်မိုးထက်

ပြည်ပရောက်
မြန်မာပညာရှင်များကို
အမြဲတမ်းနေထိုင်ခွင့်ပေးရန်
သမ္မတစဉ်းစား
အချပ်ပို(A)

ပဲဈေးကွက်အတွင်း
ထွက်ပြေးမည့်
ပဲကုန်သည်များရှိနေ
စာ(၇)

ဖားကန့်အနီး
တိုက်ပွဲများကြောင့်
တစ်ပတ်အတွင်း
စစ်ဘေးဒုက္ခသည်
ငါးထောင်ကျော်ရှိလာ
စာ(၃)

ချယ်ရီအပါအဝင်
တရုတ်နိုင်ငံလုပ်ကားများတွင်
အန္တရာယ်ရှိအစိတ်အပိုင်းများ
တွေ့ရှိ
စာ(၂၇)

# တရုတ်အစိုးရက ကချင်စစ်ဘေး ဒုက္ခသည်များကို နေရပ်ပြန်ပို့

အေးမြကျော်၊ အောင်နိုင်၊
ထွန်းနိုင်

ရန်ကုန်၊ဩဂုတ်-၂၇

ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော စစ်ပွဲများကြောင့် တရုတ်နိုင်ငံ နယ်စပ်ဒေသများသို့ ရှောင်တိမ်းနေထိုင်နေကြသော စစ်ဘေးဒုက္ခသည်များကို တရုတ်အစိုးရက နေရပ်သို့ပြန်ရန် ဖိအားပေးခဲ့သဖြင့် ဩဂုတ်လ ၂၀ ရက်မှစတင်ကာ မြန်မာနိုင်ငံဘက်သို့ ဒုက္ခသည် လေးထောင်ကျော်ကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း သွားရောက်ကူညီပေးနေသည့် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်မှ တာဝန်ရှိသူများနှင့်ကူညီနေသူများထံမှ သတင်းရရှိသည်။

"တစ်ပူပေါ် နှစ်ပူဆင့်ပေါ့။ ဒီမှာ တအားဒုက္ခရောက်နေကြတယ်" ဟု တရုတ်နယ်စပ်မှ ပြန်ရွှေ့လာရသော ဒုက္ခသည်များကို မူဆယ်မှတစ်ဆင့် သွားရောက်အကူအညီပေးသည့် ကချင်နှစ်ခြင်းအသင်းတော်မှ အတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဇွန်က ဖုန်းဖြင့်ပြောကြားသည်။

ဩဂုတ်လ ၂၂ ရက်မှစတင်ကာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ နောင်တောင်းမြို့နယ်တွင်းရှိ စစ်ဘေးဒုက္ခသည်စခန်းကိုးခုမှ လူဦးရေလေးထောင်ကျော်ကို ဩဂုတ်လကုန် အပြီးပြောင်းရွှေ့ရန် တရုတ်နိုင်ငံအစိုးရက ညွှန်ကြားချက်ထုတ်ခဲ့ပြီး စာ(၁၂)သို့

# ပြည်ထောင်စုဝန်ကြီးကိုးဦး ပြောင်းလဲတာဝန်ပေး

အားမာန်

ရန်ကုန်၊ဩဂုတ်-၂၇

ပြည်ထောင်စုဝန်ကြီးကိုးဦးအား ပြောင်းလဲတာဝန်ပေးအပ်ကြောင်းနှင့် ဒုတိယဝန်ကြီး ၁၅ ဦးကို ခန့်အပ်တာဝန်ပေးအပ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်လက်မှတ်ရေးထိုးပြီး နိုင်ငံတော်သမ္မတရုံးက ဩဂုတ် ၂၇ ရက်၊ ၁၈နာရီ(ညနေ ၆ နာရီ) ၄၅ မိနစ်အချိန်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲခြင်းနှင့် ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းကို နိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက်က ထုတ်ပြန်ကြေညာရာတွင် နေ့ရက်နှင့် အချိန်တို့မှာ တိုက်ဆိုင်စွာကိုးဂဏန်းသုံးခု(ဩဂုတ် ၂၇ရက်၊ ၁၈ နာရီ၊ ၄၅မိနစ်) ဖြစ်နေသည်ကို တွေ့ရသည်။

အချပ်ပို(B)သို့



ပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲပြုလုပ်မည့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဓာတ်ပုံ-ဗိုလ်ဗိုလ်ဝင်း

# တရုတ်ကုမ္ပဏီတစ်ခု ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲ အစီအစဉ်များ ဆောင်ရွက်ခွင့်ရဖွယ်ရှိ

ဗိုလ်ဗိုလ်ဝင်း

နေပြည်တော်၊ ဩဂုတ်-၂၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဖွင့်ပွဲ၊ ပိတ်ပွဲအစီအစဉ်များကို တင်ဒါခေါ်ယူထားရာ တရုတ်ကုမ္ပဏီတစ်ခုမှ ရရှိဖွယ်ရှိကြောင်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းကပြောသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# ဖွံ့ဖြိုးမှုလမ်းကြောင်းမှ မြန်မာနိုင်ငံ လွဲချော်သွားနိုင်သည့်အချက်နှစ်ချက် အေဒီဘီထောက်ပြ

အောင်သူရ

ရန်ကုန်၊ ဩဂုတ် - ၂၂

တပ်မတော်အစိုးရမှ အရပ်သား အစိုးရသို့ ကူးပြောင်းခဲ့သည့် မြန်မာနိုင်ငံတွင် အချက်နှစ်ချက်ကြောင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်မှ လမ်းချော်သွားနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။

လွဲချော်မှု ကြုံတွေ့နိုင်သည့် အချက်နှစ်ချက်မှာ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုတ်ယုတ်ပျက်စီးမှုများတွင် ထိလွယ်ရှလွယ်ဖြစ်မှုများနှင့် ပြည်တွင်းပဋိပက္ခများတွင် ဖြစ်ပေါ်ဆဲ တင်းမာမှုများကြောင့် ဖြစ်သည်ဟု ဖော်ပြပါရှိသည်။

“တိုင်းရင်းသားဒေသတွေမှာ မညီမျှတဲ့အတွက် ဖြစ်နေတဲ့ ပဋိပက္ခတွေက ဖွံ့ဖြိုးမှုကိုအနှောင့်အယှက်ဖြစ်နိုင်သလို နောက် ဂျာမနီနိုင်ငံက အဖွဲ့တစ်ဖွဲ့ရဲ့ သုတေသနမှာ မြန်မာနိုင်ငံဟာ ရာသီဥတုဖောက်ပြန်မှု အဆိုးဆုံးနိုင်ငံထဲမှာပါနေတယ်”ဟုမစ္စ Cyn-Young Park ကပြောသည်။

၂၀၀၈ ခုနှစ်မှစတင်ကာမြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု စတင်ကြုံတွေ့နေရပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထိခိုက်နေကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကဆိုသည်။

ပြီးခဲ့သည့်နှစ် မိုးစပါးရာသီအစတွင် မိုးရွာသွန်းမှုများခဲ့သဖြင့် စပါးခင်းများ ပျက်စီးကာ အထွက်လျော့ခဲ့သလို ယခုနှစ်မိုးရာသီတွင် ဆီထွက်သီးနှံ အဓိကစိုက်ပျိုးသော ဒေသများ၌ မိုးခေါင်သဖြင့် ပျက်စီးမှုများ ရှိနေပြီး စပါးအဓိကစိုက်သောဒေသများ၌ရေကြီးနေ၍ စပါးခင်းများပျက်စီးလျက်ရှိသည်။

ထိုအခြေအနေများကြောင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုကို အနှောင့်အယှက်ဖြစ်နိုင်ကြောင်း နိုင်ငံတော်သမ္မတ၏ လူမှုစီးပွားအကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးက ပြောဆိုသည်။

လက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေရေးဆွဲခြင်းနှင့် ပတ်သက်၍ ပြည်တွင်းမှ အသေးစားနှင့်အလတ်စား ကုမ္ပဏီများရှိလုပ်ငန်းရှင်များကြား ပဋိပက္ခဖြစ်ပွားနိုင်ကြောင်း ပဋိပက္ခရေးရာအကြောင်း လေ့လာနေသူ ဦးတင်မောင်သန်းက ထောက်ပြပြောဆိုသည်။ ထို့အပြင်မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသော မငြိမ်မသက်မှုများသည်လည်း တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်ဖြစ်နိုင်ကြောင်း ထပ်လောင်းပြောဆိုသည်။

ပြည်တွင်း၌ ရှိနေသော လူသားအရင်းအနှီးနှင့် အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံခြင်းအပါအဝင် တိုင်းပြည်၏ မက်ခရိုဘောဂဗေဒ တည်ငြိမ်မှုပေါ်တွင်လည်း ဖွံ့ဖြိုးတိုးတက်မှုက မူတည်နေသည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်၏ သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့အပြင် နောက်ထပ် ပြုပြင်ပြောင်းလဲမှုများအားလုံးကို အကောင်အထည်ဖော်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးရေးကို စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်ပါက ၂၀၃၀ ပြည့်နှစ်တွင် လူတစ်ဦးချင်း ဝင်ငွေသည် သုံးဆကျော် တိုးတက်လာပြီး တစ်နှစ်လျှင် ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ တိုးချဲ့နိုင်မည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က တွက်ချက်ထားသည်။

# မြေစိုက်ကြော်ငြာအသေးများ ဩဂုတ်လကုန် အပြီးဖြုတ်သိမ်းမည်

ကျော်သီဟ

ရန်ကုန်၊ ဩဂုတ် - ၂၀




**မြေနီကုန်း ပြည်လမ်းပေါ်တွင်တွေ့ရသည့် မြေစိုက်ကြော်ငြာများ**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြို့တော်အင်္ဂါရပ်နှင့်အညီ ကြော်ငြာဆိုင်းဘုတ်များအားဖြုတ်သိမ်းရန်နှင့် ဖြုတ်သိမ်းရန်ကျန်ရှိသည့် ဆိုင်းဘုတ်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစီအစဉ်ဖြင့် ဖြုတ်သိမ်းသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှူးကပြောကြားသည်။

ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခွင့်ပြုထားသော အရွယ်အစားများမှာ ပေ ၂၀×၉ ပေ(ယာယီဘုတ်)၊ ပေ ၂၀×၉ ပေ အရွယ်အောက် ကြော်ငြာဆိုင်းဘုတ်များနှင့် ဓာတ်တိုင်ကြော်ငြာဆိုင်းဘုတ်များအား ၂၀၁၂ ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ငါးလတိုင် အခမဲ့စိုက်ထူခွင့်ပြုထားခဲ့သည်။

“ဘုတ်သေးတွေက ၈လပိုင်းထိ စည်ပင်က အခွန်မကောက်ဘဲနဲ့ထားတာ။ ဒီလကုန်ရင်တော့ အကုန်ဖြုတ်မှာပါ”ဟု Gannad ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းမှ အထွေထွေမန်နေဂျာက ပြောသည်။

လက်ရှိတွင် မြေစိုက်ကြော်ငြာလုပ်ငန်းရှင်များသည် နေရာသစ်များ ရှာဖွေ၍ မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တင်ပြကာ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခွင့်များ တင်ပြတောင်းဆိုမှုများရှိနေကြောင်းသိရသည်။

ကမ္ဘာအေးဘုရားလမ်းပေါ်တွင် ယခင်က ကြော်ငြာဆိုင်းဘုတ်ကြီး ၃၀ ခန့်နှင့် ပြည်လမ်းမပေါ်တွင် ၅၀ ခန့် ခန့်မှန်းခြေရှိပြီး၊ ဖြုတ်သိမ်းခံရသော ကြော်ငြာဆိုင်းဘုတ်များမှာ လှည်းတန်းနှင့် ဘုရင့်နောင်ရှိ ဆိုင်းဘုတ်များဖြစ်ခဲ့သည်။

အထက်ပါနေရာနှစ်ခုရှိ ကြော်ငြာဆိုင်းဘုတ်ကြီး ဖြုတ်သိမ်းရခြင်းမှာ ခုံးကျော်တံတားစီမံကိန်းများကြောင့် ဖြစ်ကြောင်း Gannad မှ အထွေထွေမန်နေဂျာကပြောသည်။

ထို့အပြင် မန္တလေးမြို့တွင်လည်း မြေစိုက်ကြော်ငြာဆိုင်းဘုတ် အကြီး၊ အသေး အရွယ်အစားအားလုံးနေရာတွင် ၆ ပေ×၁၀ ပေအကျယ်ရှိကြော်ငြာဆိုင်းဘုတ် စံနှုန်းတစ်ခုတည်းကိုသာ ခွင့်ပြုသွားမည်ဖြစ်ကြောင်း မန္တလေးမြို့ရှိ ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းရှင်တစ်ဦးထံမှသိရသည်။

မန္တလေးမြို့တွင် မြေစိုက်ကြော်ငြာများ ဈေးကွက်ဝင်သောနေရာများမှာ ဈေးချိုပတ်ဝန်းကျင်၊ ၇၈ လမ်းမပေါ်နှင့် လမ်း ၈၀ စသည့်နေရာများဖြစ်ပြီး ယင်းနေရာများသည် ကြော်ငြာဆိုင်းဘုတ် အများဆုံးစိုက်ထူကြသည်။

ရန်ကုန်မြို့တွင် မြေစိုက်ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းကို ၁၉၉၆ ခုနှစ်မှစတင်လုပ်ကိုင်ခဲ့ပြီး၊ မန္တလေးမြို့၌ ၁၉၉၉ ခုနှစ် ဝန်းကျင်ခန့်က စတင်လုပ်ကိုင်ခဲ့ကြောင်း ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းရှင်များထံမှသိရသည်။

# ခွင့်ပြုချက်မတင်ဘဲ သာသနာရေးဝန်ကြီးဌာနရှေ့ စုဝေးဆန္ဒပြသူများကို အမှုဖွင့်

အိဖြူလွင်

ရန်ကုန်၊ ဩဂုတ်-၂၅

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့် တောင်းခံခြင်းမရှိဘဲ သာသနာရေးဝန်ကြီးဌာနရှေ့တွင် စုဝေးဆန္ဒပြသူများကို မရမ်းကုန်းမြို့နယ်ရဲစခန်းက ငြိမ်းချမ်းစွာ စုဝေးခွင့်ပုဒ်မ-၁၈ ဖြင့် အမှုဖွင့်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သတင်းရရှိသည်။

ဆန္ဒပြသူများသည် ယခုလ ၁၃ ရက်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ဟဂ်ျလုပ်ငန်း ၁၀ ဦးကော်မတီအစည်းအဝေး ကော်မတီရွေးချယ်ဖွဲ့စည်းခြင်းကိစ္စ ဆွေးနွေးသည့် အစည်းအဝေးတွင် အစည်းအဝေးဆက်လက်မတက်ရောက်လိုကြောင်းပြော၍ သာသနာရေးရုံးခန်း ခြံတံခါးရှေ့၌ ဆူပူအော်ဟစ်ပြောဆိုခြင်း၊ အသင့်ယူဆောင်လာသည့် စာတန်းများ ရေးသားထားသည့် စာရွက်များ ကိုင်ဆောင်ကာ ဆန္ဒပြအော်ဟစ်မှုများ ပြုလုပ်ခဲ့ကြသည်ဟုလည်းသိရသည်။

စုဝေးဆန္ဒပြသူများဟုဆိုသူများမှာ ကုမ္ပဏီ ၂၂ ခုမှ အစည်းအဝေးဦးဆောင်တက်ရောက်သူများဖြစ်ပြီး ၁၀ဦးကော်မတီဖွဲ့စည်းသည့်ကိစ္စအားမကျေနပ်၍ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်ဟု အစိုးရအဖွဲ့ရုံးမှ သိရှိရသည်။

ထိုသို့ အမှုဖွင့်ထားခံရသူများထဲတွင် ပါဝင်သည့် ဦးစိန်ဝင်းအေးက “ကျွန်တော်တို့က ဆန္ဒပြမှုတွေကိုဦးဆောင်တဲ့သူတွေမဟုတ်ပါဘူး။ ဆန္ဒပြတာက အပြင်က ပြည်သူတွေပြတာပါ။ မနှစ်က ဟဂ်ျမသွားလိုက်ရလို့ နစ်နာသူတွေက ကော်မတီဖွဲ့တာကို မကျေနပ်လို့ ဆန္ဒပြတာပါ။ ကျွန်တော်တို့ စာတန်းတွေလည်း မကိုင်ခဲ့ပါဘူး”ဟု ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အစ္စလာမ်ဘာသာရေးအဖွဲ့ သုံးခုမှ တာဝန်ရှိသူများ၊ ဟဂ်ျခရီးသွားကုမ္ပဏီ ၆၃ ခုမန်နေဂျင်းဒါရိုက်တာများအားလုံး တက်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးကို ကုမ္ပဏီ ၂၅ ခုမှ တရားဝင်ကန့်ကွက်လွှာ တင်သွင်းခဲ့ခြင်းဖြစ်ပြီး မဲမပေးသူများ ပြန်၍ရသည်ဟု ဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောသောကြောင့် ပြန်ခဲ့ခြင်းဖြစ်ကြောင်း ဒီမိုကရေစီနိုင်ငံဖြစ်သည့်အတွက် အစည်းအဝေးတွင် မကျေနပ်မှုများကိုတင်ပြခဲ့ခြင်းဖြစ်သည်ဟု ဦးစိန်ဝင်းအေးက ပြောသည်။

သာသနာရေးဝန်ကြီးဌာနက အစည်းအဝေးအတွင်း ထပြန်သည့် ကုမ္ပဏီများကိုပုဒ်မ ၃၅၃၊ ပုဒ်မ ၅၀၀၊ ပုဒ်မ ၁၁၄ တို့ဖြင့်လည်း အမှုဖွင့်ထားသည်ဟု သိရသည်။

ယင်းအမှုတွင် ဆန္ဒပြမှုအားဦးဆောင်သူဟုဆိုသူ လေးဦးကို မရမ်းကုန်းရဲစခန်းက ပ-၄၈၄/၁၂ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

လဆန်းပိုင်းကလည်း နိုင်ငံတော်သမ္မတကြီး၏ ရိုဟင်ဂျာအရေး ရဲရင့်ပြတ်သားစွာပြောကြားချက်အား ထောက်ခံကြောင်း ဩဂုတ် ၃ ရက်က ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးရှေ့တွင် ဆန္ဒဖော်ထုတ်သူများကိုလည်း ခွင့်ပြုချက်မရဘဲ ဆန္ဒဖော်ထုတ်သည့်အတွက် စမ်းချောင်းရဲစခန်းက ပုဒ်မ ၁၈ ဖြင့် အမှုဖွင့်စစ်ဆေးနေပြီဖြစ်သည်။

# သေမိန့်ချမှတ်ခံထားရသည့် ကျောက်နီမော်အမှု တရားခံနှစ်ဦး အယူခံလွှာ မကြားနာရသေး

မြတ်စုမွန်

ရန်ကုန်၊ ဩဂုတ် - ၁၆

သေမိန့်ချမှတ်ခံထားရသော မသီတာထွေးအမှု တရားခံနှစ်ဦး၏ အယူခံလွှာကိုကြားနာရန် အချက်အလက်များမပြည့်စုံသေးကြောင်း ပြည်ထောင်စုတရားလွှတ်တော်ရုံး ချုပ် ပြစ်မှုဌာနခွဲမှသိရသည်။

“အယူခံအတွက် ကြားနာဖို့ အချက်အလက်မပြည့်စုံသေးပါဘူး။ တရားခံနှစ်ဦးအတွက် အစိုးရစရိတ်နဲ့ ရှေ့နေတော့ ငှားထားပြီးပါပြီ” ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်-သပြေချောင်း ကျေးရွာတွင် မေလ ၂၈ရက်က ရခိုင်အမျိုးသမီး မသီတာထွေးအား ထက်ထက်(ခ)ယော်ရှီး(ခ)ဖြိုးဇေယျာကျော်၊ ရော့ပီးနှင့် ခိုချီးတို့က အဓမ္မပြုကျင့်၊ ပစ္စည်းလုယက်ကာ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့သည်။ ယင်းသို့ဖြစ်ပွားပြီး ၂၁ ရက်မြောက်နေ့(ဇွန် ၁၈)တွင် ကျောက် ဖြူတရားရုံးက ၎င်းတို့အား သေဒဏ်ချမှတ်ခဲ့ပြီး၊ ယင်းအမိန့်အား အတည်ပြုနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ရုံးချုပ်သို့ အတည်ပြုရဦးမည်ဖြစ်ရာ ခုနစ်ရက်အတွင်း အယူခံဝင်ရန်လည်း တရားသူကြီးက မှာကြားခဲ့သည်။

“တစ်ပတ်အတွင်း အယူခံတင်ပေးထားပါတယ်။ အဖြေကိုတော့ မသိရသေးဘူးလေ။ ဒါက တရားရုံးကိစ္စဖြစ်သွားပြီ”ဟု စစ်တွေအကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးကပြောသည်။

အဆိုပါကျူးလွန်သူများ အား ကျောက်ဖြူထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ရာ ဇွန် ၉ရက်တွင် ထက်ထက်(ခ)ယော်ရှီး(ခ)ဖြိုးဇေယျာကျော်သည် ခါးဝတ်ပုဆိုးကို အသုံးပြုကာ မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့သည်။

# အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက် မှားယွင်းကြောင်းကြေညာရန် အဆိုအတည်ပြု

**အိဖြူလွင်**
**နေပြည်တော်၊ ဩဂုတ်-၂၇**

ယနေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်မှားယွင်းကြောင်း ကြေညာရန် အဆိုကိုစက်ခလုတ်နှိပ်မဲခွဲရာ ထောက်ခံမဲ ၄၄၇ မဲဖြင့် အတည်ပြုလိုက်ကြောင်း သတင်းရရှိသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုး တင်သွင်းသည့် အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်နှိပ်၍ မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက လွှတ်တော်အသီးသီးမှဖွဲ့စည်းထားသည့်ကော်မတီနှင့် ကော်မရှင်များသည်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ်ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်းမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအနေဖြင့် အခြေခံဥပဒေနှင့် ခုံရုံးဥပဒေများအရ လုပ်ပိုင်ခွင့်မရှိဘဲ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ မှားယွင်းဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသဖြင့် ခုံရုံးသည် မှားယွင်းစွာ ဆောင်ရွက်ခဲ့မိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ကြေညာချက်ထုတ်ပြန်ပေးရေး ပြည်ထောင်စုလွှတ်တော်က တိုက်တွန်းပေးရန် အဆိုအား အရေးကြီးအဆိုအဖြစ် ပျော်ဘွယ်မြို့နယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုးက တင်သွင်းခဲ့ပြီး ယနေ့ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံရေးပါတီစုံမှ ကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များ အပါအဝင် ကိုယ်စားလှယ် ၂၂ ဦးတို့က ဥပဒေအကိုးအကားများဖြင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ယခု မဲခွဲဆုံးဖြတ်ချက် ရလဒ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် မှားယွင်းဆောင်ရွက်ခဲ့မိသည်ဆိုသည့် ကြေညာချက်ကို ထုတ်ပြန်ပေးရမည် ဖြစ်သည်။

ခုံရုံးအနေဖြင့် ကြေညာချက်ကို မထုတ်ပြန်ဘဲလည်း နေခွင့်ရှိကြောင်း၊ သို့သော် ယခုအဆိုအတည်ပြုချက်ကိုမူ သက်ဆိုင်ရာ အဖွဲ့အစည်းသို့ လွှတ်တော်က ပေးပို့မည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ပြောကြားသည်။

“နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အခြေခံဥပဒေအရ လွှတ်တော်ခေါ် ယူကျင်းပရာတွင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေများဖြစ်သည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေတို့တွင် ပါရှိသည့် အခန်း(၁)ပုဒ်မ ၂ ပါ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့ကိုလည်းကောင်းဆိုလိုသည်” ဟူသော ဥပဒေ အပါအဝင် နည်းဥပဒေများဖွဲ့စည်းပုံပါ ဥပဒေများကို ကိုးကား၍ လွှတ်တော်ကိုယ်စားလှယ်များက ခုံရုံး၏ ဆုံးဖြတ်ချက်သည် မှားယွင်းကြောင်း ဆွေးနွေးခဲ့သည်။



ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်ကို ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသည် တရားရုံးဖြစ်ပြီး တရားစီရင်ရာတွင် အမှန်တရားကို ဆုံးဖြတ်ရုံသာမကဘဲ အမှန်တရား စီရင်ကြောင်း အများမြင်စေရာသည် ဆိုသည့် ထုံးတမ်းအတိုင်း ယခုလာရောက် ရှင်းလင်းရသည်ကို ကျေနပ်ပါကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးအနေဖြင့် အခြေခံဥပဒေပါ စကားရပ်ဖြစ်သည့် ပြည်ထောင်စုအဆင့်ဆိုသည့်စကားကိုသာ အနက်အဓိပ္ပာယ် ဖွင့်ဆိုခဲ့ခြင်းဖြစ်ကြောင်း ဦးသိန်းစိုးက ပြောသည်။

ခုံရုံး၏ ဆုံးဖြတ်ချက် မှားယွင်းသည်ဆိုသော အဆိုကို ဆွေးနွေးရာတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးခဲ့ကြပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက ခုံရုံး၏ ဆုံးဖြတ်ချက်သည် အခြေခံဥပဒေအရ ဆုံးဖြတ်ခြင်းဖြစ်၍ အခြေခံဥပဒေကို လေးစားလိုက်နာရန် ကိုယ်စားလှယ်များအနေဖြင့် တာဝန်ရှိသည်ဟု ဆွေးနွေးခဲ့ကြသည်။

အမျိုးသားဒီမိုကရေစီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကမူ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းတို့ မပြုဘဲ “ကျွန်မတို့ဟာ ပြဿနာတက်နေတာ မှန်ပါတယ်။ ဒီပြဿနာကို ဖြေရှင်းတဲ့နေရာမှာ အားလုံးဟာ ညှိညှိနှိုင်းနှိုင်းတိုင်တိုင်ပင်ပင် သဘောထားကြီးကြီးနဲ့ အမြော်အမြင်ရှိရှိနဲ့ ဖြေရှင်းဖို့ကိုပဲ ဦးတည်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်”ဟုပြောကြားခဲ့သည်။

ထို့အပြင် ယခုကိစ္စသည် တရားဥပဒေကိစ္စဖြစ်သည့်အတွက် တရားဥပဒေအရ ကျေကျေလည်လည် နှစ်ဦးနှစ်ဖက်ဟာ ဆွေးနွေးရန်လိုပြီး တစ်ဖက်ကို တစ်ဖက် လေးစားရန်၊ ကိုယ့်အမြင်နဲ့ မတူသူများအားလုံး မှားသည်ဟု စွပ်စွဲလို့မရဘဲ ကိုယ့်အမြင် သူ့အမြင် နှစ်ဖက်စလုံးကို ကျွန်မတို့ လေးစားရန်၊ နားလည်ရန်လိုသည်ဟု ဆွေးနွေးခဲ့သည်။

---



ဖားကန့်မြို့ မြို့ဦးဘုန်းတော်ကြီးကျောင်းတွင် ခိုလှုံနေသော စစ်ဘေးဒုက္ခသည်များကိုတွေ့ရစဉ် ဓာတ်ပုံ-တန်ခူး

# ဖားကန့်အနီး တိုက်ပွဲများကြောင့် တစ်ပတ်အတွင်း စစ်ဘေးဒုက္ခသည် ငါးထောင်ကျော်ရှိလာ

**အေးမြကျော်၊ အောင်နိုင်**
**ရန်ကုန်၊ ဩဂုတ်-၂၇**

မြန်မာနိုင်ငံ၏ကျောက်စိမ်းအဓိကထွက်ရှိရာ ဖားကန့်ဒေသတွင် မြန်မာ့တပ်မတော်နှင့်ကချင်လွတ်မြောက်ရေး တပ်မတော်အကြား ဩဂုတ်လ ၁၈ရက်မှစတင်ကာ တိုက်ပွဲများ ဖြစ်ပွားခဲ့သဖြင့် နေရပ်မှ ဖားကန့်မြို့ပေါ် သို့ ထွက်ပြေးတိမ်းရှောင်လာသူ အရေအတွက်မှာ တစ်ပတ်အတွင်း ငါးထောင်ကျော်ရှိလာကြောင်း ဒုက္ခသည်များကို အကူအညီပေးနေသူများနှင့် ဖားကန့် ကချင်နှစ်ခြင်း ခရစ်ယာန် အသင်းတော်တို့ထံမှ သိရသည်။

“တိုက်ပွဲက ပြီးခဲ့တဲ့ စနေ (ဩဂုတ် ၁၈ ရက်) ကစဖြစ်တယ်။ ဒီနေ့ (ဩဂုတ် ၂၇) မှာတော့ မနက်ကတည်းက လက်နက်ကြီးတွေ နဲ့ ပစ်ခတ်နေတဲ့အသံကို ကြားနေရတယ်။ ရှရော်ခဆိုခဲ့နေရာနားမှာ တိုက်ပွဲဖြစ်နေတာ။ ဒီအတိုင်းဆို စစ်ဘေးဒုက္ခသည်ဦးရေက ငါးထောင်ကျော်ထက်ကို တိုးလာနိုင်သေးတယ်” ဟု ဖားကန့်မြို့တွင် စစ်ဘေးဒုက္ခသည်များကို အကူအညီများပေးနေသော ဖားကန့်မြို့ ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်မှဥက္ကဋ္ဌ ဆိုင်းမော်နယ်တာဝန်ခံ ဦးတူးရော်က ပြောကြားသည်။

ဩဂုတ်၁၈ရက်မှစတင်ကာ ဖားကန့်မြို့နယ်အတွင်းရှိ ဆိုင်းတောင်၊ ဆိုင်းတောင်ရွာဟောင်း၊ မှော်မောင်းလျို၊ မှော်မောင်းကုန်း၊ ရှရော်ခ၊ ဂွီခါ စသည့်ကျေးရွာများ အနီးတွင် တိုက်ပွဲများဖြစ်ပွားခဲ့ရာ ထိုရွာများမှ ရွာသားများနှင့်အနီးဝန်းကျင်ရှိ ဒေသခံများမှာ ဖားကန့်မြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်လာကြပြီး ကိုးကွယ်ရာဘာသာအလိုက် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ၊ ခရစ်ယာန်နှစ်ခြင်းဘုရားကျောင်းများသို့သွားရောက်ခိုလှုံလျက်ရှိသည်။

ဖားကန့်အထက်ဘက်ရှိ မော်မောဘွမ်ရွာတွင်မူ (ဩဂုတ် ၂၇ရက်အထိ) တိုက်ပွဲများ မဖြစ်သေးသော်လည်း နှစ်ဖက်တပ်များ နေရာယူထားပြီး တိုက်ပွဲအရိပ်အယောင်များတွေ့နေရသဖြင့် ရွာသူရွာသားများ မနေရဲတော့ဘဲ နေ့ချင်းညချင်း ထွက်ပြေးတိမ်းရှောင်လာကြကြောင်း ဒေသခံများထံမှသိရသည်။

ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် စစ်ဘေးဒုက္ခသည်ဦးရေမှာ လာမည့်ရက်များတွင် ထပ်မံတိုးပွားလာဖွယ်ရှိကြောင်း အကူအညီပေးနေသော ဒေသခံ အဖွဲ့အစည်းများထံမှ သိရသည်။

ဖားကန့်မြို့တွင် တိုက်ပွဲများကြောင့် ထွက်ပြေးလာသူများ ခိုလှုံနေသော ဘုန်းတော်ကြီးကျောင်း၊ ဘုရားကျောင်းစသည့် နေရာ ၁၀ ခုရှိပြီး ဩဂုတ်၁၉ရက်မှ ၂၇ ရက်အထိ တစ်ပတ်တာအတွင်းတိုးလာသောစစ်ဘေးဒုက္ခသည် အရေအတွက် ငါးထောင်ကျော်အတွက် စားသောက်ရေး၊ နေထိုင်ရေးအရေးပေါ် အကူအညီများ လိုအပ်လျက်ရှိကြောင်း အကူအညီပေးနေသူများထံမှ သိရသည်။

“သောက်ရေအရေးတကြီးလိုပါတယ်။ ရေတွင်းက အဝေးကြီး ချောက်ထဲမှာဖြစ်လို့ စက်နဲ့ စုပ်တင်ရတာ အခက်အခဲရှိတယ်” ဟု စစ်ဘေးဒုက္ခသည် ၆၄၀ ကို လက်ခံစောင့်ရှောက်ပေးနေသော မော်ဝမ်းနှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်းမှ သင်းအုပ်ဆရာဦးတတ်နော်က ပြောသည်။

စစ်ဘေးဒုက္ခသည်များကို ကူညီစောင့်ရှောက်ပေးနေသော ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းမှ အတွင်းရေးမှူးဦးကြည်အောင်သန်းက “ဒုက္ခသည် ၂၃၁ ဦးမှာ ကျောင်းသားက အယောက် ၇၀ ပါတယ်။ ၂၃ ရက်ကတော့ မြို့နယ်အုပ်ချုပ်ရေးဌာနက ကူညီပေးမယ်လို့ လာပြောသွားတယ်။ အခု ကျွေးဖို့ ဟင်းဖိုး အခက်အခဲရှိတယ်” ဟု လတ်တလော ကြုံတွေ့နေရသော အခက်အခဲကို ပြောကြားသည်။

မြန်မာ့တပ်မတော်နှင့်ကချင်လွတ်မြောက်ရေး တပ်မတော် (ကေအိုင်အေ)တို့အကြား တိုက်ပွဲများ စတင်ဖြစ်ပွားလာသည်မှာ ၂၀၁၁ ခုနှစ်ဇွန်လကတည်းကဖြစ်ပြီး တစ်နှစ်ကျော်ကြာသည်အထိ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ယခင်က ကချင်ပြည်နယ် အရှေ့ပိုင်းတွင်သာ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ပြီးခဲ့သောရက်အနည်းငယ်မှစတင်ကာ ကချင်ပြည်နယ်အနောက်ဘက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပြည်နယ်အစပ်ရှိ ဖားကန့်ဒေသတွင် တိုက်ပွဲများ ခပ်စိပ်စိပ်ဖြစ်ပွားလာခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

## CRIME မှုခင်းသတင်း CORNER

### အရောင်းဝန်ထမ်းလူငယ်တစ်ဦး ဆွဲကြိုးချသေဆုံး

**ပုဏ္ဏဝတီဘုန်းမော်**

**တောင်တွင်းကြီး၊ ဩဂုတ်-၂၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့တွင် လူငယ်တစ်ဦး ကြိုးဆွဲချ သေဆုံးမှု ဩဂုတ် ၁၉ရက် နံနက် ၇ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့ ရွှေအိုး(၂)ရပ်ကွက် မြို့မဈေးကြီးမြောက်ဘက်ရှိ ပုလဲ(၁)စတိုး ဆိုင်အပေါ်ထပ်တွင် လူတစ်ဦး ဆွဲကြိုးချသေဆုံးကြောင်း သတင်းအရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ရွှေအိုး(၁)ရပ်ကွက်နေ အသက် ၂၂နှစ်ရှိ မောင်ပြည့်ဖြိုးလှိုင် (ခ) တွတ်ပီ (ပုလဲစတိုးအရောင်းဝန်ထမ်း)ဖြစ်ပြီး ၎င်းသည် စတိုးဆိုင်အပေါ်ထပ် ကုန်ပစ္စည်းသိုလှောင်သည့် နေရာရှိ ကွန်ကရစ်အမိုးသံချိတ်၌ ပလတ်စတစ်ကြိုး အစိမ်းရောင်အား ချည်နှောင်၍ ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊မဟုတ် စစ်ဆေးဆောင်ရွက်ရန် တောင်တွင်းကြီး ရဲတပ်ဖွဲ့စခန်းက သေမှုသေခင်းအမှတ်စဉ် ၆/၂၀၁၂ ဖြင့် နံနက်၉နာရီမိနစ် ၂၀ အချိန်တွင် အမှုတွဲဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်ပဋိပက္ခတွင် ပါဝင်ပတ်သက်ခဲ့သည့် ကုလလက်အောက်ခံအဖွဲ့များမှ ဝန်ထမ်းသုံးဦးအား ပြစ်ဒဏ်ချ

**မြတ်စုမွန်၊ မောင်ကံ**

**ရန်ကုန်၊ ဩဂုတ် - ၂၄**

ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှု များ၊ ပဋိပက္ခဖြစ်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းနှစ်ခု မှ ဝန်ထမ်းသုံးဦးအား မောင်တောတရားရုံးက အနည်းဆုံး ၂နှစ်မှ ၆နှစ်အထိ အသီးသီးအမိန့်ချမှတ်လိုက်ပြီဖြစ်သည်။

UNHCR မှ ဝန်ထမ်းဖြစ်သူ ဒေါ်ချိုလေးမာ၊ ဦးခင်မောင်(ခေါ်)အန္တဝါဆာဒတ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ ဦးခင်ဆွေ(ခေါ်)ကာယာစ် တို့သုံးဦးအား ထောင်ဒဏ်အသီးသီးချမှတ်ခဲ့ပြီး ဘူးသီးတောင်ထောင်တွင် ပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း မောင်တောမြို့နယ် ဥပဒေအရာရှိထံမှ သတင်းရရှိသည်။

**စာ(၁၂)သို့**

# ကြယ်ငါးပွင့်ပိုင် သင်္ဘောနှစ်စီး ရောင်းမည်

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ်-၂၃**

မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် သံလွင်နှင့် ချင်းတွင်း ကမ်းရိုးတန်းသွားသင်္ဘောများကို ရောင်းချရန် အစီအစဉ်ရှိကြောင်း မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ သင်္ဘောများသည် ရေပေါ်ဟိုတယ်အဖြစ် ပြုလုပ်ရန် လုပ်ငန်းရှင်များ စိတ်ဝင်စားမှုများပြားသော သင်္ဘောများလည်း ဖြစ်ကြောင်း သိရသည်။

သံလွင်နှင့် ချင်းတွင်းသင်္ဘောများသည် ခရီးသည် ၄၄၀ ဆံ့ ရန်ကုန်မှ မြိတ်၊ ထားဝယ်မြို့များသို့ ပြေးဆွဲနေသည့် သင်္ဘောများဖြစ်ပြီး ခရီးရှည်သွားသင်္ဘောများဖြစ်သည့်အတွက် အိပ်ခန်းများပါပါဝင်၍ ပြုပြင်ရန်သာ လိုအပ်မည်ဖြစ်သည်။

ယင်းသင်္ဘောများကို ရောင်းချရခြင်းမှာ မြန်မာနိုင်ငံ၏ ခေတ်အရ ခရီးရှည်ကို ရေလမ်းမှသွားသည့် ခရီးသည်နည်းပါးသောကြောင့် ဆက်လက်ပြေးဆွဲရန် တွက်ခြေမကိုက်သဖြင့် ရောင်းချရန်စီစဉ်ခြင်းဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

မြန်မာနိုင်ငံတွင် လတ်တလောအကျပ်အတည်း ဖြစ်ပေါ်နေသော ခရီးသွားလုပ်ငန်း၏ လိုအပ်ချက်အရ ဟိုတယ်များ အမြန်ဆုံးတည်ဆောက်ရန် လိုအပ်နေရာ ရေပေါ်ဟိုတယ်တည်ဆောက်ခြင်းသည် တည်ဆောက်မှုကာလ မကြာမြင့်ဘဲ ပြီးနိုင်မည့် အစီအစဉ်ဖြစ်၍ ရေပေါ်ဟိုတယ်များ တည်ဆောက်ရန် ဟိုတယ်လုပ်ငန်းရှင်များက စိတ်ဝင်စားနေကြကြောင်း သိရသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကလည်း ဌာနပိုင်သုံးထပ်သင်္ဘောများကိုလည်း ရောင်းချရန်ရှိကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ သတင်းရရှိသည်။

ရေပေါ်ဟိုတယ်ဇုန် စီမံကိန်းကို အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေနေရာကို အဆင့်မြင့်ပြုပြင်ရန် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# ရေဝတီတိုင်းအတွက် ငွေကျပ်သိန်းပေါင်း ၄၀၀၀ ကျော်ထောက်ပံ့

**ပြည်သိမ်း**

ရန်ကုန်၊ ဩဂုတ်-၂၆

ရေနစ်မြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုးရန်နှင့် ရေဘေးဒုက္ခသည်များအတွက် ငွေကျပ်သိန်းပေါင်းလေးထောင်ကျော် နိုင်ငံတော်သမ္မတက ပေးအပ်လှူဒါန်းကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။



လယ်သမားများနှင့်အတူတွေ့ရသည့် နိုင်ငံတော်သမ္မတ

ဓာတ်ပုံ-နိုင်ငံတော်သမ္မတရုံး

ယင်းသို့ လှူဒါန်းရာတွင် ရေနစ်မြုပ်ပျက်စီးသည့် လယ်မြေများ ပြန်လည်စိုက်ပျိုးရန်အတွက် မျိုးစပါးဝယ်ယူရန် ကျပ်ငွေသိန်းပေါင်း ၄၀၄၇ သိန်းနှင့်ကိုးသောင်းကျပ်၊ ရေဘေးဒုက္ခသည်များ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ တို့ဖြစ်သည်။ ထို့အပြင် ဩဂုတ် ၁၈ ရက်ကလည်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်မှ မျိုးစပါးတင်းပေါင်း သုံးသောင်းလှူထားသည့်အတွက် လယ်မြေများ ရေမြုပ်ပျက်ဆီးခဲ့သော်လည်း ပြန်လည်စိုက်ပျိုးရန် မျိုးစပါးအခက်အခဲမရှိနိုင်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးအေးကျော်က ရှင်းပြသည်။

"ဒီအလှူငွေတွေက တိုင်းဒေသကြီးရဲ့သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး ရန်ပုံငွေထဲကို ထည့်ပြီး အသုံးပြုသွားမှာပါ" ဟု ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသိန်းအောင်က ဆိုသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးတွင် ရေးဘေးသင့် ပြည်သူများအတွက် နိုင်ငံတော်သမ္မတကကျပ်သိန်း ၁၀၀ နှင့် အခြေခံစားသောက်ကုန်များ လှူဒါန်းကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ရေကြီးရေနစ်မြုပ်မှုများကြောင့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ လုပ်ငန်းရှင်များကအလှူငွေစုစုပေါင်း ကျပ်သိန်းပေါင်း ၅၂၅၆ သိန်းရှိကြောင်း သိရသည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ဧရာဝတီတိုင်းတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့ကို ခရိုင်၊ မြို့နယ်အလိုက်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ယခုရေကြီးနစ်မြုပ်မှုမှာ ဆိုးဆိုးရွားရွားဖြစ်သော်လည်း အချိန်မီ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ကြောင်း ဦးအေးကျော်က ပြောကြားသည်။

အလှူငွေများကို ပြန်လည်သုံးစွဲရာတွင် လက်ရှိကြုံတွေ့နေရသည့် ရေဘေးဒုက္ခများသာမက နောင်ကြုံတွေ့လာမည့် ဒုက္ခများအတွက်လည်း ရည်ရွယ်ထားသည်။ ယခုရက်ပိုင်းတွင် မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်တွင် မိုးများ၍ ရေတက်နေပြီး ဧရာဝတီတိုင်းသို့ ဒီရေများသည် တစ်ပတ်၁၀ရက်အတွင်း ရောက်ရှိလာနိုင်ကြောင်း ထို့အပြင် မိုးရာသီမှာလည်း ကျန်ရှိနေသေး၍ ရေဘေးမှာ ထပ်မံကြုံတွေ့နိုင်ကြောင်း ဦးသိန်းအောင်ကပြောသည်။

## အစိုးရဌာနများအား ဘတ်ဂျက် လျှော့လိုက်ခြင်းကြောင့် သွင်းကုန်တန်ဖိုးကျ

**ပြည်သိမ်း**

**ရန်ကုန်၊ ဩဂုတ် - ၂၃**

အစိုးရဝန်ကြီးဌာနများအား ဘတ်ဂျက်လျှော့ချထားခြင်းကြောင့် ယခုဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးကျဆင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ဧပြီ ၁ ရက်မှ ဩဂုတ် ၁၀ရက်အတွင်း ယခင် ၂နှစ်နှင့် နှိုင်းယှဉ်လျှင် သွင်းကုန်၌ အမေရိကန် ဒေါ်လာသန်း ၅၀၀ လျော့နည်းသွားကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်ကျော်ကပြောကြားသည်။

ယင်းသို့ လျော့နည်းသွားရခြင်းမှာ သင်္ဘောနှင့် သင်္ဘောအပိုပစ္စည်းများ၊ ရထားနှင့်မီးရထားသုံးပစ္စည်းများ၊ လေယာဉ်နှင့်ဆက်စပ်ပစ္စည်းများ၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီစသဖြင့် သွင်းကုန်ပစ္စည်းများ လျှော့ချထားခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

သို့သော်ပို့ကုန်ပမာဏတွင်မူ ယခင်နှစ်ကထက် ကန်ဒေါ်လာသန်း ၁၈၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။ သစ်တောထွက်ကုန်ပစ္စည်းများနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုလျော့နည်းခဲ့သော်လည်း ရေထွက်ကုန်ပစ္စည်းများ၊ သဘာဝဓာတ်ငွေ့နှင့်ကျောက်စိမ်းတို့ ပိုမိုတင်ပို့နိုင်ခြင်းကြောင့် ပို့ကုန်ဝင်ငွေပမာဏများရခြင်းဖြစ်ကြောင်း ၎င်းကဆက်ရှင်းပြသည်။

၂၀၁၁-၁၂ ဘဏ္ဍာနှစ်ကလည်း ဝန်ကြီးဌာနများကို အသုံးစရိတ်များ လျှော့ချရာ ပြည်ထောင်စုဝန်ကြီးဌာနများအား ပေးရန်လျာထားသော အရအသုံးငွေစာရင်းထဲက ၂၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိလျှော့ချခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပညာရေးဝန်ကြီးဌာနများမှအပ ပြည်ထောင်စုဝန်ကြီးဌာနအချို့မှာ အရအသုံးငွေစာရင်းများ လျော့ နည်းခဲ့သည်။

ဘတ်ဂျက်ငွေလျှော့ချမှုကြောင့် ယင်းအချိန်က နေပြည်တော်ရှိနိုင်ငံတော်၏စီမံကိန်းများဖြစ်သည့် နိုင်ငံတော်ဧည့်ဂေဟာ၊ လမ်းများစသည့် လုပ်ငန်းများ ရပ်နားခဲ့ရသည်။ နိုင်ငံတော်သမ္မတက ယခုနှစ်ဖေဖော်ဝါရီလ ၂၄ရက်တွင် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို လက်မှတ်ရေးထိုးခဲ့သည်။

၎င်းဥပဒေပြဋ္ဌာန်းမှုတွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၌ နောက်ထပ်သုံးငွေအများဆုံးရသည့်ဝန်ကြီးဌာနမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သုံးစွဲခွင့်ရငွေကြေးပမာဏမှာ သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းသုံးငွေ နှစ်ရပ်ပေါင်းကျပ်သန်းပေါင်း ၂၈၁,၁၇၅ ဒသမ ၅၉၈ဖြစ်သည်။





Panasonic
ကျန်းမာသန့်စွမ်းလှပသည့် ဆံကေသာကို
ချက်ချင်းပိုင်ဆိုင်နိုင်ဖို့ . . . .
Negative Ion ဆိုသည်မှာ . . .
အမဓါတ်အင်အား ပြည့်ဝနေသော အောက်ဆီဂျင် နှင့် သဘာဝလေထုထဲရှိ ရေမှုန်ရေမွှားလေးများ ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။
Panasonic ၏ Ionity Hair Dryer Series က အမဓါတ်အိုင်းယွန်းများကို ၎င်း၏ External Ion Outlet မှတစ်ဆင့် ပုံမှန် ထုတ်လွှတ်ပေးနေပြီး အိုင်းယွန်းများသည် Hair Dryer ၏ အတွင်း မျက်နှာပြင်တွင် ကပ်တွယ် ကျန်ရစ်ခြင်းမရှိပါ။ Internal Ion Outlet နည်းပညာသည် အမဓါတ်အိုင်းယွန်းများကို လေပူစီးဆင်းမှုနှင့် အတူတကွ ထုတ်လွှတ်ရသဖြင့် အချင်းချင်း တွန်းကန်ပြီး Hair Dryer အတွင်းပိုင်း တွင် ကပ်ညှိ ကျန်ရစ်ခဲ့သဖြင့် သင့်ဆံသားပြင် သို့ အိုင်းယွန်း ထုတ်လွှတ်မှု ရရှိသင့်သလောက် မရနိုင်ပါ။
အမဓါတ်အိုင်းယွန်း၏ အကျိုးသက်ရောက်မှုများ
• ဆံသား အစိုဓာတ်ကို နက်ရှိုင်းစွာ ထိန်းသိမ်းနိုင်သဖြင့် ကျန်းမာပြီး ပိုးသားကဲ့သို့ ဆံသား ရရှိနိုင်ခြင်း
• ဖြီးသင်ရ လွယ်ကူခြင်း
• ဆံသားသို့ တိုက်ရိုက် အပူသက်ရောက်မှု မရှိသဖြင့် ဆံပင်ကျွတ်မှု မရှိခြင်း။
Panasonic
IONITY HAIR DRYER
လေပူ လေအေးနှစ်မျိုးကို တစ်ပြိုင်တည်း ထုတ်လွှတ်မှု
ဆံသားကို ခြောက်သွေ့အောင် ပြုလုပ်ရန် လေပူစီးဆင်းမှုများဖြစ်ပေါ်ပြီးနောက် ချက်ချင်းပင် လေအေးစီးဆင်းမှုရရှိစေသဖြင့် ဆံသားတစ်မျှင်ခြင်းကိုပင် ပိုးသားကဲ့သို့ တောက်ပြောင်ချောမွေ့ စေပါသည်။
EH-NE70-N
• 1600 W
• အပူ/အအေး(၂)မျိုး တစ်ပြိုင်တည်း ထုတ်လွှတ်ခြင်း
• ဆံသား ပျက်စီးမှုကို လျှော့နည်းနိုင်
• အိုင်းယွန်းထုတ်လွှတ်ပေါက် (၂)ခု ပါဝင်ခြင်း
• လက်ကိုင်ကို ကွေးနိုင်ခြင်း
• လျှင်မြန်စွာခြောက်သွေ့နိုင်သော nozzle ခေါင်းပါဝင်ခြင်း
• Diffuser ပါဝင်ခြင်း
EH-NE50-S
• 1600 W
• ဆံသား ပျက်စီးမှုကို လျှော့နည်းနိုင်
• အိုင်းယွန်းထုတ်လွှတ်ပေါက် (၂)ခု ပါဝင်ခြင်း
• လက်ကိုင်ကို ကွေးနိုင်ခြင်း
• လျှင်မြန်စွာခြောက်သွေ့နိုင်သော nozzle ခေါင်းပါဝင်ခြင်း
EH-NE31-P
• 1600 W
• ဆံသား ပျက်စီးမှုကို လျှော့နည်းနိုင်
• အိုင်းယွန်းထုတ်လွှတ်ပေါက် (၁)ခု ပါဝင်ခြင်း
• လက်ကိုင်ကို ကွေးနိုင်ခြင်း
• လျှင်မြန်စွာခြောက်သွေ့နိုင်သော nozzle ခေါင်းပါဝင်ခြင်း
အရောင်းပြခန်း - Advanced Vision Co., Ltd.
ရန်ကုန် - အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်း နှင့် သိမ်ဖြူလမ်းထောင့်၊ YMCA Building၊ ဗိုလ်တထောင်မြို့နယ်။ ဖုန်း - (၀၁) ၂၉၆ ១၇၈ ၊ ၂၉၂ ၆၆၄ ၊ ၇၃၀-၂၆၈၇၅ ဖက်စ် (၀၁) ၂၉၆ ၅၇၈
မန္တလေး - ဘီ (၃)၊ ၇၈လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ မန်းမြန်မာတိုက်ခန်း၊ ချမ်းအေးသာစံမြို့နယ်။ ဖက်စ်(၀၂)- ၇၂၅ ၆၇ Email: tw25@myanmar.com.mm
ပန်နာဆိုးနစ်၏ အလှအပဆိုင်ရာ သီးသန့်ကောင်တာများ– စိန်ဂေဟာ(ပါရမီ)၊ စိန်ဂေဟာ (ပြည်လမ်း)၊ ရူပါဝမ်း (ကျိုက္ကဆံ)၊ Capital(သာကေတ)
အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် စူပါမားကတ်အရောင်းဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံကတ်ပြား "၁နှစ်-ပစ္စည်း+လက်ခ (အခမဲ့)" ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

# ကိုမင်းကိုနိုင် ပတ်စ်ပို့ရသော်လည်း ၈၈ အဖွဲ့မှ ကျန်ခေါင်းဆောင်များ မရသေး

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၂၇**

၈၈ မျိုးဆက်ကျောင်းသား အဖွဲ့ခေါင်းဆောင် ကိုမင်းကိုနိုင်၏ နိုင်ငံကူးလက်မှတ်ကို ယခုလ ၂၅ ရက်က ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပေးလိုက်ကြောင်း၊ အဖွဲ့မှ ကျန်ခေါင်းဆောင်များကိုမူ ထုတ်မပေးသေးကြောင်း သတင်းရရှိသည်။

"ပတ်စ်ပို့ရတာ နှစ်ရက်လောက်တော့ ရှိပြီ။ ဒါပေမဲ့ ကျွန်တော်ဘဝင်မကျပါဘူး။ ကျွန်တော်နဲ့အတူတူ တင်ထားတဲ့သူတွေ တစ်ယောက်မှ ပတ်စ်ပို့မရဘဲ ကျွန်တော်တစ်ယောက်တည်း ရတယ်ဆိုတာ ဥပဒေအရလည်း တန်းတူညီမျှ မဖြစ်ဘူး။ အထက်က အမိန့်နဲ့ညွှန်ကြားချက်အရ ရတယ်ဆိုတာလည်း ကျွန်တော်သဘောမကျဘူး" ဟု ကိုမင်းကိုနိုင်က ပြောသည်။

ကိုမင်းကိုနိုင်သည် နိုင်ငံကူးလက်မှတ်ကို ယခုနှစ်မတ်လကတည်းက စတင်လျှောက်ထားခဲ့ပြီး ၎င်းနှင့်အတူ လျှောက်ထားခဲ့ကြသည့် ၈၈ အဖွဲ့မှ ကျောင်းသားခေါင်းဆောင်များ နိုင်ငံကူးလက်မှတ် မရရှိသေးဘဲ ၎င်းတစ်ဦးတည်းသာရရှိခဲ့ခြင်းအပေါ် သက်ဆိုင်ရာသို့ မေးမြန်းစုံစမ်းသွားမည်ဖြစ်ကြောင်းပြောသည်။

နှစ်စဉ် ကမ္ဘာပေါ်ရှိ ဒီမိုကရေစီအရေး လှုပ်ရှားနေသူများအား ပံ့ပိုးကူညီပေးသည့် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီ အခြေစိုက် National Endowment for Democary (NED) EWD မှ ပေးအပ်သော ဒီမိုကရေစီဆုရရှိသူ ငါးဦးထဲတွင် တစ်ဦးအပါအဝင်ဖြစ်သော ကိုမင်းကိုနိုင်က ၎င်းတစ်ဦးတည်းအား အခွင့်ထူးခံပုံစံဖြင့် ပတ်စ်ပို့ ထုတ်ပေးခြင်းကြောင့်မိမိတက်ရောက်ရန်မသေချာကြောင်း ပြောသည်။

စာ(၁၂)သို့



# ပဲဈေးကွက်အတွင်း ထွက်ပြေးမည့် ပဲကုန်သည်များရှိနေ

## ပဲဈေးကစားသော ကုန်သည်အချို့ကြောင့် ၂၀၀၈ နှစ်ကုန်ပိုင်းက ဈေးကွက်ပျက်ခဲ့ဖူးသော ပဲဈေးကွက်မှာ ထပ်မံဈေးကွက်မပျက်ရန် ဆောင်ရွက်ဖို့လို

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၂၅**

ပဲဈေးကွက်အတွင်း ဈေးနှုန်းမတည်မငြိမ် ဖြစ်နေခြင်းကြောင့် ၂၀၀၈ ခုနှစ်ကကဲ့သို့ ထွက်ပြေးမည့်ပဲကုန်သည်များရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က သတိပေးပြောကြားသည်။

ဩဂုတ်လ ၂၆ ရက်က ပြုလုပ်သော မြန်မာ့လယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေးရှင်း (MAPCO) ဖွင့်ပွဲနှင့် ရှယ်ယာရောင်းချပွဲ အဖွင့်မိန့်ခွန်းတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထွက်ပြေးနိုင်သော ပဲကုန်သည်များကို ထွက်ပြေး၍ မရနိုင်အောင် ဆောင်ရွက်ထားကြောင်းနှင့် ထိန်းသိမ်းနိုင်အောင်လည်း ဆောင်ရွက်ထားကြောင်း ဦးဝင်းမြင့်က ပြောကြားသည်။

"တချို့က ကြိုရောင်းခဲ့တယ်။ ဈေးကျတဲ့အချိန်မှာ လွန်ခဲ့တဲ့နှစ်လလောက်က ကြိုရောင်းမိပြီးတော့ ရတ်တရက်ဈေးတက်လာတဲ့အချိန်မှာ ပစ္စည်းမအပ်နိုင်ဖြစ်တာပေါ့။ တော်တော်များများတော့ ပြန်ညှိပေးနေပါတယ်" ဟု မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်ကပြောသည်။

အသင်းက ဖြေရှင်းပေးနေသော ငွေကြေးပြဿနာဖြစ်နေသည့် အဖွဲ့တစ်ဖွဲ့ကမူ အမေရိကန် ဒေါ်လာလေးသိန်းခန့်ရှိပြီး ကျန်ရှိသော အဖွဲ့များကမူ အသင်းသို့ တက်မလာသေးဘဲ ပြေလည်သွားနိုင်ကြောင်း ဦးထွန်းလွင်က ဆိုသည်။

ပဲအဓိက စိုက်ပျိုးသော မြန်မာနိုင်ငံ အလယ်ပိုင်းတွင် မိုးခေါင်ခြင်းနှင့် အိန္ဒိယနိုင်ငံတွင် ရေကြီးခဲ့ခြင်းတို့ကြောင့် ပဲမျိုးစုံဈေးတက်လာသည်။ လွန်ခဲ့သော နှစ်လက တစ်တန်လျှင် ကျပ်လေးသိန်းသာရှိခဲ့သော မတ်ပဲဈေးမှာ ကျပ်ခြောက်သိန်းထိ ဖြစ်လာပြီး တစ်တန်လျှင် လေးသိန်းခွဲ ရှိခဲ့သော ပဲစင်းငုံဈေးမှာ ကျပ်ခုနစ်သိန်းကျော်ထိ ဖြစ်လာခဲ့သည်။

"အခုဖြစ်နေတဲ့ကိစ္စကို သေသေချာချာ မဖြေရှင်းဘဲ လူတွေလန့်ပြီး ထိုးရောင်းလာရင် တက်ဖို့ရှိတဲ့ ဈေးပြန်ကျသွားနိုင်တယ်" ဟု ဘုရင့်နောင်အခြေစိုက် ပဲကုန်သည်တစ်ဦးက ပြောသည်။

၂၀၀၈နှစ်ကုန်ပိုင်းကပဲကုမ္ပဏီအချို့နှင့် ကုန်သည်ကြီး ခုနစ်ဦးမှ စတင်ကာ ပဲလောကအတွင်း အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖိုးခန့် ငွေကြေးအရှုပ်အထွေးဖြစ်ပွားခဲ့၍ အစိုးရက ဝင်ရောက်ဖြေရှင်းပေးခဲ့ရသည်။ ဈေးကစားခဲ့သော ကုန်သည်အချို့ကိုလည်း ဖမ်းဆီးအရေးယူခဲ့ရသည်။ ပဲဈေးကွက်မှာလည်း ကာလအတန်ကြာမျှ ပျက်သွားခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012



## ၂၀၁၂ ဩဂုတ် ၂၈မှ စက်တင်ဘာ ၃ ရက်ထိ မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ လေဖိအား နည်းရပ်ဝန်းတစ်ခု ဖြစ်လာနိုင်သော်လည်း မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အလားအလာမရှိသေးပါ။ အနောက်တောင်မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၊ အနောက်အလယ်ပိုင်းတွေမှာ အားကောင်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ အားအသင့်တင့်ရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်သာရှိနိုင်ပါတယ်။ လှိုင်းအမြင့် (၃)ပေမှ (၅)ပေ အထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှတိုင်းတာချက်အရပြီးခဲ့တဲ့ဩဂုတ်လ (၁၇- ၂၃)ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ တနင်္သာရီတိုင်းနဲ့ မွန်ပြည် နယ်တောင်ပိုင်းတွေမှာ မိုးရေချိန် (၃ လက်မမှ ၅လက်မ)ခန့်၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ ကချင်ပြည်နယ် အနောက်ပိုင်းတွေမှာ မိုးရေချိန် (၁ လက်မမှ ၃ လက်မ) ခန့်နဲ့ ကျန်ဒေသတွေမှာ မိုးရေချိန် (၁ လက်မ)အောက် ရွာသွန်းခဲ့ပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်ဟာ ၂၀၁၂ခုနှစ်အတွင်း မိုးရွာသွန်းမှု လျော့နည်းနေခဲ့တဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ တစ်ပတ်အတွင်း မိုးရေချိန် (၁ လက်မ)ခန့် ရရှိခဲ့ပါတယ်။ အလားတူ မိုးများနေတဲ့ အောက်မြန်မာပြည် ဒေသများမှာ မိုးအားထက်ဝက်ခန့် လျော့နည်းခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း အောက်မြန်မာပြည် ဒေသများတွင် မိုးအား လျော့နည်းနေရာမှ မိုးအားတိုးလာဖွယ်ရာရှိပြီး၊ အလယ်ပိုင်းဒေသများလည်း မိုးပိုမိုရရှိဖွယ်ရာ ရှိပါတယ်။ မန္တလေးတိုင်းနဲ့ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့မှာ နေရာကွက်ကျား၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့မှာ နေရာစိပ်စိပ်နဲ့ ကျန်ဒေသတွေမှာတော့ နေရာအနှံ့အပြား (၅ ရက်မှ ၆ ရက်)ခန့် မိုးရွာပြီး ရွာသွန်းမြဲခန့် ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနဲ့ ရန် ကုန်တိုင်းတွေမှာ နေရာကွက် မိုးကြီးနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ ပြန်လည်တိုးလာနိုင်ပါတယ်။ မကွေးတိုင်း၊ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ မိုးတိမ်တောင်များဖြစ်ဖို့ ၆၅ ရာခိုင်နှုန်းခန့် ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများမှာ မိုးတိမ်တောင်များ ဖြစ်ပေါ်ဖို့ အလားအလာ ဒုတိယအများဆုံးဖြစ်နိုင်ပြီး၊ သေချာမှု ၃၅ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းအထိ ရှိနိုင်ပါတယ်။ တစ်ခါ တစ်ရံ နေရာကွက် မိုးကြီးပြီး လျှပ်တစ်ပြက် ရေကြီးခြင်းနဲ့ မြေပြိုမှုအန္တရာယ်များ ကြုံတွေ့နိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

ကချင်ပြည်နယ်အရှေ့ပိုင်းနဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းတို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးမှာ အပူရှိန်များ ပုံမှန်ထက် မြင့်မားနေနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသများတွင်ရှိမြစ်များနဲ့ မြေနိမ့်ဒေသများတွင် မြစ်ချောင်းများမှာ ရေအမြင့်များ ကျဆင်းလာနိုင်သော်လည်း ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ ရေလျှံမှု အလားအလာများ ဆက်လက်မြင့်မားနေနိုင်ပါတယ်။ စစ်တောင်းမြစ်၊ သံလွင်မြစ် တို့တွင် လက်ရှိရေအမှတ်များထက် ပိုမိုမြင့်တက်လာနိုင်ပြီး မြေနိမ့်ပိုင်းများတွင် ရေလွှမ်းမိုးနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများ ဖြစ်ပေါ်မှု လျော့နည်းနိုင်ပါတယ်။ မြန်မာနိုင်ငံဘက်ကိုလည်း အရှေ့ဘက်မှ မုန်တိုင်းအကြွင်းအကျန်နဲ့ လေပွေလေလှိုင်း များ ရောက်ရှိလာနိုင်ဖွယ်ရာ လျော့နည်းနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကော်မတီနှင့် အဖွဲ့အစည်းများတွေ့

**သန်းဌေး၊ ခိုင်ချို**

**ရန်ကုန်၊ ဩဂုတ် - ၂၃**

ပြည်သူ့လွှတ်တော်ရေးရာကော်မတီဝင်များနှင့် ပြည်တွင်း လူမှုအဖွဲ့အစည်းများ တွေ့ဆုံကာ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကိစ္စအား ဩဂုတ် ၂၂ ရက် နေပြည်တော်၌ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

၁၉၈၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (ဥပဒေအမှတ် -၆/၁၉၈၈)ပုဒ်မ-၅(ခ)တွင်တရားဥပဒေစိုးမိုးရေး၊နယ်မြေအေးချမ်းသာယာရေးကိုဖြစ်စေ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုဖြစ်စေ၊တစ်နည်းနည်းအားဖြင့် ထိခိုက်စေရန် အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းအားပေးသော၊ ကူညီသော အသင်းအဖွဲ့များဖွဲ့စည်းခွင့်မရှိဟု ပါရှိသည်။

ယခုအခါမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း (အင်န်ဂျီအို)များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အင်န်ဂျီအို)များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းခဲ့ကြောင်း ဩဂုတ်လ ၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြခဲ့သည်။

မြန်မာအင်န်ဂျီအိုကွန်ရက် ဥက္ကဋ္ဌဖြစ်သူ ဦးမြင့်ဆွေက လက်ရှိ ဥပဒေသည်ခေတ်စနစ်နှင့်မကိုက်ညီတော့သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အရပ်ဘက်လူမှုအဖွဲ့အစည်း (Civil Society) ကို စနစ်တကျ အားကောင်းလာစေသောဥပဒေမျိုး ပြင်ဆင်ပေးရန် လိုအပ်ကြောင်းပြောကြားသည်။

သို့ရာတွင် ယင်းအဆိုကို ပြည်သူ့လွှတ်တော်မှ အတည်မပြုနိုင်ခဲ့သောကြောင့် အထက်ပါကိစ္စအား ပြည်တွင်းလူမှုအဖွဲ့အစည်းများက ပြည်သူ့လွှတ်တော်ရေးရာကော်မတီ၊ ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ၊ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် အင်န်ဂျီအိုကိုယ်စားပြုသူ ၂၆ ဦးတို့ တက်ရောက်ကာ ဩဂုတ်လ ၂၂ ရက် ည ၆ နာရီခွဲမှ ၉ နာရီခွဲအထိ သုံးနာရီကြာ ဆွေးနွေးခဲ့ကြကြောင်း မျိုးဆက်သစ်လူငယ်များ (ဂျင်နရေးရှင်းဝေ့ဖ်)မှ အမှုဆောင်ကော်မတီဝင် ကိုမိုးဃန်းသွေးက ပြောသည်။

"ကျွန်တော်တို့ အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အချက်အလက်တွေကို မဖောက်ဖျက်ရင် မှတ်ပုံမတင်ရင်လည်း မတင်ခွင့်ရှိတယ်လို့ ယုံကြည်ပါတယ်"ဟု ဆွေးနွေးပွဲမှ တိကျသောအဖြေမရခဲ့သည့်အပေါ် ၎င်း၏သဘောထားကို ဆက်လက်ပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၅၄(ဂ)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်)ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုး ငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်ပါက အသင်းအဖွဲ့ (သို့မဟုတ်) အစည်းအရုံးများအား လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိကြောင်း ဖော်ပြပါရှိသည်။

"အင်န်ဂျီအို လုပ်မယ်ဆိုရင် နိုင်ငံရေးကင်းရှင်းကြောင်း လုပ်ခိုင်းတယ်။ ဝန်ခံခိုင်းတယ်။ နိုင်ငံရေးလုပ်ချင်ရင် ပါတီလုပ်ဆိုတော့ ပါတီနိုင်ငံရေးဟာ အမျိုးသားနိုင်ငံရေးမဟုတ်သလိုမျိုး ဝါဒဖြန့်ထားတဲ့အရှိန်တွေကလည်းရှိနေတယ်ဆိုတော့ နိုင်ငံရေးကို လက်ရှိတည်ဆဲကျင့်သုံးနေတဲ့ ညွှန်ကြားချက်တွေ၊ အချို့ဥပဒေ၊ နည်းဥပဒေတွေဟာ နိုင်ငံရေးကို ပုံဖျက်နေတဲ့ နိုင်ငံရေးကို အထင်အမြင်သေးအောင် လုပ်ထားတဲ့ဥပဒေတွေ။ အဲဒါတွေကိုပြင်ဖို့လိုတယ်" ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကိုကိုကြီးကပြောသည်။

# ရေထုတ်မြောင်းပြုပြင်သည့် ကုမ္ပဏီကို ရေလျှံမှုကြုံရသည့်ဒေသခံများ ဆန္ဒပြ

**မိုးညို**

**ရန်ကုန်၊ ဩဂုတ်- ၂၇**

မြို့နယ်သုံးမြို့နယ်မှ ရန်ကုန်မြစ်အတွင်းသို့ စုပေါင်းစီးဆင်းသည့် ရေထုတ်မြောင်းအား အောက်ကြည့်မြင်တိုင်လမ်းမပေါ်ရှိ အေးရှားဝေါဆိပ်ကမ်းက ပိတ်ဆို့ထားခြင်းကြောင့် ဩဂုတ် ၂၄ ရက်တွင် ရပ်ကွက်နေပြည်သူများ ၆ နာရီကြာ ဆန္ဒပြမှုဖြစ်ပွားခဲ့ပြီးနောက် ကုမ္ပဏီနှင့် ပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။



အေးရှားဝေါကမြောင်းကိုပြုပြင်ထားသည့် ကွန်ကရစ်အဖုံးများအားတွေ့ရစဉ် ဓာတ်ပုံ-မိုးညို

အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်မြို့နယ် သုံးခုမှစုပေါင်း၍ ရန်ကုန်မြစ်အတွင်းသို့စီးဝင်သည့် မြောင်းကြီးအား အေးရှားဝေါဆိပ်ကမ်းက ရေဆင်းမြောင်းကို ကျဉ်း၍ ကွန်ကရစ်လောင်းလိုက်သောကြောင့် အလုံမြို့နယ် သီတာရပ်ကွက်တွင် ဩဂုတ် ၂၂ ရက်က တစ်ကြိမ်၊ ဩဂုတ် ၂၄ ရက်က တစ်ကြိမ် မိုးရွာသွန်းချိန်၌ နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ် ရေကြီးရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ယင်းရပ်ကွက်နေ အမျိုးသားတစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ ရေကြီးရေလျှံမှုကြောင့် ရပ်ကွက်နေ ပြည်သူများမှ ကုမ္ပဏီအား မကျေနပ်၍ ဩဂုတ် ၂၄ ရက် ညနေပိုင်းမှ စတင်ကာ ဆန္ဒထုတ်ဖော်မှုများ ညဦးပိုင်းအထိ ပြုလုပ်ခဲ့သည်။

ဆန္ဒထုတ်ဖော်နေစဉ်အတွင်း ၈၈ မျိုးဆက်ကျောင်းသားများမှ ကုမ္ပဏီမှ တာဝန်ရှိသူအချို့နှင့် လာရောက်ညှိနှိုင်း၍ ပြေလည်မှုရရှိခဲ့ပြီး ယင်းရေဆင်းမြောင်းအား ညတွင်းချင်း ဖျက်ပစ်ရန် သဘောတူညီမှုရရှိခဲ့ကာ မြောင်းဖုံးများကို ကုမ္ပဏီက စတင်ဖယ်ရှားပေးကြောင်း၈၈ မျိုးဆက်ကျောင်းသားကိုမြအေးကဆိုသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အေးရှားဝေါကုမ္ပဏီ ၎င်းဆိပ်ကမ်းရုံးဖုန်းသို့ဆက်သွယ်မေးမြန်းရာ မီဒီယာနှင့်ပတ်သက်၍ ဆိပ်ကမ်းမှ တာဝန်ယူဖြေကြားပေးမည့်သူမရှိကြောင်း တာဝန်ကျဝန်ထမ်းတစ်ဦးက 7Day News သို့ပြောသည်။

အဆိုပါ ဆန္ဒပြမှုတွင် အလုံမြို့နယ်နေ ပြည်သူ ၈၀၀ ကျော် ဆန္ဒပြခဲ့ကြပြီး အောက်ကြည့်မြင်တိုင်ကမ်းနားလမ်းမပေါ် သီရိမင်္ဂလာဈေးဟောင်းအနီး၌ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီမှ ည ၁၀ နာရီခွဲအထိ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည်။

**Future Com. Advertising ရုံးခန်းလိပ်စာနေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း**

Future Com. Advertising ရုံးခန်းလိပ်စာကို ယခင် အခန်းအမှတ် (၈၀၆)၊ (၈)လွှာ၊ ပန်းခြံတာဝါ၊ ဓမ္မာစေတီလမ်း နှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ် မှ အမှတ်(၁၀)၊ အာသာဝတီလမ်း၊ စောရန်ပိုင် (အနောက်)ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ တယ်လီဖုန်း နံပါတ် - ၀၁ - ၂၂၂၃၈၀၊ ၀၉ - ၇၃၂ - ၅၆၆၉၉၊ ၀၉ - ၄၂၁ - ၁၁၈၉၈၉ များသို့ (၃ . ၉ .၂၀၁၂) နေ့မှ စတင်၍ ရုံးခန်းလိပ်စာ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။

လုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ ဆက်သွယ်စုံစမ်းလိုပါက အထက်ဖော်ပြပါ တယ်လီဖုန်း နံပါတ်များအပြင် ၀၉ - ၅၀ - ၂၂၉၄၆၊ ၀၉ - ၅၀ - ၂၀၄၇၈များသို့လည်းဆက်သွယ်နိုင်ကြောင်းသိရှိရပါသည်။

Life
7 Day News Journal
Vol.11, No.25 • AUGUST 30 , 2012

# အိမ်သာသော နေ့များဆီသို့



**မောင်သာချို**

(တစ်)

ဝတ္ထုဆန်ဆန်၊ ဒဏ္ဍာရီဆန်ဆန် အဖြစ်အပျက်တို့နှင့် တင်းကျမ်းပြည့်နှက်နေသည့်အတွက် ခေတ်သစ်သမိုင်းဆရာတို့အနေနှင့် လုံးစေ့ပတ်စေ့ ဘဝင်ကျနိုင်စရာအကြောင်းမရှိသော ‘ဦးကုလား မဟာရာဇဝင်ကြီး’ ၏ အလိုအရ ဆိုလျှင်ဖြင့် ပုဂံဘုရင်တစ်ပါး၏ ကျဆုံးခန်းသည် ရေအိမ်နှင့်ပတ်သက်နေပါလေသည်။ ဟုတ်ပါသည်ရေအိမ်။ သည်နေ့အိမ်သာဟု ခေါ်ဝေါ်သုံးနှုန်းနေကြသည့် ရေအိမ်။

ပုဂံခေတ်က ခမည်းတော် အလောင်းစည်သူမင်းကိုသေအံ့မူးမူး အခြေအနေသို့ရောက်ရှိနေသည် မှန်ပါလျက် ဘုရင်အမြန်ဖြစ်လိုဇောဖြင့် လုပ်ကြံခဲ့သည်ဆိုသော အဖသတ်သား နရသူ၊ နောင်တော်မင်းရှင်စောကို လုပ်ကြံခဲ့သော နရသူ၊ နာမည်ကျော် ဓမ္မရံကြီးဂူဘုရားကို တည်ထားခဲ့သော နရသူ၊ ထိုနရသူ၏ မိဖုရားတစ်ပါးက ပဋိက္ကရားမင်း၏ သမီးတော်ဖြစ်ပါသည်။ ဘုရင်နရသူက ရေအိမ်သို့ဝင်လေသောအခါသန့်သက်ရေတစ်နည်းအားဖြင့် ကိုယ်လက်သန့်စင်ရန် ရေကိုမဆောင်ယူဘဲ ဝင်ခဲ့ရာ ပဋိက္ကရားမင်းသမီးက မယူဆောင်ရကောင်းလားဟု အပြစ်တင်ပါ၏။ ဤတွင် ဘုရင်နရသူအမျက်ထွက်ကာ ကွပ်မျက်ပါလေသည်။ ယင်းကို ပဋိက္ကရားမင်းက မကျေမနပ်ဖြစ်လေရာ ပုဏ္ဏားရှစ်ယောက်ကို ပုဂံသို့ စေလွှတ်ပြီး နရသူကိုလုပ်ကြံခိုင်းခဲ့ကြောင်း၊ သို့ဖြင့် အိမ်တော်ရှင်ခေါ် နရသူခေါ် ကုလားကျမင်း နတ်ရွာစံခဲ့ရကြောင်း ထိုရာဇဝင်တို့က ဆိုကြရာ ရေအိမ်သို့ဝင်စဉ် ရေမသုံးသည့်အတွက် ပြဿနာစခဲ့ရကြောင်း မြင်သာ ထင်သာရှိနေသည့်အတွက် ပုဂံခေတ်က အိမ်သာတွေမှာ ရေသုံးနေပြီလားဟု စဉ်းစားစရာဖြစ်ပါသည်။

ခေတ်သစ်သုတေသီတို့၏ အဆိုအရမူ အိမ်သာ၌ ရေဖြင့် သန့်စင်ခြင်းလုပ်ငန်းကို ခရစ်နှစ် ၁၇၇၅ ခုနှစ်ကမှ စသည်ဟုဆိုပါ၏။ ထား။

နောက်တစ်ခါ ရေအိမ်ကိစ္စ စိတ်ဝင်စားဖို့ကောင်းပြန်သည်က ဘိုးတော်ဘုရားပဲ ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်၌ အလောင်းဘုရားပြီးနောက် နန်းတက်သည့်သူ၏ ပထမသားတော် နောင်တော်ကြီးမင်းလွန်သော် ဒုတိယသားတော် ဆင်ဖြူရှင်နန်းတက်ပါသည်။

ဆင်ဖြူရှင်က သားတော်စဉ့်ကူးမင်းအား အိမ်ရှေ့မင်းပေးပြီး အင်းဝ၌ နန်းစံနေခဲ့ရာ အလောင်းဘုရား၏ တတိယသားတော်ဖြစ်သူဘိုးတော်ဘုရားသည် စစ်ကိုင်းတွင် မင်းသားဘဝဖြင့် အိမ်နိမ့်စံနေခဲ့ရဖူးပါသည်။ သို့ဖြင့် နောင်သော် ဘိုးတော်ဘုရား အမရပူရ၌ နန်းတက်ပါသည်။ ထိုအခါ စစ်ကိုင်း၌နေရစဉ်ကသူငယ်ချင်းများဖြစ်ခဲ့ကြသော ဦးမှော် ဒေါ်တုတ်တို့ဇနီးမောင်နှံက နန်းတော်သို့ လိုက်ချလာခဲ့ရာ ဘိုးတော်ဘုရားက ကောင်းမွန်စွာကြိုဆိုညှော်ခံပြီး နန်းဓလေ့ကို လိုက်လံ ပြသစဉ် ရေအိမ်လည်း ပါလာပါသည်။ ဤတွင် ဘုရင့်ရေအိမ်တွင်း၌ ရေအင်တုံနှင့် ပိုးပဝါကို တွေ့ရာ ဘိုးတော်ဘုရားက အညစ်အကြေးကို ရေဖြင့် သန့်စင်ပြီးသော် ပိုးပဝါဖြင့် လက်ကို သုတ်ရကြောင်းဆိုရာ ငယ်သူငယ်ချင်းတို့က တုတ်ခနောင်းနှင့်မှ အားရကြောင်း ပြောဆိုပုံများကို မှော်ဘီဆရာသိန်းကြီး၏ ‘ပါးစပ်ရာဇဝင်’ထဲ၌ ဖတ်ခဲ့ရသည်များကို အမှတ်ရနေမိပါသည်။ ပါးစပ်ရာဇဝင်ဆိုပြန်တော့လည်း ဘိုးတော်ဘုရား အိမ်သာတက်သောအခါ ရေသုံး၊မသုံးဆိုသော ကိစ္စကို ထားလိုက်ပါလေတော့။

စာ(၁၁)သို့



## အိုလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

## ပြောင်းဖူးကျို



ဒီတစ်ပတ်ဝိုက်ဖီက အလွယ်စာလေးတစ်ခွက်ပြင်ဆင်ထားပါတယ်။ ဝိုက်ဖီရဲ့ မွေးရပ်မြေ သဲကုန်းမှာဆို ဒီအချိန်ပြောင်းဖူးတွေ လှိုင်လှိုင်ပေါ်လို့၊ ပြုတ်လို့တစ်မျိုး၊ ဖုတ်လို့တစ်သွယ်၊ ကြော်တာကြော်လို့ အမျိုးမျိုးမရိုးရအောင် ပြောင်းဖူးကနေ့စဉ်မပါမဖြစ်။

ဒါကြောင့် ဝိုက်ဖီက “ပြောင်းဖူးကျို” လုပ်ထားပါတယ်။ လုပ်ရတာလွယ်သလောက် အရသာကလည်း အလွန်ရှိတာပါ။ ပြောင်းဖူးကလည်း ရန်ကုန်မှာ တော့ပြလို့ပြောင်းလို့ခေါ်တဲ့ စေးကပ်တဲ့ပြောင်းကိုကျိုရမှာပါ။ ပြောင်းကျိုဖို့ ပထမဆုံးပြောင်းဖူးနုနုလေးတွေကို ဓားနဲ့ပါးပါးချင်း လှီးခြစ်ပါမယ်။ စဉ်းရိုးမှာကပ်နေတဲ့ပြောင်းနို့လေးတွေပါအောင် သေသေချာချာခြစ်ရမှာပါ။

ပြီးတော့ခြစ်ထားတဲ့ပြောင်းဖူးနှစ်ထဲကို ချင်းနဲ့ကြက်သွန်ဖြူအနည်းငယ်ထောင်းထားတာထည့်ပါမယ်။ ပဲဆီနည်းနည်းလေး ထည့်ပါမယ်။ ဆားနည်းနည်းရောပေ့ါ။ အချိုကြိုက်ရင်တော့ သကြားနည်းနည်းထည့်နိုင်ပါတယ်။ ပြောင်းရဲ့ သဘာဝအချိုကို ကြိုက်ရင်တော့ မထည့်နဲ့ပေ့ါ။ ပြီးရင် ရေနည်းနည်းထည့်ပြီး တည်ပါမယ်။ တဖြည်းဖြည်းပျစ်တွဲလာမှ ချရတာမို့ မပြတ်မွှေပေးဖို့ အရေးကြီးပါတယ်။ ပြောင်းဖတ်လေးတွေ နူးအိပျစ်တွဲလာပြီဆိုရင်တော့ အရသာချိုမြိန်လှတဲ့ ပြောင်းဖူးကျို ဟင်းတစ်ခွက်ရပြီပေ့ါ။

ဈေးဝယ်ထွက်မယ်

## သန့်ရှင်းရေးသုံးပစ္စည်းတွေ စုံလင်တဲ့နေရာ

**အိဖြူလွင်**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)





မိုးတွေဆက်တိုက် ရွာနေလို့ ကိုယ်နေထိုင်ရာ ပတ်ဝန်းကျင်က ဒီရက်တွေမှာ အောက်သိုးသိုးအနံ့တွေလည်း ထွက်နေနိုင်လို့ သန့်ရှင်းရေး အဆက်မပြတ်လုပ်နေရမယ်ထင်ပါတယ်။

သန့်ရှင်းရေး အလုပ်က အချိန်ပေးရသလို ငွေလည်း ကုန်လူလည်း ပင်ပန်းတတ်ပါတယ်။

ဒါတွေကို သက်သာစေဖို့အတွက် ဒီတစ်ပတ် ဈေးဝယ်လမ်းညွှန်ကဏ္ဍက လမ်းညွှန်ချင်တာက အိမ်တွေတင်မကဘဲ ဟိုတယ်တွေ၊ ရှော့ပင်းမောလ်တွေမှာပါ သုံးလို့ရတဲ့ သန့်ရှင်းရေးသုံးပစ္စည်းတွေ ရနိုင်တဲ့ဆိုင်ကို လမ်းညွှန်ပေးချင်တာပါ။

သန့်ရှင်းရေးအတွက် နေရာနဲ့လိုက်ပြီး သုံးရတဲ့ဆပ်ပြာအမျိုးမျိုးတွေကို ရရှိနိုင်ပြီး စင်ကာပူ၊ အီတလီနိုင်ငံတွေက တင်သွင်းတဲ့ တံဆိပ်တွေအပြင် အင်္ဂလန်နည်းပညာနဲ့ မြန်မာနိုင်ငံမှာ ထုတ်ထားတဲ့ဆပ်ပြာတွေကိုလည်း ရနိုင်ပါတယ်။

ဒီဆပ်ပြာတွေက ပိုးသတ်ဆေးပါပြီးသားတွေ ရှိသလို၊ ရေပြန်ဆေးစရာမလိုဘဲ တိုက်ပြီးတာနဲ့ တစ်ခါတည်း ခြောက်သွားစေတဲ့ဆပ်ပြာတွေ အသီးအနှံတွေကနေပဲ လုပ်ထားတဲ့ ဆပ်ပြာတွေ၊ ကားအတွင်းခန်းနဲ့ ဆိုဖာ၊ ကော်ဇောတွေကို ဆေးလို့ရတဲ့ဆပ်ပြာတွေ၊ ဆပ်ပြာဆီ တစ်မျိုးတည်းကို ရောစပ်သုံးတဲ့ရေပမာဏ ပြောင်းပြီး ဘက်စုံသုံးလို့ရတဲ့ ဆပ်ပြာတွေဆိုပြီး အမျိုးစုံရှိတာ တွေ့ရပါတယ်။

ဒါ့အပြင် သန့်ရှင်းရေး ပြုလုပ်ရာမှာသုံးတဲ့ အထောက်အကူပြုပစ္စည်းတွေ၊ စက်ကိရိယာတွေကိုလည်း ရနိုင်ပါသေးတယ်။

Magic Mop ဆိုတဲ့ ကြမ်းတိုက်ဝတ်ကို လက်နဲ့ ကိုင်စရာမလိုဘဲ အဆင့်ဆင့်ညှစ်နိုင်တဲ့ အထောက်အကူပြုပစ္စည်းတွေရှိသလိုဖုန်စုပ်ရုံတင်မကဘဲအမှိုက်သိမ်း၊ အရေသိမ်း၊ လေပါမှုတ်ပေးနိုင်တဲ့စက်တွေလည်းရှိတယ်လို့သိရပါတယ်။

စက်ရဲ့ အရွယ်အစားပမာဏကိုလိုက်ပြီး ဈေးနှုန်းက ရှစ်သောင်းကျပ်ကနေ လေးသိန်းလောက်ထိ ရှိတယ်လို့ သိရပါတယ်။ ဒီပစ္စည်းတွေကို အိမ်တွေရဲ့ မီးဖိုချောင်တွေတင်မကဘဲ လူအများ သွားလာလှုပ်ရှားရာ နေရာအားလုံးမှာပါသုံးနိုင်တာဖြစ်လို့ သန့်ရှင်းရေးလုပ်ရတာ အခက်တွေ့နေတဲ့သူတွေအတွက်တော့ အဆင်ပြေနိုင်မယ်ထင်ပါတယ်။

ဒီနေရာက ပစ္စည်းတွေကို ရောင်းချရုံတင်မကဘဲ ဝန်ဆောင်မှုအပိုင်းကိုပါ တာဝန်ယူပေးတယ်လို့လည်းသိရပါတယ်။

ဈေးဝယ်ထွက်မယ်ပရိသတ်တွေ စိတ်ဝင်စားလို့ သွားကြည့်မယ်ဆိုရင် အလုံမြို့နယ် ငုဝါလမ်းထဲက အမှတ်-၂၀၄ မှာရှိတဲ့ G-6 ကို တစ်ရက်လောက် သွားကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.25 ▪ AUGUST 30 , 2012

## ခယ်ဒီတော့ထံ ပေးစာ

### မြေနီကုန်း စမ်းချောင်း ဘတ်စ်ကားမှတ်တိုင် ယခင်အတိုင်းထားရှိပေးပါ

ယခင်နှစ်ပေါင်း၆၀ကျော်လောက်က မြေနီကုန်း ဘတ်စ်ကားမှတ်တိုင်ကို စမ်းချောင်းလမ်းထိပ် ပြည်လမ်းဆုံတွင် အင်းစိန်ဘက်သွားချင်ကယခင်ရတနာပုံရုပ်ရှင်ရုံဘေး၊ရန်ကုန်မြို့ထဲ(ဆူးလေ)သွားချင်ပါက စမ်းချောင်းလမ်း ပြည်လမ်းဘယ်ဘက် ပဒုမ္မာပန်းခြံရှေ့ထားခဲ့ပါသည်။ အဲဒီကမှ ဆူးလေအသွားမှတ်တိုင်ကို တစ်ဆင့်စတင်ပြီး ရိုးမဘဏ်ဘေး ရွှေ့ခဲ့ရာ ထိုမှထပ်မံ၍ မှတ်တိုင်ကို မဟာမြိုင်လမ်းထိပ်၊အထက(၂)ကျောင်းဘေးသို့ ရွှေ့ခဲ့ပြီး အင်းစိန်ဘက်သွားမည့်မှတ်တိုင်ကို ပြည်သူ့ဥယျာဉ်(ရေလွှာလျှောစီး)ဘေး၊ ဒဂုံမြို့နယ်သို့ သီးခြားစီ အလှမ်းကွာဝေးစွာ ရွှေ့ပြောင်းလိုက်ပါသည်။ ၎င်းမှတ်တိုင်များနေရာရွှေ့လိုက်သည့်အတွက် ဘတ်စ်ကားစီး ခရီးသည်များ စမ်းချောင်းသူ၊ စမ်းချောင်းသားများ၊ ရဟန်းရှင်လူများ၊ ဝန်ထမ်းများ၊ ကျောင်းသား/သူများ၊ ရပ်ကွက်တွင် ဈေးရောင်းဈေးဝယ် ပြုလုပ်နေသော ခရီးသည်များ အောက်ဖော်ပြပါအတိုင်း ခက်ခဲနေရပါသည်။

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်တွင် ယခုဗဟိုလမ်း၊ ဗားကရာလမ်းဆုံ တစ်ဝိုက်ရှိ ရွှေမန်းရုပ်ရှင်ရုံ၊ဒဂုံစင်တာ(၁)၊(၂)၊ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ ပဒုမ္မာပန်းခြံ၊ ပဒုမ္မာကွင်းဘေး ဗားကရာလမ်းပေါ်တွင် ဆိုင်ခန်းကြီးငယ်များ၊ စီးတီးမတ်ရုံးခန်းများ ဆုံရာနေရာဖြစ်သည့်အတွက် ၎င်းအဆောက်အအုံများနှင့် ဆက်နွှယ်နေသော ဝန်ထမ်းများ၊ စားသုံးသူများ၊ ဈေးဝယ်သူများမှာ လာရသည့်နေရာနှင့် တာဝန်ထမ်းဆောင်ရာသို့ ရောက်အောင် ကားမှတ်တိုင်မှ အတော်ဝေးဝေးထိ လျှောက်လှမ်းနေရသည်။

စမ်းချောင်းသူ စမ်းချောင်းသားများ၊ ဘတ်စ်ကားစီး ခရီးသွားများသည် ယခင်က စမ်းချောင်းလမ်းထိပ် ပြည်လမ်းရောက်သည်နှင့် ဘတ်စ်ကားစီးနိုင်ပြီး ဗားကရာလမ်းမှပြည်လမ်းထွက်လိုက်သည်နှင့် ဘတ်စ်ကားတန်းစီး၍ရသဖြင့်

**တစ်ဖက်သို့**









7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

**တစ်ဖက်မှအဆက်**

အစစအရာရာ အဆင်ပြေ ချောမွေ့ခဲ့ပါသည်။

ယခုတွင်မူ ဆူးလေဘက်သို့ သွားချင်ပါက အထက(၂)စမ်းချောင်း၊ မဟာမြိုင်ထိရောက်အောင် အလွန်ကွာဝေးစွာ လမ်းလျှောက်နေရပါသည်။ အင်းစိန်ဘက်သွားချင်ပါကလည်း ပြည်သူ့ဥယျာဉ်ဘေး ဒဂုံမြို့နယ်ထိ လမ်းလျှောက်နေရပါသည်။

ထို့ပြင် ပြည်သူ့ဥယျာဉ်ရှေ့ အင်းစိန်ဘက်သွား မှတ်တိုင်သို့ ဆူးလေ၊ သိမ်ကြီးဈေး၊ သံဈေးတို့မှ ကားရပ်လျှင် မြို့ထဲမှ စပယ်ယာအကူအညီနှင့် ကုန်ပစ္စည်းများတင်လာကာ မှတ်တိုင်ရောက်လျှင် စပယ်ယာအကူအညီနှင့် ပစ္စည်းများချ၍ စမ်းချောင်းထဲသို့ ဝင်ရောင်းရမည့်ကုန်များကို သယ်ဆောင်ရန် ဆိုက်ကားဂိတ်မရှိ၊ ဂိတ်နှင့်လည်းဝေး၍ စားဝတ်နေရေးဈေးရောင်းချရန် အတွက် သယ်ယူရန် အခက်အခဲအမျိုးမျိုးကြုံတွေ့နေရပါသည်။

မြို့ထဲတွင် တာဝန်ထမ်းဆောင်နေရသော ဝန်ထမ်းအမျိုးသမီးငယ်များအနေဖြင့်လည်း ညဘက်အပြန် မှတ်တိုင်ပတ်ဝန်းကျင် လူနေအိမ်များမရှိသဖြင့် တစ်ခါတစ်ရံလူပြတ်နေတတ်ကာ လုံခြုံရေးအတွက် စိုးရိမ်နေပါသည်။ အငြိမ်းစားဝန်ထမ်းများမှာလည်း ပင်စင်ထုတ်ရန် ဆူးလေဘက်သွားလိုပါက အထက(၂)စမ်းချောင်း၊ မဟာမြိုင်ထိလျှောက်နေရပြီး အပြန်တွင် ပြည်သူ့ဥယျာဉ်ဘေး ဒဂုံမြို့နယ် ဆင်းကာအသွားအပြန် လမ်းလျှောက်နေရသည့်အတွက် ပင်ပန်းကာ အချိန်ယူနေရပါသည်။ မြေနီကုန်း မှတ်တိုင်များ တစ်ခုနှင့် တစ်ခုတည်ရှိနေပုံမှာ မှတ်တိုင် နှစ်ခုစာမျှ ကွာဝေးနေပါသည်။

မြို့ထဲမှ နယ်ဝေးမှ ကြွလာကြသည့် ရဟန်း၊ သာမဏေများ၊ သီလရှင်များမှာလည်း စမ်းချောင်းရှိနေအိမ်များသို့ ဆွမ်းခံ၊ အလှူခံကြွရောက်ရန် အလှမ်းဝေးစွာ လျှောက်လှမ်းနေရခြင်း၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းချိန်၊ အလုပ်ချိန်၊ ရုံးချိန်မီနိုင်အောင် အချိန်များစွာကုန်၍ ပင်ပန်းဆင်းရဲစွာ သွားလာနေကြရပါသည်။ နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများ အချိန်လေးစားတန်ဖိုးထားသွားလာနေရချိန် ဖြစ်ပါသည်။

ကြားသိဖတ်ရှုလိုက်ရတာကတော့ ယခင်ဘတ်စ်ကားမှတ်တိုင်နေရာတွေမှာ ဘတ်စ်ကားကြီးတွေ ကြပ်တောက်ပြီး ယာဉ်ကြောပိတ်ဆို့နေ၍ဟု သိရပါသည်။ ယခုဘတ်စ်ကားဂိတ်များတွင် တာဝန်ချထားသူများနှင့် ယခင် ဘတ်စ်ကားဂိတ်ဟောင်းများတွင် မရပ်ရန် တာဝန်ချထားသော တာဝန်ရှိသူများက ယခင်နေရာတွင်ပင် စုပေါင်းကာ ညီညီညွတ်ညွတ်ဖြင့် ဘတ်စ်ကားတစ်စီးဆိုက်သည်နှင့်(ရပ်ပြီး ခရီးသည်ချ၊ ခရီးသည်ပြန်တင်၊ပြီးထွက်ရန်) ရပ်၊ ချ၊ တင်၊ ထွက် စည်းကမ်းဖြင့် စနစ်တကျ ရှင်းလင်းဆောင်ရွက်ပေးပါက ယခင်နေရာများမှာပင် အဆင်ပြေသွားလာနိုင်ပါမည်။

ရန်ကုန်မြို့တွင်အထူးသဖြင့် ပြည်လမ်းတစ်လျှောက် တစ်ဖက်မှ ဆူးလေ၊ တစ်ဖက်မှ အင်းစိန် ယာဉ်ကြောများ ပိတ်ဆို့နေမှုများသည် တစ်နေရာတည်းမဟုတ်ပါ။ ပြည်လမ်းတစ်လျှောက်နှင့် အခြားနေရာတိုင်းမှာ ယာဉ်ပိတ်ဆို့မှုများ ရှိနေပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ပြုလုပ်ထိန်းကြပ်ပေးပါက အောင်မြင်နိုင်ပါသည်။

ဆက်လက် အကြံပြုလိုသည်မှာ ယခုဆောက်ပြီးသား မှတ်တိုင်များကို ၎င်းနေရာမှာလည်း ရပ်လိုက ရပ်ပြီး မှတ်တိုင်ဟောင်းနေရာများတွင်ပါ ပြန်လည် ရပ်ခွင့်ပြုမည်ဆိုပါက အဆင်အပြေဆုံးဖြစ်ပါလိမ့်မည်။ ။

**မောင်ညွန့်သန်း(စမ်းချောင်း)**



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ကံမကုန်ရင် ပြန်ဆုံမယ်

သံသရာက ထွက်မြောက်တဲ့အလုပ်ကိုမလုပ်မချင်း၊ သံသရာဘဝတွေကို အလည်မရပ်စေတဲ့ကံတွေကိုပြုနေသေးသမျှ ကာလပတ်လုံး၊ သံသရာထဲမှာနေ သံသရာထဲမှာပျော်နေတဲ့ ကာလပတ်လုံး နိဗ္ဗာန်ကို မရနိုင်ပါဘူး။ ဘယ်တော့မှ နိဗ္ဗာန်ရသလဲ၊ ဘယ်အချိန်ကျမှ နိဗ္ဗာန်ရသလဲဆိုရင် ပြုထားပြီး ဖြစ်ထားပြီးတဲ့ကံတွေကုန်မှ နိဗ္ဗာန်ရတယ်။ ကံမကုန်ရင်တော့ သံသရာမှာ ပြန်လည်ဆုံကြမှာပဲဖြစ်တယ်။ ကံအကျိုးက ခံရတဲ့ ကံနဲ့ စံရတဲ့ကံဆိုပြီး နှစ်မျိုးကွဲပြားတယ်။ ချမ်းချမ်းသာသာ၊ သက်သက်သာသာနဲ့ သံသရာလည်ရတယ်ဆိုရင် ခံစားရတဲ့ ကံအကျိုးဖြစ်တယ်။ မသက်မသာ၊ ဒုက္ခတွေနဲ့ သံသရာလည်ရတယ်ဆိုရင် ခံစားရတဲ့ ကံအကျိုးပေါ့။ ခံရတဲ့ကံ၊ စံရတဲ့ကံ၊ ကောင်းကံ ဆိုးကံ၊ ကောင်းကျိုးဆိုးကျိုးလို့ ခွဲပေမယ့် သဘောကတော့ အတူတူပါပဲ။ ခံရတဲ့ကံလည်း သံသရာလည်တယ်။ စံရတဲ့ကံဟာလည်း သံသရာလည်စေတယ်။ တဝဲလည်လည် လည်တာချင်းတော့ အတူတူပါပဲ။

ခရီးတစ်ခုသွားကြရာမှာ ဘယ်ပုံစံနဲ့ပဲသွားသွား လမ်းလျှောက်သွားလည်း ရောက်တာပဲ။ ယာဉ်တစ်မျိုးမျိုးစီးသွားလည်း ရောက်တာပဲ။ သွားတဲ့ပုံသဏ္ဌာန်မတူကြပေမယ့် သွားတာချင်း၊ ရောက်တာချင်းတော့ အတူတူဖြစ်တယ်။ ကောင်းတဲ့ကံတွေပဲလုပ်မယ်၊ ချမ်းချမ်းသာသာနေရတဲ့ ဘဝတွေမှာပဲနေမယ်၊ ပြည့်ပြည့်စုံစုံ နေချင်တယ်ဆိုပြီး ကောင်းတဲ့အလုပ်တွေကိုချည်းပဲရွေးလုပ်တယ်။ ကောင်းတဲ့အလုပ်တွေ လုပ်တဲ့အတွက်ကြောင့် ကောင်းတဲ့အကျိုးတွေရတယ်။ အဲဒီလို ကောင်းကျိုးရလည်း ဒီကောင်းကျိုးဟာ သံသရာလည်တဲ့အကျိုးကိုသာ ဖြစ်စေတယ်။



ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ ‘ဓမ္မလမ်းပေါ်မှာ’

## စာ-၉၊ အိမ်သာသော နေ့များဆီသို့ မှ

သို့သော်တစ်ခုသေချာသည်မှာကား ကျွန်တော်တို့နိုင်ငံ၌မူ ယခုအထိ အိမ်တိုင်းအိမ်တိုင်း၌ ရေလောင်းအိမ်သာ မရှိကြသေးသလို လူတိုင်းလူတိုင်းတို့ကလည်း ရေဖြင့် ဆေးကြောသန့်စင်သမှု မပြုကြသေးခြင်းပင် ဖြစ်ပါလေသည်။

(နှစ်)

ကွယ်လွန်သူ စာရေးဆရာကြီးမောင်ထင်၏ “မြင်ဝါတောင်”ကို ဖတ်ခဲ့ရစဉ်က မြန်အောင်၊ ကြံခင်းတစ်ကြော ရခိုင်ရိုးမကြီး၏ နံဘေးရှိ မြင်ဝါတောင်ဝန်းကျင်ကရွာကလေးများသို့ ဆရာမောင်ထင်ရောက်သွားစဉ် အိမ်သာဟူသော ဝေါဟာရကို မကြားဖူးသလို မျက်နှာပေးဖြင့် ဝိုင်းကြည့်နေခဲ့ကြပြီး သူကြီးအိမ်တစ်အိမ်ထဲ၌သာ အုပ်ချုပ်ရေးဆိုင်ရာ အရာရှိအရာခံများရောက်လာပါက အသုံးပြုရန်မည်ကာမတ္တအိမ်သာကလေးကို မီးဖိုချောင်နှင့် တွဲထားရာ ခြေတံရှည် မီးဖိုချောင်ဖြစ်သဖြင့် အညစ်အကြေးတို့ မြေပြင်ဆီကျသွားလိုက် ဝက်များကပြေးစားလိုက်လုပ်နေပုံကို ထိုစဉ်က မြို့ပိုင်ဖြစ်သူ ဆရာမောင်ထင်သရုပ်ဖော်ရေးခြစ်ထားခဲ့ရာ ကျွန်တော်တို့ပြုံးခဲ့ကြရဖူးပါသည်။

တကယ်တော့ သည်နေ့အထိလည်း အိမ်သာဟူသည့် ဝေါဟာရကို နားမလည်ကြသူတွေက ကျေးလက်တောရွာတော်တော်များများမှာ ရှိနေကြပါသေးသည်။ “တောထိုင်” သည်ဟူသည့် သူတို့၏ ဝေါဟာရအတိုင်း တကယ့်ကိုတောစပ်တစ်နေရာရာသို့ ပြေးကာ အညစ်အကြေးစွန့်ခြင်း ကိစ္စကို ဖြေရှင်းနေကြဆဲ ရှိပါသေးသည်။ တုတ်နှင့် ရှင်းသူကရှင်း စက္ကူနှင့် ရှင်းသူကရှင်း။ မြစ်တွေ ချောင်းတွေကို အခြေခံကာ မြို့ရွာတည်ထောင်ထားသည့် နေရာတွေမှာ မြစ်ကမ်း၏ ချောင်းကမ်းစပ်ဆီမှာ အိမ်သာကလေးတွေ တန်းစီလို့။ မလှမ်းမကမ်းမှာဖြင့် အဝတ်လျှော်သူကလျှော် ရေချိုးသူက ချိုး။ နာမည်ကျော် အင်းလေးကန်ကြီးထဲမှာပင်လျှင် အညစ်အကြေးကို ကန်ထဲသို့ စွန့်နေရပါသေးသည်။

အချို့အချို့သော မြို့ခပ်ရွယ်ရွယ်ကလေးတွေဆီမှာ တည်းခိုခန်းမရှိ။ ထို့ပြင် အများသုံးသန့်စင်ခန်းမရှိ။ ရပ်ဝေးက ညော့်သည်တစ်ယောက်ယောက်ရောက်လာပြီဆိုလျှင် ဘယ်မှာ ကိုယ်လက်သန့်စင်ရမည် မသိ။ ရန်ကုန်လိုမြို့ကြီးမှာပင်လျှင် ကမ္ဘာလှည့်ညော့်သည်တို့အတွက် မျက်နှာမငယ်ရသော အဆင့်မြင့်အများသုံးသန့်စင်ခန်းမရှိသေးသည်ကို အများအသိဖြစ်ပါသည်။

(သုံး)

ကမ္ဘာကို လှမ်းမျှော်ကြည့်လိုက်တော့ အိမ်သာဇာတ်လမ်းတွေက တော်တော့ကို စိတ်ဝင်စားဖို့ကောင်းပါသည်။

အင်္ဂလန်လက်ရွေးစင် ဘောလုံးအသင်း၏ နည်းပြဖြစ်ခဲ့သူ အဲရစ်ဆင်ဆိုလျှင် ပေါင် ၂ ဒသမ ၃ သန်းဖြင့် ဝယ်ထားသည့် ရီးဂျန့်ပန်းခြံအနားက အိမ်တွင်သူ၏ အိမ်သာကို နံရံလေးဘက်လုံး မှန်အကြည်ဖြင့် ကာထားသည်ဟု ဆိုပါသည်။

ကမ္ဘာကျော် အာဂျင်တီးနားအသင်း၏ တိုက်စစ်မှူးဖြစ်ခဲ့သူ မာရာဒိုနာ ၂၀၁၀ ခုနှစ် တောင်အာဖရိကတွင် ကျင်းပသည့် ကမ္ဘာ့ဖလားပွဲသို့အလာ သူ့အိမ်သာကိုသူယူလာဖူးပါသည်။ E-Bidet တံဆိပ်တဲ့။ ထိုင်ခုံကို အပူပေးလို့ရသတဲ့။ လေမှုတ်စက်၊ အခြောက်ခံစက်၊ လက်ဆေးကြွေဇလုံ၊ ရေဇလုံ၊ ရေတိုင်ကီ၊ ပိုက်ခေါင်းခလုတ် အကုန်ပါသတဲ့။ ၄၅၀ ဒေါ်လာ တန်သတဲ့။ မြန်မာငွေငါးသိန်း လောက်တန်သည့် ဖင်ထိုင်ခုံဟုပဲ ဆိုပါတော့။

Nuim တံဆိပ် အိမ်သာကတော့ တော်တော်ကလေး ဈေးကြီးပါသည်။ ရေဆွဲခလုတ်က အော်တို။ အဖုံးအဖွင့်အပိတ်က အော်တို။ ရေပန်းက အော်တို။ အခြောက်ခံစက်က အော်တို။ ထိုင်ခုံက ကြိုက်သလိုရွှေ့။ ခြေထောက်ကို အနွေးပေးသော စက်နှင့်။ FM လိုင်းတွေ MP3 တွေနှင့်။ ဒေါ်လာ ၆၃၀၀ ဆိုတော့ မြန်မာ ငွေသိန်း ၅၀ လောက် တန်နေသည့် ထိုင်ခုံ။

ဇင်ဘာဘွေသမ္မတရောဘတ်မူဂါဘီကမူ ကုန်စည်ပြပွဲ တစ်ခုသို့ တက်ရောက်နေခိုက် သူ၏ အိမ်သာကို လုံခြုံရေးယူရသူ ရဲဖြစ်သည့် “အလိုအစ်မက်ဘ် ဟူနျူ”က အိမ်သာဝင်တက်သဖြင့် ထောင် ၁၀ ရက်ပင် ချပစ်ခဲ့ဖူးပါသည်။

အိန္ဒိယနိုင်ငံကမူ အိမ်သာစနစ်ဆိုးပုံရပါ၏။ စီးပွားရေးမြို့တော် မွမ်ဘိုင်းရှိ ရာဖစ်နာဂါဟူသော ရပ်ကွက်၌ မိသားစု ၂,၀၀၀ လူ ၁၀,၀၀၀ တွင် လက်ကိုင်ဖုန်း လူတိုင်းရှိသော်လည်း ကိုယ်ပိုင်အိမ်သာလည်း မရှိ။ အများဆုံး အိမ်သာလည်းမရှိ။ in the open ခေါ် တောထိုင်သည့်နည်းတဲ့။ အချို့ရပ်ကွက်များ၌မူ အများသုံး အိမ်သာရှိသော်လည်း တန်းစီလျှင် တစ်နာရီခန့် စောင့်ရတတ် ပြန်လေသတဲ့။ သည်တော့ တစ်ခါသုံးပြီးလျှင် လွှင့်ပစ်ရသည့် One Use အိမ်သာကလေးတွေက နှစ်ရူပီးပဲပေးရလေရာ သုံးပျော်သော်လည်း ဟိုပစ်သည်ပစ်ကတစ်ခက်။ လူဦးရေသန်းတစ်ထောင်တွင် ဖုန်းရှိသူက သန်း ၆၇၀၊ အိမ်သာသုံးသူက ၃၆၆ သန်းဟုဆိုသဖြင့် လစ်သလိုကိစ္စရှင်းနေသူတွေက သန်း ၆၅၀ တောင်မှဆိုသည့်သဘော။

တရုတ်ပြည်ကမူ အိမ်သာကိုရှေ့တွင်လည်း အကာအရံမထား၊ လူတစ်ယောက်နှင့် တစ်ယောက်ကြားတွင်လည်း ဘာမှအကာအရံ မထားသဖြင့် တစ်ယောက်နှင့် တစ်ယောက် မိမွေးတိုင်း ဖမွေးတိုင်း မြင်လျက်ကိစ္စရှင်းနေကြရသည်မှာ တော်တော့ကို မျက်နှာအထားရခက်ပါသည်။

ကမ္ဘာ၌ ကမ္ဘာ့အိမ်သာအဖွဲ့ဟူသည်ကလည်းရှိထားရာ အဖွဲ့ခေါင်းဆောင် ဂျက်ဆင်းမ်က တရုတ်ပြည်၏ အိမ်သာစနစ်ညံ့ဖျင်းမှုကြောင့် ကမ္ဘာ့လှည့်ခရီးသည်တို့ တွန့်ကြရွံ့ကြကြောင်း မြွက်ဟခဲ့ရာ ယခုဘေဂျင်း (Beijing)၌ သန့်စင်ခန်းများကို နာရီဝက်တစ်ခါသန့်ရှင်းရမည်ဟူသတတ်။ ယင်ကောင်နှစ်ကောင်ထက် မပိုရ။ ပိုသော် သန့်ရှင်းရေးဝန်ထမ်းကို အရေးယူမည်ဟူသတတ်။

ကမ္ဘာပေါ်၌ ခေတ်မီသန့်ရှင်းသည့်အိမ်သာကို အသုံးပြုသူမှာ ၂ ဒသမ ၅ ဘီလီယံသာ ရှိသည်ဆိုရာ ကမ္ဘာ့လူဦးရေက ၆ ဘီလီယံပဲ ထားပါဦး၊ ၄ ဘီလီယံ (သို့မဟုတ်)လူဦးရေသန်း ၄၀၀၀ လောက် ဖြစ်သလို ကိစ္စရှင်းနေသည့်သဘောပင် ဖြစ်ပါသည်။

ဒါ့ကြောင့်များလား မသိ။ ကွန်ပျူတာသူဌေးကြီး ဘီလ်ဂိတ်က အိမ်သာကိစ္စအတွက် ငွေတွေသုံးနေလိုက်တာ။ အိမ်သာထဲမှာ နေရောင်ဖြင့် ရေကိုပြန်သုံးနိုင်ရန် စမ်းသပ်ဖို့အတွက် ကယ်လီဖိုးနီးယား နည်းပညာသိပ္ပံသို့ ဒေါ်လာတစ်သိန်း၊ အခြားတက္ကသိုလ်ရှစ်ခုသို့ ဒေါ်လာလေးသန်း၊ သန့်စင်ခန်းစနစ်ခေတ်မီတိုးတက်ရေး စမ်းသပ်မှုအတွက် သုံးရန် ဒေါ်လာ ၃ ဒသမ ၄ သန်းတဲ့။ စုစုပေါင်းဒေါ်လာ ၆ သန်းကျော်၊ ၇ သန်းလျာထားသည့် သဘော။ မြန်မာငွေကုဋေ ၆၀၀ ကျော်၊ ၇၀၀ သုံးမည့် အစီအစဉ်ဟုပဲ ဆိုကြပါစို့။

ကျွန်တော်ကတော့ မြန်မာတစ်နိုင်ငံလုံးတွင် လင်းလင်းကျင်းကျင်းနှင့် ခြောက်သွေ့သန့်ရှင်းသည့် သန့်စင်ခန်းတွေ မလုပ်နိုင်သေးလျှင်ရှိစေ။ လူဝင်လူထွက်များပြားသည့် အထူးသဖြင့် နိုင်ငံတကာညော့်သည် များပြားသည့် ရန်ကုန်လို၊ မန္တလေးလို၊ တောင်ကြီးလို ပုဂံလိုမြို့များ၌ အဆင့်မြင့်သန့်စင်ခန်းကြီးတွေရှိစေချင်ပါသည်။ မြို့တိုင်းလိုလိုတွင် အကောင်အထည် ဖော်နိုင်တော့လည်း ပို၍ ကောင်းသည်ပဲပေါ့။ သို့သော် အချို့ အချို့၏ စုတ်ပြတ်ညံ့ဖျင်းလှသော စိတ်ဓာတ်တွေကိုတော့ ပြောင်းလဲရမည်ဖြစ်ပါ၏။ လူဆိုသည်မှာ ကိုယ့်အညစ်အကြေးကိုကိုယ်သန့်စင်အောင်လုပ်ဖို့ တာဝန်ရှိပါသည်ဆိုသော မဟတ္တမဂန္ဒီ၏ စကားလောက်ကိုမှ သဘောမပေါက်သူ လူ့တိရစ္ဆာန် (Animan)တွေကလည်း အများသားမဟုတ်လား။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

## မျက်နှာဖုံး–တရုတ်အစိုးရက ကချင်စစ်ဘေးဒုက္ခသည်များကို နေရပ်ပြန်ပို့ မှ

ငါးရက်အတွင်း စခန်းသုံးခုမှ ဒုက္ခသည်များကို ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဒုက္ခသည်များအရေးကူညီဆောင်ရွက်ပေးနေသူများက ပြောကြားသည်။ ပြောင်း ရွှေ့ပြီးသော စခန်းသုံးခုမှာ လောဖိုင်၊ လားရင်းနှင့် ရန်လုစခန်းတို့ဖြစ်ကြောင်း ကချင်အဖွဲ့အစည်းတစ်ခုဖြစ်သော ဝမ်းပေါင်နန်ထွမ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုအဖွဲ့၏ စာရင်းဇယားများအရ နောင်တောင်း ဒေသတွင် ဖယ်ရှားပေးရမည့် ဒုက္ခသည်စခန်း ကိုးခုရှိပြီး လူဦးရေမှာ ၄,၉၆၉ ဦးရှိသည်။ ထိုဒုက္ခသည်စခန်းကိုးခုတွင် ငါးနှစ်အောက်ကလေးငယ်၆၈၆ဦးပါဝင်ကြောင်း ထိုအဖွဲ့မှ သိရသည်။

ဩဂုတ်လ ၂၇ ရက်အထိ ဒုက္ခသည်စခန်းသုံးခုကိုမြန်မာနိုင်ငံဘက်သို့ ပြောင်းရွှေ့ပေးအပြီးတွင်မူ ပြောင်းရွှေ့မှုကို တရုတ်အစိုးရအာဏာပိုင်များက အကြောင်းရင်း တစ်စုံတစ်ရာပြောကြားခြင်းမရှိဘဲ ယာယီရပ်ဆိုင်းထားလိုက်ကြောင်း ဒုက္ခသည်များကိုအကူအညီပေးနေသူများကပြောသည်။

ပြောင်းရွှေ့ရာတွင် အချို့စခန်းများမှ ဒုက္ခသည်များကို တရုတ်အာဏာပိုင်များက လိုက်လံစောင့်ကြပ်ကာ နယ်စပ်အထိ ကားများဖြင့်ပို့ဆောင်ပြီး အချို့မှာတိုက်ပွဲများဖြစ်ပွားနေသေးသော နေရပ်သို့ပြန်လိုခြင်းမရှိသဖြင့် ထွက်ပြေးသွားသူများလည်းရှိကြောင်း အကူအညီပေးနေသူများက ပြောကြားသည်။ ယင်းသို့ ထွက်ပြေးတိမ်းရှောင်သွားသော ဒုက္ခသည်များ၏ လုံခြုံရေးကိုလည်း စိုးရိမ်ပူပန်ကြောင်း အကူအညီပေးနေသည့် အဖွဲ့အစည်းများက ပြောကြားသည်။

တရုတ်နိုင်ငံ နောင်တောင်း ဒေသတွင် ကချင်ပြည်နယ်တွင်း စစ်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်သူဦးရေ တစ်သောင်းနီးပါး ရှိမည်ဟု နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ခန့်မှန်းထားပြီး ထိုဦးရေထဲမှ နောင်တောင်းဒေသတွင် နေထိုင်နေသော ဒုက္ခသည် လေးထောင်ကျော်ခန့်ကို စစ်ပွဲများ ဆက်လက်ဖြစ်ပွားနေသေးသော ကချင်ပြည်နယ်အတွင်းသို့ ပြန်လည်စေလွှတ်ခြင်းဖြစ်ကြောင်း ကချင်ဒုက္ခသည်အရေး အကူအညီပေးနေသူများက ပြောကြားသည်။

ဩဂုတ်လ ၂၃ ရက်က နယူးယောက်တိုင်းသတင်းစာက တရုတ်အစိုးရက ကချင်ဒုက္ခသည်များကို ဖိအားပေးကာ နေရပ်ပြန်လွှတ်နေသည်ဆိုသော သတင်းကို တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေငြာချက်တစ်စောင်ကို သတင်းစာထံပေးပို့ခဲ့သည်။ ထိုကြေညာချက်တွင် နယူးယောက်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က စွပ်စွဲထားသော တရုတ်အစိုးရက ဒုက္ခသည်များအား နေရပ်ပြန်လွှတ်နေသည်ဆိုသည်ကို ငြင်းဆိုလိုက်ပြီး ကချင်စစ်ဘေးဒုက္ခသည်များမှာ သူတို့သဘောဖြင့် သူတို့နေအိမ်သို့ ပြန်ကြခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ပြောဆိုထားသည်ဟု နယူးယောက်တိုင်း သတင်းစာက ရေးသားထားသည်။

## မျက်နှာဖုံး- တရုတ်ကုမ္ပဏီတစ်ခု ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအစီအစဉ်များ ဆောင်ရွက်ခွင့်ရဖွယ်ရှိ မှ

“ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ ပိတ်ပွဲ အစီအစဉ်အားလုံးကိုလည်း တတ်ကျွမ်းတဲ့ကုမ္ပဏီတွေ၊ အထူးသဖြင့် စျေးလည်းသက်သာ၊ အလုပ်လည်းဖြစ်တာကတော့ တရုတ်ကုမ္ပဏီတွေ များပါတယ်။ အားလုံးပြီးခဲ့တဲ့ ရက်ကလည်း တင်ဒါခေါ်ပြီး ဆောင်ရွက်ထားတာရှိပါတယ်။ ဒီတင်ဒါအောင်မြင်ဖို့ကလည်း တရုတ်ကုမ္ပဏီတွေထဲကလို့ ယူဆရပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ယခု ၂၃ ရက်တွင်နေပြည်တော်၌ပြုလုပ်ခဲ့သည့် ၂၀၁၁ ခုနှစ်အတွက်အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်ခြင်း အခမ်းအနားတွင် ပြောကြားသည်။

နေပြည်တော်တွင် ပြုလုပ်မည့် ဆီးဂိမ်းပြိုင်ပွဲ ပိတ်ပွဲအစီအစဉ်များအတွက် နည်းပညာများ ပံ့ပိုးမှုအတွက် တင်ဒါခေါ်ယူခဲ့ရာတွင်ပြည်တွင်းပြည်ပကုမ္ပဏီ၁၁ခု လျှောက်ထားပြီး GMS (game management system) အတွက်ကိုမူ ကုမ္ပဏီ ၉ခု လျှောက်ထားမှု ပြုလုပ်ထားကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

“ဩဂုတ် ၁ ရက်က တင်ဒါပိတ်ပြီးဖြစ်ပါတယ်။ ၁၆ ရက်ကစပြီး တင်ဒါတွေကို ဖွင့်ပြီးတော့ သက်ဆိုင်ရာ ဌာနအကြီးအကဲတွေနဲ့ ကျွမ်းကျင်တဲ့ပညာရှင်တွေက ဖွင့်ဖောက်စစ်ဆေးနေပါပြီ။ မကြာမီ ပဏာမ ရွေးချယ်တဲ့ ကုမ္ပဏီတွေကိုခေါ်ပြီးတွေ့ဖို့နဲ့ ခိုင်မာမှု အခြေအနေအထောက်အထားတွေစစ်ဆေးဖို့ရှိပါတယ်” ဟု အဆိုပါတာဝန်ရှိသူကဆိုသည်။

တခြားနိုင်ငံများက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ ပိတ်ပွဲ အစီအစဉ်များမှ သင်ခန်းစာများစွာ ရရှိပါကြောင်း၊ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ ပိတ်ပွဲအခမ်းအနားတွင် ပုံမှန်အစီအစဉ်များ၊ မြန်မာ့ရိုးရာအကဖျော်ဖြေမှုများအပြင် ခေတ်မီကကွက်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ အထူးပြုလုပ်ချက်များအပါအဝင် အသက်သာဆုံးနှင့် အကောင်းဆုံးဖြစ်အောင် အစီအစဉ်များ ရေးဆွဲပြီးဖြစ်ကာ ကုန်ကျစရိတ်နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

၂၀၁၃ ဆီးဂိမ်းဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားများလက်ခံကျင်းပမည့် နေပြည်တော်တွင်တည်ဆောက်နေ သည့် ပရိသတ် သုံးသောင်းဆံ့ ဝဏ္ဏသိဒ္ဓိအားကစားကွင်းသည် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး အခြားအားကစားရုံများသည် ရာခိုင်နှုန်း ထက်ဝက်ခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလက အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ၏ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများ တင်ဆက်မှုသည် နောက်ဆုံးပေါ်နည်းပညာများကို အသုံးပြု၍ ၎င်းတို့နိုင်ငံနှင့် အရှေ့တောင်အာရှ နိုင်ငံများကိုယ်စားပြု ပုံရိပ်များကို ပုံဖော်ဖျော်ဖြေခဲ့သဖြင့် ကြည့်ရှုသူပရိသတ်အများစု ကြိုက်နှစ်သက်ခဲ့ကြသည်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲတစ်ခုလုံး၏ ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ သန်း ၃၅၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲအတွက် အင်ဒိုနီးရှားအစိုးရ၏ပြင်ဆင်မှုမှာ ၂နှစ်နီးပါးကြာမြင့်ခဲ့ကြောင်း သိရသည်။

## စာ–၇၊ ကိုမင်းကိုနိုင် ပတ်စ်ပို့ရသော်လည်း ၈၈ အဖွဲ့မှ ကျန်ခေါင်းဆောင်များ မရသေး မှ

NED မှ ပေးအပ်မည့် ဒီမိုကရေစီအရေး လှုပ်ရှားသူများအတွက် ဆုကို လူမှုရေးလုပ်ငန်းများလုပ်ကိုင်သူကိုယ်စားပြုနာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးကျော်သူ၊ ဒီမိုကရေစီအရေး လှုပ်ရှားသူကျောင်းသားများကိုယ်စား ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၊ တိုင်းရင်းသားအရေးဆောင်ရွက်သူများ ကိုယ်စားပြုအတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဦးခွန်ထွန်းဦး၊ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်သူများ ကိုယ်စားထိုင်း၊ မြန်မာနယ်စပ်တွင် ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်နေသူ ဒေါက်တာစင်သီယာမောင်နှင့် အမေရိကန်နိုင်ငံတွင် ရောက်ရှိနေသော USCB မှ ဦးအောင်ဒင်တို့ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ သိရသည်။

“တင်ထားတဲ့သူ အားလုံးကို ပေးမှာလား၊ ဘယ်တော့ပေးမှာလဲဆိုတဲ့ ပြည်ထဲရေးရဲ့ တုံ့ပြန်မှုပေါ်မူတည်ပြီး အမေရိကသွားဖြစ်၊ မသွားဖြစ်ဆုံးဖြတ်မယ်” ဟု ကိုမင်းကိုနိုင်က ဆက်လက်ပြောသည်။

ကိုမင်းကိုနိုင်က ၎င်းတို့အနေဖြင့် နိုင်ငံရေးလုပ်ခဲ့သည်မှာ ဒီမိုကရေစီစစ်စစ် လိုချင်သောကြောင့်ဖြစ်ပြီး ဆုကိုလိုချင်သောကြောင့်မဟုတ်ကြောင်း၊ ထို့ကြောင့် ဆုအကြောင်းကို လုံးဝမဖြေလိုကြောင်း၊ အမေရိကခရီးစဉ် သွားဖြစ်၊မသွားဖြစ်မှာလည်း ဘဝတူ အခြားနိုင်ငံရေးသမားများ ပတ်စ်ပို့ရရှိမှုပေါ်တွင်မူတည်နေကြောင်း၎င်းကပြောသည်။ နိုင်ငံရေး အကျဉ်းသားများလွတ်မြောက်ပြီး တစ်နှစ်အတွင်း နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းမရှိသည့်စနစ်မှာ တရားဝင်ထုတ်ပြန်ထားခြင်း မဟုတ်သော်လည်း ရှိနေဆဲဖြစ်ကြောင်းဖြင့် ယခုနှစ်နှစ်ဆန်းပိုင်းက လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားဟောင်း ရွှေသံစဉ်တီးဝိုင်းခေါင်းဆောင် ဦးဝင်းမော်က ပြောသည်။

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်အပြီး တစ်နှစ်မပြည့်ခင်ပတ်စ်ပို့ရရှိထားသူများမှာ ဟာသပညာရှင်ဇာဂနာနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌဦးခွန် ထွန်းဦးတို့ဖြစ်ကြောင်း သိရသည်။

## စာ-၄၊ ရခိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်သည့် ကုလလက်အောက်ခံအဖွဲ့များမှ ဝန်ထမ်းသုံးဦးကို ပြစ်ဒဏ်ချ မှ

“တရားခွင်ကိုလူပေါင်း၇၀လောက်လာပြီး လေ့လာကြပါတယ်။ မောင်တောမှာ အမိန့်ချတာကတော့ ဒီသုံးယောက်ပါပဲ”ဟုမြို့နယ်ဥပဒေအရာရှိ ဦးမင်းမင်းလတ်ကပြောသည်။

ဒေါ်ချိုလေးမာအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၅၃(က)ဖြင့် ထောင်ဒဏ် ၂နှစ်၊ ပုဒ်မ-၄၃၆/၁၀၉ ဖြင့် ထောင်ဒဏ်ငါးနှစ် ချမှတ်ခဲ့ပြီးပြစ်ဒဏ်များအား တစ်ပေါင်းတည်း ကျခံစေရန် ယနေ့အမိန့်ချသည့်အတွက် စုစုပေါင်း ထောင်ဒဏ်ငါးနှစ်အပြင်နိုင်ငံခြားငွေလဲလှယ်ရေး စည်းမျဉ်းအက်ဥပဒေပုဒ်မ-၂၄(၁)ဖြင့်ထောင်ဒဏ်တစ်နှစ်ချမှတ်ခဲ့သဖြင့် စုစုပေါင်း ထောင်ဒဏ်ခြောက်နှစ်ကျခံရမည်ဖြစ်သည်။

ထို့အပြင်ဦးခင်မောင်(ခေါ်) အန္တဝါဆာဒတ်အားပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၅၃(က)ဖြင့် ထောင်ဒဏ် ၂နှစ်နှင့် ပုဒ်မ-၅၀၅(ဂ)ဖြင့် ထောင်ဒဏ် ၂ နှစ်ကို တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချသဖြင့် စုစုပေါင်း ထောင်ဒဏ်တစ်နှစ်အပြင် နိုင်ငံခြားငွေလဲလှယ်ရေး စည်းမျဉ်းအက်ဥပဒေ ပုဒ်မ-၂၄(၁) ဖြင့် ထောင်ဒဏ်တစ်နှစ်ကို ချမှတ်ခဲ့သဖြင့် စုစုပေါင်းထောင်ဒဏ်သုံးနှစ်ကျခံရမည်ဖြစ်သည်။

အလားတူ ဦးခင်ဆွေ(ခေါ်) ကာယာစ်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၅၃(က)ဖြင့် ထောင်ဒဏ် ၂နှစ်နှင့် ပုဒ်မ-၅၀၅ (ဂ)ဖြင့် ထောင်ဒဏ် ၂ နှစ်ကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချသဖြင့် စုစုပေါင်းထောင်ဒဏ် ၂ နှစ်ကျခံရမည်ဖြစ်သည်။

ယင်းသို့ ပြစ်ဒဏ်ကျခံရသူများသည် အမိန့်ချမှတ်ပြီး တစ်လအတွင်း သက်ဆိုင်ရာ ခရိုင်တရားရုံးသို့ အယူခံဝင်နိုင်ကြောင်း မြို့နယ်တရားသူကြီးက ကြေညာခဲ့သည်။

ရခိုင်ပြည်နယ်တွင် ဇွန်လအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများ၊ပဋိပက္ခဖြစ်မှုများတွင် ကုလသမဂ္ဂနှင့် အိုင်အင်န်ဂျီအိုသုံးခုမှ ဝန်ထမ်းကိုးဦး ပါဝင်ပတ်သက်မှုရှိခဲ့ကြောင်း အစိုးရကလည်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းတို့အနက် ငါးဦးကို အပြစ်မရှိသဖြင့် ယခုလ ၁၆ ရက်က ပြန်လည်လွှတ်ပေးခဲ့သည်။ ကျန်လေးဦးအနက် သုံးဦးအား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ပြစ်ဒဏ်အသီးသီးချမှတ်လိုက်ခြင်းဖြစ်သည်။

ZIZAWA HEALTHCARE

**Job Opportunity**

A leading healthcare company distributing Pharmaceuticals, Medical Equipments and Devices is looking for the following candidates for business expansion. Submit a professional resume to the following address not later than September 28, 2012.

**Pharmaceutical Division (Yangon)**

1) **Marketing Executive**
MBBS, BDS, BPharm (Knowledge or experience with marketing will be a plus)
2) **Supervisor,** Medical Sales Promotion Team
Minimum 3 Year Experience in the respective field
3) **Medical Sales Representative**
Any Graduate (Knowledge in Pharmaceuticals will be a plus)

**Medical Equipment & Device Division (Yangon)**

1) **Sales Executive**
MBBS, BDS, BVS, BNSc, B.Med.Tech
2) **Product Specialist**
B.Med.Tech (Radiology) / (Physiotherapy) / (Medical Technology)
3) **Service Engineers**
BE, B.Tech (MC,EC, IT)

**Consumer Division (Yangon)**

1) **Marketing Executive**
Any graduate with minimum 2 Year experience in respective field
2) **Sales Executive**
Any graduate with minimum 2 year experience in respective field
3) **Creative Designer**
Minimum 1 year experience
4) **Assistant Accountant**
B.Com, B.Act, LCCI (Level III)

Zizawa Healthcare
218, Bogyoke Aung San Road,
Botahtaung Township, Yangon

**Remark :Only short-listed candidate will be contacted.**




အခြေခံလူတန်းစားများအတွက် ပြည်သူ့ဆေးရုံများကသာ အားထားရာဖြစ်သည် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဘတ်ဂျက်တိုးလာသော်လည်း ချည့်နဲ့နေဆဲ ပြည်သူ့ဆေးရုံများ

ဝတ်ရည်အောင်

**နိုင်ငံ၏ အဓိကလိုအပ်ချက် ဖြစ်သည့် ကျန်းမာရေးကဏ္ဍအတွက် သုံးစွဲရန် ဘတ်ဂျက်ကို အစိုးရသစ်လက်ထက်တွင် ယခင်ထက် လေးဆတိုး ခွင့်ပြုခဲ့သော်လည်း လက်ရှိပြည်သူ့ဆေးရုံများ၌ တက်ရောက်ကုသသူများအတွက်မူ ပြောင်းလဲမှုမရှိသေးကြောင်း ဆေးရုံတက်ရောက်ကုသမှုခံယူနေသော ပြည်သူအချို့က သုံးသပ်ပြောကြားသည်။**

ပြည်သူသို့ ပထမဆုံး အသိပေးခဲ့သည့် ၂၀၁၂-၂၀၁၃ ဘတ်ဂျက်တွင် ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် အသုံးပြုခဲ့သည့် ကျန်းမာရေးဘတ်ဂျက်ထက် လေးဆကျော် တိုးမြှင့်သုံးစွဲရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ပြည်သူ့ဆေးရုံများတွင် ဝန်ထမ်းအချို့၏ စိတ်မရှည်စွာ ငေါက်ငမ်းမှုများ၊ ဆေးကုသမှုအတွက် လိုအပ်သည့် စက်ပစ္စည်းများ မရှိသည့်အတွက် လနှင့်ချီ စောင့်ဆိုင်းနေရမှုများ၊ ဆရာဝန်နှင့်လူနာ မမျှတမှုများကြောင့် ဆေးကုသမှုရရှိရန် အချိန်ရှည်ကြာ စောင့်ဆိုင်းရမှုများ၊ ဆေးရုံများတွင် နေရာနှင့်လူနာ မမျှတမှုများမှအစအရာရာသည်ဆိုးရွားနေသည့်အခြေအနေတွင် ရှိကြောင်း ပညာရှင်များ၊ပြည်သူများက မှတ်ချက်ပြုပြောကြားသည်။

"ကိုယ်က အသည်းအသန်နဲ့ ဆေးရုံကို အားကိုးတကြီးရောက်သွားတယ်။ ဘယ်သူမှ လာကြည့်မယ့်သူမရှိဘူး။ တစ်ခါ သွားခေါ်တယ်။ ခဏနေ လာကြည့်မယ်လို့ပဲပြောတယ် မလာဘူး။ နောက်တစ်ခါ သွားခေါ်ရင် လာမှာပေါ့ ပြောထားတယ်၊ ခဏနေပါဦးဆိုပြီး အော်ထုတ်တယ်။ အဲဒီတော့ တော်ရုံတန်ရုံသူက နောက်ထပ်သွားမခေါ်ရဲတော့ဘူး။ လူနာအတွက် ဘယ်လောက်ပဲ စိုးရိမ်နေပါစေ သူတို့ လာတဲ့အချိန်ကိုပဲ စောင့်ရတော့တယ်"ဟု မိခင်ဖြစ်သူကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့တက်ရောက်ကုသခဲ့ရသည့်လူနာရှင်အမျိုးသမီးတစ်ဦးက ပြောသည်။ ထိုကဲ့သို့ ဖြစ်စဉ်များ ဆေးရုံတိုင်းတွင် ရှိနေခြင်းမှာ ဆရာဝန်နှင့်လူနာကြား ဆက်သွယ်ကူညီစောင့်ရှောက်ပေးနိုင်သည့် ဝန်ထမ်းနည်းပါးခြင်း၊ လူနာဘက်မှ မျှော်လင့်ချက် အားကိုးမှုများဖြင့် ရောက်လာသော်လည်း ကျန်းမာရေးဝန်ဆောင်မှုပေးသူများဘက်မှ အကျိုးအကြောင်း နားလည်သဘောပေါက်စေရန် အချိန်ပေးရှင်းပြမှုအားနည်းခြင်းတို့ကြောင့် ဖြစ်ပြီး တစ်ဖက်နှင့်တစ်ဖက် နားလည်မှု လွဲမှားခြင်းပြဿနာမှာလည်း ပိုမိုကြီးမားလာကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာကျော်ကျော်ကပြောသည်။

ဆရာဝန်အစား ရောဂါအကြောင်း၊ ဆေးဝါးအကြောင်း ရှင်းလင်းပေးခြင်းများ၊ စမ်းသပ်မှုများအတွက် လမ်းညွှန်ပေးခြင်းများ၊ ရောဂါအခြေအနေအား ရှင်းလင်းပြောပြနိုင်သည့် လူနာနှင့် ဆရာဝန်ကြား ဆက်သွယ်ကူညီပေးနိုင်သည့်ဝန်ထမ်းများ မရှိမဖြစ်လိုအပ်ပြီး ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းအချို့တွင်မူ အဆိုပါဝန်ဆောင်မှုပေးနိုင်သော ဝန်ထမ်းများ ခန့်အပ်ထားရှိသည်။

နိုင်ငံတကာရှိ ဆေးရုံ၊ ဆေးခန်းများမှာလည်း ထိုကဲ့သို့သော ဆရာဝန်များ မဖြစ်မနေထားပြီး ပြည်တွင်းတွင် ဗဟိုနှင့် ပြည်နယ်အဆင့်ဆေးရုံများတွင်သာ နှစ်ဦး၊ သုံးဦးခန့်သာ ခန့်ထားနိုင်သည်။ လူနာဦးရေနှင့် မမျှတခြင်း၊ ဆေးရုံအများစုတွင် အဆိုပါဝန်ထမ်းများ ကိုယ်တိုင် ထိုကဲ့သို့ ဝန်ဆောင်မှုများ ပေးရမည်ကို မသိရှိကြခြင်း စသည့် အားနည်းချက်များ ရှိကြောင်းသိရသည်။

**စာ(၁၄)သို့**



# အိမ်ထောင်ကျပြီးနောက် ယောကျ်ားများ အသောက်လျှော့ပြီး မိန်းမများ ပိုသောက်လာဟုဆို

**ဒန်းဗား၊ ဩဂုတ် - ၂၂**

အိမ်ထောင်ကျပြီးပါက အမျိုးသားများသည် အရက်လျှော့သောက်လေ့ရှိကြပြီး အမျိုးသမီးများကမူ ပိုသောက်ရန် ကြိုးစားတတ်ကြကြောင်း အမေရိကန်သုတေသီများက တွေ့ရှိခဲ့ကြသည်။

အမေရိကန်နိုင်ငံတစ်ဝန်းတက္ကသိုလ်လေးခုမှသုတေသီများက ၂၀၀၃-၂၀၀၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ဘဝတစ်သက်တာစီမံကိန်း အိမ်ထောင်ရေးအရည်အသွေး လေ့လာမှုနှင့် ၂၀၀၇ မှ ၂၀၁၀ အထိ ပြုလုပ်ခဲ့သည့် အိမ်ထောင်ရေးနှင့် ကျန်းမာရေး အလေ့အကျင့်စသည် အသေးစိတ်စစ်တမ်းနှစ်ခုတွင် ပါဝင်သော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ကြသည်။

ယင်းလေ့လာမှုအရ ယောကျ်ားများ (လူပျို၊ အိမ် ထောင်သည်၊ တစ်ခုလပ်၊ မုဆိုးဖို)သည် အမျိုးသမီးများထက် အရက်ပိုမိုသောက်ကြပြီး အရက်နှင့်ပတ်သက်သောပြဿနာများလည်း ပိုမိုကြုံတွေ့ကြကြောင်း တွေ့ရှိခဲ့သည်။ သို့သော် ယင်းတို့အနက် အိမ်ထောင်သည်အမျိုးသားများမှာ အခြားအုပ်စုများမှယောကျ်ားများထက် အရက်သောက်သုံးမှု လျှော့နည်းနေကြသည်။

အမျိုးသမီးများမှာ အိမ်ထောင်ကျပြီးချိန်တွင် အရက်သောက်သုံးမှု ပိုမိုလာကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။ ယင်းမှာ ယောကျ်ားနှင့်အပြိုင် လိုက်သောက်ခြင်းကြောင့် ဖြစ်သည်ဟု သုတေသီများကပြောကြားသည်။ ယခုတွေ့ရှိချက်များကို(၁၀၇)ကြိမ်မြောက် အမေရိကန်လူမှုဗေဒအဖွဲ့ကြီး၏ နှစ်စဉ်ကျင်းပနေကျ ကွန်ဖရင့်တွင်တင်ပြမည်ဖြစ်ကြောင်း သိရသည်။

—Ref: UPI



7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

## မျက်နှာဖုံး-ဘတ်ဂျက်တိုးလာသော်လည်း ချည့်နဲ့နေဆဲ ပြည်သူ့ဆေးရုံများ မှ

“လူနာတွေ ဘက်မှာလည်း ထိန်းသိမ်းတာဝန်ယူမှုနဲ့ ခံစားခွင့် အခွင့်အရေးတွေဆိုတာရှိတယ်။ တချို့လူနာကျတော့လည်း အခွင့်အရေးယူတာမျိုး ရှိကြတယ်။ စောင့်ရှောက်ပေးတဲ့သူတွေဘက်ကလည်း အားနည်းချက်တွေရှိတဲ့အခါ အဲဒီနှစ်ဖက်တွေ့တော့ အခုနောက်ပိုင်း ပြဿနာတွေလည်း ပိုပိုကြီးလာတယ်”ဟု ဆေးရုံအုပ်ကြီးက ဆက်လက်ပြောသည်။

ဆေးရုံရှိတာဝန်ကျဝန်ထမ်းများ၏ ဆက်ဆံရေး မပြေပြစ်မှုပြဿနာသည်ရှေးယခင်ကတည်းက အမြစ်တွယ်လာသည့် အလေ့အကျင့်တစ်ခုအဖြစ် ယခုထက်တိုင်လည်း ဆက်လက်တည်ရှိနေမြဲဖြစ်သည်။ ဆရာဝန်များနှင့် လူနာများအကြား နားလည်မှုများ လွဲမှားလာခြင်းများ၊ ကင်ဆာရောဂါကဲ့သို့သော ရောဂါများ ကုသမှုအတွက် မဖြစ်မနေလိုအပ်သော စက်ပစ္စည်းများ လုံလောက်စွာ မတပ်ဆင်နိုင်သေးသည့်အတွက် လူနာများ ဓာတ်ရောင်ခြည်ကုသမှုခံယူရန် ရက်ရှည်စောင့်ဆိုင်းနေရသည့်ပြဿနာသည်လည်း တစ်နေ့ထက်တစ်နေ့ လူပြောများလာသည့် ကြီးမားသောပြဿနာများဖြစ်လာသည်။

တစ်နိုင်ငံလုံးတွင် ကင်ဆာရောဂါဝေဒနာ ခံစားနေရသူများအတွက် ဓာတ်ကင်ကုသရန် ဓာတ်ကင်ပေးနိုင်သည့်စက် သုံးလုံးသာရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်ရှိသည့် ဓာတ်ကင်စက်သည် အလုပ်မလုပ်တော့သဖြင့် တောင်ကြီးဆေးရုံသို့သွားရောက်ကုသနိုင်ပါက သွားရောက်နိုင်ပြီး ကျန်သူများမှာ ဓာတ်ကင်ရန် လနှင့်ချီ စောင့်ဆိုင်းနေကြရကြောင်း လူနာရှင်တစ်ဦးက သူ၏ အခက်အခဲအား နိုင်ငံပိုင်သတင်းစာထဲတွင်ရေးသားထားသည်။

အချိန်တိုင်း၊ စက္ကန့် မိနစ်တိုင်း တိုးပွားလာသည့် ကင်ဆာဆဲလ်များကို တိုက်ဖျက်ရန်အတွက် ကုထုံးအဆင့်တွင် ဓာတ်ကင်ကုသခြင်းသည် နည်းလမ်းတစ်ခုဖြစ်သည်။ ဓာတ်ကင်စက်မရှိသောကြောင့် အခြားသို့လည်း သွားရောက်ကုသရန် မတတ်နိုင်သူများအတွက် ထိုင်စောင့်ရန် နည်းလမ်းအပြင် မရှိတော့ပေ။

လွှတ်တော်အတွင်း ဆွေးနွေးမှုများတွင်လည်း နေရာဒေသအများအပြား၌ ဆေးရုံမရှိခြင်း၊ ဆရာဝန်မရှိခြင်း စသည့်အခက်အခဲအမျိုးမျိုး ဖြည့်စွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းမှုများမှာလည်း အများဆုံးဖြစ်နေသည်။

နိုင်ငံတော်မှ ကျန်းမာရေးအသုံးစရိတ်အတွက် ချပေးသောဘတ်ဂျက်သည် ဆေးကုသမှုအတွက် အတိုင်းအတာတစ်ခုအထိ ဝင်ရောက်ကာမိခြင်းမရှိသေးဘဲ ဆေးရုံများ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းများ ခန့်ထားခြင်းနှင့် လိုအပ်သည့်စက်ပစ္စည်းများ ဝယ်ယူရန်အတွက်သာ အသုံးပြုနိုင်သေးသည်။

ဆေးရုံများတွင် အလှူရှင်များနှင့် နိုင်ငံတော်မှ ဝယ်ယူပေးထားသည့် ရောဂါရှာဖွေရေးစက်ကိရိယာများအား စရိတ်မျှပေး ကျန်းမာရေးစနစ်ဖြင့် အပြင်ဓာတ်ခွဲခန်းများထက် သက်သာသောဈေးဖြင့် လူနာများကုသနိုင်သည်။ ငွေကြေးမတတ်နိုင်သည့်လူနာများအတွက်ဆေးရုံအလိုက်အခမဲ့ကုသမှုများလည်း ဆောင်ရွက်ပေးကြကြောင်း ဒေါက်တာကျော်ကျော်ကပြောသည်။

“မတတ်နိုင်ဘူးလို့ပြောလာတဲ့သူကိုတော့တတ်နိုင်သလောက် အခမဲ့ လုပ်ပေးရတာပါပဲ။ လုပ်ပေးတယ်ဆိုတာသာ ပြန်မပြောကြတာပါ။ စာရင်းတွေအရဆိုရင် မနှစ်က ဆေးရုံတက်တဲ့လူနာအားလုံးရဲ့ ၃၀ ရာခိုင်နှုန်းကို အခမဲ့ စစ်ဆေးကုသမှုတွေ လုပ်ပေးခဲ့တယ်။ တချို့ကျတော့ ကိုယ်တတ်နိုင်သလောက် စရိတ်မျှပေးခြင်းက မရှိတဲ့သူတွေအတွက် သက်သာစေတယ်လို့ မတွေးဘူး။ အခွင့်အရေးတစ်ရပ်အနေနဲ့ကို သဘောထားပြီး မရရင်မကောင်းပြောတော့တာပဲ”ဟု ဒေါက်တာကျော်ကျော်ကပြောသည်။

“တစ်ခါက ဆေးရုံကိုလူမမာသွားမေးရင်းနဲ့ ဓာတ်လှေကားထဲမှာ အမျိုးသမီးတစ်ယောက်က နောက်တစ်ယောက်ကို လည်ပင်းက ဆွဲကြိုးကိုချွတ်ထား၊ ဆရာဝန်တွေက တတ်နိုင်လားမေးရင် မတတ်နိုင်ဘူးလို့ပဲ ဖြေနော်ဆိုပြီး ပြောနေတာမျိုး ကြုံဖူးတယ်”ဟု အသက် ၂၅နှစ်အရွယ် ဆေးကုမ္ပဏီဝန်ထမ်းတစ်ဦးကပြောသည်။

ဆေးရုံတိုင်းတွင် ဓာတ်ခွဲခန်းများမှ စရိတ်မျှပေးစနစ်ဖြင့် လူနာများထံမှ ရလာသည့်ငွေကြေး၏ ထက်ဝက်အား နိုင်ငံတော်၏ ကျန်းမာရေးဘတ်ဂျက်အတွင်း အပတ်စဉ်ဖြစ်စေ၊ လစဉ်ဖြစ်စေ ပြန်လည်သွင်းရပြီး ထိုငွေကြေးသည် နိုင်ငံတော်မှ ဆေးရုံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်းများနှင့် စက်ပစ္စည်းများ ဝယ်ယူရန်အတွက် အသုံးပြုကြသည်။

ကျန်ထက်ဝက်အား ဓာတ်ခွဲခန်းပြုပြင်ထိန်းသိမ်းရန်နှင့် ဓာတ်ခွဲခန်းတွင် လိုအပ်သည့်ဆေးဝါးများ ပြန်လည်ဝယ်ယူနိုင်ရန်အတွက် ဆေးရုံများတွင် သုံးစွဲပြီး နိုင်ငံတော်မှ စက်ပစ္စည်းများ လိုအပ်သလို ဖြည့်ဆည်းပေးသော်လည်း လုံလောက်မှုမရှိသည့်အခါ လိုအပ်သည့်စက်ပစ္စည်းများဝယ်ယူနိုင်ရန်နှင့် ပျက်စီးမှုများအတွက် အလှူရှင်များနှင့် ထိုစုဆောင်းငွေကြေးများကိုသာ အဓိကမှီခိုနေရကြောင်း ဆေးရုံများရှိတာဝန်ရှိသူများကပြောသည်။

“ကျောက်ခြေစက်ဆိုရင် အပြင်မှာ သွားကုသရင် သုံးသိန်းလောက်ကုန်တယ်။ ဆေးရုံမှာ ကိုးသောင်းနဲ့ ရအောင် ကုသပေးတယ်။ အဲဒီလိုစက်တွေမှာ ကွိုင်တစ်ခုခု သက်တမ်းလွန်သွားလို့ သုံးလို့မရတော့လို့ရှိရင် ဒေါ်လာသောင်းချီကုန်တယ်။ ဒါဆို နိုင်ငံတော်က မတတ်နိုင်တော့ဘူး။ အဲဒီ့အတွက် အလှူရှင်တွေရှာပြီး အလှူခံလို့ရတာနဲ့ ပြုပြင်စရိတ်ဆိုပြီး စုဆောင်းထားတဲ့ငွေတွေနဲ့ လဲရတယ်။ အဲဒါကလည်း ဖြစ်မှဝယ်ရင် လနဲ့ချီ ကြာတဲ့အတွက် ကြိုဝယ်ထားရတယ်။ မဟုတ်ရင် လူနာတွေ ပုံပြီးစောင့်ရတယ်”ဟု ဒေါက်တာကျော်ကျော်ကပြောသည်။

လူနာဆောင်များတွင် နိုင်ငံတော်မှ အဆောက်အအုံ၊ ခုတင်နှင့် ဝန်ထမ်းများသာ ထားရှိပေးနိုင်ပြီး စက်ပစ္စည်းများမှာလည်း လူနာအရေအတွက်နှင့်လုံလောက်မှုမရှိကြသည့်အခါ အလှူရှင်များရှာဖွေခြင်းဖြင့်လည်းကောင်း၊ ဓာတ်ခွဲခန်းများတွင် လူနာများထည့်ဝင်ထားသည့် ငွေကြေးများဖြင့်လည်းကောင်း ဝယ်ယူတပ်ဆင်ပြီး ကုသပေးခြင်းဖြင့်သာ လည်ပတ်နေရကြောင်း သင်္ဃန်းကျွန်းစံပြဆေးရုံကြီးမှ ပါမောက္ခဌာနမှူးတစ်ဦးကပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီးတွင် ၂၀၁၁ ခုနှစ် တတိယလေးလပတ်အတွင်း ဓာတ်မှန်၊ ဓာတ်ခွဲခန်းနှင့် အခန်းခတို့မှ ရရှိငွေ၏ ထက်ဝက် ၁၃၂ သိန်း နိုင်ငံတော်သို့ပြန်လည်သွင်းခဲ့ပြီး ငွေကြေးမတတ်နိုင်သဖြင့် အခမဲ့စမ်းသပ်၊ ဓာတ်ခွဲ၊ ဓာတ်မှန်နှင့် ဆေးလှူဒါန်းမှု စုစုပေါင်း ၁၈၄ သိန်းတွင် နိုင်ငံတော်မှ ပါဝင်လှူဒါန်းပွဲကျပ်တစ်သိန်းခွဲခန့်ပါဝင်ကြောင်း သိရသည်။ လူနာဆောင်အရေအတွက် များပြားသည့် ဆေးရုံကြီးများတွင် နိုင်ငံတော်သို့ နှစ်စဉ်ပြန်သွင်းရငွေ ကျပ်သိန်းထောင်ချီရှိကြောင်းသိရသည်။

နိုင်ငံတော် ကျန်းမာရေးဘတ်ဂျက် လေးဆတိုးမြှင့်လိုက်သည့်အတွက် လိုအပ်သည့် စက်ပစ္စည်းများ ဝယ်ယူရန်ရည်ရွယ်ခဲ့သော်လည်း လက်တွေ့တွင် ယခင်က နိုင်ငံခြားငွေလဲလှယ်နှုန်း တရားဝင်သတ်မှတ်ငွေ တစ်ဒေါ်လာလျှင် ခြောက်ကျပ်ဖြင့်လဲလှယ်နိုင်သော်လည်း ယခု ကျပ်ရှစ်ရာကျော် ဖြစ်သွားသည့်အတွက် အဆ ၁၃၀ ခန့် မြင့်မားသွားခြင်းကို လေးဆကျော် တိုးမြှင့်လိုက်သည့် ဘတ်ဂျက်က အနောက်က မလိုက်နိုင်တော့ပေ။

“အဲဒီတော့ ပိုက်ဆံတိုးပေးပေမယ့် သိသာထင်ရှားတဲ့ပစ္စည်းကိရိယာတွေတော့ မရောက်လာသေးဘူး။ ဒါပေမဲ့ ဝန်ထမ်းတွေ တိုးခန့်လို့ ရနိုင်မယ့် အလားအလာတွေတော့ရှိတယ်။ အခုလည်း ဆရာဝန်တွေ အသစ်ခန့်ထားဖို့ စီစဉ်နေပါပြီ”ဟု ဒေါက်တာကျော်ကျော်ကပြောသည်။

အခြားနိုင်ငံအသီးသီးတို့တွင် ကျန်းမာရေးဆိုင်ရာ အခမဲ့ကုသခြင်းမျိုးမရှိသော်လည်း ချမ်းသာသည့်နိုင်ငံအလျောက် ဘတ်ဂျက်ခွဲဝေမှု များပြားခြင်း၊ လစဉ် ကျန်းမာရေးအတွက် စုဆောင်းငွေများ ထားရှိခြင်း၊ အာမခံစနစ်များ ထားရှိခြင်း စသည်ဖြင့် နိုင်ငံအလိုက် သင့်တော်မည့် နည်းလမ်းများဖြင့် ပြည်သူများ ကျန်းမာရေးကုသမှု ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ဆောင်ရွက်ကြသည်။

ပြည်တွင်းတွင်မူ ကျန်းမာရေးအတွက်နိုင်ငံတော်ကငွေကြေးပါဝင်မှုနည်းပါးခြင်း၊ တစ်ဦးချင်းစီဝင်ငွေနှင့် စီးပွားရေးနိမ့်ပါးခြင်း၊ စရိတ်မျှပေးဖြင့် ကုသနိုင်သည့် စက်ပစ္စည်းကိရိယာများ မလုံလောက်ခြင်း စသည်တို့က ဆေးကုသမှုများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာသည်။ နီးစပ်ရာ ဆေးမြီးတိုများဖြင့်သာ ကုသခြင်းတို့ကြောင့် မလိုအပ်သည့် နောက်ဆက်တွဲရောဂါများ ဖြစ်လာခြင်း၊ မဖြစ်မနေ ဆေးကုသရမည့်အခြေအနေကျမှ ဆေးရုံရောက်လာကြသည့်အတွက် ကုသချိန် နောက်ကျပြီး မလိုအပ်ဘဲ အသက်သေဆုံးခြင်းများကို ပြည်သူတို့ ခံစားနေကြရကြောင်း ပညာရှင်များက သုံးသပ်ပြောကြားသည်။

အလိုအပ်ဆုံးအရာသည်ကား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသူများနှင့် ခံယူနေကြသူများပါ အပြုအမူများ၊ အပြောအဆိုနှင့် စိတ်သဘောထားများအား ပြုပြင်ပြောင်းလဲရန်ဖြစ်ကြောင်း ဒေါက်တာကျော်ကျော်က ဖြည့်စွက်ပြောကြားသည်။



## သစ်ကြားသီးများသည် ယောက်ျားစွမ်းရည်ကို မြှင့်တင်ပေးနိုင်

**လော့စ်အိန်ဂျလိစ်၊ ဩဂုတ် - ၂၂**

သစ်ကြားသီး လက်နှစ်ဆုပ်စာခန့် နေ့စဉ်စားသုံးခြင်းသည်ယောက်ျားလေးများ၏ မျိုးဆက်ပွားမှု စွမ်းရည်ကို မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန်သုတေသီများကပြောကြားသည်။

ယခုသုတေသနအား ကယ်လီဖိုးနီးယားတက္ကသိုလ်မှပါမောက္ခဝင်ဒီရောဘင်ကဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အသက် ၂၁ နှစ်နှင့် ၃၅ နှစ်ကြား အမျိုးသားများအား အုပ်စုနှစ်စုခွဲ၍လေ့လာခဲ့သည်။ အုပ်စုတစ်စုအား ပုံမှန်အတိုင်းသာစားသောက်စေပြီး ဒုတိယအုပ်စု၏ အစားအစာတွင် သစ်ကြားသီး လက်နှစ်ဆုပ်ခန့် (၇၅ ဂရမ်) ကိုပါထည့်သွင်းစားသုံးစေခဲ့သည်။

အချိန်ရက်သတ္တပတ် ၁၂ ပတ်ကြာပြီးနောက် ပြန်လည်လေ့လာရာတွင် အစားအသောက်၌ သစ်ကြားသီးများထည့်သွင်းစားသုံးသော အမျိုးသားများသည် သစ်ကြားသီး မစားသုံးသော အမျိုးသားများထက် သုတ်ပိုးအရေအတွက် သိသိသာသာတိုးပွားလာကြောင်း သုတေသီများက တွေ့ရှိခဲ့ကြသည်။

မျိုးဆက်ပွား ကျန်းမာရေးအတွက် အစားအသောက်များမှာ အရေးကြီးသည်ဟု သိကြသော်လည်း အများအားဖြင့် အမျိုးသမီးများအပေါ်တွင်သာ အာရုံစိုက်လေ့ရှိကြကြောင်း၊ သို့သော် ယခုလေ့လာမှုမှနေ၍ အမျိုးသားများ၏ အစားအသောက်အရေးကြီးသည်ကိုလည်း တွေ့မြင်ရကြောင်း Biology of Reprodnction ဂျာနယ်တွင်ဖော်ပြသော ဆောင်းပါး၌သုတေသီများက ရေးသားထားသည်။

—Ref: UPI

## မွေးကင်းစကလေး ကုသရေးဆိုင်ရာ စက်ပစ္စည်းများ အီတလီအခြေစိုက် အဖွဲ့တစ်ခု လှူဒါန်းမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ဩဂုတ်-၂၅**

မြန်မာနိုင်ငံရှိဆေးရုံများတွင် မွေးကင်းစကလေးကုသရေး၌ အသုံးပြုသည့် စက်ပစ္စည်းများကို အီတလီနိုင်ငံအခြေစိုက် လူမှုရေးအဖွဲ့အစည်းတစ်ခုက လှူဒါန်းရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

အီတလီနိုင်ငံရှိ TRENTO Province (ANT)မှ မွေးကင်းစကလေးများတွင် အများဆုံးဖြစ်လေ့ရှိသည့် အသားဝါခြင်း ကုသသည့် စက်ပစ္စည်းများ LED Phototherapy, Infant Warmers, Pulse Oximetry and Infection Control Equipment ပစ္စည်းများကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လက်ရှိဆေးရုံများတွင် ကလေးများ အသားဝါရာတွင် ကုသအသုံးပြုနေသည့် မီးချောင်းများထက် ဓာတ်ရောင်ခြည်ထွက်ရှိမှုပမာဏပိုမိုများပြားရာ ကလေးများ မီးပြသည့်အချိန် လျော့နည်းခြင်း၊ အချို့ကလေးများတွင် အသားဝါမှုပြင်းထန်လာခြင်းတို့ကြောင့် သွေးလဲရမည့် အခြေအနေများတွင် သွေးလဲရန် မလိုတော့ခြင်း စသည့်အားသာချက်များ ရရှိနိုင်ကြောင်း သိရ သည်။

“ရန်ကုန်ကလေးဆေးရုံကြီးမှာ လှူထားတဲ့အချိန် တစ်နှစ်လောက်အတွင်းမှာ အသားဝါပြင်းထန်လွန်းလို့ သွေးလဲရမယ့် အခြေအနေဖြစ်နေတဲ့ကလေး ၁၇ ဦး ဒီစက်နဲ့သုံးပြီး ဓာတ်ကင်တာ သွေး လဲစရာ မလိုတော့တဲ့အထိ အ သားဝါကျသွားတယ်လို့ ဆေးရုံကပြောလို့သိရတယ်”ဟု အမေရိကန်ဖောင်ဒေးရှင်းတစ်ခု ဖြစ်သော East Meets West မှ ဦးတောက်ထွန်းက ပြောသည်။

အဆိုပါစက်ပစ္စည်းများအား ပထမအကြိမ်အဖြစ် ၂၀၁၁ အတွင်း ရန်ကုန်နှင့် မန္တလေးမြို့များ ရှိကလေးဆေးရုံများနှင့် ဗဟိုအမျိုးသမီးဆေးရုံများတွင် လှူထားပြီးဖြစ်သည်။ ယခုဒုတိယအကြိမ်အဖြစ် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံ အပါအဝင် မုံရွာ၊ မကွေး၊ နေပြည်တော်၊ မော်လမြိုင်၊ ပုသိမ်၊ မြိတ်၊ နမ့်ပန်မြို့များရှိ ပြည်သူ့ဆေးရုံများတွင် အသုံးပြုနိုင်ရန် ထပ်မံလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံများရှိ ဆရာ၊ ဆရာမများအား ထိုစက်ပစ္စည်းများ အသုံးပြု ကိုင်တွယ်နိုင်ရန်အတွက် East Meets West ဖောင်ဒေးရှင်းက နည်းပညာများ လာရောက်ကူညီပေးခြင်း ဖြစ်သည်။

Regional

7 DAY NEWS JOURNAL

Vol.11, No.25 • AUGUST 30 , 2012

# နှစ်လကျော်ကြာပိတ်ထားခဲ့သည့် မောင်တောမြို့မဈေးကြီး ဩဂုတ် ၂၇ ရက်တွင် ပြန်ဖွင့်မည်

**မောင်ကံ**

**မောင်တော၊ဩဂုတ်-၂၂**

ဇွန်လ ၈ ရက် ကစတင်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် နှစ်လကျော်ကြာ ပိတ်ထားခဲ့ရသည့် မောင်တောမြို့မ စည်ပင်သာယာဈေးကြီးကို ဩဂုတ် ၂၇ ရက်တွင် ပြန်လည် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိတစ်ဦးက ပြောကြားသည်။

“စဖွင့်စမှာတော့ နံနက် ၇ နာရီကနေ မွန်းတည့် ၁၂ နာရီလောက်ထိဖွင့်ဖို့စီစဉ်ထားပါတယ်။ ပြီးတော့ဝယ်တဲ့သူကိုပါဈေးရောင်းကတ်၊ ဈေးဝယ်ကတ်တွေနဲ့ ဝင်ထွက်ဖို့ စီစဉ်ထားပါတယ်။ လုံခြုံရေး တပ်ဖွဲ့တွေကိုလည်း ချထားပေးထားမှာ ဖြစ်ပါတယ်။ ဈေးရောင်းချိန်ကိုတော့ တဖြည်းဖြည်းအချိန်တိုးပြီးတော့ ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်”ဟုရင်းကပြောကြားသည်။

လက်ရှိ ဈေးပြင်တန်းရှိ အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှုမှာ ဩဂုတ်လ လဆန်းပိုင်းမှဖြစ်သော်လည်း နံနက် ၇ နာရီခန့်မှ နေ့လယ် ၁ နာရီထိသာ ရောင်းချနေကြပြီး တစ်နာရီနောက်ပိုင်း အချိန်များတွင် မရောင်းတော့ကြကြောင်း မောင်တောဒေသခံတစ်ဦးက ပြောကြားသည်။



**မောင်တောမြို့မဈေးအတွင်းပိုင်းတစ်နေရာ**

ဓာတ်ပုံ - မောင်ကံ

# ကောလင်းတွင် အုပ်စုဖွဲ့ မူးယစ်ဆေးသုံးသူများ ဖမ်းမိ

**စိုင်းလှူမင်း**

**ကောလင်း၊ ဩဂုတ်-၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် လာကာကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲနေသူ ခြောက်ဦးကို ကောလင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ကောလင်းမြို့၊ လာကာကျေးရွာတွင် ဩဂုတ် ၁၄ ရက် နေ့လယ် ၁၂ နာရီတွင် ကောလင်းရဲစခန်းနှင့် ချောင်းနားရဲစခန်းမှ တာဝန်ရှိသူများသည် သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါး ဖမ်းဆီးခွင့် ဝရမ်းအမှတ် ၉/ ၂၀၁၂ လာကာကျေးရွာအနောက်မြောက်ဘက်တစ်မိုင်ခန့် သဃ်ျိုင်းချောင်တောရှိ တင်ကျော်ဆိုသူ၏ တဲအိမ်သို့ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးသုံးစွဲနေသူတင်ကျော်၊ ရွှေဖဲ၊ မောင်ငြေး၊ တင်ရွှေ၊ ဖိုးရန်၊ မြင့်ရွှေတို့အား ပလတ်စတစ် ကော်ပါဘူးတစ်ဘူး၊ ဘိန်းစစ်ဖတ်တစ်ခု၊ ဘိန်းချက်ရာတွင်သုံးသော ယောက်ချိုဇွန်းတစ်ချောင်း၊ ဘိန်းမဲဟုယူဆရသော မီးလောင်ကျွမ်းထားသည့် အမည်းရောင်တုံး တစ်တုံး၊ (၁၂ ဒသမ ၅)ဂရမ်တို့အား အသိသက်သေများရှေ့တွင် တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဖမ်းဆီးရမိသူများမှာအသက် ၄၁ နှစ်မှ ၅၁ နှစ်ကြား အမျိုးသားကြီး ၆ ဦးဖြစ်ပြီး ၎င်းတို့အား ကောလင်းရဲစခန်းက မယ(ပ)၉/ ၂၀၁၂ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဥပဒေပုဒ်မ ၁၅/ ၁၆(ဂ)/ ၂၁ တို့ဖြင့် အမှုဖွင့် အရေးယူထားပြီး အမှုစစ် ဒုရဲအုပ်ဟုန်းထန်းမှ မြို့နယ် တရားရုံးသို့တရားစွဲဆို တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# မိတ္ထီလာစက်မှုဇုန် ဖွံ့ဖြိုးမှုနှေးကွေးနေဟုဆို

**ညီညီဇော်**

**မန္တလေး၊**

**ဩဂုတ် - ၂၅**

၁၅ နှစ်ကျော်ကြာ သက်တမ်းရှိနေပြီဖြစ်သည့် မိတ္ထီလာစက်မှုဇုန်သည်ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေကြောင်း ယင်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမျိုးအောင်ကပြောသည်။

ယင်းနှင့်ပတ်သက်၍ စက်မှုဇုန်ဥက္ကဋ္ဌက ဩဂုတ် ၂၄ ရက်တွင် မန္တလေး စက်မှုဇုန်၌ ပြုလုပ်ခဲ့သည့် တိုင်းဒေသကြီး စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

မိတ္ထီလာစက်မှုဇုန်တွင် အသေးစားနှင့် အလတ်စားလုပ်ငန်း များနေကြောင်း၊ အကြီးစားလုပ်ငန်းနှစ်ခုခန့်သာရှိကြောင်း၊ ၆၀ ရာခိုင်နှုန်းကျော်မှာ ရက်ကန်းလုပ်ငန်းများဖြစ်ကြောင်း၊ မိတ္ထီလာမြို့ရှိ စက်မှုလုပ်ငန်းများကို ယင်းစက်မှုဇုန်တွင်သာ လုပ်ကြရန် စီစဉ်ခဲ့သော်လည်း မြို့ပေါ်တွင်သာပြန်လုပ်ကြကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းမရှိဘဲ ဝင်းခြံများသာခတ်ထားကြကြောင်း၊ စက်မှုဇုန်ဟုသာဆိုသော်လည်း စက်မှုလုပ်ငန်းမဟုတ်သည့် လုပ်ငန်းများလည်း လုပ်ကိုင်နေကြကြောင်း ဦးလှမျိုးအောင်ကပြောသည်။

“ကျွန်တော်တို့ စက်မှုဇုန်ဟာမြန်မာနိုင်ငံအလယ်ပိုင်းလမ်းပန်းဆက်သွယ်ရေးလည်းကောင်းတယ်။ ဒေသတွေရဲ့ အဆုံမှာလည်းကျတယ်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်ဆိုရင် အကောင်းဆုံးနေရာတစ်ခုဖြစ်တယ်။ ဒါပေမဲ့စက်မှုဇုန်က စက်မှုဇုန်နဲ့ မတူလို့လားမသိဘူး။ ရင်းနှီးမြှုပ်နှံမှုတွေ မလာဘူး”ဟု စက်မှုဇုန်ဥက္ကဋ္ဌက ပြောသည်။

ရင်းနှီးမြှုပ်နှံမှု အားနည်းပြီး အကြွေးစနစ်ဖြင့်သာ အဟောင်းပေးအသစ်ယူ ပုံစံမျိုး ဆောင်ရွက်နေရခြင်းတို့အပြင် စက်ကိရိယာများ လိုအပ်မှုတို့ရှိနေခြင်းကြောင့် အားနည်းနေရခြင်းဖြစ်သည်ဟု ယင်းစက်မှုဇုန်တွင် ရက်ကန်းလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

“ဒီလိုပုံစံမျိုးနဲ့ AFTA ဝင်လာရင် ကျွန်တော်တို့ အများကြီးစိတ်ပူရပါတယ်။ ကျွန်တော်တို့ အသေးစား၊ အလတ်စားလုပ်ငန်းတွေ ပျောက်သွားမလား စဉ်းစားမိတာပါ။ နိုင်ငံတော်ဘက်ကလည်း ပံ့ပိုးမှုတွေ ပေးစေလိုပါတယ်”ဟု စက်မှုဇုန်ဥက္ကဋ္ဌက တင်ပြဆွေးနွေးခဲ့သည်။

အဆိုပါစက်မှုဇုန်တွင် ဒေသအဓိကလုပ်ငန်းဖြစ်သည့် အထည်အလိပ်ဆိုင်ရာလုပ်ငန်း ၁၁၂ ခု၊ ပဲခွဲစက်၊ နေကြာစေ့၊ စည်သွပ်ဘူးအစရှိသည့် စားသောက်ရေးလုပ်ငန်းဆိုင်ရာကြီးငယ်လတ်လုပ်ငန်း စုစုပေါင်း ၁၀၆ ခု၊ ပရိဘောဂ၊ သစ်ခွဲစက်အစရှိသည့်နေထိုင်ရေးဆိုင်ရာ လုပ်ငန်း ၁၈ ခု၊ လူသုံးအိမ်သုံးကုန်ကြမ်းပစ္စည်း၊ စိုက်ပျိုးရေးကိရိယာ၊ သတ္တုနှင့် ရေနံထွက်ပစ္စည်း၊ သယ်ယူပို့ဆောင်ရေးနှင့် အထွေထွေစက်မှုလုပ်ငန်းပေါင်း ၈၆ ခု စုစုပေါင်း ၃၂၂ ခုရှိကြောင်း သိရသည်။

# မီးလောင်ခဲ့သည့်ရေနံတွင်း ရေနံခပ်ခွင့် ခေတ္တပိတ်ပင်

**စောရန်နိုင်**

**မကွေး၊ ဩဂုတ်-၂၂**

ဒဟတ်ပင်ရေနံမြေလုပ်ကွက်ရှိမီးလောင်သည့် ရေနံတွင်းအားမြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)က ရေနံခပ်ခွင့်အား ခေတ္တပိတ်ထားကာ တွင်းအားစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ မီးလောင်မှုဘေးအန္တရာယ်ကင်းရှင်းမှသာ ရေနံခပ်ခွင့် ပြုသွားမည်ဖြစ်ကြောင်း၊ အဆိုပါရေနံနယ်မြေအတွင်း ကုမ္ပဏီမှ လုံခြုံရေးအဖွဲ့ စောင့်ကြည့်ချထားပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ စုံစမ်းသိရသည်။

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ (MOGE)ပိုင်၊ ဒဟတ်ပင်ရေနံမြေလုပ်ကွက်၊ အမှတ်(၃)နှင့်ဗီယက်နမ်ကုန်းအကြား လျှိုမြောင်အတွင်းဩဂုတ်လ ၂၁ ရက်နံနက်က မောင်ကျည်းတန်(ခ)မင်းလွင်၊ မင်းလှမြို့နယ်နေသူက ရေနံခပ်နေစဉ် ရေနံများ လျှံတက်လာပြီး ရေနံခပ်ခွက်နှင့် သံပိုက်တို့ ပွတ်တိုက်မိရာမှ မီးပွင့်ကာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် ရေနံ ၂၅ ဂါလန်ခန့်မှာ မီးလောင်ဆုံးရှုံးခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၃၂,၀၀၀ ရှိကြောင်း သိရသည်။ သက်ဆိုင်ရာ ရဲစခန်းမှ ဒုရဲအုပ်ကျော်ဇေယျက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မင်းလှမြို့နယ် ရဲစခန်းက (ပ)၁၁၃/ ၁၂ ပုဒ်မ ၂၈ ဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# နည်းမျိုးစုံဖြင့် ဆိုင်ကယ်ခိုးယူသူ ဖမ်းမိ

**ကျော်ဇေယျ**

**နေပြည်တော်၊ဩဂုတ်-၂၁**

နေပြည်တော်ကောင်စီ နယ်မြေရှိ ပျဉ်းမနားမြို့တွင် ယခုကာလအတွင်း ဆိုင်ကယ်ပျောက်ဆုံးမှု အများဆုံး ဖြစ်ပွားနေသဖြင့် ဆိုင်ကယ်ခိုးမှုပေါ်ပေါက်ရေးအတွက် လှည့်ကင်းဆောင်ရွက်ရာ၌ နည်းမျိုးစုံနှင့် ဆိုင်ကယ်ခိုးယူသူတစ်ဦးကို ယခုလ ၂၂ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

နေပြည်တော် ပျဉ်းမနားရဲတပ်ဖွဲ့မှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းအောင်နှင့် အသိသက်သေများသည် ဆိုင်ကယ်မကြာခဏ ပျောက်ဆုံးမှုဖြစ်ပွားသော နေရာများသို့ လှည့်ကင်းဆောင်ရွက်စဉ် ဩဂုတ်လ ၂၂ ရက် ည ၉ နာရီခွဲအချိန်ခန့်က ကန်တော်မင်္ဂလာ ရှမ်းကန် ကန်လယ်တံတားပေါ်၌ မသင်္ကာဖွယ်ရာလူတစ်ဦးတွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ အဆိုပါလူမှာ ရမည်းသင်းမြို့မှ ဇော်နှင်း (၃၈) နှစ်ဖြစ်ပြီး ၎င်းထံမှဆိုင်ကယ်သော့မျိုးစုံ (၂၁)ချောင်း၊ စတားဝက်အူလှည့်တစ်ချောင်း၊ စက်ပြင်ရာတွင် အသုံးပြုသော ဂွတစ်ချောင်းနှင့် ငွေငါးသောင်းအားတွေ့ရှိခဲ့သည်။

ထိုသူအား စစ်ဆေးမေးမြန်းရာ နေပြည်တော် ပျဉ်းမနားအတွင်း လှည့်လည်၍ ဆိုင်ကယ်များအား နည်းပေါင်းစုံဖြင့် ခိုးယူနေသူဖြစ်ပြီး ၎င်းတို့ပါရှိသည့်ပစ္စည်းများမှာလည်း ဆိုင်ကယ်ခိုးယူရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်ကြောင်းနှင့် ဆိုင်ကယ်များအား ခိုး ယူကာ အခြားမြို့သို့ ရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

လက်ရှိ အခြေအနေတွင် ယင်းခိုးယူထားသော ဆိုင်ကယ်များအနက် နှစ်စီးအား ပြန်လည်သိမ်းဆည်းရမိထားကြောင်း သိရသည်။

"အမှုကတော့ ဆက်လက်စစ်ဆေးဆဲပါ။ အခုတော့ ပဏာမထွက်ချက်အရ ဆိုင်ကယ်ရှစ်စီး ပေါ်ပေါက်ထားပြီး ဟုတ်၊ မဟုတ်ကို ပြန်လည်စိစစ်နေပါတယ်။ ဟုတ်နေရင်လည်း သီးခြားအမှုတွေဖွင့်ပြီး ဆိုင်ကယ်တွေ ပြန်သိမ်း၊ ပိုင်ရှင်မှန်စုံစမ်းပြီး အပ်နှံပေးသွားမှာပါ"ဟု သက်ဆိုင်ရာ နယ်ထိန်းအရာရှိက ပြောဆိုသည်။

အမှုကို နေပြည်တော် ပျဉ်းမနားရဲစခန်း (ပ)၄၈၃/၂၀၁၂ ပြစ်မှုပုဒ်မ ၃၈၀/၅၄ အရအမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

နေပြည်တော် ပျဉ်းမနားရဲစခန်း (ပ) ၄၈၃/၂၀၁၂ ပြစ်မှုပုဒ်မ ၃၈၀/၅၄ ပြစ်မှုကျူးလွန်သူ ဇော်နှင်း ဆိုသူထံမှ ဆိုင်ကယ်နံပါတ်မျိုးစုံ ၁၅ ခုနှင့် ဆိုင်ကယ်ဝှီးတက်များ ထပ်မံသိမ်းဆည်း ရမိခဲ့ကြောင်း၊ အဆိုပါ ပစ္စည်းများမှာ ယင်းခိုးယူလာသောဆိုင်ကယ်များမှ ဖြုတ်ပြီး ဆိုင်ကယ်ကို သာ ရောင်းစားရာတွင် ကျန်ခဲ့သည့် ပစ္စည်းများဖြစ်ကြောင်း၊ ၎င်းသည် ၁၉၉၁ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲကို လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ပြီး ဘွဲ့ရပညာတတ်ဖြစ်ကြောင်းနှင့် ××× ဌာနတွင် ဦးစီးမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။

**TRADEMARK CAUTION**

Otsuka Pharmaceutical Co. Ltd., a company incorporated in Japan at 2-9 Kanda-Tsukasamachi, Chiyoda-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademarks:-

Reg: No.4/7855/2012

POCARI SWEAT

Reg: No.4/7856/2012

In respect of : Int'l Class 5 : " Nutritional beverages for medical purposes; dietary supplement for medical purposes; pharmaceutical preparations."

Int'l Class 29 : " Processed vegetables and fruits; soy milk; milk products; protein-based food preparations being dietetic supplements (not for medical purposes); processed foods in forms of jelly and solid containing powdered soy bean and fruits."

Int'l Class 30 : " Coffee; tea; confectionery; non-medical nutrition bar made of soy flour; cereal preparations; soya flour."

Int'l Class 32 : " Non-alcoholic beverages; non-alcoholic fruit juice; vegetable juices; whey beverages; beers; syrups and other preparations for making beverages."

Int'l Class 33 : " Alcoholic beverages, except beer; whiskey; wine; alcoholic beverages containing fruit."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990 30.Aug.2012

## မောင်တောနယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်မည်

**မောင်ကံ**

**မောင်တော၊ ဩဂုတ် - ၂၃**

ဒေသတွင်း မတည်ငြိမ်မှုများကြောင့် ရပ်နားထားသည့်မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မောင်တော နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကိုဩဂုတ် ၂၇ ရက်မှစတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း မောင်တောခရိုင်တည်ငြိမ်အေးချမ်းရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးကော်မတီဝင်တစ်ဦးက ပြောသည်။

ဇွန်လ ၈ ရက်မှ စတင်ရပ်နားထားခဲ့ရသည့်မောင်တောနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများမှာ နှစ်လကျော် ကြာမြင့်နေပြီဖြစ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများ ရပ်နားထားရသည့်အတွက် ဒေသတွင်းစီးပွားရေးလုပ်ငန်းများအပေါ် အထိုက်အလျောက် ထိခိုက်မှုရှိကြောင်းသိရသည်။

အဆိုပါ ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြထားပြီ ဖြစ်ပြီး သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးဦးစီးဌာနသို့လည်း အကြောင်းကြားထားပြီဖြစ်ကြောင်း မောင်တော နယ်စပ်ကုန်သွယ်စခန်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

"နယ်စပ်ကုန်သွယ်မှု လုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက်ဒေသတွင်းမှာ တာဝန်ယူနေတဲ့ လုံခြုံရေးတပ်ဖွဲ့တွေက တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကုန်စည်အပို့အသွင်းသာ လုပ်မှာဖြစ်ပြီး လူဝင်လူထွက်ရှိမှာမဟုတ်ပါဘူး။ ခုနစ်ရက်ဗီဇာသမားတွေကိုတော့ လောလောဆယ်သွားလာခွင့်မပြုသေးပါဘူး"ဟု ယင်းကဆက်လက်ပြောသည်။ ယခုအချိန်မှာ ယခင်က တစ်ဖက်နိုင်ငံသို့ ရေငန်ပုစွန်အမြောက်အမြား တင်ပို့ရသည့်ကာလဖြစ်ပြီး တစ်နှစ်လုံး ကုန်သွယ်မှုတန်ဖိုးအများဆုံး ကုန်သွယ်နိုင်သည့်ကာလများလည်း ဖြစ်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# ကျေးရွာပိုင်မြေနှင့် လယ်ယာမြေများမကျူးကျော်ရန် လက်ပန်းတောင်းတောင်ခြေဒေသခံများ အသိပေးချက်စိုက်ထူ

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ် - ၂၃**

မုံရွာခရိုင်၊ လက်ပန်းတောင်းတောင်ကြေးနီတူးဖော်ရေး စီမံကိန်းနယ်မြေ အနီးတစ်ဝိုက် ကျေးရွာပေါင်း ၁၆ ရွာမှ ဒေသခံတောင်သူ ၃၀၀ ကျော်တို့သည် ယခုနှစ် ဩဂုတ်လ ၂၄ရက် မွန်းလွဲပိုင်းတွင် ဆည်တည်းကျေးရွာ မြောက်ဘက် လက်ပန်းတောင်းတောင်ခြေ လုပ်ငန်းခွင်နှင့် ပေ ၅၀၀ ခန့်အကွာတွင် ကျေးရွာနှင့် လယ်ယာမြေမကျူးကျော်ရ အသိပေးနှိုးဆော်ချက်များ စိုက်ထူခဲ့ကြောင်း ဆည်တည်းကျေးရွာ ဒေသခံတောင်သူများပြောပြချက် အရသိရှိရသည်။

"လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအနောက်တောင်ဘက် ဆည်တည်းကျေးရွာရဲ့မြောက်ဘက်မှာ ရပ်ရွာနဲ့ လယ်ယာမြေ မကျူးကျော်ရဆိုတဲ့ အသိပေးနှိုးဆော်ချက် စိုက်ထူတာပါ။ လက်ပန်းတောင်းတောင်ခြေ မြေအသိမ်းခံ ကျေးရွာပေါင်း ၁၆ ရွာက ဒေသခံ တောင်သူ ၃၀၀ ကျော်က လက်ပန်းတောင်းတောင် လုပ်ငန်းခွင်နဲ့ ကိုက် ၅၀၀ ခန့်အကွာမှာ အသိပေးချက်ကို စိုက်ထူတာပါ"ဟု ဆည်တည်းကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

"ကျေးရွာအနေနဲ့ ရွာပေါင်း ၂၀ ဝန်းကျင်တော့ ရှိတယ်။ လူက တစ်ထောင်နီးပါးရှိတယ်။ ဆိုင်းဘုတ်ထောင်တာ လက်ပန်းတောင်းတောင်ခြေမှာရှိတဲ့ လယ်ယာမြေ မကျူးကျော်ရဆိုတဲ့ ဆိုင်းဘုတ်ငါးနေရာ၊ ခြောက်နေရာ လောက် စိုက်ထူခဲ့တယ်။ တောင်သူတွေရဲ့ ဆန္ဒကတော့ လယ်ယာမြေနဲ့ ကျေးရွာမြေအသိမ်းမခံရရေးအတွက် အခုလိုဆောင်ရွက်နေပါတယ်"ဟု ဝက်မွေးကျေးရွာ ဒေသခံတောင်သူတစ်ဦးကပြောသည်။

"လက်ပန်းတောင်းတောင်က နိုင်ငံတော် စီမံချက်အနေနဲ့ ဆောင်ရွက်တာပါ။ တောင်သူတွေက ရိုးသားပါတယ်။ တခြားသွေးထိုးလှုံ့ဆော်သူတွေကြောင့် အခုလိုတောင်သူတွေ ဆောင်ရွက်တာ ဖြစ်တယ်လို့မြင်ပါတယ်။ တောင်သူတွေရဲ့ တောင်းဆိုချက်တွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ တောင်သူတွေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးဖို့ တောင်းဆိုမှုမှန်သမျှ သက်ဆိုင်ရာ တင်ပြပြီး လိုက်လျောလို့ရသမျှ လိုက်လျောဆောင်ရွက်ပေးပါတယ်။ တောင်သူတွေဘက်က အေးချမ်းစွာ တောင်းဆိုမယ်ဆိုရင် တတ်နိုင်သလောက် လိုက်လျောပေးဖို့ပြင်ဆင်ထားပါတယ်"ဟု ဆားလင်းကြီးမြို့နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။



ဓာတ်ပုံ - မျိုးမင်းဦး

လက်ပန်းတောင်းတောင်ကြေးနီ သတ္တုတူးဖော်ရေး စီမံကိန်းနယ်မြေအဖြစ် လယ်ယာမြေ ၇,၀၀၀ ကျော်အား သတ်မှတ်ခဲ့သည့်နောက်ပိုင်း ဒေသခံ တောင်သူများ မိရိုးဖလာ လယ်ယာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိရေးနှင့် ပြောင်းရွှေ့ရမည့် ကျေးရွာများ ပြောင်းရွှေ့ဖယ်ရှားခြင်းမပြုရေးအတွက် လက်ပန်းတောင်းတောင်အနောက်တောင်ထောင့်တွင် ကျေးရွာ ဒေသခံတောင်သူများက မကျူးကျော်ရနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လက်ပန်းတောင်းတောင်ခြေဒေသခံတောင်သူများ ပြောကြားချက်အရသိရသည်။

# တောင်ပြုန်းပွဲတော်ကာလအတွင်း လိုက်ထရပ်နှင့် မှန်လုံယာဉ်ငယ်များ ငှားရမ်းမှုမြင့်တက်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ် - ၂၃**

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ တောင်ပြုန်းမင်းကြီးမင်းလေးရိုးရာ နတ်ပူဇော်ပွဲနှင့် တောင်းပြုန်းဆုတောင်းပြည့်ဘုရားပွဲတော်ကာလအတွင်း မုံရွာမြို့မှ ဘုရားဖူးယာဉ်များ သွားလာပူဇော်သူများပြားသဖြင့် လိုက်ထရပ်ယာဉ်နှင့် မှန်လုံယာဉ်ငယ်များကိုသာ အဓိကငှားရမ်းအသုံးပြုသူ ပိုမိုများပြားကြောင်း မုံရွာဒေသခံ ဘုရားဖူးခရီးစဉ်ပြေးဆွဲသူများ ပြောကြားချက် အရသိရသည်။

"မုံရွာကနေ တောင်ပြုန်းပွဲတော်သွားမယ့် ဘုရားဖူးခရီးစဉ်မှာ အများစုကလိုက်ထရပ်ယာဉ်နဲ့မှန်လုံယာဉ်ငယ်တွေငှားရမ်းမှုပိုများတယ်။ တောင်ပြုန်းကျေးရွာလမ်းကလည်းကျဉ်း၊ ကားတွေကလည်း ကြိတ်ကြိတ်တိုး စည်တာဆိုတော့ ယာဉ်ကြီးတွေ တိုးလို့မရတာလည်းပါတယ်။ မိရိုးဖလာ နတ်ပူဇော်သူတွေ မဖြစ်မနေ သွားရောက်ပူဇော်သူတွေ အများစုက အုပ်စုလိုက် ကားငှားသွားကြတာများတယ်။ တောင်သူတွေ မိုးစရွာချိန် လယ်ယာလုပ်ငန်းခွင်ဝင်သူဝင်၊ မြို့ပေါ်က ဈေးသည်တွေ အရောင်းပါးတော့ဘုရားဖူးကားတွေရှိတော့ရှိတယ်နည်းတယ်လို့ထင်တယ်"ဟု မုံရွာမြို့ ဒေသခံတောင်ပြုန်းပွဲတော် ဘုရားဖူးခရီးစဉ် ဦးဆောင်သူတစ်ဦးက ပြောသည်။

"ဒီနှစ် မုံရွာမှာ ကိုယ်ပိုင်ကားတွေလည်း ပိုများလာတယ်။ ကိုယ်ပိုင်ကားတွေနဲ့မိုးတွင်းမှာ တောင်ပြုန်းပွဲသွားရင်း ဘုရားဖူးထွက်မယ့်သူတွေလည်းရှိတယ်။ အုပ်စုလိုက်တောင်ပြုန်းပွဲသွားမယ့်သူတွေက လိုက်ထရပ်နဲ့ မှန်လုံယာဉ်ငယ်တွေ အဓိက အငှားများတာ ဘုရားဖူးတွေ အရင်နှစ်ကလောက်မများတာလည်းပါတယ်"ဟု ဘုရားဖူးယာဉ်လိုင်းတစ်ခုမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ တောင်ပြုန်းပွဲတော်ကာလအတွင်း လိုက်ထရပ်ယာဉ်ငှားခမှာ တစ်စီးလျှင် အကျန်လေးသောင်းကျပ်မှ ရှစ်သောင်းကျပ်အထိရှိပြီး မှန်လုံယာဉ်ငယ်တစ်စီးလျှင် (ဆီနှင့်လမ်းကြေး၊ တံတားကြေးမပါ) အကျန်ကျပ်တစ်သိန်းမှ တစ်သိန်းခွဲအထိရှိကြောင်း သိရသည်။

## 168 ကရုဏာတိုင်းရင်းဆေးကုခန်း

**နှာခေါင်းရောဂါအမျိုးမျိုး**

နှာခေါင်းရောဂါအမျိုးမျိုးတို့တွင် နှာခေါင်းယားယံခြင်း၊ နှာပိတ်ခြင်း၊ မကြာခဏ နှာချေခြင်း၊ ပြည်/နှပ်ရည်ထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်စွမ်းပကား လျော့နည်းလာခြင်း စသောရောဂါလက္ခဏာရှိသည်။ နှာခေါင်းရောဂါတွင် ရုတ်တရက် နာတာရှည်နှာမွေးရောင်ရောဂါ အလာဂျီနှာမွေးရောင်ရောဂါ၊ နှာခေါင်းတွင် လှိုက်စားခြင်းကြောင့် ပြည်နံ့ရခြင်း၊ နှာခေါင်းရံထားသော အခေါင်းရောင်ရမ်းနာ၊ နှာခေါင်းအနီးပတ်ဝန်းရှိ အခန်းအတွင်း အမြှေးပါးရောင်ခြင်းနှင့် အသားပိုထွက်ခြင်း၊ အနံ့အသက်မရခြင်းတို့ရှိသည်။ တိုင်းရင်းဆေးသမားတော်များသည် လိမ်းဆေးနှင့်သောက်ဆေးကို သုံးပြီး တစ်ပြိုင်နက် ကုသမှုပြုခြင်းကြောင့် ဝေဒနာခံစားမှုလျှင်မြန်စွာ သက်သာစေပြီး ပျောက်ကင်းမှုမြန်ဆန်သည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။ **ကြာသပတေးနေ့တိုင်းပိတ်သည်။**

**အမှတ်(၇၅)၊ နိုင်ရွှေဝါလမ်း၊ ဗဟိုလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၁-၅၀၁၉၇၇၊ ၀၉-၇၃၀၈၃၀၂၂**

**ကုသချိန်-နေ့လည် ၁၂း၃၀ မှ ည ၇း၃၀ ထိ**

## နှင်းသဇင်ကုမ္ပဏီမှ GRAND TREASURES ရွှေ ရတနာနှင့် ပိုးထည်တိုက် (နေပြည်တော်) အတွက် အောက်ပါအချက်အလက်များနှင့်ပြည့်စုံသောဝန်ထမ်းများအလိုရှိပါသည်

| | | |
|---|---|---|
| ၁။ | Accountant | မ(၁)ဦး |
| ၂။ | ကွန်ပျူတာစာရင်းကိုင် | မ(၁)ဦး |
| ၃။ | အရောင်းဝန်ထမ်း | မ(၁၀)ဦး |
| ၄။ | အရောင်းဝန်ထမ်းအကူ | ကျား(၃)ဦး |

**အမှတ်စဉ်(၁)နှင့်(၂)**အတွက် ဘွဲ့ရ၊ LCCI Level (I,II)အောင်မြင်ပြီးသူ၊ ကွန်ပျူတာဖြင့် စာရင်း ရေးသွင်းနိုင်သူ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိသူ ဖြစ်ရမည်။

**အမှတ်စဉ်(၃)နှင့်(၄)**အတွက် (၁၀)တန်းအောင်၊ ရုပ်ရည်သန့်ပြန့်၍ အပြောအဆိုပြေပြစ်ပြီး သွက်လက်ချက်ချာသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ အသက်(၂၀)နှစ်မှ (၃၀)နှစ် အကြား၊ အိမ်ထောင်မရှိသူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်၊

လျှောက်ထားသူသည် ကိုယ်ရေးအကျဉ်း၊ ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဘွဲ့လက်မှတ်၊ (၁၀)တန်းအောင်လက်မှတ်၊ အခြားအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်လက်မှတ်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ အိမ်ထောင်မရှိကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာနှင့်အတူ အထက်ပါအချက်အလက်များပြည့်စုံပါက အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထား နိုင်ပါသည်။

၁၀-၉-၂၀၁၂ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

နေပြည်တော် နှင့် ပျဉ်းမနားမြို့နေသူ ဦးစားပေးမည်။

ရန်ကုန်လိပ်စာ - အမှတ်( B/8)၊ ရွှေကုံးကော်လမ်း၊ ရွှေမာလာရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

နေပြည်တော်လိပ်စာ - အမှတ် (၁၅/၁၉၂)၊ စိန်ခြယ်လမ်းနှင့် ပေါင်းလောင်း(၁၆)လမ်းထောင့်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။

ဖုန်းနံပါတ် - 95-1-513832, 95-1-501020, 95-9-43017093, 95-9-401571077.

**TRADEMARK CAUTION**

FELDA GLOBAL VENTURES HOLDINGS BERHAD, a company incorporated in Malaysia at 5th Floor, BALAI FELDA, JALAN GURNEY SATU, 54000 KUALA LUMPUR is the Owner and Sole Proprietor of the following Trademarks:-

Reg: 4/7378/2012
Reg: 4/7379/2012

Reg: 4/7376/2012
Reg: 4/7377/2012

In respect of : Int'l class 29 : " Edible oil, Edible fats, Palm oil for food, Palm kernel oil for food, Sunflower oil for food, Canola Oil, Olive oil for food, Soya bean oil for food, Peanut oil for food, Vegetable oil for food, Salad & frying oils, Cooking oils, Bakery and Confectionery fats, Margarine (including blended margarine), Shortening, (being mixtures of edible oils and edible fats), Vegetable Ghee (including Vanaspati), Edible oils and fats, Jams, Peanut butter, Marmalades, Coconut milk, Coconut milk for cooking, Coconut fat, Coconut cream."

Int'l class 30 : " Cocoa powder and cocoa-based products, Chocolate Spread, Cocoa-based beverages, Chocolate-based beverages; Cocoa beverages with milk, Chocolate beverages with milk, Candy for food, Peanut confectionery, Confectionery, Ketchup (sauce), Dressing for salad, Soy sauce, Oyster sauce, Sauces (condiments), Tomato sauce, Chilli Sauce, Mayonnaise."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990
Partnership in practice with
**Ms. Saowaluck Lamlert,** Attorney at Law
Siam Premier International Law Office Limited
Email: saowaluck@siampremier.co.th
For FELDA GLOBAL VENTURES HOLDINGS BERHAD
Date: 30.Aug.2012

## ခပ်ဖူစားသောက်ဆိုင်

မှ

စားသုံးသူ ပြည်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော တူရကီနိုင်ငံမှ ထုတ်လုပ်သည့် Orkide နေကြာဆီကို သုံးပါသည်။

Orkide နေကြာဆီ
PH : 299130, 293710

## ROYAL GARDEN RESTAURANT

မှ

စားသုံးသူ ပြည်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော တူရကီနိုင်ငံမှ ထုတ်လုပ်သည့် Orkide နေကြာဆီကို သုံးပါသည်။

Orkide နေကြာဆီ
PH : 299130, 293710

## ဗောဓိတစ်ထောင် ရုပ်တော်မှုဘုရားကြီးတောင်တန်း စိမ်းလန်းစိုပြည်ရေး ကံ့ကော်ပင်တစ်ထောင် စိုက်ပျိုး

**ရန်နိုင်ကျော်**

**မုံရွာ၊**
**ဩဂုတ် - ၂၃**

မုံရွာမြို့နယ်၊ ခတ္တာကန်တောင်ကျေးရွာ၊ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်ပဓာနနာယကဆရာတော် အရှင်နာရဒတည်ထား ကိုးကွယ်ခဲ့သော လေးကျွန်းစကြာ ရုပ်တော်မှု ရုပ်ပွားဆင်းတုတော်ကြီးတည်ရှိရာ တောင်တန်းကြီး စိမ်းလန်းစိုပြည်စေရေးအတွက် ကံ့ကော်ပင် တစ်ထောင် ပန်းဥယျာဉ်တစ်ခုအား ယခုနှစ် ဩဂုတ်လတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မဟာဗောဓိတစ်ထောင်ကျောင်းတိုက်ပဓာနနာယကဆရာတော်တစ်ပါးဖြစ်သည့် အရှင်ဩဘာသက မိန့်ကြားသည်။

"မဟာဗောဓိတစ်ထောင်ကျောင်းတိုက်ရဲ့ အရှေ့ဘက် ရုပ်တော်မှုရုပ်ပွားတော်ကြီးတောင်ခြေ ဇမ္ဗူတောင်မှာ ကံ့ကော်တစ်ထောင်ပန်းဥယျာဉ်ကို ပြီးခဲ့တဲ့ ဇူလိုင်လ ၇ ရက်မှာ ကံ့ကော်တစ်ထောင် စိုက်ပျိုးခဲ့ပါတယ်။ နောင်ပွင့်တော်မူမယ့် မြတ်စွာဘုရားကို ရည်မြော်စိုက်ပျိုးတာပါ။ တောင်တန်းကြီး စိမ်းလန်းစိုပြည်ရေးအတွက် အရင် ယူကလစ်ပင်တန်းနေရာမှာ ကံ့ကော်တောအဖြစ်စိုက်ပျိုးဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ဆရာတော်အရှင်ဩဘာသက မိန့်ကြားသည်။

"အရင်တုန်းက တောင်ကတုံးအဖြစ် မြင်ရတဲ့ ဗောဓိတစ်ထောင်မှာ အခု သစ်ပင်တွေ စိုက်တာများတော့ စိမ်းစိုနေပြီ။ အခု ကံ့ကော်တစ်ထောင်စိုက်ခင်းမှာ စိုက်ပျိုးရေ အခက်အခဲမဖြစ်အောင် ရေပိုက်တွေသွယ်ပြီး နေ့တိုင်း ရေလောင်းစနစ်နဲ့စိုက်တော့ မိုးခေါင်ပေမယ့် အပင်တွေက သန်နေတယ်။ ဗောဓိတစ်ထောင်သာသနာ့မြေမှာ ဆရာတော်ကြီးတည်ထားခဲ့တဲ့ စေတီတွေ၊ ရုပ်ပွားတွေထိန်းသိမ်းမှုသာမက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းတဲ့ အနေနဲ့ အပင်တွေ စိုက်ပျိုးတာကိုလည်း ဆောင်ရွက်နေပါတယ်"ဟု ဗောဓိတစ်ထောင်ကျောင်းတိုက်ဆရာတော်တစ်ပါးက မိန့်ကြားသည်။

မုံရွာမြို့နယ်၊ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် သာသနာ့နယ်မြေဖြစ်သည့် ဧက ၂၅၀ တွင် ဗောဓိညောင်ပင်ကိုးထောင် စိုက်ပျိုးပြီးစီးခဲ့ပြီး ရုပ်တော်မှုရုပ်ပွားတော်နှင့် လျောင်းတော်မူရုပ်ပွားတော်အနီး ဇမ္ဗူတောင်တွင် ကံ့ကော်တစ်ထောင်ပန်းဥယျာဉ်အား စိုက်ပျိုးဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

မဟာဗောဓိ တစ်ထောင် တောင်တန်း စိမ်းလန်းစိုပြည်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှပျိုးဥယျာဉ်ထားရှိပြီးမဟော်ဂနီ၊ လုံမနီအင်ကြင်း၊ ခရေ၊ မဥ္ဇူသကနတ်ပန်း(မယ်ဇယ်ပင်)၊ငုရွှေဝါ(ငုဝါ)၊တမာ၊ကံ့ကော်စသည့်အပင်များ စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။



## ဗထူးကွင်းအနီး ဆိုင်ခန်းနှင့် မြေငှားရမ်းခ မြင့်မားခြင်းနှင့်ပတ်သက်၍ သမ္မတထံ တင်ပြမည်ဟုဆို

**ညီညီဇော်**

**မန္တလေး၊ ဩဂုတ် - ၂၅**

မန္တလေးမြို့ ဗထူးအားကစားကွင်းအနီးတည်ရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနမြေပေါ်ရှိ ရုံးပတ်လည် ဆိုင်ခန်းများ မြေငှားခတက်သွားခြင်းကိစ္စကို သမ္မတနှင့် ဆောက်လုပ်ရေးဝန်ကြီးတို့ထံ တင်ပြတိုင်ကြားထားကြောင်း သတင်းရရှိသည်။

လမ်း ၃၀ နှင့် ၇၁ လမ်းအတွင်းမှ ယင်းဆိုင်ခန်းများကို ၁၉၉၃ ခုနှစ်တွင် ကန်ထရိုက်အသီးသီးက တစ်ခန်းလျှင် ကန်ထရိုက်အပေါ် မူတည်၍ အခန်းသေးလျှင် ၆၅ သိန်းဝန်းကျင်၊ အခန်းကြီးလျှင် သိန်း ၂၀၀ ကျော်ဝန်းကျင်ဖြင့် ဆောက်လုပ်ရောင်းချခဲ့ကြရာ မိမိတို့ဝယ်ယူခဲ့ကြသည်ဟု ဆိုင်ခန်းရှင်များက ပြောသည်။ ဆိုင်ခန်းဝယ်ယူသူများက မြေငှားခအဖြစ် တစ်လလျှင် အခန်းကြီးအတွက် ၅,၀၀၀ ကျပ်နှုန်းနှင့် အခန်းသေးအတွက် ၄,၀၀၀ ကျပ်နှုန်းပေးရပြီး ယခုနှစ်ဧပြီလမှစတင်ကာ ဆိုင်ခန်းနှစ်မျိုးလုံးအတွက် မြေငှားခတစ်လ ၂၅,၀၀၀ ကျပ် တိုးမြှင့်ကောက်ခံသည်ဟုဆိုသည်။ ဆိုင်ခန်းပေါင်း ၅၀ ရှိသည့် အနက်၄၃ ခန်းမှ အဆိုပါမြေငှားရမ်းခကို တိုးမြှင့်ပေးသွင်းခြင်း မရှိသေးဘဲ သမ္မတနှင့်ဝန်ကြီးထံ တင်ပြတိုင်ကြားထားကြောင်း ဆိုင်ခန်းရှင်တစ်ဦးဖြစ်သူ ဦးကျော်ညွန့်က ပြောသည်။

"မန္တလေးမှာက ဌာနပိုင်မြေပေါ် က ဆိုင်ခန်းတချို့ မြေငှားခတွေ တက်ယူတာတို့၊ ဖယ်ပေးရတာတို့ကြုံနေရတယ်။ ဗထူးကွင်းဘက် ဆိုင်ခန်းတွေလည်း ခုလိုကြုံဖူးတယ်။ သူတို့ကတော့ သင့်တင့်တဲ့နှုန်းထားတစ်ခုနဲ့ ပြေလည်သွားကြတယ်။ သင့်တော်တဲ့ နှုန်းထားလေးဖြစ်ချင်တာပါ"ဟု ယင်းဆိုင်ခန်းရှင်က ပြောသည်။

ယင်းဆိုင်ခန်းများနှင့် ကပ်လျက်တည်ရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီးအင်ဂျင်နီယာမှူးကြီးရုံးသို့ဝင်ရောက်မေးမြန်းရာ ဖြေကြားပေးမည့်တာဝန်ရှိသူ မရှိကြောင်း၊ ယင်းကိစ္စကို ခရိုင်ရုံးက ကိုင်၍ ခရိုင်ရုံးသို့ သွားရောက်မေးမြန်းရန် လမ်းညွှန်ခဲ့သည်။ ခရိုင်အင်ဂျင်နီယာမှူးရုံးသို့ နှစ်ကြိမ်တိုင် သွားရောက်မေးမြန်းရာ အခြားလုပ်ငန်းများရှိနေသည်ဆိုကာ ပြန်လည်ဖြေကြားခြင်းမရှိပေ။ ယင်းကိစ္စကို သမ္မတနှင့် ဝန်ကြီးအပြင် မန္တလေးတိုင်းဝန်ကြီးချုပ်နှင့် လွှတ်တော်အခွင့်အရေးကော်မတီတို့ထံ တင်ပြတိုင်ကြားထားကြောင်း သတင်းရရှိသည်။

## မန်းတွင် မြို့နယ်ရပ်ကွက်အလိုက် သန့်ရှင်းရေးဝန်ထမ်းများ ထားရှိမည်ဆို

**ညီညီဇော်**

**မန္တလေး၊**
**ဩဂုတ် - ၂၅**

မန္တလေးမြို့ စည်ပင်နယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် မြို့နယ်ရပ်ကွက်အလိုက် သန့်ရှင်းရေး အလုပ်သမားများ ထားရှိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ အမရပူရမြို့နယ်များတွင် ယာယီဝန်ထမ်းအဖြစ် ထားရှိသွားမည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လျှင် ၅၀ ဦး ခန့်ထားရန် လျာထားကြောင်း၊ မန္တလေးမြို့တော် စည်ပင်သန့်ရှင်းရေးဌာနမှ ဌာနခွဲမှူး ဦးသန်းဇော်ထွန်းက ပြောကြားသည်။

မိမိတို့ ရပ်ကွက်အတွင်း ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ကွပ်ကဲမှုဖြင့် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။ သန့်ရှင်းရေးလုပ်ငန်းများအတွက် အသစ်ရောက်ရှိလာမည့် ကားအစီး ၇၀ နှင့် သုံးဘီးဆိုင်ကယ်များအတွက် ညီမျှမှုရှိစေရန် လုပ်သားများ ထပ်မံ ခေါ်ယူရခြင်းဖြစ်ပြီး အမှိုက်ကင်းစင်သော ရပ်ကွက်များ ဖြစ်ပေါ်လာစေရေးအတွက် ရပ်ကွက်အလိုက် ထားရှိရခြင်းဖြစ်သည်ဟု ဌာနခွဲမှူးကရှင်းပြသည်။

"ခုလုပ်နေတဲ့ပုံစံက တစ်နေရာကို သန့်ရှင်းရေးလုပ်ငန်းတွေ သွားလုပ်ရမယ်ဆို လူအရင်စုရတယ်။ ပြီးမှ အဲဒီနေရာကို ကားနဲ့ တစ်ဆင့် သွားရတယ်။ မြို့နယ်ရပ်ကွက်အလိုက် ခန့်လိုက်တော့ လူလည်းစုနေစရာမလိုတော့ဘူး။ အရေးပေါ် အခြေအနေမျိုး ဥပမာ ရေကြီးတာတို့ဆိုရင် သူ့ရပ်ကွက်က အုပ်ချုပ်ရေးမှူးနဲ့ ဌာနက ကြီးကြပ်သူတွေနဲ့ အမြန်ဆုံး ပူးပေါင်းလုပ်ဆောင်သွားလို့ရပြီ"ဟု ယင်းဌာနခွဲမှူးကဆိုသည်။

ယင်းသန့်ရှင်းရေး အလုပ်သမားများသည် ယာယီဝန်ထမ်းလစာ တစ်လလျှင် ၃၃,၀၀၀ ကျပ်၊ ထောက်ပံ့ကြေး ၃၀,၀၀၀ ကျပ်၊ အညစ်အကြေးကိုင်တွယ်ခ ၁၂,၀၀၀ ကျပ်၊ စုစုပေါင်း ၇၅,၀၀၀ ကျပ် ရရှိမည်ဟုဆိုသည်။ လိုအပ်သော သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းများ၊ တွန်းလှည်း၊ အမှိုက်သိမ်းယာဉ်တို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ စီမံကွပ်ကဲမှုဖြင့် လိုအပ်သလိုမန်းစည်ပင်သန့်ရှင်းရေးဌာနက ဖြည့်ဆည်းပေးမည်ဟု ဆိုသည်။

လျှောက်ထားလိုသူများသည် ဩဂုတ် ၂၅ ရက်မှစတင်ကာ သက်ဆိုင်ရာ ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် လျှောက်ထားနိုင်ပြီဖြစ်သည်။ ယခုလက်ရှိ မန်းစည်ပင်သန့်ရှင်းရေးဌာနတွင် သန့်ရှင်းရေးအလုပ်သမားပေါင်း ၁,၂၀၀ ကျော်ရှိကြောင်း သတင်းရရှိသည်။

**ဝန်ထမ်းအလိုရှိသည်**
အရောင်းစာရေး ကျား (၅)ဦး
- အထက်ပါရာထူးအတွက် အနည်းဆုံးအခြေခံပညာ အထက်တန်းအောင်ရမည်။
စားသောက်ဆိုင်မန်နေဂျာ ကျား (၁)ဦး
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။
အထက်ပါရာထူးများအတွက်နေ/စား စရိတ်ငြိမ်းနေနိုင်ရမည်။
ဆက်သွယ်ရန်
အမှတ်(၁၆)၊ လှိုင်မြစ်လမ်း၊ ပေါက်တောဝအင်းစိန်၊ ဖုံး - ၀၁၆၄၂၂၁၇
- ၀၉-၇၃၁၃၄၄၄၁

"ကောင်းစေ" မြန်မာထမင်းဟင်းလျာများ
လူကြီးမင်းတို့အား မြန်မာထမင်းဟင်းလျာကောင်းများကို စားစေလိုသောစေတနာဖြင့် "ကောင်းစေ" မြန်မာထမင်းဟင်းလျာများမှ အကောင်းဆုံးဝန်ဆောင်ပေးနေပါပြီ။ တယ်လီဖုန်းလေးတစ်ချက်သာဆက်ပြီးမှာယူလိုက်ပါ။
ထမင်းချိုင့်ဆွဲ(တစ်ယောက်စာ) တစ်လ(၁၀၀,၀၀၀)ကျပ် (ပို့ခအပြီးအစီး)
ထမင်း၊ အသားဟင်း(၂)မျိုး၊ အရံဟင်း(၁)မျိုး၊ ချဉ်ရည်ဟင်း/ဟင်းချို(၁)မျိုး၊ ငါးပိ+တို့စရာအစုံ
Lunch Box (တစ်ယောက်စာ) တစ်လ(၂၅,၀၀၀)ကျပ် (ပို့ခအပြီးအစီး)
ထမင်း၊ အသားဟင်း(၁)မျိုး၊ အရံဟင်း(၁)မျိုး
* Lunch Box များကို(၁၀)ဘူးနှင့်အထက်မှာယူနိုင်ပါသည်။ *
Ph: 09-73133439

အမြန်ရောင်းမည်
Beauty Spa သုံးပစ္စည်းများ ညှိနှိုင်း ဈေးဖြင့် အမြန်ရောင်းမည်။
ဖုန်း - ၀၉-၄၂၀၀၂၂၂၅၅၊ ၀၉-၄၅၀၀၄၃၄၄၄

SKY HIGH CO; LTD တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော ဝန်ထမ်းများ အမြန်အလိုရှိသည်။
(1) SECRETARY FEMALE (2) POST
(2) SALE MANAGER FEMALE (1) POST
(3) SALE GIRL FEMALE (4) POST
အမှတ်စဉ် (၁) အတွက် ဂျပန်စာ အရေးအပြောကျွမ်းကျင်ရမည်။
အမှတ်စဉ် (၁) နှင့် (၂) အတွက် အသက် ၂၅ မှ ၃၅ အတွင်း လုပ်သက်အတွေ့အကြုံအနည်းဆုံး (၂) နှစ်ရှိရမည်။ ရုပ်ရည်ချောမောပြေပြစ်၍ အပြောအဆိုသွက်လက်ရမည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရ မည်။ စာရင်းအင်းကျွမ်းကျင်ရမည်။ COMPUTER (WORD, EXCEL, PAGEMAKER) ကျွမ်းကျင် ရမည်။
အမှတ်စဉ် (၃) အတွက် အသက် ၂၀ မှ ၂၅ အတွင်း၊ ရုပ်ရည်ချောမောပြေပြစ်၍ အပြောအဆိုသွက် လက်ရမည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း မိမိတို့ ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းထောက်ခံချက်၊ မှတ်ပုံတင် မိတ္တူတို့နှင့် အောက်ပါလိပ်စာအတိုင်း လာရောက် လျှောက်ထားနိုင်ပါသည်။
**အမှတ် - ၄၂ အေ၊ ပန်ထျာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၃၇၇၄၀၉၊ ၀၉-၄၉၃၃၃၃၉၃။ (စစ်သမိုင်းပြတိုက်ဘေးလမ်း)။**

**ပွင့်ဦး**
**သစ်မွှေးစိုက်ခင်းနှင့်ပျိုးဥယျာဉ်**
ကချင်ပြည်နယ်သစ်မွှေး *(Northern Agarwood)*
သစ်မွှေးပျိုးပင်များရနိုင်ပါသည်။ ပျိုးအိတ် 5''×7''၊ သစ်မွှေးပင်အမြင့် 1ပေ=500ကျပ်၊ 1½ပေ=700 ကျပ်၊ 2ပေ=800 ကျပ်၊ 2½ပေ=900 ကျပ်၊ 3ပေ=1200 ကျပ်၊ ပျိုးပင်=1000 အထက်ဝယ်ယူသူများ၊ မိုင် 100 အတွင်း ပို့ဆောင်ပေးပါမည်။ ပျိုးပင် 5000 အထက် ဝယ်ယူသူများ မော်လမြိုင်၊ဘားအံ၊ မြဝတီ၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊တောင်ကြီး၊ပုသိမ်၊ပြည်၊မကွေး၊မိတ္ထီလာ၊ပခုက္ကူ၊စစ်ကိုင်း၊မုံရွာ၊ရွှေဘို၊ ကလေးမြို့များသို့ ပို့ဆောင်ပေးပါမည်။ သစ်မွှေးပင် ဆေးသွင်းခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးသည်။
သစ်မွှေးပန်းခြောက်(Agarwood Flower Tea)(50 - ဂရမ်)၊တစ်ထုပ် 5000/-ကျပ်ဖြင့် ဝယ်ယူအားပေးနိုင်ပါသည်။
ကိုအောင်ဇော်ရှိန် - ၀၉-၄၉၄၅၀၀၅၆၊ ၀၉-၅၀၂၈၇၉၀၊ သစ်မွှေးဝါသနာရှင်များ(Group)
ရန်ကုန် - လှည်းကူးမြို့နယ်၊ ဖောင်ကြီး - မင်းကုန်းရွာအလွန်ကားလမ်းဘေး
မန္တလေး - တံခွန်တိုင်ပြည်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး တံခွန်တိုင်ဈေးရှေ့

7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012



# ဌာနဆိုင်ရာဝန်ထမ်းများ ခန့်အပ်ရာတွင် ဒေသခံတိုင်းရင်းသားများကို ဦးစားပေးရန် တိုင်းရင်းသားခြောက်ပါတီ တိုက်တွန်း

**အိဖြူလွင်၊ ရန်မျိုးနိုင်**
**ရန်ကုန်၊ ဩဂုတ် - ၁၉**

ဌာနဆိုင်ရာဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း၊ ပြောင်းရွှေ့တာဝန်ချထားခြင်း၊ ရာထူးတိုးမြှင့်ခန့်ထားခြင်းပြုရာတွင် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားများကို ဦးစားပေးခန့်ထားဆောင်ရွက်သွားရန် တိုက်တွန်းသည့်အချက်အပါအဝင် အချက်ခြောက်ချက်ပါ ကြေညာချက်ကို ညီနောင်တိုင်းရင်းသားပါတီ ခြောက်ပါတီက ယနေ့ ထုတ်ပြန်လိုက်သည်။

ညီနောင်တိုင်းရင်းသားပါတီများအနေဖြင့် ယခုထုတ်ပြန်ချက်သည် (၁၁)ကြိမ်မြောက် ဘုံသဘောထားထုတ်ပြန်ချက်တစ်ခုဖြစ်ပြီး သဘောထားထုတ်ပြန်ချက်ကို နိုင်ငံတော်အကြီးအကဲကစ၍ အားလုံး သိရှိနိုင်ရန် ထုတ်ပြန်မည်ဟု ချင်းအမျိုးသားပါတီ ဥက္ကဋ္ဌဦးဇိုဇမ်က ပြောကြားသည်။

သဘောထားထုတ်ပြန်ချက်တွင်ပြည်တွင်းငြိမ်းချမ်းရေး အမှန်တကယ်ရရှိရေးအတွက် ထိုးစစ်ဆင်မှုများ ရပ်တန့်ရန် နိုင်ငံတော်သမ္မတ၏ အမိန့်ညွှန်ကြားချက်များကို တပ်မတော်မှ လေးစားလိုက်နာရန် တိုက်တွန်းသည့် အချက်လည်း ပါဝင်သည်။

ထို့အပြင် တိုင်းရင်းသားဘာသာစာပေကို သင်ကြားခွင့်ပြုထားပြီးဖြစ်ရာ တိုင်းရင်းသားစာပေ ပိုမိုလေ့လာနိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် နေ့စဉ် (သို့မဟုတ်) အပတ်စဉ် သတင်းစာ၊ ဂျာနယ်စာစောင်တို့ကို မိမိတို့ဒေသအလိုက် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစာပေဖြင့် ထုတ်ဝေခြင်းပြုသွားမည်ဟုလည်းသိရသည်။

ဗမာစကားမတတ်သော တိုင်းရင်းသားစာပေသင်ကြားပြီး ကလေးများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဗဟုသုတများ တိုးပွားနိုင်စေရန် နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များကို ထုတ်ဝေသွားမည်ဟု မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌဦးနိုင်ငွေသိန်းက ပြောသည်။

သတင်းစာ (သို့မဟုတ်) ဂျာနယ်များ ထုတ်ဝေရန်အတွက် အမြန်ဆုံးဆောင်ရွက်သွားမည်ဟုလည်း ဦးဇိုဇမ်ကပြောကြားသည်။

ညီနောင်တိုင်းရင်းသားပါတီများတွင် ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားပါတီ၊ ကယန်းအမျိုးသားပါတီ၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီတို့ပါဝင်သည်။

ယခု သဘောထားကြေညာချက်ထုတ်ပြန်ရန်အတွက် ပြုလုပ်သောဆွေးနွေးပွဲကို အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ခနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊ အရှိုချင်းအမျိုးသားပါတီ၊ တိုင်းလိုင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့ကလည်း လေ့လာသူများအဖြစ်တက်ရောက်ခဲ့ကြောင်း သိရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းတစ်ဦး အမြန်အလိုရှိသည်။
(အသောက်အစားကင်းရှင်း၍ ရန်ကုန်ဝန်းကျင်ကျွမ်းကျင်စွာမောင်းနိုင်ရမည်၊ ညှိနှိုင်းလစာ)
**ဖုန်း - ၂၀၁၃၃၆ (ရုံးချိန်အတွင်း)**
**၀၉- ၄၃၁၉၇၉၇၃**

---

**ဝန်ထမ်းအလိုရှိသည်**
Marketing ကျား/မ (၄) ဦး
(လက်ဖက်အချိုခြောက် market အတွေ့အကြုံအနည်းဆုံးနှစ်နှစ်)
ယာဉ်မောင်း (၁) ဦး
(အသက် ၃၀ နှစ် အထက်)
**ဖုန်း-၀၁-၆၈၁၃၀၇၊ ၀၉၉၁၀၁၄၀၅၂**

---

**ဝန်ထမ်းအလိုရှိသည်**
ရေသန့်စက်ပစ္စည်း show room အတွက်
(၁) Show Room Sales Person ကျား/မ (၃) ဦး
(၂) ရေသန့်စက်တပ်ဆင်/ပြင်ဆင်ရန် ကျား (၃) ဦး
(အတွေ့အကြုံ နှစ်နှစ်ရှိရမည်)
**ဖုန်း-၀၉-၅၄၀-၆၉၈၉**

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးဝန်ထမ်း ကျား (၂) ဦး
(word, Excel ကျွမ်းကျင်)
အထွေထွေဝန်ထမ်း ကျား (၆) ဦး
**ဖုန်း-၀၉-၇၃၀၂၇၇၃၃**
အမှတ် (၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ။

---

**ဝန်ထမ်းအလိုရှိသည်**
မလေးရှား/စင်ကာပူ ကြက်ဆီထမင်း ကျွမ်းကျင်သူ အလိုရှိသည်။
**ဖုန်း - ၀၉၄၂၁၁၁၉၅၈၁**

---

**ဝန်ထမ်းအလိုရှိသည်**
HALL Music Band မှစီစဉ်နေသော Group Song VCD Karaoke အခွေတွင် ပါဝင်သီဆိုသရုပ်ဆောင်လိုသော လူသစ်တန်းအဆိုရှင်နှင့် မော်ဒယ်လ်များ အမြန်ဆက်သွယ်ပါ။
**ဖုန်း - ၀၉၇၃၀၇၇၃၀၁**

---

**ဝန်ထမ်းအလိုရှိသည်**
ကျားဝန်ထမ်း (၁) ဦး
(photoshop ကျွမ်းကျင်ပြီး ဓာတ်ပုံရိုက်တတ်သူကို ဦးစားပေးမည်)
မဝန်ထမ်း (၁) ဦး
(အခြေခံပညာဆယ်တန်းအဆင့်ရှိရမည်)
**ဖုန်း-၀၁-၂၂၄၈၁၉**

---

**ဝန်ထမ်းအလိုရှိသည်**
အမျိုးသမီး (cutting) ကျွမ်းကျင်တစ်ဦး အလိုရှိသည်။ သင်တန်းဆင်းလက်မှတ်၊ CV ဖောင်ဖြည့်၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။
**ဖုန်း - ၀၉၇၃၁၃၇၆၃၃**

---

**ဝန်ထမ်းအလိုရှိသည်**
ဆေးရောင်း/ပို့ဝန်ထမ်းအလိုရှိသည်။ (ကျား) ဘွဲ့ရစရာမလိုပါ။ ရည်မွန်ယဉ်ကျေးစွာ ပြောဆိုတတ်သူဖြစ်ရပါမည်။ ရိုးသားကြိုးစားမှုအလိုက် ခံစားခွင့်ရှိသည်။
**ဖုန်း-၀၁-၅၃၈၀၂၀၊ ၀၉၅၀၅၀၀၅၈**
ညနေ ၇ နာရီနောက်ပိုင်း၊ နံနက် ၉၊ ၁၀ နာရီဝန်းကျင်။

---

**ဝန်ထမ်းအလိုရှိသည်**
MMO Private School အတွက်
ဆရာ၊ ဆရာမ (၃) ဦး
Guide (၃) ဦး
စာရင်းကိုင် (၂) ဦး
**ဖုန်း-၀၉၄၃၀၃၀၄၂၂**
အမှတ် ၅၄/၇၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
G.P ဆေးခန်းတစ်ခုတွင် နံနက်ပိုင်း ဆေးခန်းထိုင်ရန် ဆရာဝန်အလိုရှိသည်။
**ဖုန်း-၀၉-၄၃၁၄၃၅၂၆**

---

**ဝန်ထမ်းအလိုရှိသည်**
ဂျပန်စင်တီမီတာဖြင့် cutting+စက်ချုပ် ကျွမ်းကျင် မ(၂) ဦး
စက်ချုပ်ကျွမ်းကျင် မ (၂) ဦး
**ဖုန်း-၀၉-၄၃၀၅၅၁၇၉**

---

**ဝန်ထမ်းအလိုရှိသည်**
မြန်မာမီနီညမောင်း (၁) ဦး
လိမ်တက်ဓာတ်ဆီ နေ့/ညမောင်း (၂) ဦး
**ဖုန်း- ၀၉၄၃၀၈၄၁၂၄**

---

**ဝန်ထမ်းအလိုရှိသည်**
Kembangan Group of Medical Centers မှ I.H.B.C ဆေးခန်း၊ နေပြည်တော်ဆေးခန်းနှင့် မကြာမီတိုးချဲ့ဖွင့်လှစ်မည့် အင်းစိန်းမြို့နယ်ရှိ ဆေးရုံတို့တွင် အလှည့်ကျတာဝန်ထမ်းဆောင်ရန်အတွက် ဆရာဝန်၊ သူနာပြု (ကျား/မ) များ အလိုရှိသည်။
**ဖုန်း-၀၁-၃၉၂၉၅၅**
အမှတ် ၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း (အထက်)၊ I.H.B.C၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**
မိုးကောင်းကင် Express
ယာဉ်မယ် မ (၅) ဦး
(အသက် ၂၀ သို့မဟုတ် ၂၅ နှစ်အတွင်း၊ (၁၀-၉-၂၀၁၂) နောက်ဆုံးထား၍ လူကိုယ်တိုင် နေ့လည် ၁၂ နာရီမှ ညနေ ၅ နာရီအတွင်း လာရောက်လျှောက်ထားနိုင်သည်။
**ဖုန်း - ၀၁-၇၀၄၆၈၅**
အမှတ် (ဏ/A-7)၊ စစ်တွေလမ်း၊ အောင်မင်္ဂလာ အဝေးပြေးဝင်း။

---

**ဝန်ထမ်းအလိုရှိသည်**
ခရီးသွားလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်း ကျား (၂) ဦး၊ မ (၂) ဦးအလိုရှိသည်။
အမှတ် (၂၇၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။
**ဖုန်း-၀၉၇၃၀၂၂၈၈၂**

---

**ဝန်ထမ်းအလိုရှိသည်**
MANS SECURITY AGENCY တွင် တာဝန်ထမ်းဆောင်ရန်
Security Guard ကျား (၂၅) ဦး
(အသက် ၂၀ မှ ၅၀ နှစ်အတွင်း၊ အခြေခံပညာအလယ်တန်းအဆင့်၊ လစာကောင်းကောင်းပေးမည်)
**ဖုန်း-၀၉၇၃၀၆၄၂၉၈**
အမှတ် (၇၃)၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
ကြော်ငြာ၊ ဇာတ်လမ်း၊ သီချင်းဗီစီဒီ၊ ဓာတ်ပုံတို့ရိုက်ကူးရန်အတွက် အနုပညာဝါသနာပါသော လူငယ်သရုပ်ဆောင်များအလိုရှိသည်။ (ကျား/မ)
**ဖုန်း-၂၂၇၁၉၉**

---

**ဝန်ထမ်းအလိုရှိသည်**
ကျွမ်းကျင်သော ကွန်ပျူတာစာစီစာရိုက်ဝန်ထမ်း (၁) ဦးအလိုရှိသည်။ (ကျား/မ) စာရွက်တိုင်း ကော်မရှင်ပေးမည်။
**ဖုန်း-၀၉၄၂၀၀၈၂၁၀၆**
အမှတ် ၁၄၉/၃၊ ကောက်လျှင်လမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**
Pink Lotus Travels
Sale Staff (1) Post
38th St, Zay Plaza 1st Floor, Kyauktada Tsp.
**Ph: 377694**

---

**ဝန်ထမ်းအလိုရှိသည်**
Admin Officer/ HR officer ကျား/မ (၅) ဦး
CH-ENG-MYAN interpreter ကျား/မ (၁၀) ဦး
ဆောက်လုပ်ရေးဝန်ထမ်း ကျား (၆၀) ဦး
(တရုတ်စာရေးပြောကျွမ်းကျင်ရမည်။ နေစားပေးမည်။ လစာညှိနှိုင်း)
**ဖုန်း- ၀၉-၄၃၁၇၃၉၂၄**

---

**ဝန်ထမ်းအလိုရှိသည်**
ရွှေပြည်သုခ ကုမ္ပဏီလီမိတက်
အရောင်းစာရေး မ (၁၀) ဦး
(ဘွဲ့ရ၊ ၁၀တန်းအောင်၊ အခြေခံပညာအထက်တန်းဆင့်ရှိပြီး အင်္ဂလိပ်စာဖတ်နိုင်ရမည်)
**ဖုန်း - ၀၉၇၃၂၂၄၄၅၉**

---

**ဝန်ထမ်းအလိုရှိသည်**
(၁) Sale & Marketing (furniture) မ (၃) ဦး
(ဘွဲ့ရ၊ အသက် ၂၇ ထက်မကြီးစေရ၊ လစာ+ ခံစားခွင့်ရှိသည်)
(၂) အထွေထွေဝန်ထမ်း ကျား (၃) ဦး
(အသက် ၃၀ ထက်မကြီးစေရ) လစာ+ ခံစားရမည်)
No (15), Pyay Road, 9Mile, Mayangone Tsp, Yangon. near Ocean Center. **Ph: 01-664675**

---

**ဝန်ထမ်းအလိုရှိသည်**
Logistics Media Services Co.,Ltd
(1) Graphic Designer (1) M
(2) Layout Designer (1) M
(3) Office Assistant (1) M
အမှတ် (၂)၊ အခန်း (9-D/E)၊ စကားဝါအိမ်ရာ၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
**ဖုန်း - ၅၅၄၇၇၆**

---

**ဝန်ထမ်းအလိုရှိသည်**
Deluxe Formule Industries Co.,Ltd
- Sales & Marketing Manager ကျား/မ (၃) ဦး
- စက်ရုံတာဝန်ခံ
- ဂိုထောင်မှူး
- Sales & Marketing Supervisor ကျား/မ (၅) ဦး
- Sales & Marketing ကျား/မ (၅) ဦး

အမှတ် (၂၉)၊ ပန်းတည်းဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်။ **ဖုန်း - ၀၁-၆၈၅၅၂၆**

---

**ဝန်ထမ်းအလိုရှိသည်**
NOOCH Restaurant & Bar
Waiter (8) Posts
(ရုပ်ရည်သန့်ပြန့်ရမည်။ အသက် ၂၀ မှ ၃၀ ကြား၊ အင်္ဂလိပ်စကားပြောကျွမ်းကျင်ရမည်၊ waiter အနည်းဆုံးလုပ်သက်တစ်နှစ်ရှိရမည်။)
No.387/397, Room (K-1), Upper Shwe Bon Thar Road, Pabedan Township, Yangon.
**Ph: 01-378166**

---

**ဝန်ထမ်းအလိုရှိသည်**
အိမ်ကားယာဉ်မောင်း ကျား (၂) ဦး
(အသက် ၃၀-၅၀ နှစ်ကြား၊ လစာကျပ် (၁၆၀,၀၀ဝ/ဝန်းကျင်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် အလုပ်ဆင်းရမည်။)
**ဖုန်း-၅၂၃၇၄၂ (ရုံးချိန်အတွင်း)**

---

**ဝန်ထမ်းအလိုရှိသည်**
SAIL Marketing & Communications
Grahpic Designer (M/F) 2 posts
Office Receptionist (M) 1 Post
အခန်း (၄၀၃)၊ ခနသီဟစင်တာ၊ အမှတ် (၇၉၀) ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ **ဖုန်း - ၀၁-၂၁၁၈၇၀**

---

**ဝန်ထမ်းအလိုရှိသည်**
ဇာမဏီမိုဘိုင်း
Multi Media ကျွမ်းကျင် (၂) ဦး
Sale Staff ကျွမ်းကျင် (၃) ဦး
အမှတ် (၄၀)၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်။
**ဖုန်း - ၀၉၇၃၀၅၄၉၈၉**

---

**ဝန်ထမ်းအလိုရှိသည်**
ကြော်ငြာ၊ ဇာတ်လမ်း၊ သီချင်းဗီစီဒီ၊ ဓာတ်ပုံတို့ရိုက်ကူးရန်အတွက် အနုပညာဝါသနာပါသော လူငယ်သရုပ်ဆောင်များအလိုရှိသည်။ (ကျား/မ)
**ဖုန်း - ၂၂၇၁၉၉**

---

**ဝန်ထမ်းအလိုရှိသည်**
Point Mobile Accessories & Retail
Marketing ကျား/မ (၅) ဦး
(အသက် ၂၀မှ ၂၅ ကြား၊ ရန်ကုန်မြို့တွင်းသွားလာနိုင်ရမည်)
No (58), 3 Floor, 123 Street, Mingalar Taung Nyunt Township, Yangon. **Ph: 09-43098608**

---

**ဝန်ထမ်းအလိုရှိသည်**
Amazing Dreams Travels & Tours
Tour Operation Manager ကျား/မ (၁) ဦး
(ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ ၃ နှစ်၊ အသက် ၄၅ နှစ်အောက်)
Local Tour Leader ကျား/မ (၁) ဦး
(လုပ်ငန်းအတွေ့အကြုံ ၂ နှစ်၊ အသက် ၃၅ နှစ်အောက်)
Operation Assistant မ (၁) ဦး
(လုပ်ငန်းအတွေ့အကြုံ ၁နှစ်၊ အသက် ၃၀ နှစ်အောက်၊ ခရီးဝေးသွားလာနိုင်သူ)
**ဖုန်း-၀၉၅၁၁၃၂၇၁**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းကျွမ်းကျင် ကျား (၃) ဦး
(ကြက်ဥကားမောင်းရန်၊ အသက် ၃၅ နှစ်အထက်၊ အတွေ့အကြုံရှိသူဦးစားပေးမည်)
**ဖုန်း-၀၁-၃၈၄၇၃၉၊ ၀၉၇၃၁၃၆၀၅၆**

---

**ဝန်ထမ်းအလိုရှိသည်**
Myanmar Postarion Co.,Ltd
ဂျပန်စကားပြန် (ရေး/ပြော) ကျွမ်းကျင်သူ (၃) ဦး (ကျား/မ)
(ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ အသက် ၂၂ နှစ်မှ ၃၅ နှစ်အတွင်း၊ အထည်ချုပ်လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။) **ဖုန်း-၆၃၉၀၂၄၊ ၆၃၉၀၃၆**
အမှတ် (D-8)၊ မင်္ဂလာဒုံစက်မှုဇုန်ဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**
EXOTISSIMO TRAVEL MYANMAR
We are currently looking for highly energetic and enthusiastic candidates for "FRENCH TOUR OPERATORS" 2 years work experience in tourism related field. Should have strong sales and customer service focus. computer proficiency and good communication in English and French.
12th floor, MMB Tower, No. 166, Upper Pansodan Street. Email: memecho@exotissimo.com

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။




MARKETED & DISTRIBUTED BY
**THUKHA DANA CO., LTD.**

1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165




MARKETED & DISTRIBUTED BY **THUKHA DANA CO., LTD.**

1. Head Office : No.84, 12th Street, Lanmadaw Township, Yangon.
Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township,
Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing.
Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

Education
7DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# မဲခေါင်အင်စတီကျူ့ဒ်နှင့် နယူးဇီလန်သံရုံးပညာသင်ဆု မြန်မာကျောင်းသားများ လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်- ၂၄**

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံမှ ကျောင်းသား ၁၂ ဦး ကို မဟာဘွဲ့သင်တန်းအတွက် ပညာသင်ဆုရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း မဲခေါင်အင်စတီကျူ့ဒ်မှ ကြေညာထားသည်။

ပညာသင်ဆုရွေးချယ်ခံရသူများကို သုတေသနစာတမ်းပြုစုရန် ထောက်ပံ့စရိတ်နှင့် နည်းပညာပံ့ပိုးမှုများအတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပြီး နိုဝင်ဘာလကုန်နောက်ဆုံး လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ ပညာသင်ဆုလျှောက်ထားရန်အတွက် မဟာဘွဲ့သင်တန်းတက်ရောက်ရန် လိုအပ်သောသင်ခန်းစာများ သင်ယူတတ်မြောက်ထားရမည်ဖြစ်ပြီး ပညာရေး နောက်ခံမှတ်တမ်းကောင်းများပိုင်ဆိုင်ထားရန် လိုအပ်သည်။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်အသက်မွေးဝမ်းကျောင်းရပ်တည်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိုင်တွယ်ဆောင်ရွက်မှုနှင့် ရွှေ့ပြောင်းနေထိုင်သော လုသားများအကြောင်းတို့ထဲမှ အကြောင်းအရာတစ်ခုကို ကောင်းစွာသုတေသနပြုစုရေးသားတင်ပြရမည်ဖြစ်သည်။

**မဟာမဲခေါင်အသိုင်းအဝိုင်း**(GMS) နှင့် အာဆီယံ(ASEAN) စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် စုစည်းနိုင်ရေးတို့အတွက် စိတ်ပါဝင်စားမှုရှိပြီး အနာဂတ် GMS ပူးပေါင်းစုစည်းရေးတို့တွင် ပါဝင်လှုပ်ရှား၍ လွှမ်းမိုးနိုင်သော အလားအလာရှိသူများဖြစ်ရန် လိုအပ်သည်။ မဲခေါင်အင်စတီကျူ့ဒ်နှင့် နယူးဇီလန်သံရုံး ပညာသင်ဆုအတွက် လျှောက်ထားလိုသော မြန်မာကျောင်းသားများအနေဖြင့် www.mekonginstitute.org/minzas တွင် ဝင်ရောက်ကြည့်ရှုလေ့လာလျှောက်ထားနိုင်မည်ဖြစ်သည်။

# နာမည်ကြီး အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ ဝင်ခွင့်သတ်မှတ်ချက် ရမှတ်၅၀၀ထိ ရောက်ရှိနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၂၄**

ကျောင်းသားလက်ခံမှု လျှော့ချလိုက်ခြင်းကြောင့် နာမည်ကြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ ကျောင်းဝင်ခွင့် အမှတ်ကန့်သတ်ချက်သည် တက္ကသိုလ်ဝင်စာမေးပွဲရမှတ် ၅၀၀ ထိ ရောက်ရှိနိုင်ကြောင်း သတင်းရရှိသည်။

အထူးသဖြင့် အသက်မွေးဝမ်းကျေ င်း တက္ကသိုလ်ဝင်ခွင့်ကန့်သတ်ချက်မှာ ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲရမှတ် ၅၀၀ ကျော်ထိ ရောက်ရှိသွားနိုင်ပြီး ဆေးတက္ကသိုလ်များ၊ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ၊ ရေကြောင်းပညာတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် နိုင်ငံခြားဘာသာတက္ကသိုလ်များ၏ ကျောင်းဝင်ခွင့်အတွက် ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာမည်ဖြစ်သည်။

"အခု ယောကျ်ားလေးတွေက အဆင့်မြင့်နည်းပညာ တက္ကသိုလ်တွေကို အဓိက လျှောက်ကြတယ်။ မိန်ကလေးတွေကတော့ ဆေးတက္ကသိုလ်ကို လျှောက်ကြတယ်။ ကျောင်းဝင်ခွင့်က ထက်ဝက်လောက် လျှော့ချလိုက်တော့ အမှတ်သတ်မှတ်ချက်တွေ မနှစ်ကထက်၁၀မှတ်လောက်တက်သွားဖို့ရှိတယ်"ဟု တက္ကသိုလ်ဝင်ခွင့်စိစစ်ရေးအဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

ကျောင်းဝင်ခွင့်ဦးရေလျှော့ချလိုက်ခြင်းကြောင့် နာမည်ကြီး အသက် မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ကျောင်းဝင်ခွင့်ရရှိရန် ကျောင်းသူများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲရမှတ်၅၀၀ကျော်နှင့် ကျောင်းသားများအနေဖြင့် ၄၈၀ ခန့် ရရှိထားရန် လိုအပ်နိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က သုံးသပ်သည်။

ယင်းအခြေအနေကြောင့် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သော ကျောင်းသားများအနေဖြင့် ယခင်နှစ်အသက်မွေးဝမ်းကျောင်းဝင်ခွင့် အမှတ်မီခဲ့သော်လည်း ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူရဖွယ်ရှိနေသည်။




**၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် နာမည်ကြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၏ တက္ကသိုလ်ဝင် စာမေးပွဲ အမှတ်ကန့်သတ်ချက်**

| တက္ကသိုလ် | ကျား | မ |
|---|---|---|
| ဆေးတက္ကသိုလ်များ | ၄၆၈ | ၄၉၈ |
| ရေကြောင်းပညာတက္ကသိုလ် | ၄၈၆ | ၄၉၃ |
| သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ | ၄၅၇ | ၄၉၄ |
| ဆေးဝါးတက္ကသိုလ်များ | ၄၇၃ | ၄၇၃ |
| ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ | ၄၅၈ | ၄၅၈ |
| လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ် | ၄၃၁ | ၄၃၁ |
| အခြေခံကျန်းမာရေး တက္ကသိုလ် | ၄၃၄ | ၄၅၇ |
| ပညာရေးတက္ကသိုလ်များ | သိပ္ပံတွဲ(၄၂၄)၊ ဝိဇ္ဇာတွဲ(၃၉၉) | သိပ္ပံတွဲ(၄၅၉)၊ ဝိဇ္ဇာတွဲ(၄၁၆) |
| နိုင်ငံခြားဘာသာတက္ကသိုလ် (အင်္ဂလိပ်စာ) | ရန်ကုန်(၄၈၆)၊ မန္တလေး(၄၇၄) | ရန်ကုန်(၄၈၆)၊ မန္တလေး(၄၇၄) |

# ကိုရီးယားရေကြောင်းတက္ကသိုလ်ခွဲ ဖွင့်မည်

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ်- ၂၄**

ကိုရီးယားနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ကိုရီးယားရေကြောင်းပညာတက္ကသိုလ်ခွဲအား ဖွင့်လှစ်ရန် စီစဉ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ သတင်းရရှိသည်။

တက္ကသိုလ်ကို လာမည့် ၂၀၁၃-၁၄ ပညာသင်နှစ်(သို့မဟုတ်) ၂၀၁၄-၁၅ ပညာသင်နှစ်တွင် အမြန်ဆုံးဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေသည်ဟု ရေကြောင်း ပညာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာချာလီသန်းကပြောသည်။

ပထမဆုံး စတင်မည့် စာသင်နှစ်တွင် ကျောင်းသား ၂၀ ခန့် ဘာသာရပ်နှစ်ခုကို စတင်သင်ကြားနိုင်မည်ဖြစ်သော်လည်း ၂၀၂၀ ခုနှစ်တွင် ကျောင်းသားဦးရေ ၂၀၀၀ ခန့်နှင့် ဘာသာရပ် ရှစ်ခုထိ လက်ခံသင်ကြားနိုင်ရန် အဆိုပါတက္ကသိုလ်က စီစဉ်မည်ဖြစ်ကြောင်း သိရသည်။ ကိုရီးယားတက္ကသိုလ်ကို အမြန်ဆုံးဖွင့်လှစ်နိုင်ရန် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အဆောက်အဦများထဲမှ လစ်လပ်သည်ကို ငှားရမ်းနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခွင့်ပြုချက်ယူ ဆောင်ရွက်သွားမည်ဟုလည်း ဒေါက်တာချာလီသန်းက ပြောကြားသည်။

ကိုရီးယားရေကြောင်း ပညာတက္ကသိုလ်ခွဲတွင် တက်ရောက်ရန်အတွက် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်သို့ပင် လျှောက်ထးရမည်ဖြစ်ပြီး ဝင်ခွင့်ရသူများထဲမှ အဆိုပါတက္ကသိုလ်က ပြန်လည်ရွေးချယ်မည်ဖြစ်သည်။

ကိုရီးယားတက္ကသိုလ်သို့တက်ရောက်ခွင့်ရသူများသည်မြန်မာနိုင်ငံတွင် ဖွင့်လှစ်သည့် တက္ကသိုလ်တွင် ၃နှစ်တက်ရောက်၍ ကျန် ၂နှစ်ကို ကိုရီးယားနိုင်ငံသို့ သွားရောက်တက်ရောက်ကာ ဘွဲ့ရရှိပြီးပါက ကိုရီးယားနိုင်ငံရှိသင်္ဘောကုမ္ပဏီများတွင် ၅ နှစ် အလုပ်လုပ်ကိုင်ရမည်ဖြစ်သည်။ ယင်းတက္ကသိုလ် လာရောက်ဖွင့်လှစ်ပါက သင်ရိုးညွှန်းတမ်းနှင့် ပါမောက္ခများ ကိုရီးယားဘက်မှပင် လာရောက်သင်ကြားမည်ဖြစ်သော်လည်း မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဆရာများနှင့်ပါ တွဲဖက်သင်ကြားနိုင်ရန် ဆရာများကို သင်ကြားရေးဆိုင်ရာ အရည်အချင်းမြှင့်တင်ခြင်းများပါဆောင်ရွက်နေပြီဖြစ်သည်ဟုလည်း သိရသည်။

"သူတို့က သူတို့ သင်ရိုးနဲ့ သူတို့လာမှာ ကျွန်တော်တို့နဲ့ သင်ရိုးချင်း တန်းတူနိုင်မယ်ပဲထား သူတို့ရဲ့ သင်ကြားရေးစနစ်ကတော့ ပိုကောင်းမှာ သေချာပါတယ်။ ကျွန်တော်တို့ဘက်က ဘာရနိုင်မလဲဆိုရင် သင်ရိုးကတော့ ရသွားမှာ သေချာပြီး ကိုယ့်ဘက်က နစ်နာတာ မရှိအောင်တော့ တော်တော်လေး စဉ်းစားပြီးလုပ်ရပါမယ်" ဟု ဒေါက်တာချာလီသန်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ ကျောင်းသားများ ကိုရီးယားရေကြောင်းပညာတက္ကသိုလ်သို့ တက်ရောက်ရာတွင် မြန်မာနိုင်ငံတွင် လာရောက်သင်ကြားပေးမည့် ဆရာများ၏ စရိတ်ကို ကိုရီးယားအစိုးရကကျခံမည်ဖြစ်ပြီး ကိုရီးယားနိုင်ငံသို့ သွားရောက်သင်ကြားမည့် ကျောင်းသားများ၏ စရိတ်ကို ကိုရီးယားသင်္ဘော ကုမ္ပဏီများကကျခံမည်ဖြစ်၍ ကျောင်းသားများက ပညာသင်ကြားရေးစရိတ်ကို ကျခံရန်မလိုကြောင်းလည်း သိရသည်။

CRÖWN EDUCATION

မန္တလေးမြို့၌ ကျင်းပမည့် "ပြည်တွင်း၊ ပြည်ပရွေးချယ်စရာပညာရေးလမ်းကြောင်းများ၊ သတင်းအချက်အလက်များပြပွဲနှင့် နိုင်ငံတကာတွင်ပညာသင်ခြင်းအတွက်ပြင်ဆင်ခြင်း" ပညာရေးဆွေးနွေးပွဲ

- တစ်ချိန်ချိန် နိုင်ငံတကာမှာ ဆက်လက်ပညာသင်ယူမယ်ဆိုရင် ပြည်တွင်းမှာ ဘယ်လိုသင်တန်းတွေက အထောက်အကူပြုမှာလဲ
- ပြောင်းလဲလာနေတဲ့မြန်မာနိုင်ငံစီးပွားရေး၊ ပညာရေးနဲ့ စင်ကာပူအစိုးရကျောင်းတွေကို လျှောက်ထားသင့်သေးလား
- ABE / IDCS / HND တွေ ရထားပြီးရင် ဘယ်လိုကျောင်းမျိုးတွေကို ဘယ်အဆင့်ကနေ ဝင်ခွင့်ရနိုင်မလဲ
- ပညာသင်ဆု စစ်စစ်ရဖို့ဆိုရင် ဘာတွေလိုအပ်သလဲ
- နိုင်ငံခြားမှာ ဆေးကျောင်းတက်တိုင်းဆရာဝန်ဖြစ်နိုင်ပါ့မလား



**10:00 - 11:00**
- စင်ကာပူကျောင်းများရွေးချယ်လျှောက်ထားမယ်ဆိုရင် သိထားသင့်တဲ့အချက်များ
- စင်ကာပူနိုင်ငံရဲ့ အကောင်းဆုံး IT / Engineering ကျောင်းများ

**11:00 - 12:00**
- မြန်မာကျောင်းသားတွေကို ပေးမယ့်အင်္ဂလန်ပညာသင်ထောက်ပံ့ကြေး
- iGCSE / GCE 'A' မလိုဘဲ တက်ရောက်နိုင်တဲ့ အင်္ဂလန်နာမည်ကြီးတက္ကသိုလ်များ

**12:00 - 1:00**
- ဩစတြေးလျ တက္ကသိုလ်များလျှောက်ထားခြင်း
- အမေရိကန်တက္ကသိုလ်များသို့ SAT မလိုဘဲ လျှောက်ထားခြင်း

နေ့ရက် - စက်တင်ဘာ (၁)ရက်၊ (၂)ရက်   နေရာ - ဟိုတယ်မန္တလေး (စံပယ်ဖြူခန်းမ)

Call us: 09 732 732 77, 09 5085 185

# Technology

7 DAY NEWS JOURNAL

Vol.11, No.25 • AUGUST 30 , 2012




## ကမ္ဘာ့အကြီးဆုံး ၈၄ လက်မအရွယ် HD တီဗီသစ် LG စတင်ဖြန့်ချိ

**ဆိုးလ်၊ ဩဂုတ် - ၂၄**

တောင်ကိုရီးယား၏ LG အီလက်ထရွန်နစ် ကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံး ultra-definition တီဗီဟု ၎င်းတို့သတ်မှတ်ထားသည့် ၈၄ လက်မ (၂၁၃ စင်တီမီတာ) အရွယ် HD တီဗီတစ်လုံးကို ပြည်တွင်းဈေးကွက်တင်ရောင်းချခဲ့သည်။ စကရင်မျက်နှာပြင်အရွယ် ၈၄ လက်မရှိသည့် ရုပ်သံကြည်လင်ပြတ်သား မှုအလွန်မြင့်မားသော ယင်းတီဗီကိုဈေးနှုန်းဝမ် ၂၅ သန်း(စင်ကာပူဒေါ်လာ ၂၇,၅၀၀) ဖြင့်တောင်ကိုရီယားပြည်တွင်းဈေးကွက်တွင် စတင်ရောင်းချခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီသည် ယင်းတီဗီကို လာမည့်လတွင် ဥရောပနှင့် အမေရိကန်ဈေးကွက်သို့ တင်ပို့ပြီးနောက် လက်တင်အမေရိကနှင့် အာရှဈေးကွက်သို့ ထပ်မံတင်ပို့သွားမည်ဟု ကြေညာထားသည်။

LGသည်ကမ္ဘာ့ဒုတိယမြောက်အကြီးဆုံး တီဗီထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်ပြီး ယခုတီဗီမော်ဒယ်လ်သစ်တွင်လက်ရှိဈေးကွက်တွင်းရှိ HD တီဗီများထက် ရုပ်ထွက်အရည်အသွေးပိုကောင်းအောင်ဖန်တီးထားကြောင်းဆိုသည်။ ကိုရီးယားထိပ်တန်း ကုမ္ပဏီတစ်ခုဖြစ်သော ဆမ်ဆောင်းသည် ယခုနှစ်အစောပိုင်းက ၇၅ လက်မအရွယ်HDတီဗီမော်ဒယ်လ်တစ်မျိုးကိုဖြန့်ချိခဲ့ပြီး ဂျပန်ကုမ္ပဏီ Sharp ကလည်း လက်မ ၉၀ အရွယ် ကမ္ဘာ့အကြီးဆုံး LED တီဗီတစ်မျိုးကို ဇွန်လကပြသခဲ့သည်။

*—Ref: AFP*

## ဆင်းမ်ကတ်ကို ဝယ်ယူသည့်နေရာတွင် မဖြစ်မနေ ချိုးရန်မလိုတော့

**ယုဇနကိုကို**

**ရန်ကုန်၊ ဩဂုတ် - ၂၄**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်တွင်းအသုံးပြုနေသော မိုဘိုင်းဖုန်းများအားလုံးကို Local Roaming စနစ်ဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း ယင်းလုပ်ငန်း၏ မိုဘိုင်းဌာနမှ အင်ဂျင်နီယာချုပ်က ပြောသည်။

လက်ရှိ အသုံးပြုနေသော မိုဘိုင်းဖုန်းများသည် ယခုကဲ့သို့ Local Roaming စနစ် မဖွင့်ပေးမီက ဆင်းမ်ကတ်ကို မချိုးရသေးဘဲနှင့် အခြားနေရာဒေသများသို့ သယ်ဆောင်အသုံးမပြုနိုင်ခဲ့ပေ။

မည်သည့်အမျိုးအစား ဆင်းမ်ကတ်များကိုမဆို ကတ်မချိုးရသေးလျှင်လည်း အခြားသော နေရာများသို့ သယ်ဆောင်သွားပြီး အသုံးပြုနိုင်တော့မည်ဖြစ်သည်။

"အရင်ကဆို နယ်မှာဝယ်တဲ့ ဆင်းမ်ကတ်ကို ကတ်ချိုးပြီး မသုံးသေးဘဲ တခြားနေရာကို သယ်သွားပြီး သုံးလို့မရဘူး။ အခုဘယ်နေရာမှာဝယ်ဝယ် ကတ်မချိုးရသေးလည်း တခြားနေရာရောက်မှ ကတ်ကို ချိုးပြီးသုံးလို့ရပြီ"ဟု အင်ဂျင်နီယာချုပ်က ဆက်လက်ရှင်းပြသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထိုကဲ့သို့ ဖွင့်ပေးနိုင်ခဲ့ခြင်း မရှိခဲ့ခြင်းကြောင့် နယ်မြို့များမှ ဖုန်းအသုံးပြုသူများအတွက် အဆင်မပြေခြင်းများဖြစ်ပေါ်ခဲ့ရကြောင်းလည်း မိုဘိုင်းဖုန်းအသုံးပြုသူများထံမှသိရသည်။

"နှစ်သိန်းဖုန်းတွေ စစချင်း ဝယ်တယ်ဗျာ။ မိတ္ထီလာမှာ ဝယ်တာပေါ့။ ကတ်ကိုမချိုးသေးဘဲ ရန်ကုန်ရောက်မှ ချိုးပြီးသုံးတော့ မရဘူးဗျ။ အဲ့ဒါ နယ်ပြန်ပြီး ကတ်ကို ချိုးသုံးမှ လိုင်းပွင့်တယ်။ အဲ့ဒီတော့ မှ မိတ္ထီလာပြင်ပ တခြားနေရာတွေ သယ်ပြီးသုံးလို့ရတယ်"ဟု မိုဘိုင်းဖုန်းအသုံးပြုသူတစ်ဦးကပြောသည်။

## ပြည်တွင်း စမတ်ဖုန်းဈေးကွက်တွင် ဆမ်ဆောင်းဂလက်စီစီးရီးများ ထိပ်ဆုံးက နေရာယူ

**ယုဇနကိုကို၊ နိုင်ချို**

**ရန်ကုန်၊ ဩဂုတ် - ၂၄**

နိုင်ငံတကာ Smart ဖုန်းများတွင် ဆမ်ဆောင်း အမှတ်တံဆိပ်၏ ဂလက်စီစီးရီး (Glaxy Series) များက ပြည်တွင်းဈေးကွက်အတွင်း ထိပ်ဆုံးက ဦးဆောင်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

ကျပ်တစ်သိန်းကျော်ဝန်းကျင်ဖြင့် စမတ်ဖုန်းတစ်လုံး အသုံးပြုနိုင်ခြင်းကြောင့်လည်းကောင်း၊ နည်းပညာမြင့် application များစွာပါဝင်ခြင်းကြောင့်လည်းကောင်း ဆမ်ဆောင်း၏ ဂလက်စီစီးရီးများက လူကြိုက်များနေရခြင်းဖြစ်ကြောင်း ရန်ကုန်အခြေစိုက် မိုဘိုင်းဖုန်းဈေးကွက်မှ ဈေးကွက်ကျွမ်းကျင်သူများကဆိုကြသည်။

လောက်နဲ့ စမတ်ဖုန်းတစ်လုံးသုံးနိုင်တဲ့အချက်က အဓိကပါပဲ" ဟု လူကြီးမင်းမိုဘိုင်းဖုန်းဆိုင်၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုလက်ရှိ ပြည်တွင်းမိုဘိုင်းဈေးကွက်တွင်းသို့ဝင်ရောက်လျက်ရှိသော ဆမ်ဆောင်းဖုန်းများတွင် ထိုင်းနိုင်ငံမှ ဝင်ရောက်လာသည့်ပစ္စည်းများက တရုတ်နိုင်ငံဘက်မှ တင်သွင်းလာသည့်ဖုန်းများထက် ပိုမိုကောင်းမွန်ပြီး သုံးစွဲသူလည်း ပိုများကြောင်း သိရသည်။

"ဆမ်ဆောင်းရဲ့ ဂလက်စီစီးရီးက သုံးရတာအဆင်ပြေတယ်။ ပုံရဲ့ ရုပ်ထွက်အား အရမ်းကောင်းတယ်။ အင်တာနက်သုံးရတာလည်း အဆင်ပြေတယ်။ တစ်ခါ



ယခုကဲ့သို့ Andorid OS ဗားရှင်းဖြစ်သည့် ဆမ်ဆောင်းမိုဘိုင်းဖုန်းများသည် ကျပ်နှစ်သိန်းတန်မိုဘိုင်းဖုန်းများ ပေါ်ထွက်လာပြီးနောက်ပိုင်း ဈေးကွက်အတွင်းထိပ်ဆုံးသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်းသိရသည်။

"ဆမ်ဆောင်းကို လူတွေတအား ကြိုက်နေတယ်။အဓိကက သူ့ရဲ့ဈေးနှုန်းပဲ။ တစ်သိန်းကျော်ကနေ ငါးသိန်းနီးပါးအထိရှိပြီး စိတ်ကြိုက်ရွေးချယ်နိုင်ခွင့် အများကြီးရှိတယ်။ တစ်သိန်းတလေ အားသွင်းထားရင် ပူလာတာတော့ရှိတယ်"ဟု ဆမ်ဆောင်းဂလက်စီစီးရီးဟန်းဆက် အသုံးပြုသူအမျိုးသားတစ်ဦးကဆိုသည်။

ပြည်တွင်းမိုဘိုင်းဈေးကွက်၏ လက်တလောဦးဆောင်နေသည့် ဆမ်ဆောင်းနောက်၌ Apple အမှတ်တံဆိပ် iPhone စီးရီးများနှင့် Android OS သုံး Huawei ဖုန်းများက ဒုတိယနေရာမှလိုက်နေကြောင်း ဈေးကွက်လေ့လာသူများကဆိုကြသည်။








FMI Air
Charter
Welcome to a New Experience in Air Travel
FMI Air Charter မှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ရန်ကုန် - နေပြည်တော် ခရီးစဉ်ကို
စက်တင်ဘာလတွင် စတင်၍ တစ်နေ့(၃)ကြိမ်အထိ ပျံသန်းပေးမည်ဖြစ်ကြောင်း
သတင်းကောင်း ပါးအပ်ပါသည်၊
FMI Co., Ltd.
FMI Centre, Level 10 & 11,
No.380, Bogyoke Aung San Rd.,
Yangon, Myanmar.
Tel : +95-1-240 363, 240 373, Ext:2130/2163
Mobile : 09 421146545

# ခေတ်သစ်ဖွံ့ဖြိုးရေးပါရာဒိုင်း ပါမောက္ခဖူကူယားမား၏ ? ပို့ချချက်နှင့် စာရေးသူ၏အတွေးအချို့

ကျော်ဝင်း




**■ အပြောင်းအလဲ၏ လတ်တလောအရသာ**

မြန်မာပြည် ပြောင်းပါပြီ။ ဤအပြောင်းအလဲကို ပြည်တွင်းပြည်ပရှိ သဘောထားတင်းမာသူ အချို့ကပင် သိမှတ်လက်ခံလာကြပါပြီ။ ယခင်က ဆိုလျှင် လူအရှင်လတ်လတ်မဆိုနှင့် သူတို့စာတွေကိုပင် မရဲတရဲမိတ်ဆက်နေကြရသော ကမ္ဘာသိပညာရှင်တွေ ဝင်လာမစဲ တသဲသဲရှိလာသည်။ ယခုနှစ်ပိုင်း ၂၀၁၂ ကိုပဲကြည့်။ တောမတ်ကရိုသာ၊ မန်မိုဟန်ဆင်း၊ ပေါ(လ်)ကိုလီယာ၊ လာရီဒိုင်းမွန်း . . . ။ အခု ဖရန်စစ်ဖူကူယားမား . ။ အားလုံးမှာစာရေးသူ ဒိုင်ခံမိတ်ဆက်ပေးနေသည့် ပညာရှင်တွေချည်း။ သူတို့စာတွေဖတ်ရင်း အဝေးက ကြည့်မောနေရသူ အနေနှင့် သူတို့နှင့်တွေ့ချင်ဆုံချင်သည်။ မေးချင်မြန်းချင်သည်။ ကြားချင်နာချင်သည်။ သို့တစေ ဖိတ်စာမရ၍ အကုန်လုံးနှင့်တော့ တွေ့ခွင့်မရ။ သည်တစ်ခါ ဖူကူယားမားကိုတော့ မင်္ဂလာမြန်မာ ဇနီးမောင်နှံကျေးဇူးကြောင့်တွေ့ခွင့်ဆုံခွင့်ရသည်။ သူ့ပို့ချချက်ကိုကြားနာခွင့်ရသည်။ အရတော်လေစွ။ ကျေးဇူးအထူးပါ မင်္ဂလာမြန်မာ။

စာရေးသူကတော့ ခန်းမအပြည့်ပရိသတ်တွေ ရောက်နှင့်ပြီ။ တော်တော်များများက လူငယ်တွေ။ ပါမောက္ခ ပို့ချချိန်မှာရော မေးမြန်းခွင့်ပေးချိန်မှာရော အားတက်ရွှင်လန်း ပညာဆာလောင်မျက်နှာတွေကို သတိပြုမိသည်။ လွန်ခဲ့သောဆယ်နှစ်ဝန်းကျင်ဖူကူယားမား၏စာတွေကို မိတ်ဆက်ပေးစဉ်က ကြုံခဲ့ရသောအဖြစ်သနစ်တွေကို တွေးမိတော့ ပြုံးရသေးသည်။ လူ့သမိုင်း၏ အိုင်ဒီအိုလိုဂျီတိုက်ပွဲတွင် ကွန်မြူနစ်ဝါဒအရေးနိမ့် သွားပြီဆိုသော သူ့ကောက်ချက်ကိုတစ်ဆင့်ပြန်ပြောမိ၍ လက်ဝဲဆရာတွေက အအုပ်အသင်းဖွဲ့ကာဝိုင်းတွယ်ကြသည်။ အချို့က အမေရိကန် mouth-piece ဟုစွဲချက်တင်ကာ ချွန်တွန်းလုပ်ကြသည်။ နိုင်ငံခြားရောက်ပညာတတ် မြန်မာစာရေးဆရာတစ်ယောက်ကဆိုလျှင်"ဖူကူယားမားဆိုတာ အိမ်ဖြူတော်အတွက်ဆွမ်းကြီးခံထွက်နေတဲ့ ဖိုးသူတော်ပါ"စသဖြင့် ခပ်ရမ်းရမ်းမှတ်ချက်ပြုသည်။ အခုတော့ အမြင်တွေပြောင်းသလောက်ပြောင်းပြီထင်ပါသည်။ အထူးသဖြင့်လူငယ်တွေ။ ၂၁ ရာစုခေတ်တွင် မိမိတိုင်းပြည်ဖွံ့ဖြိုးရေးကို မျက်နှာမူသူတိုင်း စစ်အေးခေတ်အစွဲတွေ ခဝါချရတော့မည်မဟုတ်ပါလော။

လူငယ်တွေကြားတွင် လူကြီးအချို့ကိုလည်း တွေ့ရရာ ပို၍ပင်အားတက်မိသည်။ ပါတီအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှလည်းပါသည်။ USDP၊ NLD၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ) နှင့် တိုင်းရင်းသားပါတီများ၊ အတော်စုံပါသည်။ စာရေးသူက နိုင်ငံရေးသမားဆိုလျှင် အာဏာရပါတီမှဖြစ်စေ အတိုက်အခံပါတီများမှဖြစ်စေ မိမိမလုပ်နိုင်သော အလုပ်တွေကို တာဝန်ယူနေကြသူများဖြစ်၍ လေးစားတန်ဖိုးထားသည်။ ယခုပွဲတွင် သူတို့နှင့် သိကျွမ်းခင်မင်ခွင့်ရ၍ ဝမ်းသာသည်။ ထို့ထက် သူတို့အားလုံးက ပါမောက္ခ၏ ဖွံ့ဖြိုးရေးဘာသာရပ်ကို စိတ်ဝင်တစားနားစွင့်နေကြသည်ကိုမြင်ရရာ အနာဂတ်အတွက် အမှန်ပင်အားတက်မိသည်။ တစ်ခုပဲ ဝမ်းနည်းမိသည်မှာ ဖူကူယားမား၏စေတနာတွေကိုပထမဆုံး ဦးဆောင်မိတ်ဆက်ပေးခဲ့သူ ဆရာကြီးမောင်စူးစမ်းကိုမတွေ့ရခြင်းပင်။ ဆရာမှာ ကျွန်တော်တို့၏ pioneer ဟု စာရေးသူက ခံယူထားသည်။

**■ ကျောင်းဆရာ၏ ရိုးသားမှု၊ ပညာရှင်၏ ထက်မြက်မှု**

(ပါမောက္ခ၏ ပို့ချချက်)

ဖရန်စစ် ဖူကူယားမားမှာ ဓာတ်ပုံတွေထဲကအတိုင်းပင်။ အရပ်ပြတ်ပြတ် (နိုင်ငံခြားစံချိန်နှင့်ဆိုလျှင် ပုသည်ဟူ၍ပင်ဆိုနိုင်မည်ထင်သည်)၊ မျက်နှာဝိုင်းဝိုင်း၊ အပြုံးချိုချို။ ပါမောက္ခတို့၏ အမှတ်အသားပေပဲလားမသိ။ ထိပ်ကတော့ အတော်ပြောင်သည်။ အဝတ်အစားမှာလည်း တောက်တောက်ပပကြီးမဟုတ်။ ကာကီရောင်ဘောင်းဘီတွန့်တွန့်ကြေကြေ။ မိုးပြာရောင် ရှပ်လက်ရှည် ခပ်နွမ်းနွမ်း။ ပန်းနုဖျော့ဖျော့လည်စည်းတော့ပါသည်။ Lecture စတော့မှ အပေါ်ကုတ်အင်္ကျီထပ်ဝတ်သည်။ စကားပြောတော့လည်း တမင်ဖန်တီးထားသော တက်သံကျသံနှင့် တက်ထောင်မောင်းနင်းမဟုတ်။ မိုက်ခရိုဖုန်းကိုင်၊ လမ်းလျှောက်ရင်း အေးအေးသက်သာပင်ပြောသည်။ သို့တိုင်ပီသည်၊ ရှင်းသည်၊ စကားလုံးအတိအကျ ရွေးချယ်သုံးသပ်သည်။ တကယ့်ကို ရိုးရှင်းသည့် ကျောင်းဆရာတစ်ယောက်၏ ဟန်ပန်။ သူ၏ပို့ချချက်တွင်ကား ပညာရှင်တစ်ယောက်၏ ထက်မြက်မှုကို အထင်းသားမြင်နေရသည်။

သူ့ပို့ချချက် ခေါင်းစဉ်မှာ 'What Is Development' ယနေ့ မြန်မာ့နိုင်ငံရေး အခင်းအကျင်းနှင့် ချိန်ခါသင့်အကြောင်းအရာဟု ထင်သည်။ ပထမဆုံး 'ဖွံ့ဖြိုးရေး' ဆိုသည်၏ အဓိပ္ပာယ်ကို ဇီဝဗေဒရှုထောင့်မှ စတင်ကာ စီးပွားရေး နိုင်ငံရေးအဆင့်များထိ ရှင်းလင်းဖွင့်ဆိုပြသည်။ နောက်- ဖွံ့ဖြိုးရေး၏မျက်နှာစာများကို ယခုလိုခင်းပြသည်။

**DIMENSIONS OF DEVELOPMENT**




'စီးပွားရေး တိုးတက်မှု' (Economic Growth) ဆိုရာတွင် 'နက်ရှိုင်းသော စီးပွားရေးတိုးတက်မှု'(Intensive Economic Growth) နှင့် 'ကျယ်ပြန့်သော စီးပွားရေးတိုးတက်မှု'(Extensive Economic Growth) အဖြစ် ခွဲခြားဖွင့်ဆိုပြီး နက်ရှိုင်းသော စီးပွားရေးတိုးတက်မှု၏ အရေးပါပုံကို ထောက်ပြသည်။ ပြီးမှ 'လူမှုရေးနိုးကြားလှုပ်ရှားလာမှု' (Social Mobilization)၏ အဆက်အစပ်ကိုရှင်းသည်။ အရေးအကြီးဆုံးနှင့် အထူးခြားဆုံး ဖြစ်ထွန်းတိုးတက်မှုဟု မှတ်ချက်ပြုသော 'နိုင်ငံရေးဖွံ့ဖြိုးမှု'(Political Development)ကိုမူ အင်စတီကျူးရှင်းသုံးရပ်ဖြင့် သရုပ်ခွဲစိစစ်ပြသည်။ နယ်ပယ်ပိုင်နက်တစ်ခုအတွင်း နိုင်ငံတော်အာဏာကို ထိထိရောက်ရောက် အသုံးပြုနိုင်ရေးအတွက် 'နိုင်ငံတည်ဆောက်ရေး' (State Building)။ အဆိုပါ နိုင်ငံတော်အာဏာကို ကန့်သတ်ထိန်းချုပ်နိုင်စွမ်းရှိသော 'တရားဥပဒေစိုးမိုးမှု'(Rule of Law)၊ လူထုဆန္ဒကိုအခြေခံသော လူထုအကျိုးစီးပွားကို တာဝန်ခံနိုင်စွမ်းရှိသော အစိုးရဖြစ်စေရေးအတွက် 'ဒီမိုကရေစီ'(Democracy)။ ဆိုခဲ့ပါအင်စတီကျူးရှင်းသုံးရပ်၏ အဆင့်ဆင့်ဖြစ်ထွန်းမှုများကို သမိုင်းခေတ်များနှင့် ယှဉ်၍ရှင်းပြသည်။ နောက်ဆုံးတွင်မှ စတုတ္ထမျက်နှာစာ 'အတွေးအမြင်များနှင့်တရားနည်းလမ်းကျမှု' (Ideas and Legitimacy) ၏ အရေးပါပုံဖြင့် အနားသတ်ပါသည်။

**■ ခေတ်ပြိုင်နှင့် မြန်မာ**

(စာရေးသူ၏အတွေး)

ဤသို့ ဖွံ့ဖြိုးရေး၏ မျက်နှာစာများကိုဖြန့်ခင်းရှင်းပြပြီးတော့မှ အဆိုပါမျက်နှာစာအသီးသီး၏ အပြန်အလှန် ကျေးဇူးပြုကြပုံများကို နိုင်ငံတကာအတွေ့အကြုံများနှင့်ဆက်စပ်သုံးသပ်ပြပါသည်။ သို့နှင့်တိုင် နိုင်ငံတစ်ခုနှင့်တစ်ခု ထပ်တူမကျနိုင်သည်ကိုမူ အသေအချာသတိပေးသည်။ ထို့နောက်မှ ခေတ်သစ်ဖွံ့ဖြိုးရေးပါရာဒိုင်းအဖြစ်၁၉၅၄မှ၁၉၉၉အတွင်းတောင်ကိုရီးယားပုံစံကို ထုတ်ပြပြီး မြန်မာနိုင်ငံ၏ အားကောင်းချက် အားနည်းချက်များကိုခပ်ပါးပါးထောက်ပြပါသည်။ စာရေးသူအတွက် တော့တွေးစရာတွေတစ်ထောင်ကြီး လျှံကျလာပါတော့သည်။

**SOUTH KOREA (1945-1999)**




တောင်ကိုရီးယားနိုင်ငံမှာ ကွန်ဖြူးရှပ်အစဉ်အလာ အမွေကောင်းနှင့် ဂျပန်ကိုလိုနီကာလ (၁၉၀၅-၁၉၄၅)အတွင်းပေါ်ထွက်ခဲ့သော ခေတ်သစ်အင်စတီကျူးရှင်းများ၏ အကျိုးဆက်ကြောင့် နိုင်ငံတည်ဆောက်ရေး အားကောင်းသည်။ သို့နှင့်အမျှ ကိုရီးယားစစ်ပွဲအပြီးတွင် မြန်နှုန်းမြင့်စီးပွားရေးတိုးတက်မှုကို တွန်းတင်နိုင်ခဲ့သည်ဟုဆိုပါသည်။ (မြား-၁ ကိုကြည့်ရန်ဖြစ်သည်။ (ဤသို့ဆိုလျှင် ကွန်ဖြူးရှပ်ဓလေ့ရော ဂျပန်ကိုလိုနီအတွေ့အကြုံပါရှိသည့် မြောက်ကိုရီးယားတွင်ရော ဘာ့ကြောင့် ဤသို့ ဖြစ်မလာပါသနည်း။ - စာရေးသူ ကိုယ့်ဘာသာ မေးခွန်းထုတ်ကြည့်နေမိသည်။ အဖြေမှာ 'ဈေးကွက်'ဖြစ်လိမ့်မည်ထင်သည်။ ကွန်ဖြူးရှပ်ဓလေ့၏ မွေးရပ်မြေ တရုတ်ပြည်ကြီးတွင် ဈေးကွက်မရှိသော 'မော်'ခေတ်က စီးပွားရေးတိုးတက်မှုမရခဲ့ဘဲ ဈေးကွက်ကို ခွင့်ပြုပေးခဲ့သော 'တိန့်' ခေတ်ရောက်မှ စီးပွားရေးတိုးတက်လာသည်မှာ ဤသဘောပင်ဖြစ်လိမ့်မည်လား၊စဉ်းစားမိသည်)

အဆိုပါစီးပွားရေးတိုးတက်မှုကြောင့် ပညာရေးရေချိန်မြင့်တက်ကာ လူမှုရေးအရ နိုးကြားလှုပ်ရှားမှုများ အားကောင်းလာသည်။ (မြား-၂) ဤသည်၏ အကျိုးဆက်အဖြစ် ဒီမိုကရေစီသို့ ဦးတည်လာသည်။ (မြား-၃) ကို ပါမောက္ခက ဆက်ရှင်းသည်။ သို့တစေ တရုတ်ပြည်တွင်ကား ယခုထက်တိုင် 'မြား-၃' ပျောက်ဆုံးနေဆဲဟု ထောက်ပြသည်။ (ဤသို့ ဘာ့ကြောင့်ဖြစ်ရသည်ကို ဉာဏ်မီသမျှ တွေးကြည့်ရာ တောင်ကိုရီးယား၏ အားကောင်းသော 'အရပ်ဘက်အဖွဲ့အစည်းများ'ကို ဆင်ခြင်မိသည်။ တရုတ်ပြည်တွင်ကား အရပ်ဘက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုကို ဇက်ကြိုးသတ်ထားခဲ့သည်။) တောင်ကိုရီးယားမိုဒယ်တွင် ဒီမိုကရေစီအပြောင်းအလဲနှင့်မြန်နှုန်းမြင့်စီးပွားရေးတို့ပေါင်းဆုံမိရာမှ 'တရားနည်းလမ်းကျမှု' ခိုင်မာအားကောင်းလာသည်။ (မြား-၄ နှင့် ၅) တစ်ပြိုင်နက်တည်းမှာပင် စီးပွားရေးတိုးတက်မှုကရော ဒီမိုကရေစီနိုင်ငံရေးစနစ်ကပါ တရားဥပဒေစိုးမိုးမှုကို ကူညီအားဖြည့်ခဲ့ကြသည်။ (မြား-၆ နှင့် ၇) 'မြား-၃' ပျောက်ဆုံးသွားသော တရုတ်ပြည်ကြီးတွင်ကား ဤအကျိုးဆက်များ ဘာမှဖြစ်မလာခဲ့ဟု ပါမောက္ခက နှိုင်းယှဉ်သုံးသပ်ပြသည်။

စာရေးသူမှာ သူဖွင့်ဆိုပြသော ခေတ်သစ်ဖွံ့ဖြိုးရေးပါရာဒိုင်း(တောင်ကိုရီးယားမိုဒယ်)ပေါ်တွင် မြန်မာပြည်ကို တင်ကြည့်နေမိသည်။ မြန်မာနိုင်ငံတွင် ကွန်ဖြူးရှပ်အသီးအပွင့်ဟု ဆိုနိုင်သော 'အရည်အချင်းလိုက် မြှောက်စားသည့်စနစ်'(Meritocracy) မျိုး၊ အစဉ်အလာအရပင် အားမကောင်း။ ၎င်းနှင့် ဆန့်ကျင်စွာပင် 'သားတူညီများ ကောင်းစားရေးဝါဒ'(Nepotism)နှင့် 'လက်သင့်ရာ စားတော်ခေါ်ဝါဒ'(Cronism)တို့သာ ခေတ်အဆက်ဆက်ထွန်းကားခဲ့သည်။ ဤသို့တပြီကား မြန်မာ့ဖွံ့ဖြိုးရေးကိုဘယ်မျက်နှာစာမှစတင်ရမည်နည်း။ အတွေးများဖြင့် လုံးလည်လိုက်နေစဉ်မှာပင်ပါမောက္ခက ချိန်ခါသင့်အဖြေထုတ်ပြသည်။ 'လူမှုရေးအရ နိုးကြားလှုပ်ရှားမှု' ဟုတ်သည်ကော။ မြန်မာနိုင်ငံ၏ ကျောင်းသားလှုပ်ရှားမှုမှာ အာရှဒေသသာမဟုတ် ကမ္ဘာသိဖြစ်သည်။ မြန်မာ့နိုင်ငံရေး အချိုးအကွေ့တိုင်း ကျောင်းသားလှုပ်ရှားမှုမှစသည်ဟုဆိုနိုင်သည်။

သို့နှင့်တိုင် စာရေးသူအတွက် တွေးစရာတွေကား မဆုံးသေးပါ။ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတွင် စတင်သန္ဓေတည်ပြီး စစ်အေးခေတ်ကြီးကို ဖြတ်ခဲ့ရသော ကျွန်တော်တို့ ကျောင်းသားလှုပ်ရှားမှုမှာ 'လှုံ့ဆော် နိုင်ငံရေး' (Agitated Politics) ကဲနေသလား စဉ်းစားဖို့ရှိသည်။ ဒီမိုကရက်တစ်အတွေးအမြင်များဖြင့် ပုံဖော်ကြရမည်။ 'ရည်မှန်းချက်ရှိရှိ နိုင်ငံရေး' (Deliberate Politics)သို့ တက်လှမ်းနိုင်ဖို့ လုံးပန်းရဦးမည်ထင်ပါသည်။ ဆက်လက်ပြီး ပါမောက္ခက မြန်မာ့ဖွံ့ဖြိုးရေးဖြစ်စဉ်အတွက် အားနည်းချက်ဖြစ်ဖွယ်ရှိသည်မှာ 'လူမှုအရင်း' (Social Capital) အားနည်းမှုဖြစ်မည်ထင်ကြောင်း တွေးတွေးဆဆပြောသည်။ ဟုတ်တာပေါ့။ 'လူမှုအရင်း' အားနည်း၍ 'ယုံကြည်မှုအချင်းဝက်' (Radius of Trust) တို့၊ 'ဂိုဏ်းဂဏဝါဒ' (Factionalism) ရှေ့ရောက်။ မြန်မာ့နိုင်ငံရေးခရီးစဉ်မှ ခံတွင်းမတွေ့စရာများကို စိတ်မသက်မသာ တွေးနေဆဲမှာပင် ပါမောက္ခက သူ့ပို့ချချက်ကို နိဂုံးချုပ်လိုက်သည်။ 'မေးလိုသမျှ မေးကြပါ'။ ***စာ(၃၅) သို့***

7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

**ကမ္ဘာ့**နေရာအများအပြားမှာပင်အဂတိလိုက်စားမှုကဘဝ၏တစ်စိတ်တစ်ပိုင်းလိုဖြစ်နေပါသည်။သမ္မတဦးသိန်းစိန်ကလည်းမြန်မာနိုင်ငံမှာအဂတိလိုက်စားမှုသည်အောက်ခြေအဆင့်၌နေရာတိုင်းလိုလိုတွင် ရှိနေသေးသည်ဟု ပြောခဲ့ပါသည်။ ထို့အပြင် အကျင့်ပျက်ခြစားမှုများကို အရေးယူရန် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်တစ်ရပ်ကိုဖွဲ့စည်းရန် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုလိုက်ပြီဆိုသောသတင်းကိုလည်း ကြားလိုက်ရပါသည်။ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုသွားရန် အဆင့်များတော့ ကျန်နေပါသေးသည်။

မည်သို့ဆိုစေ ဤသည်ကား အဂတိလိုက်စားမှုသည် မြန်မာ့လူ့အဖွဲ့ အစည်းတစ်ခုလုံးကို ကင်ဆာရောဂါလို လှိုက်စားနေတာကို ဆက်ပြီးမျက်နှာလွှဲမထားတော့ဘူးဆိုခြင်း၏ နိမိတ်ပုံပေတည်း။ အဂတိလိုက်စားမှုများကို စောင့်ကြည့်နေသော နိုင်ငံတကာ ပွင့်လင်းမြင်သာရှိမှုအဖွဲ့ကြီး (Transparency International) က မြန်မာနိုင်ငံကိုအဆင့်-၁၈၂ ရှိသည့်အနက် ၁၈၀၊ အဂတိလိုက်စားမှု အဆိုးဆုံးစာရင်းဝင်အဖြစ် သတ်မှတ်ထားသည်မဟုတ်လား။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပြည်သူသည်အဓိက

ထင်အောင်ကျော်



သည်အတွင်းမှာပင် အဂတိလိုက်စားမှုနှင့်ပတ်သက်သော နိုင်ငံတကာသတင်းဆောင်းပါးတစ်ပုဒ်နှင့် စာစုတစ်ခုကို ကျွန်တော်ဖတ်လိုက်ရပါသည်။ တစ်ခုက ဟာဝိုင်အီအခြေစိုက် အရှေ့၊ အနောက်ဗိမာန်က ဇူလိုင်နှောင်းပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး စည်းဝေးပွဲတစ်ရပ်ကျင်းပခဲ့ခြင်းအကြောင်းပါ။ နောက်တစ်ခုက အမေရိကန်နိုင်ငံခြားရေးဌာနမှ အီလက်ထရွန်နစ်ဂျာနယ်(eJournalUSA)ပါ 'အဂတိလိုက်စားမှုကို ပူးပေါင်းတိုက်ဖျက်ခြင်း' စာစုဖြစ်ပါသည်။

ဟာဝိုင်အီမြို့တော် ဟိုနိုလူလူစည်းဝေးပွဲကြီးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် အင်စတီကျူးရှင်း ပြုပြင်ပြောင်းလဲရေး ကျွမ်းကျင်သူ ပါမောက္ခရောဘတ်ကလစ်ဂါ့ဒ်က ဦးဆောင်ဆွေးနွေးခဲ့ပါသည်။ သူသည် ကယ်လီဖိုးနီးယားရှိ ကလဲမွန့်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးပါ။

အဂတိလိုက်စားမှုကို လက်မြောက်အရှုံးပေးရန်မလိုဟု သူကပြောပါသည်။ နိုင်ငံရေးအရ ဆန္ဒရှိမည်၊ အဂတိလိုက်စားမှုသည် အများပြည်သူကိုမဟုတ်ဘဲ လူတစ်စုကိုသာ ကောင်းကျိုးဖြစ်ထွန်းစေသည်ဟူ၍ နားလည်သဘောပေါက်လာကြမည်ဆိုလျှင် ယင်းအပေါ်တိုက်ပွဲဝင်မှုသည် အောင်ပွဲခံနိုင်လိမ့်မည်ဟူ၏။

အဂတိလိုက်စားမှုက နေရာတိုင်းမှာရှိနေသည်။ ရောဂါတစ်ခုလိုပင်။ ရှောင်လွှဲမရနိုင်။ သို့သော် ယင်းအဂတိလိုက်စားမှုသည်စနစ်တစ်ရပ်အဖြစ် အလုံးအထည်ကြီးထွားလာပြီဆိုလျှင်ကား အားလုံးကို အသေသတ်တော့သည်ဟု ပါမောက္ခကလစ်ဂါ့ဒ်ကပြောပါသည်။ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးရှိပါသည်။ ကျွန်တော်က ဟာဝိုင်အီဆွေးနွေးပွဲကြီး၏ ဖွင့်ဆိုချက်ကို သဘောကျပါသည်။ အဂတိလိုက်စားမှုဆိုသည်မှာ 'အစိုးရရုံးကို ကိုယ်ကျိုးအတွက် ခုတုံးလုပ်အသုံးချခြင်း' ဟူလို။

နောက်ပြီး အဂတိလိုက်စားမှုလျော့နည်းလာသည်နှင့် အမျှ အစိုးရအုပ်ချုပ်မှု ကောင်းမွန်တိုးတက်လာမည်။ ဆင်းရဲမွဲတေမှုလျော့ကျလာမည်။ စီးပွားရေးဖွံ့ဖြိုးလာမည်ဆိုသော အချက်များကိုလည်း ဟာဝိုင်အီအစည်းအဝေးတက်လာသူများအားလုံးက တညီတညွတ်တည်း သဘောတူခဲ့ကြပါသည်။ ဟာဝိုင်အီအစည်းအဝေးကြီးတွင် ထောက်ပြသော နောက်အချက်တစ်ခုက အဂတိလိုက်စားမှုကို တိုက်ဖျက်ရာ၌ အများရင်ဆိုင်နေရသော အခက်အခဲမှာ စိတ်ပါလက်ပါမရှိခြင်းနှင့် ကိုယ်ကျိုးအတ္တကိုပဲ ရှေ့တန်းတင်ခြင်းတို့ဖြစ်ပါသည်။ ကိုယ်အဆင်ပြေဖို့ဆိုလျှင် လာဘ်ပေးဖို့လိုက ပေးလိုက်ကြသည်။ များသောအားဖြင့် "ငါတို့ ဘာတတ်နိုင်မှာလဲ"၊ "နိုင်ငံရေးသမားတွေ အားလုံး အကျင့်ပျက်ခြစားနေကြတာပဲ" ဆိုပြီး စစ်မရောက်ခင်က မြားကုန်နေတတ်ကြလေသည်။

ဤတွင် တာဝန်ရှိသူများဘက်ကလည်း မိမိတို့သည် ပြည်သူ့ဝန်ကို ထမ်းနေရတာပါလားဆိုသောအသိ ပျောက်သွားပြီး "ငါတို့လုပ်ပေးလို့ သူတို့ရတာ၊ ဒီအတွက် ငါ့ကိုကန်တော့ကြမှပေါ့" ဟူသော စိတ်ထားမျိုး ဝင်လာတော့သည်။ သည်လိုဖြစ်လာအောင်တစ်ဖက်မှ မီးထိုးပေးနေသည်က တင်းကျပ်ရှုပ်ထွေးပြီး ပွင့်လင်းမြင်သာမှုမရှိသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဖြစ်ပါသည်။ ဥပဒေစည်းမျဉ်းများက များမြောင်ရှုပ်ထွေးလေ ပွင့်လင်းမြင်သာမှုမရှိလေ သာမန်ပြည်သူများအတွက် ခက်ခဲလေ၊ လုပ်ရကိုင်ရ ကျပ်လေဖြစ်ရသည်။

တစ်ဖက်တွင်မူ ထိုဥပဒေစည်းမျဉ်းများ၌ 'ဟာကွက်' များကလည်းရှိနေတတ်သည်။ ဤတွင် အဂတိလိုက်စားသော တာဝန်ရှိသူများအတွက် ပွဲတော်ကြီးဖြစ်နေတော့သည်။ သည်နေရာမှာ ကျွန်တော် ငယ်ငယ်က ကျွန်တော့်ဖခင်ရေးပေးဖူးသော မှတ်သားစရာဆိုရိုးစာအုပ်ထဲမှ 'အုပ်စိုးသူသည် ဥပဒေကို ဖန်တီးသည်။ ထိုဥပဒေသည် အုပ်စိုးခံကို စိစိညက်ညက်ကြေစေသည်' ဆိုသော စာသားလေးကို သတိရမိပါသည်။

စင်စစ် ဥပဒေ၊ စည်းကမ်းဟူသည် အများပြည်သူ အဆင်ပြေစေဖို့အတွက် သူတို့ဘဝလွယ်ကူပြီး စိတ်ချမ်းမြေ့စေဖို့အတွက်သာ ဖြစ်ရပေမည်။

လွန်ခဲ့သည့် နှစ်အစိတ်လောက်တုန်းက အင်းစိန်မှာ မိသားစုလုပ်ငန်းကို လုပ်ကိုင်နေခိုက် ဂျပန်မှ ပြန်လာသော နိုင်ငံခြားဘာသာသိပ္ပံမှ ရုံးဝန်ထမ်းတစ်ဦးနှင့် ကျွန်တော်ခင်မင်ရင်းနှီးခဲ့ပါသည်။ တစ်နေ့ သူ့တဲငယ်မှာ ဂျပန်အတွေ့အကြုံ အကြောင်းတွေကို သူကပြောပါသည်။ အဲသည်မှာ ကျွန်တော် မှတ်သားမိတာတစ်ချက်က ဂျပန်မှာ ဥပဒေတစ်ခုခုထုတ်သည်ဆိုလျှင် ယင်းသည် ပြည်သူလူထုကို ဘယ်လိုအဆင်ပြေစေမလဲဆိုတာကို စဉ်းစားပြီးမှ ထုတ်သည်ဟူ၍ဖြစ်ပါသည်။

"ဒါကြောင့် လည်း သူတို့ (ဂျပန်)တိုးတက်နေတာ။ စဉ်းစားကြည့်လေ. . . ဥပဒေတစ်ခုထုတ်ရင် ငါ့အိတ်ထဲ ဘယ်လောက်ဝင်မလဲဆိုပြီး တွက်ပြီးမှထုတ်ရင် လူတွေအတွက် ဘယ်မှာ အကျိုးရှိမလဲ" ဟု သူကပြောပြပါသည်။

နိုင်ငံကိုစီမံခန့်ခွဲသူများသည် ဆိုခဲ့ပါ အချက်ကို အလေးထားစဉ်းစားရန်လိုမည်ထင်ပါသည်။

တကယ်တမ်း ပြောရလျှင် အဂတိလိုက်စားမှုကို တိုက်ဖျက်လို့မရတာ မဟုတ်ပါ။ ဒင်းအပေါ် အောင်ပွဲခံခဲ့သော သာဓကများရှိပါသည်။ ဟာဝိုင်အီဆွေးနွေးပွဲကြီးတွင် အရှေ့ဥရောပမှ ဂျော်ဂျီယာ၊ တောင်အမေရိကမှ ပီရူးနှင့် အာရှမှ စင်ကာပူတို့ကို နမူနာထုတ်ပြသွားခဲ့ပါသည်။

ကလစ်ဂါ့ဒ် တိုက်တွန်းတာကတော့ ပြည်သူတွေမှာ အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်စွမ်းရှိကြောင်းကို သူတို့ နားလည်သဘောပေါက်လာအောင် လုပ်ပေးဖို့ပါ။ အဂတိလိုက်စားမှုဒဏ်ကြောင့် ပြည်သူလူထုကြီးမှာ စိတ်ထောင်းကိုယ်ကြေဖြစ်နေကြပြီ။ သူတို့တစ်တွေကို မျှော်လင့်ချက်ပေးလိုက်လျှင်၊ ခေါင်းဆောင်တစ်ဦး လူတစ်ယောက်ကို ဘယ်လိုပြောင်းလဲရမလဲဆိုခြင်းကိုပြလိုက်လျှင် သူတို့ချက်ချင်း ထလုပ်ကြလိမ့်မည်ဟုဆိုပါသည်။

ပြုပြင်ပြောင်းလဲရေး ခေါင်းဆောင်များသည် ပြည်သူလူထုကြီး ဘာလိုချင်သည်ဆိုခြင်းကို သဘောပေါက်ရန်လိုပါသည်။ ဆိုချင်တာက အခြေခံနိုင်ငံရေးအာသီသကို သိဖို့ဖြစ်ပါသည်။ အဓိကမှာ ပြည်သူတွေ ဘာလိုချင်တာလဲ၊ ယင်းကို ရအောင် ဘယ်လိုလုပ်ရမလဲဆိုခြင်းကို အဖြေရှာရပေမည်။

ကလစ်ဂါ့ဒ်က အပြောင်းအလဲအတွက် နိုင်ငံရေးဆန္ဒများကို နှိုးဆွရန်ဆိုလျှင် ဥပမာတွေပြပေးတာက အတိုင်းအတာတစ်ခုအထိ တာသွားသည်ဟု ပြောပါသည်။ သူက ဂျော်ဂျီယာသမ္မတနိုင်ငံဖြင့် ဥပမာ ပေးပါသည်။ တစ်ချိန်က ဂျော်ဂျီယာသည် ကမ္ဘာ့ဂြိုဟ်ပေါ်မှာ အဂတိလိုက်စားမှုအဆိုးဆုံး တိုင်းပြည်များထဲမှာ ပါခဲ့သည်။ အစိုးရအဖွဲ့ ထိပ်မှသည် အောက်ခြေယာဉ်ထိန်းရဲအထိ အကျင့်ပျက်ခဲ့ပါသည်။

သို့သော် ၂၀၀၃ ခုနှစ်တွင် ပြည်သူလူထုသည် မိမိတို့၏ နိုင်ငံရေးဆန္ဒကို ဖော်ထုတ်သော 'နှင်းဆီတော်လှန်ရေးကို' ဆင်နွှဲခဲ့ကြလေသည်။ ဤတွင် အဂတိလိုက်စားမှုစနစ်ကြီးသည် ပထမဆုံးအကြိမ်အဖြစ် သွေးလန့်သွားခဲ့ရပါသည်။ ပြီးတော့ ကပြောင်းကပြန်ဖြစ်သွားလေသည်။

အဂတိလိုက်စားမှုသည် နေ့ချင်းညချင်း နိဋ္ဌိတံသွားတာမျိုးတော့မဟုတ်။ သို့သော် မျှော်လင့်ချက်များတော့ ပေါ်လာပါသည်။

အဂတိလိုက်စားမှုကိုအောင်မြင်စွာတိုက်ဖျက်ရေးအတွက်လက်တွေ့ကျသောအဆင့်များစွာ ကို ကလစ်ဂါ့ဒ်က အကြံပေးပါသည်။ ဆိုချင်တာက ဆိုးဆိုးရွားရွား အဂတိလိုက်စားနေသော ရာထူးကြီးကြီး ပုဂ္ဂိုလ်များကို နမူနာပြ အရေးယူခြင်းအား အများပြည်သူ မျက်စိထဲမြင်အောင်ပြဖို့ ဖြစ်ပါသည်။ ဂျော်ဂျီယာတွင် ထိုကဲ့သို့ လုပ်ဆောင်မှုအဖြစ် အကျင့်ပျက်ခြစားသော သမ္မတအက်ဒွပ်ရှီဗာဒ်နာဇေကို ရာထူးမှ နုတ်ထွက်သွားစေခဲ့ပါသည်။

နောက်တစ်ဆင့်တွင် ဥပဒေစည်းမျဉ်းများကို ပြုပြင်ပြောင်းလဲဖို့ ကလစ်ဂါ့ဒ်က အကြံပေးပါသည်။ လူအများ သိပြီးသား ထိပ်သီး လူ့မလိုင်များကိုသာမက သမ္မတဦးသိန်းစိန်ပြောသလို အောက်ခြေအဆင့် အသီးသီး၏ အဂတိလိုက်စားမှုများကိုပါ ကိုင်တွယ်နိုင်ဖို့ဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ်တွင် ထိပ်မှသည်အောက်ခြေအထိ လစာများ တိုးမြှင့်ပေးခြင်းလိုမက်လုံးပေးခြင်းမျိုးလည်း ပါဝင်ရပါမည်။ (တချို့မှုကား စားမလောက်လို့မဟုတ်၊ ရလေလိုလေ အိုတဏှာဖြစ်နေသူများလည်း ရှိပါသည်။)

မည်သို့ဆိုစေ အဂတိလိုက်စားမှုတွေ လျော့နည်းကျဆင်းလာပြီဆိုလျှင် နိုင်ငံအတွက် ရလဒ်ကသိသိသာသာကြီးကို တိုးတက်ကောင်းမွန်လာပါသည်။ နိုင်ငံ့ဂျီဒီပီလေးဆတိုးလာပါသည်။ နိုင်ငံတွင်းစီးပွားရေးလုပ်ငန်းများလည်း လုပ်ရကိုင်ရလွယ်ကူချောမွေ့လာကြောင်း နိုင်ငံတကာပွင့်လင်းမြင်သာရှိမှုအဖွဲ့ကြီးက ချီးကျူးခဲ့ပါသည်။ ကမ္ဘာမှာ အဂတိအလိုက်စားဆုံးနိုင်ငံစာရင်းထဲကနေ အဂတိလိုက်စားမှုအနည်းဆုံးစာရင်းဝင် ဖြစ်သွားပါသည်။

ပီရူးတွင် အစိုးရက "မိမိတို့ လုပ်နေတာကို ဘယ်လိုမြင်သလဲ" ဆိုပြီး ပြည်သူ့ထင်မြင်ချက်စစ်တမ်းများ ကောက်ယူခဲ့ပါသည်။ ဤနည်းဖြင့် ပြည်သူ့အကျိုးကို အဖော်ဆောင်နိုင်ဆုံး အစိုးရရုံး (သို့မဟုတ်) ဌာနများကို ရုပ်မြင်သံကြားမှတစ်ဆင့် ချီးကျူးဂုဏ်ပြုပြီး ဆုငွေများ ချီးမြှင့်ရန် အကြံညာဏ်ကောင်းကို ရရှိခဲ့လေသည်။

အတုယူစရာ ကောင်းတာတစ်ခုက အိန္ဒိယမှာ "ကျွန်တော်လာဘ်ပေးခဲ့ရတယ်" ဟုအဓိပ္ပာယ်ရသော Ipaidbribe.com ဝက်ဘ်ဆိုက်ကို ဖွင့်ထားခြင်းပါ။ ကိုယ့်ကိစ္စ အဆင်ပြေရေးအတွက်အစိုးရဌာနများအား လာဘ်ထိုးခဲ့ရခြင်း အကြောင်းကို ထိုဝက်ဘ်ဆိုက်ပေါ်မှာဝေမျှခြင်းဖြင့် လာဘ်ယူသောအရာရှိ အရှက်ရကာ နောင်တွင်ဆင်ခြင်သွားစေမည့်နည်းဖြစ်ပါသည်။

ကလစ်ဂါ့ဒ်နောက်ထပ်နမူနာအဖြစ် ဖော်ပြသည်က အာရှမှ စင်ကာပူဖြစ်ပါသည်။ ၁၉၆၀ ပြည့်လွန်နှစ်များက စင်ကာပူသည် အဂတိလိုက်စားမှု ထွတ်ခေါင်ဖြစ်ခဲ့ရာမှ ယခုအခါ အဂတိလိုက်စားမှု အကင်းဆုံး ထိပ်တန်းနိုင်ငံများစာရင်းဝင်ဖြစ်နေပေပြီ။ နိုင်ငံတကာ ပွင့်လင်းမြင်သာရှိမှု၏ စာရင်းဝင်အဆင့်-၁၈၂ အနက်နံပါတ်-၅ ချိတ်ထားသည်ကိုသာကြည့်တော့။

သည်လိုဖြစ်အောင် စင်ကာပူသည် လက်တွေ့ကျသောခေါင်းဆောင်မှုဖြင့် ချီတက်ခဲ့ပါသည်။ နိုင်ငံတွင် အင်စတီကျူးရှင်းများကို ခိုင်မာအောင် တည်ဆောက်ပြီး စီးပွားရေးကို တည်ငြိမ်အောင် လုပ်ဆောင်နိုင်ခဲ့ခြင်း၏ရလဒ်ပင်ဖြစ်တော့သည်။

အဂတိ လိုက်စားမှု တိုက်ဖျက်ရေး၏ အခြေခံသဘောသည် တစ်ကမ္ဘာလုံးမှာ အတူတူပင် ဖြစ်သော်ငြား တိုက်ဖျက်ပုံတိုက်ဖျက်နည်းများကတော့ နေရာဒေသနှင့် အခြေအနေ၊ အချိန်အခါပေါ်တည်ကာ ကွဲပြားခြားနားတတ်ကြောင်းကိုမူ ကလစ်ဂါ့ဒ်က သတိပေးခဲ့ပါသည်။

**စတုတ္ထမဏ္ဍိုင်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် စာနယ်ဇင်းများ၏ အခန်းကဏ္ဍကလည်း အလွန်အရေးကြီးပါသည်။

"ကိုယ်လုပ်နေတာကို တစ်ယောက်ယောက်က ပခုံးပေါ်က နေကျော်ပြီး စောင့်ကြည့်နေတယ်ဆိုတာ သိရုံနဲ့တင် အဂတိလိုက်စားမှု အတော်များများ ရပ်သွားကြတယ်" ဟူ၍ စုံစမ်းထောက်လှမ်းသတင်းရေးသားသူသတင်းထောက် ဒေးဗစ်ကက်ပလန်က ပြောသည်။

ကက်ပလန်တို့က စနစ်တကျဖွဲ့စည်းပြီး ကျူးလွန်သော ရာဇဝတ်မှုများနှင့် အဂတိလိုက်စားမှုများအကြောင်း သတင်းရေးသားရေးပရောဂျက်ကို ဖွဲ့စည်းတည်ထောင်ထားပါသည်။ ယင်းမှာ အရှေ့ဥရောပ၊ ဘော်လကန်နှင့် ဗဟိုအာရှတို့မှ မီဒီယာများ စုပေါင်းဖွဲ့စည်းထားသည့် စုံစမ်းထောက်လှမ်းရေးသားသော သတင်းထောက်များ ကွန်ရက်တစ်ခုပါ။

၂၀၁၀ ပြည့်နှစ်က အရှေ့ဥရောပ၊ ဘော်လကန်နှင့် အမေရိကန်ပြည်ထောင်စုအခြေစိုက် သတင်းထောက် ခုနစ်ယောက်သည် အခွန်ရှောင်တိမ်းသူများအကြောင်းကို ဖော်ထုတ်ရေးသားခဲ့ကြပါသည်။ ထိုခုနစ်ယောက်သည် အများက စုံစမ်းဖော်ထုတ်၍ မရနိုင်သော (သို့မဟုတ်) မဖော်ထုတ်ရဲသောကိစ္စများကိုဖော်ထုတ်ခဲ့ကြသည့် သတင်းထောက်ရာဂဏန်းမျှထဲတွင်ပါဝင်ခဲ့သူများဖြစ်ပါသည်။

ကက်ပလန်ကတော့ စုံစမ်းထောက်လှမ်းသော သတင်းစာပညာသည် အထူးသဖြင့် လာဘ်ပေးလာဘ်ယူကိစ္စများ၊ ပြည်သူ့ဘဏ္ဍာအလွဲသုံးစားပြုမှုများအတွက် အထူးပင် အလုပ်ဖြစ်သည်ဟုယုံကြည်ပါသည်။

သို့သော် နိုင်ငံတချို့တွင် အဂတိလိုက်စားမှုများကို မီဒီယာမှ ဖော်ထုတ်ခြင်းသည် အန္တရာယ်ကြီးပါသည်။ စာ(၃၅) သို့

# Current Affairs

7DAY NEWS JOURNAL

Vol.11, No.25 • AUGUST 30 , 2012


## လယ်သမားများ ဆုံးရှုံးမှုကာကွယ်ရေး စနစ်ကျသည့် ဆည်ရေပေးဝေမှုဖြစ်ရန်လိုဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ ဩဂုတ်-၂၄**

ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံပျက်စီးမှု လျော့ချနိုင်ရန် အရည်အသွေးပြည့်သော ဆည်ရေပေးဝေရေးစနစ်ရှိမှသာ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးမြင့်နိုင်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ ထုတ်ပြန်ချက်အရ သတင်းရရှိသည်။



**သာပေါင်းမြို့နယ်မှ ရေနစ်နေသော စပါးခင်း** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

လက်ရှိ မြန်မာနိုင်ငံတွင် တည်ဆောက်ထားသော ဆည်များမှာ ကောင်းမွန်သော်လည်း တူးမြောင်းများ လိုအပ်ချက်ကြောင့် စိုက်ပျိုးရေးတွင် အပြည့်အဝအသုံးမပြုနိုင်ပေ။ မြန်မာပြည်အလယ်ပိုင်း မိုးနည်းပြီး သဲဆန်သည့် မြေအမျိုးစားများတွင်သာ ဆည်အများစုရှိပြီး ဆန်စပါးအများဆုံး စိုက်ပျိုးသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ဆည်နှင့် မြစ်ရေတင်စီမံကိန်းများ နည်းနေကြောင်း စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက ရှင်းပြသည်။

"တူးမြောင်းတွေက နှစ်စဉ်ပြုပြင်မှုတွေ လုပ်ရတယ်။ ဒီမှာက ဆည်ဆောက်ပြီးရင် လှည့်မကြည့်ကြဘူး"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ်မှသုတေသနဌာနမှူးဒေါက်တာစိုးထွန်းက ဆိုသည်။

မြန်မာနိုင်ငံတွင်ဆည်မြောင်း ၂၀၀ ကျော်ရှိပြီး အချို့မှာ တူးမြောင်းအရည်အသွေးမကောင်းသည့်အတွက် ရေပေးဝေမှု မလုပ်နိုင်ကြောင်းသိရသည်။ ဆည်တူးမြောင်းများ အသုံးပြုမရခြင်းကို လွှတ်တော်တွင်း မေးမြန်းရာတွင် ဒုဝန်ကြီးက ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေခွင့်ပြုချက်ပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြစ်ရေတင်စီမံကိန်းများ မှာလည်း မြန်မာပြည်အလယ်ပိုင်းတွင်များပြီး ဆန်စပါးအဓိကစိုက်သည့် ဧရာဝတီတိုင်းဒေသကြီးတွင် နွေစပါးစိုက်ရန် တိုးချဲ့တည်ဆောက်သင့်ကြောင်း ဒေါက်တာထွန်းဝင်းက ပြောကြားသည်။

"မိမိတို့ တိုင်းဒေသကြီးမှာတော့ ဆည်ရေသောက်က ကိုးပုံတစ်ပုံပဲ ရှိတယ်။ ဘယ်လောက်အလုပ်ဖြစ်တယ်ဆိုတာ ဒါအဖြေပဲ"ဟု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်းက ဆိုသည်။

ပဲခူးတိုင်းဒေသကြီးတွင်စပါးစိုက်ဧက ၂၈ သိန်းရှိပြီး ဆည်ရေသောက် လယ်မြေဧကမှာ ၃ သိန်းဝန်းကျင်သာ ရှိသည်။

## စိုက်ပျိုးစရိတ်ချေးငွေအတွက် ဘဏ်စာအုပ် လျှောက်ထားသူတိုးလာ

**ချယ်ရီမြင့်**

**ရန်ကုန်၊ ဩဂုတ်-၂၇**

စိုက်ပျိုးစရိတ် အကျေပြန်လည်ပေးဆပ်ပြီးသော တောင်သူလယ်သမားများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ယခုနှစ် မိုးရာသီအတွက် တစ်ကေလျှင် ကျပ်ငါးသောင်းနှုန်း ထုတ်ချေးသဖြင့် ဘဏ်စာအုပ် လျှောက်ထားမှု များပြားလာကြောင်း သတင်းရရှိသည်။

လွန်ခဲ့သော နှစ်များ၌မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ပေးရာတွင်တစ်ဧကလျှင် ထုတ်ပေးမှု ငွေကြေးပမာဏနည်းပါး၍ ဘဏ်ချေးငွေ ထုတ်ယူခြင်း မရှိသည့် တောင်သူလယ်သမားများ ရှိခဲ့သည်။

"လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ချေးငွေမထုတ်တဲ့ တောင်သူတွေ ဒီနှစ်မှာ ဘဏ်စာအုပ်ပြန်လျှောက်ကြတယ်။ ဇူလိုင်လမှာ လျှောက်တယ်ဆိုရင်စက်တင်ဘာဆိုရင် ချေးငွေထုတ်ပေးမယ်။ ချေးငွေထုတ်ပေးဖို့က စက်တင်ဘာလကုန်အထိပဲ ပေးခွင့်ရှိတော့ ခုလထဲ လျှောက်တဲ့ သူတွေအတွက် နောက်နှစ်မှာမှ ဘဏ်က ငွေချေးနိုင်မယ်"ဟုမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒုအထွေထွေမန်နေဂျာဒေါ်ခင်နန်းမြင့်က ပြောကြားသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ယူလိုသည့် တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံသားအမှန်တကယ်ဖြစ်ကြောင်း နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ထားသူဖြစ်ရမည်ဖြစ်ပြီး မိမိနေထိုင်သော ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး၏ကျေးရွာအတွင်း နေထိုင်မှု အထောက်အထား လက်မှတ်စသည့် အချက်အလက်များဖြင့် လျှောက်ထား နိုင်ကြောင်း ဒေါ်ခင်နန်းမြင့်က ဆက်လက်ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဘဏ်ချေးငွေစာအုပ် လျှောက်ထားသူ သောင်းဂဏန်းကျော်ရှိပြီး တစ်နိုင်ငံလုံး အနေအထားအရ လာရောက်လျှောက်ထားသူဦးရေများပြားလာကြောင်း သိရသည်။

"ကျွန်တော်တို့ အင်္ဂပူမြို့နယ်မှာ ဘဏ်စာအုပ်အသစ် လျှောက်တဲ့သူ ထောင်ကျော်ရှိပါတယ်။ ကျေးရွာအုပ်စု ၇၀ မှာ ချေးငွေထုတ်ယူနေတဲ့ သူတွေကို စက်တင်ဘာလကုန်အထိ ထုတ်ပေးမယ်။ ဘဏ်စာအုပ်အသစ်လျှောက်တဲ့စာရင်းကို ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးကို တင်ထားပါတယ်။ အဲဒီကနေတစ်ဆင့် ရန်ကုန်ရုံးကို တင်မှာပါ။ အထက်က ထုတ်ပေးခွင့်ကျလာရင် ဒီနှစ်ထဲထုတ်ပေးဖြစ်မှာပါ"ဟု အင်္ဂပူမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးမြကြိုင်ကဆိုသည်။

## ချယ်ရီအပါအဝင် တရုတ်နိုင်ငံလုပ်ကားများတွင် အန္တရာယ်ရှိ အစိတ်အပိုင်းများတွေ့

**ဆစ်ဒနီ၊ ဩဂုတ် - ၂၅**

`Asbestos´ ဟုခေါ်သော အန္တရာယ်ရှိ ဖိုင်ဘာအစိတ်အပိုင်းများ ကားအင်ဂျင်များတွင် ပါဝင်နေသည်ကိုတွေ့ရှိရ၍ ဈေးပေါသော တရုတ်နိုင်ငံလုပ်ကားပေါင်း ၂၃၀၀၀ ကိုပြန်လည်သိမ်းဆည်းခဲ့ကြောင်းသိရသည်။ ယင်းအစိတ်အပိုင်းများပါဝင်သောကားများမည်ကဲ့သို့နိုင်ငံတွင်းဝင်ရောက်လာသည်ကိုလည်း ဩစတြေးလျကားလုပ်ငန်း သမဂ္ဂများက မေးခွန်းထုတ်ကြသည်။

Chery နှင့် Great Wall ကားရောင်းချသူများအားလုံး အဆိုပါကားများအား ရောင်းချခြင်းရပ်ဆိုင်းထားရန် ကားတင်သွင်းသည့်ကုမ္ပဏီ Ateco Aumotive ကညွှန်ကြားထားသည်။ Asbestos ဖိုင်ဘာများအား အင်ဂျင်ဂတ်စ်စကတ် (gasket) များနှင့် မီးခိုးစွန့်ထုတ်စနစ်များတွင် ပါဝင်နေသည်ကိုတွေ့ရှိခဲ့ကြောင်းသိရသည်။ ဩစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင် (ACCC) ကအဆိုပါကားများ သိမ်းဆည်းမှုကိုစောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဩစတြေးလျနိုင်ငံသည် Asbestos ပါဝင်သောပစ္စည်းများအသုံးပြုခြင်းနှင့် တင်သွင်းခြင်းကို ၂၀၀၄ ခုနှစ်မှစ၍ ပိတ်ပင်ထားကြောင်း သိရသည်။

အဆိုပါကားများအား ဩစတြေးလျနိုင်ငံတွင်းသို့ တင်သွင်းခွင့်ပြုခဲ့ခြင်းမှာ လက်ခံနိုင်စရာမရှိကြောင်း ဩစတြေးလျကုန်ထုတ်လုပ်ရေးအလုပ်သမားများသမဂ္ဂ (AMWU) ကပြောသည်။

ကိုးကား- AFP

## PNLO နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောက်တိုဘာတွင် ကျင်းပမည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဩဂုတ်-၂၆**

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)နှင့်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောက်တိုဘာ တတိယပတ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူးဦးခက်ထိန်နန်က ပြောသည်။

ထိုသို့ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပနိုင်ရန်အတွက် ဩဂုတ် ၂၅ရက်တွင် ကျင်းပသောပြည်နယ်အဆင့်ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးပွဲ၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO)တို့သဘောတူညီခဲ့ကြကြောင်း အဆိုပါလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့သူ ဦးခက်ထိန်နန်ကဆိုသည်။

ပြီးခဲ့သည့် ဇူလိုင်လက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းခေါင်းဆောင်သည့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နှင့် PNLO ကိုယ်စားလှယ်အဖွဲ့တို့ အလွတ်သဘော တွေ့ဆုံခဲ့ကြသည်။

## The Voice ဂျာနယ်အမှု စက်တင်ဘာ ၆ ရက်တွင် စွဲချက်တင်သင့်၊ မသင့် ဆုံးဖြတ်မည်

**အောင်သူရ၊ ဥက္ကာကိုကို**

**ရန်ကုန်၊ဩဂုတ်-၂၃**

ငါးလကျော်ကြာ အမှုဖြစ်ပွားနေသော The Voice Weekly သတင်းဂျာနယ်နှင့် သတ္တုတွင်းဝန်ကြီးဌာနတို့အမှု စွဲချက်တင်သင့်၊ မတင်သင့် စက်တင်ဘာ ၆ ရက်တွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ နဲ့ စွဲချက်တင်သင့်သလား၊ မတင်သင့်ဘူးလားကို စက်တင်ဘာ ၆ ရက်မှာ ဆုံးဖြတ်မယ်။ စွဲချက်မတင်ဘဲ တရားရှင်လွှတ်ချင်လည်း လွှတ်မှာပေါ့"ဟု The Voice Weekly ဂျာနယ်ဘက်မှ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ပေးနေသူဦးဝင်းရွှေက ပြောသည်။

ဩဂုတ်လ ၂၃ ရက်က ပြုလုပ်သော ၁၃ ကြိမ်မြောက် ရုံးချိန်းတွင် နှစ်ဖက်ရှေ့နေများက စွဲချက်တင်သင့်၊ မသင့်နှင့် ပတ်သက် ၍ လျှောက်လဲချက်တင်ခဲ့ကြသည်။

The Voice Weekly ဂျာနယ်သည်ဝန်ကြီးဌာနအချို့ငွေ အလွဲသုံးစားမှုနှင့် ပတ်သက်သော သတင်းရေးသားခဲ့၍ သတ္တုတွင်းဝန်ကြီးဌာနက တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## လူရိုက် ပစ္စည်းလုသည့် ရဲတပ်ကြပ်ကို စစ်ဆေးနေ

**သန်းဌေး၊ ဆန်းညွန့်**

**ရန်ကုန်၊ ဩဂုတ် - ၂၃**

ရဲတပ်ကြပ်တစ်ဦးက အမျိုးသမီးကြီးတစ်ဦးထံမှ ရွှေထည်ပစ္စည်းများ လုယူကာ ရိုက်နှက်မှုပြုလုပ်ခဲ့ ခြင်းအား သက်ဆိုင်ရာရဲစခန်းများက စစ်ဆေးနေကြောင်း သတင်းရရှိသည်။

အမှုဖြစ်စဉ်မှာ ဩဂုတ်၁၈ (စနေနေ့)မွန်းလွဲ ၁နာရီခန့်က မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရဲသင်တန်းကျောင်းမှ အသက် ၄၁ နှစ်အရွယ် ရဲတပ်ကြပ်ဝင်းကိုကိုက ရဲကျောင်းဝင်းအနီးတွင် နေထိုင်သော အသက် ၆၅နှစ်အရွယ် ဒေါ်ဝင်းမြင့်ကို ခင်ပွန်းဖြစ်သူအားရှာဖွေပေးမည်ဆိုပြီး သင်တန်းကျောင်းအရှေ့ဘက်လျှိုထဲသို့ ခေါ်သွားကာ ကျောက်ခဲဖြင့်ထု၊ ခြေဖနောင့်ဖြင့် ပေါက်၍ သတိလစ်သွားချိန်တွင် ရွှေဆွဲကြိုး၊ လက်စွပ်နှင့်နားကပ်တို့ကို ဖြုတ်ယူသွားခြင်းဖြစ်ကြောင်း မြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရဲတပ်ကြပ်နဲ့ အဘွားကြီးကခင်နေပုံရတယ်။ သူ့ယောကျ်ားကို မတွေ့ရင် အတူတူ လိုက်ရှာနေကျ မို့ အဖော်ခေါ် သွားတာဖြစ်မယ်။ သူ့မှာ ကြွေးပူရှိနေလို့ ဒီလိုလုပ်တာနေမှာ"ဟု ရေနံချောင်းမြို့မှ ဒေသခံအမျိုးသားကြီးတစ်ဦးကဆိုသည်။

ယခုအခါ ဒဏ်ရာရရှိနေသော ဒေါ်ဝင်းမြင့်သည် မကွေးဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရပြီး ရဲတပ်ကြပ်ဝင်းကိုကိုအား ရေနံချောင်းမြို့မရဲစခန်းမှ ပုဒ်မ-၃၉၂ ဖြင့် တရားစွဲဆိုကာ ပြစ်မှုဆိုင်ရာ အမှတ်(ပ)၁၀၅/ ၂၀၁၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# လွှတ်တော်တွင်း အသံတိတ်နေဆဲ မြောက်ပိုင်းတိုက်ပွဲသံများ

**အေးမြကျော်၊ အိဖြူလွင်၊ မင်းဟိန်းကျော်**



ဓာတ်ပုံ-သီဟ

တစ်နှစ်ကျော် ကာလအတွင်း တိုက်ပွဲပေါင်း တစ်ထောင်ကျော် ဖြစ်ပွားခဲ့ပြီး စစ်ပြေးဒုက္ခသည် သောင်းနှင့်ချီရှိနေကာ စစ်အသုံးစရိတ်များစွာ ကုန်ကျနေသော ကချင်စစ်ပွဲများနှင့်ပတ်သက်၍ ကျင်းပနေဆဲလွှတ်တော်များတွင်ယနေ့အထိ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ခြင်း မရှိသေးပေ။

နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးတွင် အကြီးမားဆုံး စိန်ခေါ်မှုအဖြစ် ရှုမြင်ကြသော ကချင်တိုက်ပွဲများအရေးကို ကျင်းပနေသော လွှတ်တော်များတွင် အဓိကထားဆွေးနွေးလိမ့်မည်ဟု လွှတ်တော်အစည်းအဝေးများ မစမီက ခန့်မှန်းခဲ့ကြသော်လည်း ယခုဇူလိုင်တွင်စတင်ခဲ့သည့်လွှတ်တော်အစည်းအဝေးများ ခေတ္တရပ်နားတော့မည့်အချိန်အထိ ရေရေရာရာ ဆွေးနွေးခြင်း မရှိသေးပေ။

သမ္မတဦးသိန်းစိန် ခေါင်းဆောင်သော အစိုးရသစ်လက်ထက်တွင်ငြိမ်းချမ်းရေးဖော်ဆောင်ရာ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဆယ်ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များလက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သော်လည်း ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ကျန်ရှိနေသေးသည်။

မြန်မာနိုင်ငံ၏ အရေးကြီးသော ပြဿနာဖြစ်သည့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) နှင့် တိုက်ပွဲများဖြစ်ပွားလာခဲ့သည်မှာ ဩဂုတ်လ ၂၇ ရက်ထိဆိုလျှင် ရက်ပေါင်း ၄၄၇ ရက်ရှိပြီဖြစ်သည်။ ထိုရက်များအတွင်းတိုက်ပွဲပေါင်းထောင်ချီ ဖြစ်ပွားခဲ့သောကြောင့် ကချင်ပြည်နယ်တွင်းရှိ ခုနစ်သောင်းသောပြည်သူများနှင့် ရှမ်းပြည်နယ်မှ သုံးထောင်ကျော်သော ပြည်သူများမှာ စစ်ဘေးဒုက္ခသည်ဘဝဖြင့် ထွက်ပြေးတိမ်းရှောင်နေကြရသည်။

ကချင်စစ်ပွဲများသည်မြန်မာပြည်တွင်း ဖြစ်ပွားခဲ့သော စစ်ပွဲများအနက် စစ်အသုံးစရိတ် အကြီးမားဆုံးဟု နိုင်ငံရေးလေ့လာစောင့်ကြည့်သူများက ခန့်မှန်းသုံးသပ်နေကြသော်လည်း ယခုအချိန်ထိစစ်အသုံးစရိတ်အပါအဝင် စစ်ပွဲနှင့်သက်ဆိုင်သော အသေးစိတ်အချက်အလက်များကိုမူ မည်သူမျှတိကျရေရာစွာမထုတ်ပြန်ပေ။

နိုင်ငံတော်သမ္မတက ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် မိမိကိုယ်ကို ခုခံကာကွယ်ခြင်းမှလွဲ၍ ထိုးစစ်ဆင်ခြင်းမပြုရန် ညွှန်ကြားချက်ထုတ်ခဲ့သော်လည်း တိုက်ပွဲများ ရပ်တန့်သွားခြင်းမရှိဘဲ ၂၀၁၂ ခုနှစ် ဧပြီလဆန်းမှ စတင်ကာ တိုက်ပွဲများ အရှိန်မြင့်လာပြီး စစ်ဘေးဒုက္ခသည် အရေအတွက်မှာလည်း ခုနစ်သောင်းနီးပါး ရှိလာသည်။

ပြီးခဲ့သော ဩဂုတ် ၂၀ ရက်က ပြည်သူ့လွှတ်တော်တွင် တိုက်ပွဲများနှင့် ပတ်သက်၍ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်က တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြား အပစ်အခတ် ရပ်စဲရေးလက်မှတ်ထိုးပြီးသော်လည်း မည်သည့်အတွက်ကြောင့်တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည်ကိုမေးမြန်းခဲ့သည်။

ထိုမေးမြန်းချက်ကို ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက တိုင်းရင်းသားလက်နက်ကိုင် အရေးကိစ္စများမှာ လွတ်လပ်ရေးရပြီးချိန်မှ စတင်ဖြစ်ပွားခဲ့သော ကိစ္စများဖြစ်ပြီး နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့သော ပြဿနာများကို တစ်ရက်တည်း၊ တစ်ထိုင်တည်း ဖြေရှင်းရန် မလွယ်ကူကြောင်း ပြောကြားခဲ့သည်။ ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် တိုင်းဒေသကြီးအဆင့်နှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နှင့်ပြည်ထောင်စုလွှတ်တော်အဆင့်ဟူ၍ သုံးဆင့်ဖြင့် ဆောင်ရွက်ရန် သမ္မတက လမ်းညွှန်ထားကြောင်း ရှင်းပြခဲ့သည်။ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည်များမှာ လုပ်ငန်းစဉ်တွင်ပါသော နှစ်ဖက်တပ်များ နေရာချထားရေး မပြုနိုင်သေးခြင်း၊ ဆက်ဆံရေးရုံးများ မဖွင့်လှစ်နိုင်သေးခြင်းတို့ကြောင့်ဖြစ်ပွားရခြင်း ဖြစ်သည်ဟု ၎င်းက သုံးသပ်သွားသည်။

ရှမ်းပြည်နယ်နှင့် ပတ်သက်၍ ဖြစ်ပွားနေသော တိုက်ပွဲများအကြောင်းကို ရှင်းလင်းပြောကြားသွားကာ ကရင်အဖွဲ့ဖြစ်သော ကေအင်န်ယူနှင့် ပတ်သက်ပြီး အနည်းငယ်ရှင်းလင်း ပြောကြားသွားသော်လည်း ကချင်စစ်ပွဲများကိစ္စနှင့် ပတ်သက်၍မူ တိတိပပ ပြောကြားသွားခြင်း မရှိသဖြင့် ကချင်လူမှုရေး အဖွဲ့အစည်းများ၊ နိုင်ငံရေးလေ့လာစောင့်ကြည့်သူများ မချင့်မရဲဖြစ်ခဲ့ရသည်။

"ကချင်ကိစ္စကို ရှင်းရှင်းလင်းလင်း ပြောမသွားဘူး။ ဒီကိစ္စကို တင်ပြဖို့ အချိန်နည်းနည်း စောင့်ကြည့်နေတာပါ။ လက်ရှိမှာအောက်ခြေမှာ မတည်မငြိမ်ဖြစ်နေတယ်။ ဒီကိစ္စတွေကို ကာကွယ်ရေးဦးစီးချုပ်က လာပြီးဖြေရှင်းပေးရမှာဖြစ်ပေမယ့် ပြည်သူတွေသိအောင် ဖြေရှင်းမပေးတဲ့အပေါ် စိတ်မကောင်းဘူး"ဟု ကချင်တိုင်းရင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဒွဲဘူက 7Day News ၏ မေးမြန်းချက်ကို ဖြေကြားသည်။

ရခိုင်တိုင်းရင်းသား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်ကမူ "တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်

**တစ်ဖက်သို့**






7 DAY NEWS JOURNAL
Vol.11, No.25 · AUGUST 30 , 2012

**စာ(၂၈)မှအဆက်**

ရေးဦးစီးချုပ်တို့ဆိုတာ ကာကွယ်ရေး လုံခြုံရေးကောင်စီနဲ့ပဲ ဆိုင်တယ်ထင်တယ်။ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးတွေက ဖြေတာပဲရှိတယ်။ အပစ်အခတ် ရပ်စဲရေးအဖွဲ့တွေနဲ့ စစ်တပ်နဲ့တိုက်ပွဲအချို့ပြန်ဖြစ်တာကိုတော့ နည်းလမ်းတစ်ခုရှာ ဖြေရှင်းသင့်တယ်။ သူတို့ပြောသလို အထက်အမိန့်က အောက်ခြေကို မရောက်လို့ဆိုတာကို ကျွန်တော်လုံးဝလက်မခံဘူး။ လက်နက်ကိုင်အဖွဲ့ဟာ အဲဒီလို အမိန့်စီးဆင်းမှု မထိရောက်ရင် ပြိုကွဲသွားမှာပေါ့” ဟု မှတ်ချက်ပြုပြောကြားခဲ့သည်။

လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဆက်သွယ်မှုအဖြစ် လွှတ်တော်မှ မေးခွန်းမေးမြန်းခြင်းများအား သတ်မှတ်စည်းကမ်းနည်းလမ်းများနှင့်အညီ ဖြေကြားနိုင်ခြင်းကို ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးများ ဖြေကြားနိုင်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၇)တွင် တပ်မတော်၏အခန်းကဏ္ဍကို “နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ရှိရမည်၊ တပ်မတော်၏ဦးဆောင်မှုဖြင့်ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်” ဟု ဖော်ပြထားသည်။

“ခုနောက်ပိုင်းမှာတော့တိုက်ပွဲတွေ ပိုဖြစ်လာတယ်။ အဲဒါဟာဘာကိုပြသလဲဆိုတော့ အုပ်ချုပ်ရေးပိုင်းမှာ ပြဿနာရှိနေတာကို တွေ့ရပါတယ်။ အထက်ကအမိန့်ကို အောက်ကမနာခံတာကို ပြတယ်။ ရှေ့ဆက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်ဖို့ဆို စစ်တပ်ရဲ့အခန်းကဏ္ဍအများကြီးပါတာကို တွေ့ရတယ်” ဟု အသက် ၄၀ အရွယ် နိုင်ငံသားတစ်ဦးဖြစ်သူ ဦးဇော်မင်းကျော်က ပြောကြားသည်။

ကချင်ပြည်နယ်ရှိ စစ်ပွဲနယ်မြေများသို့ ပြီးခဲ့သော လအနည်းငယ်က သွားရောက်ခဲ့သလို အစိုးရအဖွဲ့မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဝင် ဝန်ကြီးများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သူ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမြအေးက “ဒီလို လက်နက်ကိုင် တပ်ဖွဲ့တွေနဲ့ ဖြစ်တဲ့ကိစ္စတွေကို တာဝန်အရှိဆုံးဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က လွှတ်တော်ထဲမှာ လာရောက်မဖြေရှင်းဘူးဆိုတာ အခြေခံဥပဒေမှာကိုက ပြဿနာဖြစ်နေတာ။ တခြားနိုင်ငံတွေမှာဆို ကာကွယ်ရေးဦးစီးချုပ်က ကာကွယ်ရေးဝန်ကြီးရဲ့ အောက်မှာရှိတယ်။ ဒီမှာတော့ တပ်ချုပ်က ကာကွယ်ရေးဝန်ကြီးရဲ့ အထက်ကို ရောက်နေတယ်”ဟု သုံးသပ်သည်။

ကိုမြအေးက ငြိမ်းချမ်းရေး ရနိုင်ရန်မှာမူ တွေ့ဆုံဆွေးနွေးရေးသာလျှင် တစ်ခုတည်းသော လမ်းကြောင်းဟု ထင်မြင်ယူဆသည်။

အစိုးရသစ်လက်ထက်တွင် ဖွဲ့စည်းလိုက်သော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကချင်လွတ်လပ်ရေးအဖွဲ့(ကေအိုင်အို)တို့ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုကို သုံးကြိမ်တိုင်ပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း မအောင်မြင်သေးပေ။ သို့သော် ယခု ရက်ပိုင်းအတွင်း လေးကြိမ်မြောက် တွေ့ဆုံဆွေးနွေးရန် တွေ့ဆုံမည့်နေရာ စတင်ညှိနှိုင်းနေကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးက ပြောသည်။

စတုတ္ထအကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှု မဖြစ်သေးသော်လည်း ဩဂုတ်လ နောက်ဆုံးပတ်တွင် ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဒေသတွင် တိုက်ပွဲများ ပြင်းထန်လျက်ရှိပြီး တစ်ပတ်အတွင်း စစ်ဘေးဒုက္ခသည် အသစ်ဦးရေ ခြောက်ထောင်ကျော်ခဲ့ပြီဖြစ်သည်။ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ပြန်ပို့သော စစ်ဘေးဒုက္ခသည် ဦးရေမှာလည်း လေးထောင်ကျော်ရှိပြီး ယင်းတို့အတွက် နေထိုင်ရေး၊ စားသောက်ရေးနှင့်မကြာမီရောက်ရှိတော့မည့်ဆောင်းရာသီအတွက် အအေးဒဏ်ခံနိုင်ရန်စသဖြင့် ဒုက္ခသည်များအရေးမှာ အစိုးရအဖို့ ကြီးမားသည့်ပြဿနာအဖြစ်တည်ရှိနေဆဲဖြစ်သည်။

၁၉၉၄ ခုနှစ်မှစတင်ကာ ၂၀၁၁ အထိ ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရခဲ့သော ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် နယ်ခြားစောင့်တပ်ကိစ္စကြောင့် နှစ်ဖက်တင်းမာကာ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ရာ ယနေ့တိုင်ပင်ဖြစ်သည်။

သမ္မတဦးသိန်းစိန်က ၂၀၁၂ မေ ၁ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းလိုက်ပြီး သမ္မတကိုယ်တိုင် ဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပါဝင်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တာဝန်ယူပြီး ကာကွယ်ရေးဦးစီးချုပ်မှာ ဒုဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံသားအချင်းချင်း တိုက်နေကြသော ပြည်တွင်းစစ်မီး ချုပ်ငြိမ်းသွားအောင် အစိုးရအဖွဲ့ဖြစ်စေ၊ လွှတ်တော်ကပင်ဖြစ်စေ၊ မည်သည့်မဏ္ဍိုင်ကဖြစ်စေ စွမ်းဆောင်နိုင်ခဲ့မည်ဆိုလျှင် သမိုင်းဝင် ငြိမ်းချမ်းရေး အကျိုးဆောင်အဖြစ် မှတ်ကျောက်တင်ခံရမည်ဖြစ်သည်။

ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်များဖြစ်ပွားခဲ့သော နိုင်ငံအဖြစ်မှ ပြည်တွင်းစစ်မီးချုပ်ငြိမ်းသွားပါက မြန်မာပြည်သူတိုင်းတောင့်တလျက်ရှိသော ဒီမိုကရေစီနိုင်ငံသစ်အဖြစ်သို့ ရောက်ရှိမည်မှာ မလွဲပေ။ ။

## ခုနစ်နှစ်ကြာ ရပ်နားထားသော မြန်မာ-ထိုင်းနယ်စပ်ရေးရာ ဆွေးနွေးပွဲများ အောက်တိုဘာတွင် ပြန်စမည်

**ချင်းရိုင်၊ဩဂုတ်-၂၇**

ခုနစ်နှစ်ကြာ ရပ်နားထားသောမြန်မာ-ထိုင်း နယ်စပ်ရေးရာ ဆွေးနွေးပွဲများကိုလာမည့်အောက်တိုဘာလတွင်ပြန်လည်စတင်ရန် သဘောတူလိုက်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိုင်း-မြန်မာ နယ်စပ်ရေးရာကော်မတီ၏ပူးတွဲဥက္ကဋ္ဌ ဗာစင်တီရာဗက်ချယန်ကမြန်မာပြည်တွင်းရှိနိုင်ငံရေးအခြေအနေပိုမိုတည်ငြိမ်လာသည်နှင့်အမျှ မြန်မာအစိုးရသည် ထိုင်းနိုင်ငံနှင့် နယ်စပ်ရေးရာပြဿနာများ ဖြေရှင်းရန် ကြိုးစားလာနေကြောင်းပြောသည်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ကျင်းပပြုလုပ်သော မြန်မာ၊ လာအိုနှင့် ထိုင်းတို့၏ နယ်စပ်ဆက်ဆံရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ၎င်းက “မြန်မာဟာ နှစ်နိုင်ငံပူးတွဲနယ်စပ်ရေးရာကော်မတီ JBC အစည်းအဝေးကို လာမယ့်အောက်တိုဘာမှာ ပုဂံမှာ ပြုလုပ်ဖို့ သဘောတူခဲ့ပြီးပါပြီ။ ရက်အတိအကျကိုတော့ အပြီးသတ်မသတ်မှတ်ရသေးပါဘူး” ဟု ပြောသည်။

မြန်မာနှင့်ထိုင်းနှစ်နိုင်ငံနောက်ဆုံးအကြိမ်ပူးတွဲနယ်စပ်ရေးရာကော်မတီ အစည်းအဝေးကို လွန်ခဲ့သော ခုနစ်နှစ်က ကျင်းပခဲ့ပြီး မြန်မာဘက်မှ ပြည်တွင်းရေး အခြေအနေများကြောင့် ယခုအချိန်အထိ ရပ်ဆိုင်းထားခဲ့သည်။ ထိုင်းနှင့် မြန်မာသည် နှစ်နိုင်ငံထိစပ်နေသော နယ်နိမိတ်အရှည် ၂,၄၀၁ ကီလိုမီတာရှိသည်။ မစ္စတာဗာစင်က အသစ်ပြန်လည်စတင်မည့်နှစ်နိုင်ငံအစည်းအဝေးတွင် ထိုင်းနိုင်ငံဘက်ရှိတက်ခ်ခရိုင်နှင့်မြန်မာနိုင်ငံဘက်ရှိမြဝတီမြို့အကြားစီးဆင်းလျက်ရှိသည့်မော်အီမြစ်(မြန်မာဘက်မှအခေါ် သောင်ရင်းမြစ်)နယ်စပ်တစ်လျှောက် ဖြစ်ပေါ်နေသည့် ပဋိပက္ခများအရေး အဓိက ဆွေးနွေးဖြစ်မည်ဟုပြောသည်။ ထို့အပြင်နှစ်နိုင်ငံသည်နယ်စပ်ရေးရာကိစ္စများစေ့စပ်မှုအတွက်လမ်းညွှန်ချက်Guidelineအနေဖြင့်သုံးရန်နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ထိုးရေးကိုလည်း ဆွေးနွေးရန် ပြင်ဆင်ထားကြောင်း သတင်းရရှိသည်။ Ref: Bangkpost



# Current Affairs

## စာ-၂၂၊ ရန်ကုန်စက်မှုတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)နှင့်တွေ့ဆုံခြင်း မှ

B.E. ဘွဲ့သင်တန်းဆင်း အင်ဂျင်နီယာတွေကတော့ အဓိကအားဖြင့် Planning လုပ်မယ်၊ Management အလုပ်မယ်၊ Design လုပ်မယ်ပေ့ါ။ တချို့လည်း ဘွဲ့လွန်သင်တန်းတွေဆက်တက်ပြီး Specialist နှင့် Scientist တွေဖြစ်လာကြမှာဖြစ်တယ်။

**အဆင့်မြင့်နည်းပညာ တက္ကသိုလ်တွေမှာ ကျောင်းသားအဆောင်နဲ့ ပတ်သက်ပြီး စီစဉ်ထားတာရှိပါသလား။**

ကျောင်းသားအဆောင်နဲ့ ပတ်သက်ပြီးတော့ အခုစဖွင့်တဲ့နှစ်မှာတော့ ဘွဲ့ကြိုကျောင်းသားများအတွက် ဘာမှအစီအစဉ် မရှိသေးပါဘူး။ ဘွဲ့လွန် နယ်ကျောင်းသားတွေအတွက်ကတော့ ဒီနှစ်ဘွဲ့လွန် သင်တန်းစဖွင့်တဲ့အချိန်ကစပြီး အဆောင်ပေးထားပါတယ်။ ဘာလို့လဲဆိုတော့ ဒီနှစ်မှ ဒီကျောင်းကိုစပြီး ဖွင့်ကြည့်ရတာကိုး။ အဲ့ဒီမှာ အဆောင်ကျောင်းသားထားသင့်၊ မထားသင့်ဆိုတာကတော့ အတိတ်သမိုင်းကြောင်းနဲ့ လည်း ဆက်နွှယ်နေတယ်လေ။ ဒီနှစ်မှာတော့ အစီအစဉ်မရှိသေးပါဘူး။

**ဒီတက္ကသိုလ်တွေမှာ သင်ကြားမယ့် ဆရာတွေအတွက်ရော ဘယ်လိုပြင်ဆင်ထားပါလဲ။**

အငြိမ်းစားယူသွားတာတို့ အခြား အကြောင်းအမျိုးမျိုးကြောင့် ထွက်သွားတဲ့ ဆရာဟောင်းတွေကို ပြန်စည်းရုံးထားပါတယ်။ ဒီက ကျောင်းသားဟောင်း တချို့နိုင်ငံခြားထွက်သွားပြီး ဒီဂရီတွေ ထပ်ယူတယ်၊ အဲဒီမှာ အလုပ်လုပ်ကြတယ်၊ အတွေ့အကြုံတွေနဲ့ပြန်လာပြီး တချို့ကျောင်းမှာ စာလာပြနေကြတယ်။ အခုဘွဲ့လွန်သင်တန်းများမှာ စာလာပြနေတဲ့ အချိန်ပိုင်းဆရာ ငါးဆယ်ကျော်ရှိပါတယ်။

**အဆင့်မြင့်နည်းပညာ တက္ကသိုလ်တွေကို တစ်ချိန်က အောင်မြင်ခဲ့တဲ့ စက်မှုတက္ကသိုလ်တွေလို ပြန်ဖြစ်လာဖို့ အဓိကလိုအပ်ချက်တွေက ဘာတွေပါလဲ။**

ခေတ်ခွဲခန်းပစ္စည်းတွေလိုတယ်။ ၁၂နှစ်လုံးလုံးလောက်ဟာ ဘွဲ့ကြိုသင်တန်းတွေရဲ့ ခေတ်ခွဲခန်းသုံး ပစ္စည်းတွေကို မသုံးဘဲ ပစ်ထားလိုက်ရတယ်။ တချို့ဟောင်းနွမ်းပျက်စီးသွားတာတွေ၊ ခေတ်မမီတော့တာတွေကို အစားထိုးလဲပေးဖို့၊ အသစ်ဝယ်ပေးဖို့ အထူးအရေးကြီးတယ်။ နောက်တစ်ခုက နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုဖြစ်ဖို့ နိုင်ငံခြားပြန် ဆရာတွေ ဒီထက်မကလိုတယ်ပေ့ါ။ နိုင်ငံခြားဘွဲ့ရဖို့ ပညာတော်သင်တွေ လွှတ်ရမယ်။ ဖြစ်နိုင်ရင်ပညာတော်သင် စီမံကိန်းရေးဆွဲပြီး အစိုးရစရိတ်နှင့် ဖြစ်စေ၊ အခြားအဖွဲ့အစည်းများရဲ့ အထောက်အပံ့နှင့်ဖြစ်စေလွှတ်သင့်တယ်။ ဒါမှ မြန်မြန်တတ်မယ်။ ဒီမှာပါရဂူဘွဲ့ရထားတဲ့သူတွေကိုလည်း နိုင်ငံခြားအတွေ့အကြုံရဖို့နဲ့အမြင်ကျယ်ပြန့်ဖို့အတွက်ပြည်ပကို Training လွှတ်ဖို့လိုတယ်။ နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းတွေလည်း လိုတာပေ့ါ။ သင်ရိုးတွေက ဆွဲပြီးပါပြီ။

**အောင်မြင်တဲ့တက္ကသိုလ်တွေဖြစ်ပေါ်လာဖို့ ငွေကြေးသုံးစွဲနိုင်မှုက အရေးကြီးတယ်ဆိုတော့ အဲ့ဒီအတွက် ဘယ်လိုစဉ်းစားထားပါလဲ။**

ငွေကြေး မရှိရင် ဘာမှလုပ်လို့မရဘူးလေ။ အခု သင်ထောက်ကူပစ္စည်းကလည်း သူများတွေလှူလို့ ကျွန်တော်တို့ ပြည့်ပြည့်စုံစုံဖြစ်သွားတာလေ။ နောက်နှစ်တွေဆိုရင်တော့ ခေတ်ခွဲခန်းအဆင့်မြင့်ဖို့ အစိုးရဘတ်ဂျက်ထဲမှာ ထည့်တောင်းရမှာပေ့ါ။ ဒီနှစ်ကတော့ အစိုးရ ဘတ်ဂျက်မှာတောင်းဖို့ အစီအစဉ်မရှိခဲ့တော့ သူများလှူတာနဲ့ပဲ စရတာပေ့ါ။ နောက်နှစ်တွေဆိုရင် အစိုးရကများများပေးလာဖို့ မျှော်လင့်ရပါတယ်။ အစိုးရက ဒီအဆင့်မြင့်ကျောင်းတွေကို များများ ပံ့ပိုးပေးဖို့လိုတယ်။ အဲ့ဒါမှ အဆင့်မြင့်ကျောင်းတွေ မြန်မြန် ဖြစ်လာမှာပေ့ါ။ တစ်ဖက်ကလည်း ကိုယ့်ဘာသာ ဝင်ငွေရှာတဲ့ အခွင့်အလမ်းတွေပေးဖို့လိုတယ်။ တက္ကသိုလ်တစ်ခုဟာ အပြင်ဝင်ငွေမရှာရဘူးဆိုတာမျိုး မဖြစ်သင့်ဘူး။ နိုင်ငံခြားမှာလို တက္ကသိုလ်တစ်ခုဟာ တိုးတက်ဖွံ့ဖြိုးဖို့အတွက် မိမိကိုယ်ပိုင် အစွမ်းအစနဲ့ ဝင်ငွေရှာ၊ ရန်ပုံငွေထားပြီးတော့ တိုးတက်အောင်လုပ်။ ဝန်ထမ်းတွေကိုလည်း စိတ်ချမ်းသာအောင် လုပ်ပေးရမှာ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေ တာရှည်နေချင်အောင် အခြေအနေတွေဖန်တီးပေးရမှာ ဖြစ်ပါတယ်။ အခုဆိုရင် ဆရာလုပ်ချင်တဲ့သူ အလွန်နည်းနေတယ်။ လိုအပ်တဲ့ပစ္စည်း၊ ကိရိယာတွေကိုလည်း အချို့ကို ရန်ပုံငွေထဲကနေဝယ်ယူဖြည့်ဆည်းပေးရမှာပေ့ါ။ အဲ့ဒီလို လွတ်လပ်မှုမျိုးလိုတယ်။ အစိုးရကပေးတဲ့ ဘတ်ဂျက် ငွေလေးနဲ့ ကျေနပ်နေလို့မရတော့ဘူး။ ကိုယ့်ဘာသာရှာပြီးတော့ အလွဲသုံးစားလုပ်တာမျိုး မရှိဘဲနဲ့ အကျိုးရှိရှိ အသုံးချဖို့အတွက် တက္ကသိုလ်စီမံခန့်ခွဲရေးကော်မတီက ဆောင်ရွက်ရမှာပေ့ါလေ။ မခက်ပါဘူး။ တိုးတက်ဖို့အတွက် ရှိသင့်ရှိထိုက်တဲ့ လွတ်လပ်မှုကို ပေးရန်အရေးကြီးပါတယ်။ ထိန်းချုပ်မှုများလွန်းရင် မဖွံ့ဖြိုး မတိုးတက်နိုင်ပါဘူး။

**အချိန်ပေးဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**


# ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

KL SEVEN AUTO Services Co.,Ltd Car Sale Centre တွင်
တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်၊

**Sale Girl** (၄)ဦး

- အသက် (၁၈)နှစ်မှ (၂၈)နှစ်အတွင်း
- ရုပ်ရည်ချောမောပြေပြစ်ရမည်၊
- အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်၊
- လိုအပ်သည့် စာရွက်စာတမ်းများယူဆောင်၍ ကြော်ငြာပါသည့် ရက်မှ (၅)ရက်အတွင်း CV Form နှင့် အတူအောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်၊

(လစာကောင်းကောင်းပေးမည်)

ဆက်သွယ်ရန်–အမှတ်(၁၅၉)၊အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ("ရွှေရသာ" စားသောက်ဆိုင်ရှေ့) ။ Ph:09-73205809



**TRADEMARK CAUTION**

FELDA GLOBAL VENTURES HOLDINGS BERHAD, a company incorporated in Malaysia at 5th Floor, BALAI FELDA, JALAN GURNEY SATU, 54000 KUALA LUMPUR is the Owner and Sole Proprietor of the following Trademark:

Purich

**Reg: 4/7373/2012**

In respect of : Int'l class 3 : " Soaps, Cakes of toilet soap, Liquid soap (inclusive of gel), Disinfectant soap, Medicated soap, Antiperspirant soap, Antiperspirant (Toiletries), Douching preparations for personal sanitary or deodorant purposes (Toiletries), After-shave lotions, Almond milk for cosmetic purposes, Almond soap, Aromatics (essential oils), Astringents for cosmetic purposes, Bath salts, not for medical purposes, Baths (Cosmetic preparations for-), Beauty masks, Cosmetic preparations for slimming purposes, Cosmetic, Creams (Cosmetic-), Creams (Skin whitening-), Depilatories, Depilatory preparations, Dry shampoos, Eau de Cologne, Foot perspiration (Soap for-), Hair colorants, Hair dyes, Hair lotions, Hair cream, Hair spray, Linen (sachets for perfuming-), Lip glosses, Lipsticks, Lotions for cosmetic purposes, Lotions (Tissues impregnated with cosmetic-), Make-up, Make-up powder, Make-up removing preparations, Mascara, Mask (Beauty-), Perfumery, Perfumes, Pomades for cosmetic purposes, Potpourris (fragrances), Powder (Make-up), Sachets for perfuming linen, Scented water, Shampoos, Shaving preparations, Shaving soaps, Skin care (cosmetic preparations for-), Skin whitening creams, slimming purposes (Cosmetic preparations for-), Soap (Antiperspirant-), Soap (cake of-), Soap (Deodorant-), Soap (Disinfectant-), Soap for foot perspiration, Whitening the skin (Cream for-), Hair Conditioner."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990
Partnership in practice with
**Ms. Saowaluck Lamlert,** Attorney at Law
Siam Premier International Law Office Limited
Email: saowaluck@siampremier.co.th
For FELDA GLOBAL VENTURES HOLDINGS BERHAD
Date: 30.Aug.2012



**နိုင်ငံကျော် လိုတရအမွှေးတိုင်နှင့် အသစ်ထပ်မံထုတ်လုပ်သော သစ်သီး ၁၀၀၀ အမွှေးတိုင်သည် ဦးဇော်ဝင်းတစ်ဦးတည်း ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပြီး ၎င်းလုပ်ငန်းနှင့်ပတ်သက်၍ ဆင်တူယိုးမှား အမွှေးတိုင်များရှိနေပါသဖြင့် ဝယ်ယူအားပေးသော နိုင်ငံတစ်ဝန်းမှ မိဘပြည်သူများအား သတိပေးကြေညာအပ်ပါသည်။ ဝယ်ယူသူနိုင်ငံတစ်ဝန်းမှ မိဘပြည်သူများအား အထူးကျေးဇူးတင်ရှိပါသည်။**

မျက်မှောက်ကာလ၌ ပြည်ထောင်စုမြန်မာနိုင်ငံ၏ စွမ်းအင်၊ သတ္တု၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးနှင့်ဝန်ဆောင်မှုစသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် လာရောက်ကြကုန်သော နိုင်ငံခြားကုမ္ပဏီများ တစ်နေ့တခြား တိုးပွားများပြားလျက်ရှိပေသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ကမ်းလှမ်းလာသည့် နိုင်ငံခြားသားများနှင့် စားပွဲဝိုင်းထိုင်၍ ဆွေးနွေးကြမည့် တာဝန်ရှိပုဂ္ဂိုလ်ကြီးများ အလေးအနက် နှစ်လုံးသွင်းအပ်သောအချက်နှစ်ရပ်ကို စကားလက်ဆောင်ပါးလိုပါသည်။

ပထမအချက်မှာ သက်ဆိုင်ရာ နိုင်ငံခြားကုမ္ပဏီ၏ဖွဲ့စည်းပုံ လုပ်ငန်းအတွေ့အကြုံ၊ ကျွမ်းကျင်မှုနည်းပညာ၊ ငွေကြေးအင်အားစသည့် အချက်အလက်များသာမက ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီပိုင်ရှင် နိုင်ငံခြားသားတို့၏ လူမျိုးအလိုက် ဓလေ့စရိုက်လက္ခဏာများကိုပါ တတ်နိုင်သမျှ လေ့လာသိရှိထားရန် ဖြစ်ပေသည်။ မိမိနှင့် ဆွေးနွေးဘက် နိုင်ငံခြားသား၏ စရိုက်လက္ခဏာကို လေ့လာသိရှိထားခြင်းဖြင့် ၎င်းတို့နှင့် နီးနီးကပ်ကပ် အပြန်အလှန် ဆွေးနွေးညှိနှိုင်းရာ၌လည်းကောင်း၊ အပေးအယူအလျှော့အတင်းပြုလုပ်ရာ၌လည်းကောင်း အကျိုးများစွာ ဖြစ်ထွန်းနိုင်ပေသည်။ ဤအချက်ကို ကိုရီးယားလူမျိုးဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတက္ကသိုလ်ကြီးတစ်ခုတွင် စီးပွားရေးပညာပါမောက္ခတာဝန်ထမ်းဆောင်နေသောပုဂ္ဂိုလ်ကြီးက ဆွေးနွေးပွဲတစ်ခုတွင် ပြောကြားခဲ့ခြင်းဖြစ်၏။

သူက နိုင်ငံခြားတစ်ဦး၏ ရုပ်လက္ခဏာကို ကြည့်၍ မည်သည့်လူမျိုးဖြစ်သည်ကို ခွဲခြားသိရှိအောင် လေ့လာထားအပ်ပြီး အဆိုပါလူမျိုး၏ ထူးခြားသည့် စရိုက်လက္ခဏာကိုပါ သိရှိနားလည်ထားလျှင်ဆွေးနွေးပွဲ၌ ပဋိသန္ဓာရစကားမှအစ ဆက်သွယ်မှုနည်းဗျူဟာ အမျိုးမျိုးကို မိမိက လိမ္မာပါးနပ်စွာကျင့်သုံးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သူ၏ အသေးစိတ်ဆွေးနွေးချက်ကိုအကျဉ်းချုံ့၍ထပ်ဆင့်ဖောက်သည်ချလိုပါသည်။

ကမ္ဘာပေါ်တွင် ဥရောပတိုက်သားများသည်လည်းကောင်း၊ လက်တင် အမေရိကားနိုင်ငံသားများသည်လည်းကောင်း၊ အာရှအရှေ့ပိုင်းရှိ နိုင်ငံအသီးသီးမှ လူမျိုးများသည်လည်းကောင်း၊ အပြင်ပန်းကြည့်လျှင် အသားရောင်နှင့် မျက်နှာသွင်ပြင် အလွန်တူညီသည်ဟုထင်ရသော်လည်းအသေအချာကြည့်လျှင် ရုပ်လက္ခဏာနှင့် ခန္ဓာဖွဲ့စည်းမှုမှာ ကွာခြားချက် တစ်မျိုးမျိုး ရှိနေကြပေသည်။ ထို့အတူ ပွင့်လင်းဖော်ရွေမှု၊ ကူညီရိုင်းပင်းမှု၊ နူးညံ့သိမ်မွေ့မှု၊ သစ္စာရှိမှု၊ အပေးအကမ်းရက်ရောမှု၊ မာနကြီးမှု၊ ခက်ထန်ကြမ်းကြုတ်မှု၊ နှမြောတွန့်တိုမှု၊ တစ်ကိုယ်ကောင်းဆန်မှုစသော စရိုက်လက္ခဏာများမှာလည်း လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူကွဲပြားလေ့ရှိ၏။ လက်တွေ့အားဖြင့် အာရှအရှေ့ပိုင်းမှ တရုတ်၊ ကိုရီးယားနှင့် ဂျပန်လူမျိုး သုံးမျိုးကို ပါမောက္ခကြီးက နှိုင်းယှဉ်သုံးသပ်ပြခဲ့၏။ အဆိုပါလူမျိုး သုံးမျိုး၏ အသားအရောင်နှင့် ရုပ်လက္ခဏာမှာ သာမန်အားဖြင့် တူသယောင်ရှိ၏။ သို့သော် ဂရုစိုက်၍ လေ့လာလျှင် ကွာခြားချက်များကို တွေ့ရှိနိုင်၏။ တရုတ်တို့သည် ကိုရီးယား၊ ဂျပန်တို့နှင့် နှိုင်းယှဉ်လျှင် မျက်နှာအနည်းငယ်ရှည်၏။ သွယ်လျ၏။ ကိုရီးယားလူမျိုးသည် တရုတ်၊ ဂျပန်တို့နှင့်ယှဉ်လျှင် မေးရိုးအနည်းငယ်ကြီး၏။ ပါးစုံများ နီမြန်းနေလေ့ရှိ၏။ ဂျပန်လူမျိုးတို့မှာမူ တရုတ်နှင့် ကိုရီးယားတို့ထက် အသားအရေဖြူဆွတ်ဆွတ်အဆင်းရှိ၏။ ယေဘုယျသဘောအားဖြင့် ၎င်းတို့၏ ရုပ်လက္ခဏာ ခြားနားချက်ကို သိရှိပြီးနောက် စိတ်ပိုင်းဆိုင်ရာ စရိုက်လက္ခဏာကို ဆက်လက်၍နှိုင်းယှဉ်သိအပ်၏။ ဤတွင် တူညီသော အခြေခံအဖြစ်အပျက်တစ်ရပ်ပေါ်တွင် အဆိုပါ လူမျိုးသုံးမျိုး၏ စရိုက်အရ တုံ့ပြန်မှုကွဲပြားပုံကို တွေ့ရှိနိုင်၏။

မြို့လေးတစ်မြို့၏ အစွန်ရှိ နှစ်လမ်းသွားကားလမ်းတစ်လမ်းပေါ်တွင် တံတားငယ်တစ်စင်းရှိ၏။ အဆိုပါ တံတားထိပ်၌ သင်၏ ကားနှင့် မျက်နှာချင်းဆိုင်မှ အရှိန်ဖြင့် မောင်းလာသော ကားတစ်စီးတို့ ထိပ်တိုက်ဆုံကြ၏။ ပထမဦးစွာ သင်၏ကားနှင့် တံတားထိပ်တွင် လာဆုံသော ကားကို မောင်းနှင်သူမှာ ဂျပန်လူမျိုးဖြစ်အံ့။ သူဘာလုပ်မည်ထင်သနည်း။ သင်စဉ်းစားကြည့်ပါ။ ဂျပန်သည် တံတားထိပ်၌ သူ၏ကားကို ရပ်လိုက်ပေမည်။ ထို့နောက် နှစ်လမ်းသွားနေရာသို့ လျင်မြန်စွာ နောက်ပြန်ဆုတ်သွားမည်။ ကားကိုဘေးချရပ်ပြီး သင့်အား တံတားကို အရင်ဦးစွာဖြတ်လာရန် လက်ပြ၍ ဖိတ်ခေါ်လိုက်မည်သာဖြစ်၏။ နှစ်ဖက်ပြဿနာဖြစ်လျှင် လူကြီးလူကောင်းဆန်ဆန်ပြဿနာကို တည်ငြိမ်အေးချမ်းစွာ ဖြေရှင်းရေးကို ဦးတည်ဆောင်ရွက်လေ့ရှိသည်မှာ ဂျပန်လူမျိုးတို့၏ မျက်မှောက်ခေတ်စရိုက်လက္ခဏာ တစ်ရပ်ဖြစ်၏။ ကောင်းပါပြီ။ တစ်ဖက်မှ မောင်းနှင်လာသော ကားဒရိုင်ဘာမှာ ကိုရီးယားလူမျိုးဖြစ်အံ့။ သူဘာလုပ်မည်ထင်သနည်း။ သင်စဉ်းစားကြည့်ပါ။ သူသည် တံတားထိပ်မဝင်ခင် ကားကိုပိုမိုအရှိန်မြှင့်၍ တံတားကိုသူအရင် ဖြတ်မည်။ နောက်ဆုတ်၍ လမ်းဖယ်ပါ။ ဖယ်မပေး၍ တိုက်မိလျှင် မတတ်နိုင်ဟု အဝေးမှ သင့်အားအော်ဟစ်သတိပေးရင်း အရှိန်မလျှော့ဘဲ ကားကိုမီးဖွင့်ပြီး တံတားပေါ်အရင်ရောက်အောင် ဖြတ်ကူးပေလိမ့်မည်။ ကိုရီးယားတို့သည် သွားသုတ်သုတ်၊ စားသုတ်သုတ်နှင့် အမြဲတက်ကြွလှုပ်ရှားပြီး ထိပ်တိုက်တွေ့လျှင် နောက်ပြန်ဆုတ်ရန် စဉ်းစားလေ့မရှိ ဆုံးဖြတ်ချက်ခိုင်မာ၍ မဖြစ်ဖြစ်အောင် အားစိုက်တတ်သည့် အလေ့(Agressive Character)ရှိ သူများအဖြစ် ကျော်ကြား၏။ ဤသည်ကို သူ့လူမျိုး၏ အားနည်းချက်တစ်ရပ်ဟု ပါမောက္ခကြီးက သုံးသပ်မှုပြုခဲ့သေး၏။



# နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ငါးပနော်သီအိုရီ

မြင့်မိုရ်ဆွေ

နောက်ဆုံးလူမျိုးတစ်မျိုးမှာ တရုတ်လူမျိုးဖြစ်၏။ တံတား၏ အခြားတစ်ဖက်ထိပ်သို့ ရောက်လာသော မော်တော်ကားမှာ တရုတ်လူမျိုးမောင်းသော ကားဖြစ်ပြီး သင်၏ကားနှင့်ထိပ်တိုက်တွေ့ကြလေပြီ။ ထိုအခါ တရုတ်ကြီးက ဘာလုပ်မည်ထင်သနည်း။ ဂျပန်လို ကားကို နောက်ဆုတ်ပေးမည်လော။ ဝေးသေးသည်။ ကိုရီးယားလို အရှိန်မြှင့်ပြီး ဇွတ်တိုးမောင်းဝင်လာမည်လော။ မဟုတ်ပါ။ တံတားတစ်ဖက်ထိပ်တည့်တည့်တွင် သူ၏ ကားကို စက်သပ်ရပ်လိုက်ပါမည်။ သင့်အား တစ်ချက်အကဲခတ်၍ ပြုံးပြုံးကြီး လှမ်းကြည့်လိုက်ဦးမည်။ ထို့နောက် ဘာစကားမျှမပြော ဒက်ရှဘုတ်ထဲမှ တရုတ်သတင်းစာ တစ်စောင်ကို ဆွဲထုတ်ပြီး ခပ်တည်တည်နှင့် ဖတ်၍ နေပေလိမ့်မည်။ သင့်အား ဖယ်ပေးပါဟုလည်း မပြော။ ရှေ့ဆက်၍လည်းမမောင်းဘဲသတင်းစာဖတ်နေ၍ သင်ဘာဆက်လုပ်ရမှန်းမသိဘဲ အကျပ်တွေ့လာ၏။ မည်မျှကြာအောင် စောင့်နေရမည်လဲ မသိ။ နောက်ဆုံးတော့ သင်သည် စိတ်မရှည်တော့ဘဲ သင်၏ ကားကို နောက်ဆုတ်ပေးပြီး "ပေါက်ဖော်ကြီးအမြန်လာလေ့" ဟု အော်ဟစ်အချက်ပေးလိုက်ရ၏။ ထိုအခါ တရုတ်ကြီးက သင့်အားပြုံးပြီး "ရှဲ . . . ရှဲ"ဟုနှုတ်ဆက်ရင်း တံတားကို ဖြတ်သန်းသွားပေလိမ့်မည်။ ကမ္ဘာပေါ်တွင် တရုတ်လူမျိုးများသည် မိမိလိုလားချက်ကိုစိတ်ရှည်ရှည်ထား၍ တစ်ဖက်လူရှုံအောင် ညှိနှိုင်းရာ၌ အလွန်တော်သော လူမျိုးများဖြစ်ကြောင်း ပါမောက္ခကြီးက သုံးသပ်ပြ၏။

တစ်ဖက်လူ စိတ်မရှည်နိုင်လောက်အောင်ပင် စိတ်ရှည်ပြသောလူမျိုးဟု ဆိုနိုင်မည်ထင်သည်။ သူ၏ဆွေးနွေးချက်များအရဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံသည် လာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီကိုသာမက ရင်းနှီးမြှုပ်နှံမည့် လူမျိုး၏ စရိုက်လက္ခဏာကိုပါ သိရှိထားခြင်းဖြင့် ပမာဏအဆင့်တွေ့ဆုံညှိနှိုင်းမှု အဆင့်ဆင့်မှသည်ရင်းနှီးမြှုပ်နှံခွင့်ပြု၍ နှစ်ရှည်လများအကျိုးတူဖက်စပ်လုပ်ကိုင်ကြရာ၌ မိတ်ဖက်ဆက်ဆံရေးကို အောင်မြင်စွာ ထူထောင်နိုင်မည်ဖြစ်ပေသည်။

ဒုတိယအချက်ကို ဆက်လက်တင်ပြပါမည်။ နိုင်ငံခြားကုမ္ပဏီများအား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းကြောင့် ပေါ်ထွန်းလာမည့် အကျိုးအမြတ်ခွဲဝေရေးကို နှစ်ဦးနှစ်ဖက်ဆွေးနွေးသောအခါ နှလုံးသွင်းအပ်သော သီအိုရီတစ်ခုအကြောင်း ဖြစ်ပေသည်။ ငါးပနော်(ပနော်) သီအိုရီဟု အမည်ပေးထားပါသည်။ ဤသီအိုရီကို လက်တွေ့အောင်မြင်စွာ ကျင့်သုံးခဲ့ရုံမျှမက နည်းလမ်းပေးလမ်းပြပြုခဲ့သူ ပုဂ္ဂိုလ်ကြီးမှာ ပါမောက္ခကြီးတစ်ဦးမဟုတ်ပေ။ လွန်ခဲ့သည့် ဆယ်နှစ်ကျော်ခန့်ကာလက ကွယ်လွန်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ မင်းဝဲ ဆန်စက်သူဌေးဦးဘအေးဆိုသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ ဦးဘအေးသည် အလုပ်အလွန်ကြိုးစား၏။ ဉာဏ်ပညာ ထက်မြက်၏။ လောကအရေး၊ ဓမ္မအရေး ဗဟုသုတစုံလင်ပြီး စကားပြောလည်း အလွန်ကောင်း၏။ လက်သမားသားဘဝမှ စက်သူဌေးဖြစ်လာသူဖြစ်၍ လွန်စွာအောက်သက်ကျေ၏။ သူနှင့် ဆက်နွယ်နေသော တပည့်၊ သား၊ မြေးမျိုးဆက်သစ်များကိုသူ့နည်းတူကြီးပွားတိုးတက်စေလိုပြီး ကြိုကြိုက်လေတိုင်း ပညာပေးဆုံးမလေ့ရှိ၏။ တစ်ခုသောအားလပ်ရက်၌ ရန်ကုန်မြို့တွင်း စီးပွားရေးစတင်လုပ်ကိုင်နေသောသူ၏ဆန်စက်မှုစက်ဆရာဦးမြ၏ သားမောင်ကျော်ထူးသည် ဆန်စက်သို့ အလည်အပတ် ရောက်ရှိလာ၏။ မောင်ကျော်ထူးက "ဘကြီး နေကောင်းရဲ့လား"ဟုစက်သူဌေးကြီးအား နှုတ်ဆက်လေ၏။ ထိုအခါ ဦးဘအေးက "မင်းလုပ်ငန်းအခြေအနေ ကောင်းရဲ့လား"ဟုပြန်မေးရာ မောင်ကျော်ထူးက "ကျွန်တော် မကြာခင် ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်တော့မှာ ဘကြီးရ"ဟု ကြွားဝံ့ဝံ့ဆို၏။

ဦးဘအေးသည် မောင်ကျော်ထူးအား အတန်ငယ်စိုက်ကြည့်ပြီး "မင်းကို ဘကြီး အလုပ်တစ်ခုခိုင်းမယ်၊ မင်းဝဲရွာနားက ပိုက်တန်းမှာ ဘကြီးအတွက် ငါးဘတ်ကြီးကြီး အနည်းဆုံးငါးဆယ်သားတစ်ကောင် ဝယ်ပေးမလား" ဟုမေး၏။ ကျော်ထူးက "ရတယ်၊ ကျွန်တော် အခု သွားဝယ်ပေးမယ်"ဟုဆိုကာ ဦးဘအေးပေးသောငွေကိုယူပြီး ပိုက်တန်းသို့ ထွက်လာ၏။ လမ်းတွင် ငယ်သူငယ်ချင်း မောင်စိန်ကိုပါတွေ့၍ အဖော်ခေါ်ပြီး လေးဖာလုံခန့် ဝေးသောပိုက်တန်းသို့ လျှောက်လာကြ၏။ မောင်စိန်က "ဒီအဘိုးကြီး ခိုင်းတာကို လုပ်ရတာမလွယ်ဘူးနော်။ ဈေးလည်း မှန်အောင် ဆစ်မှ၊ ပြီးတော့ ငွေပိုရင်လည်း စာရင်းနဲ့ အတိအကျပြန်အမ်းမှ၊ အလေးချိန်လည်း သေချာစစ်ဖို့လိုတယ်။ သူက ကိုယ်ပိုင်ချိန်ခွင်ကြီးနဲ့ ပြန်ချိန်ကြည့်မှာနော်"ဟု လမ်းတွင် ကျော်ထူးကို သတိပေး၏။ ကျော်ထူးက "ငါက ရန်ကုန်မှာ စီးပွားရေးစလုပ်နေတာ၊ မင်းတို့တောသားတွေကို သူက ဆရာလုပ်လို့ရမယ်၊ ငါက မြို့သားဖြစ်နေပြီ။ သူခိုင်းတာလောက်တော့ အပျော့ပေါ့ကွာ"ဟု ပြန်ပြောရင်း ပိုက်တန်းသို့ ရောက်လေ၏။ ပိုက်တန်းတွင် ပိုက်ထောင်သူထံမှ စိတ်ကြိုက် ငါးဘတ်တစ်ကောင်ကို သေချာစွာရွေး၍ ချိန်ခိုင်း၏။ အလေးမှန်အောင် ဂရုစိုက်စစ်ဆေး၏။ ၇၅ ကျပ်သားနီးနီးရှိရာ ငွေရှင်းပြီးနောက် ပိုက်တန်းမှပြန်လာ၏။ စက်သူဌေး ဦးဘအေးထံ မှောက်ရောက်သော် မောင်ကျော်ထူးက သူဝယ်လာသည့် ငါးဘတ်ကြီးမှာ သူများတွေ လိုချင်သည့်အထဲမှ ဘကြီးအတွက် မရရအောင် ရွေးချယ်ဝယ်ခဲ့ခြင်းဖြစ်ကြောင်း ဟင်းချက်အမီ ပြေးပြီး ပြန်လာခဲ့တာဟု ကြွားကြွားဝံ့ဝံ့ ပြောလေ၏။ ပိုသည့်ငွေကိုလည်း ပြန်အပ်၏။

စက်သူဌေးဦးဘအေးသည် ငါးဘတ်ကြီးကို ကိုယ်ပိုင်ချိန်ခွင်ဖြင့် ချိန်ကြည့်၏။ မောင်ကျော်ထူးက "ဘကြီး ကျွန်တော်ဝယ်တာ ဘယ်လိုလဲ၊ အလေးပြည့် ဈေးမှန်ရဲ့လား"ဟု အကဲစမ်းရင်းမေး၏။ သွယ်ဝိုက်၍ စိန်ခေါ်ခြင်းလည်းဖြစ်၏။ ထိုအခါ ဦးဘအေးက "အေးမင်းဝယ်တဲ့ငါးက အလေးပြည့်တယ်၊ ဈေးမှန်တယ်၊ ပိုငွေကိုလည်း စာရင်းအတိအကျအပ်တယ်၊ မင်းမဆိုးဘူး။ ဒါပေမဲ့ အရောင်းအဝယ်မှာ မင်းက သာမန်အဆင့်ပဲရှိသေးတယ်။ ထူးချွန်အဆင့် မရောက်သေးဘူးကွ"ဟု ဝေဖန်ချက်ပေးရာ ကျော်ထူးမှာ လူငယ်ပီပီ ခံပြင်းဒေါသဖြင့် "ဘကြီး ကျွန်တော်ဝယ်တာ ပစ္စည်းလည်းကောင်း၊ ဈေးလည်းမှန်၊ စာရင်းပိုပြတာလိမ်တာလည်းမရှိစေတနာ အပြည့်နဲ့လုပ်ပေးတာကို ဘကြီးကဘာကြောင့် သာမန်အဆင့်လို့ပြောရတာလဲ။ ဒါကျွန်တော့်ကို သက်သက်နှိမ်တာ" ဟု ပြန်ပြောလေ၏။

ဤတွင် ဦးဘအေးက "မင်းကို ဘကြီးပြောမယ်။ လောကမှာ ကိုယ်က တန်ရာတန်ကြေး ရင်းနှီးတဲ့အတိုင်း အကျိုးမဖြစ်ထွန်းရင် လူညံ့လို့ခေါ်တယ်၊ တန်ရာတန်ကြေး ပေးတဲ့အတိုင်း အကျိုးပြန်ရရင် သာမန်လူလို့ခေါ်တယ်။ မင်းလိုပဲ တန်ရာတန်ကြေးပေးပြီး ပစ္စည်းမှန် ဈေးမှန်ဝယ်တတ်တဲ့ လူတွေ လောကမှာ အများကြီးရှိတယ်မှတ်။ အေး. . ထူးချွန်တဲ့လူကျတော့ တန်ရာတန်ကြေးအရ ငါးဘတ်ကြီးတစ်ကောင်ရရုံမျှမက၊ အိမ်မှာ ဟင်းခပ်ဖို့ဖြစ်ဖြစ် ငါးပနော်သေးသေးတစ်ကောင် အဆစ်ရအောင်ကြံဖန်ပြီးတောင်းယူနိုင်ရတယ်ကွ။ ဘကြီး ရှင်းအောင်ပြောမယ်။ လောကမှာ သူ့ကို ငွေ ၁၀၀ ပေးလို့ သူဆီက ၁၀၀ တန်တဲ့ပစ္စည်း ကိုယ်က ပြန်ရတာ သာမန်လူအဆင့်ပဲကွ။ ငါး ပနော်လို နောက်ထပ် အကျိုးဆက်ကလေး သာသာပိုးပိုး ပိုရအောင်ဖန်တီးနိုင်တဲ့လူ အလွန်ရှားတယ်။ မင်း အဲဒီလိုရှားပါးတဲ့ လူထူးလူချွန်ဖြစ်အောင် ဆက်ပြီး ကြိုးစားပါငါ့တူရယ်"ဟုစိတ်ရှည်လက်ရှည် ရှင်းပြရှာလေသည်။ ကျော်ထူးသည် ထိုနေ့မှစ၍ ဦးဘအေး၏ ငါးပနော်သီအိုရီကို အလေးအနက်ထား၍ လက်တွေ့ကျကျကျင့်သုံးခဲ့ရာ ယနေ့အချိန်တွင် ရန်ကုန်မြို့၌ အခြေခံခိုင်မာသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်နေလေ၏။

စာရေးသူအနေဖြင့်အထက်ပါ ငါးပနော်သီအိုရီမှာ ယနေ့ကာလ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် ဆွေးနွေးကြရာ၌ လွန်စွာအသုံးဝင်မည်ဟု အခိုင်အမာယုံကြည်မိပါသည်။ ဥပမာအားဖြင့် လုပ်ငန်းအကျိုးအမြတ်ကို ၅၀ ရာခိုင်နှုန်းစီ ခွဲဝေယူရန် သဘောတူကြပြီဆိုပါစို့။ အခြေခံအဆောက်အအုံများ ထိန်းသိမ်းရေး၌ ပါဝင်ရေး၊ နိုင်ငံခြားတွင် မိမိတို့ဝန်ထမ်းများအား နည်းပညာသင်တန်းနှင့် သုတေသနဆိုင်ရာသင်တန်းများ တက်ရောက်ခွင့်စီစဉ်ပေးခြင်း၊ ဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်း စသော ငါးပနော်လေးများ ရအောင်ယူတတ်ဖို့လိုပေမည်။ လူညံ့အလုပ်ဖြစ်သည့် လက်ဝါးရိုက်ပြီး လာဘ်ယူ၍ မိမိနိုင်ငံအတွက် တန်ရာတန်ကြေးအောက်ရောက်သော M.O.U များ ပပျောက်ရန် ဆောင်ရွက်နိုင်စွမ်းရှိရုံမျှနှင့် တင်းတိမ်၍ မဖြစ်ကြောင်း စေတနာထား တင်ပြရခြင်းဖြစ်ပါသည်။ အချုပ်အားဖြင့် နိုင်ငံခြား ပါမောက္ခကြီး၏ ဆွေးနွေးချက်များနှင့် မြန်မာစက်သူဌေးတစ်ဦး၏ ငါးပနော် သီအိုရီသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် ဆွေးနွေးညှိနှိုင်းကြရာတွင် မိမိနိုင်ငံ အကျိုးစီးပွားအတွက် အဆုံးအဖြတ်ပေးရမည့် မြန်မာအရာရှိကြီးများ၊ မြန်မာလုပ်ငန်းရှင်များအနေဖြင့် မလွှဲမသွေ နှလုံးသွင်းအပ်ပါကြောင်း နိဂုံးစာသဝဏ်ပါးလိုက်ရပါသတည်း။ ။

ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ ကိုကိုကြီး၊ အေးမြတ်သူ၊ ကြူကြူဟာန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချို့နွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006



# သမ္မတဆီ မေတ္တာရပ်ခံစာပို့မတဲ့လား

စိမ်းစုစံ

ကျွန်မဟာ အဆင့်မြင့်ပညာ ဦးစီးဌာနလက်အောက် တက္ကသိုလ်တစ်ခုမှ ကထိကတစ်ဦးဖြစ်ပါတယ်။ ရာထူးထက် ဆရာမတစ်ယောက်ဆိုတာကို ပြောချင်တာပါ။ အဖေ အငြိမ်းစားပညာရေးမှူး၊ အမေ အငြိမ်းစားအထက်တန်းပြ ဆရာမကြီးက မွေးဖွားလိုက်တဲ့ ဆရာမတစ်ယောက်ဖြစ်ပြီး ဦးလေးအရင်းက လက်ရှိ အထက်တန်းကျောင်းအုပ်ကြီး၊ တိုင်းပညာရေးမှူးအငြိမ်းစား၊ အဒေါ် အရင်းက အလယ်တန်းကျောင်းအုပ် (ငြိမ်း) တို့ဖြစ်ကြပါတယ်။

ကျွန်မအဖေ ထိန်တောအထကမှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က အဖြစ်အပျက်ကလေးကို ဦးစွာပြောပါရစေ။ ထိန်တောကနေ ကျွန်မတို့နေတဲ့ အိုးသည်ကုန်းကိုပြန်လာတဲ့အခါ အချို့နေရာတွေမှာ ခြေကျင်လျှောက်ရပါသတဲ့။ အဖေကတော့ အဲသလို ခြေကျင်လျှောက်ရလို့ မညည်းညူဖူးပါဘူး။ ကျွန်မမောင်လေးက ထိန်တောကိုအလည်အပတ်လိုက်သွားတဲ့အခါ သူ့အတွေ့အကြုံကိုပြောပြလို့ သိရတာပါ။ အဲလို ပြန်လာတဲ့အခါတိုင်း အဖေ့ခြေထောက်လေးတွေဟာ နီရဲဖောင်းကားပြီး ခြေချောင်းလေးတွေ တုတ်ခိုင်နေပါတယ်။ လမ်းလျှောက်ရင်း မောမောပန်းပန်းနဲ့ လမ်းဘေးသစ်ပင်အောက်မှာ ပုဆိုးလေးခင်းပြီး မှေးခနဲ အိပ်ပျော်သွားတဲ့အကြောင်းလည်း ပြောဖူးပါတယ်။ သူ ပြန်လာရင် သူ့အိတ်ထဲက ပုဆိုး၊ အင်္ကျီတွေကို ကျွန်မ လျှော်ဖွပ်ရပါတယ်။ အဝတ်တွေကို ဆပ်ပြာမှုန့်နဲ့စိမ်ထားတဲ့အခါ အနံ့ဆိုးဆိုး (ခွေးချေးနံ့)က ကျွန်မနှာခေါင်းထဲကို စူးစူးဝါးဝါး ဝင်ရောက်လာပါတော့တယ်။ သူ ပုဆိုးခင်းအိပ်တဲ့ အောက်မှာ ခွေးချေးပုံရှိနေဟန်တူပါရဲ့။ ဒါဟာ တကယ့်အဖြစ်အပျက်ပါ။ ပင်ပန်းလှတဲ့ကျွန်မအဖေရဲ့ ကျောင်းဆရာဘဝ တစ်စိတ်တစ်ဒေသပါ။

ကျွန်မအမေရဲ့ အလယ်တန်းကျောင်းအုပ်ဆရာမကြီးဘဝကိုလည်း ဝေမျှချင်ပါသေးတယ်။ လက်ပံတန်းအရှေ့ဘက်တောင်ခြေ ဖိုးခေါင်စုရွာရဲ့ အလယ်တန်းကျောင်းအုပ် ဆရာမကြီးပေါ့။ ကျောင်းကို ရောက်ဖို့ ရွာတွေ၊ သချိုင်းကုန်းတွေကို ဖြတ်ရသတဲ့။ သိပ်ကြောက်တတ်တဲ့ အမေက ပြောပြဖူးပါတယ်။ ကျောင်းမှာ တပည့်လေးတစ်ယောက်ကို အဖော်ခေါ်ပြီး အိပ်ပေမယ့် အိပ်လို့မပျော် ဘေးနားမှာ လူတစ်ယောက် လာလာအိပ်နေရသလို ခံစားရလို့ ကျောင်းက ဆရာမတစ်ယောက်ရဲ့ ရွာမှာ လိုက်နေမိတဲ့အခါ ရောဂါဖိစီးလာတော့တာပါပဲ။ ကျောင်းမှာနေစဉ်အခါက ကျောင်းက ရေသန့်(သန့်ရှင်းရေး) က ထမင်းချက်ကျွေးတာပါ။ အမေက ဟင်းချက်စရာတွေ၊ ဆန်တွေပေးရတာပေါ့။ ပိုက်ဆံလည်း ပေးရတယ်။ သူ့သားသမီးတွေအတွက် ကျွန်မတို့ရဲ့ အဝတ်အစားလေးတွေကို ယူသွားပြီးပေးတယ်။ မုန့်တွေ ဝယ်သွားတယ်။ အခြားရွာမှာ လိုက်နေတော့ ရေသန့်ကို ထမင်းမချက်ခိုင်းတော့ဘူးပေါ့။

အမေ့ရောဂါက မစားနိုင် မအိပ်နိုင်တဲ့ရောဂါ၊ မျက်လုံးအကြောင်သားနဲ့ "ရင်ပူတယ်၊ ရင်ပူတယ်" ဆိုပြီး လမ်းလျှောက်နေတယ်။ အိပ်မပျော် စားမဝင်တော့ အားနည်းလာတာပေါ့။ ညီမအငယ်ဆုံးက ရှစ်တန်း၊ နို့ညှာမောင်လေးက ၁၀ တန်း၊ ကျွန်မတို့ အကြီး နှစ်ယောက်က တက္ကသိုလ်တက်နေပြီ။ အဖေကလည်း ထိန်တောမှာ၊ အိမ်မှာ အကြီးဆုံးက ကျွန်မလေ။ ညရောက်မှာ ကျွန်မ သိပ်ကြောက်တယ်။ အမေ့ဘေးမှာ ကျွန်မတို့ ကင်းစောင့်ရတယ်။ ဆရာဝန်နဲ့ပြလည်း မထူးခြားဘူး။ တရှောင်ရှောင် ဖြစ်နေတယ်။ သွေးတိုးရှိလာတယ်။ နှလုံးခဏခဏ တုန်တယ်။ အထက်တန်းပြအဖြစ် ရာထူးလျှော့ယူပြီး မူလနေရာကိုပြန်တောင်းရတယ်။ ဒါက အမေ့ရဲ့ဆရာမဘဝ တစ်စိတ်တစ်ဒေသပါ။

ဇီဝကမဂ္ဂဇင်းမှာ ဒေါက်တာစိုးလွင်ရေးတဲ့ ဆောင်းပါးတွေ ကျွန်မ အမြဲဖတ်လေ့ရှိပါတယ်။ ဆရာကြီးက မီးယပ်နဲ့ သားဖွားအထူးကုပါ။ သူ့ဆီရောက်လာတဲ့မူလတန်းပြ ဆရာမလေးတစ်ယောက်အကြောင်းဖတ်မိပါတယ်။ ကိုယ်ဝန်ဖျက်ချပေးဖို့ ပြောလာတာပါ။ ဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်လဲဆိုတော့ မသိပါဘူးတဲ့။ တာဝန်ကျတဲ့ရွာမှာ အစော်ကားခံရတာပါတဲ့။ မှောင်မှောင်မည်းမည်း မိုးသည်းသည်းရွာချိန်မှာတဲ့။ ဒေါက်တာစိုးလွင်က "သမီးလေးရယ်" ဆိုပြီး ယူကျုံးမရ တသသနဲ့လေ။ ဒါက တောရွာတွေမှာ ဆရာမသွားလုပ်ကြရတဲ့ဆရာမလေးတွေရဲ့ ဘဝမလုံခြုံမှုကို ဖော်ပြနေတာပါ။ ဆင့်ပွားခံစားရတဲ့ ကျွန်မရင်ထဲမှာလည်း တင်းကျပ်ပြီး မောပန်းသွားတယ်။ ကိုယ်တွေ့ စာတွေ့တွေအရ ပြောရရင် ဒါမျိုး ဒါမျိုးတွေ အများကြီး. . အများကြီး ရှိနိုင်ပါသေးတယ်။

ဘာလို့ ဒါတွေကို ရှည်ရှည်ဝေးဝေး ရေးပြနေရသလဲဆိုရင် 7Day News ဂျာနယ် အတွဲ(၁၁)၊ အမှတ်(၂၄)မှာပါတဲ့ သတင်းတစ်ပုဒ်ကြောင့်ဖြစ်ပါတယ်။ အချပ်ပို (C) မှာပါတဲ့ သတင်းတစ်ပုဒ်ပါ။ အဲဒီသတင်း မပါခင်ကတည်းက နီးစပ်ရာ အသိုင်းအဝိုင်း(ကျောင်းသူလေး)တွေက ပြောပြလို့ သိထားပါတယ်။ ရန်ကုန်မြို့ရဲ့ နာမည်ကျော်ကျောင်းကြီးမှာ နှစ်ပေါင်း၃၀ တောင် လုပ်လာခဲ့တဲ့ဆရာမ နှစ်ဦးကို ကျောင်းပြောင်းလို့ ကျောင်းသားတွေက သမ္မတနဲ့ တာဝန်ရှိသူများထံမေတ္တာရပ်ခံစာပို့မတဲ့လား။ ကျွန်မတော်တော်လေး အံ့သြသွားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင် ကျောင်းအုပ်ကြီး နှစ်ယောက်ကလည်း လူမှုရေးပြဿနာတွေကြောင့် ပြောင်းရွှေ့သွားခဲ့ရလို့ပါ။ အခု ဆရာမနှစ်ယောက်ကတော့ ကျောင်းသားတွေ ချစ်ခင်အားကိုးတဲ့ ဆရာမတွေဆိုတော့ အသင်အပြကောင်းပြီး ကျောင်းသားတွေအတွက် ကိုယ်ကျိုးမငဲ့သူတွေလား။ ကျောင်းအတွက် အနစ်နာခံသူတွေလား။ စဉ်းစားမိပါတယ်။

"စီမံခန့်ခွဲမှုလိုအပ်ချက်အရ ပြောင်းရွှေ့ပေးလိုက်တယ်လို့ပြောတယ်"ဟုကျောက်တန်းမြို့အထက ခွဲ(မြိုင်သာယာ)သို့ ပြောင်းရွှေ့ခဲ့ရသူ ဆရာမက ပြောကြောင်း 7Day News ဂျာနယ်မှာပါပါတယ်။ နာမည်ကျော်ကျောင်းကြီးမှာ လုပ်သက်အတွေ့အကြုံ (နှစ် ၃၀)တောင် ရထားတဲ့ဆရာမတစ်ယောက်ရဲ့ စီမံခန့်ခွဲမှုတွေ နယ်အနှံ့ပျံ့သွားတာ မကောင်းဘူးလား။ ဒါဆိုတောရွာက နယ်ကျောင်းတွေလည်း ဒီကျောင်းလို နာမည်ကျော်ကျောင်းတွေဖြစ်သွားနိုင်တာပေါ့နော်။ ကိုယ်ကျိုးကို မကြည့်ဘူးဆိုရင်တော့ ဒါဟာဖြစ်သင့်တဲ့ကိစ္စပါ။ ကျောင်းကောင်းမှာ နှစ်၃၀ တောင် နေပြီးပြီပဲ။ မြန်မာနိုင်ငံ အနှံ့က တောကျောင်းလေးတွေကိုလည်း ကိုယ့်ရဲ့သင်ကြားမှုအတွေ့အကြုံတွေ မျှဝေသင့်တာပေါ့။ ကျောင်းစွဲ၊ တပည့်စွဲ၊ ဆရာစွဲ မထားသင့်ပါဘူး။

ကျွန်မတို့တက္ကသိုလ်ဆရာမတွေတောင် နယ်ကျောင်းတွေကို နှစ်နဲ့ချီပြီး အလှည့်ကျသွားနေရသေးတာမဟုတ်လား။ ဆန္ဒထုတ်ဖော်မယ့် ကျောင်းသားတွေ၊ ကျောင်းသားဟောင်းတွေလည်း စဉ်းစားစေချင်ပါတယ်။ ခေတ်အဆက်ဆက် ကျောင်းသားတွေဆန္ဒထုတ်ဖော်ခဲ့တာ ကိုယ်ကျိုးအတွက်မဟုတ်ခဲ့ပါဘူး။ အများအကျိုး တိုင်းပြည်အကျိုးအတွက်ဆိုတာ ပြန်သတိရစေချင်ပါတယ်။ ကိုယ်စွဲလမ်းတဲ့ ဆရာကို အခြားသူတွေအတွက် မျှဝေသုံးစွဲခွင့်ပြုလိုက်ပါ။ ပေးသူဟာ ယူသူထက် ပိုမြင့်မြတ်ပါတယ်။ နောက်တစ်ခုက နိုင်ငံတော်သမ္မတဆိုတာ မြန်မာနိုင်ငံမှာ တစ်ယောက်ပဲရှိပါတယ်။ ခုလောလောဆယ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ၊ ရခိုင်ဒေသအခြေအနေတွေ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေခုံရုံးကိစ္စတွေ. . စတာတွေနဲ့အလုပ်မအားနိုင်လောက်အောင် ဖြစ်နေတဲ့ သမ္မတဆီ ပုဂ္ဂလိကဆန်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စလေးဟာ တင်ပြသင့်ရဲ့လား စဉ်းစားစေချင်ပါတယ်။ ဒါဟာ ကျွန်မရဲ့ ပုဂ္ဂလထင်မြင်ယူဆချက်သာ ဖြစ်ပါတယ်။ မှားခဲ့ရင်လည်း ကျွန်မရဲ့ တာဝန်သာဖြစ်ပါတယ်။ ကိုယ့်ဆန္ဒကို မထုတ်ဖော်ခင်မှာ ကိုယ်ဟာ ဒီကျောင်းကိုဘယ်လို'မူ'နဲ့ဝင်လာသလဲဆိုတာ ပြန်ဆန်းစစ်သင့်ပါတယ်။ မှန်ကန်တဲ့ တရားဥပဒေစိုးမိုးမှုအောက်မှာ မှန်ကန်စွာ အစစ်ဆေးခံပြီး မှန်သူသာ အနိုင်ရမယ်လို့ယုံကြည်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့နိုင်ငံတော်သမ္မတကြီးက အောက်ခြေအဆင့်လာဘ်ပေးလာဘ်ယူတွေကို တိုက်ဖျက်ဖို့ ခဏခဏ ပြောနေလို့ပါ။ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အစိုးရဖြစ်ဖို့အတွက် ပညာရေးဌာနက လူကြီးလူကောင်းရဲ့ ရိုးသားပြီး တရားမျှတတဲ့ အဆုံးအဖြတ်တွေလည်း အင်မတန်အရေးပါကြောင်း လူကြီးတွေက ကျွန်မထက် ပိုသိမှာပါ။ အပြင်ရောက်သွားပြီဖြစ်တဲ့ ကျောင်းသားဟောင်းတွေကိုလည်း အကြံပြုချင်ပါတယ်။ ကိုယ့်ဖက်က စဉ်းစားရင် ကိုယ်ကျိုးအတ္တကိုဦးတည်တတ်ပါတယ်။ ဆန့်ကျင်ဘက်နေရာကနေ စဉ်းစားမှသာ နှစ်ဦးနှစ်ဖက်အကျိုးကို ရှေးရှုပြီး ဓမ္မဓိဋ္ဌာန်ကျမှာဖြစ်ပါတယ်။ ကျောင်းဆရာမမို့ ဆရာလုပ်တဲ့ လေသံပါသွားရင် နားလည်ခွင့်လွှတ်စေချင်ပါတယ်။

# Business

7Day News Journal

Vol.11, No.25 • AUGUST 30 , 2012


## ပထမဆုံးကုန်းတွင်း ကုန်သေတ္တာ သိုလှောင်ရေး စခန်းဖွင့်

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ်-၂၃**



အသစ်ဖွင့်လှစ်လိုက်သည့် ကုန်းတွင်းကုန်သေတ္တာ သိုလှောင်ရေးစခန်းကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်

ဓာတ်ပုံ - အိဖြူလွင်

ရန်ကုန်မြို့တွင် ပထမဆုံး ကုန်းတွင်းကုန်သေတ္တာသိုလှောင်ရေးစခန်းနှင့် ကုန်သေတ္တာတင်ယာဉ်ရပ်နားစခန်းကို ဒဂုံဆိပ်ကမ်းမြို့နယ်၌ ဩဂုတ် ၂၂ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဒဂုံဆိပ်ကမ်းကုန်းတွင်းကုန်သေတ္တာသိုလှောင်ရေးစခန်းသည် သီလဝါရေနက်ဆိပ်ကမ်းသို့သွားရာလမ်းကြောင်းအနီးတွင်ရှိပြီး မြေဧက ၅၀ ကျယ်ဝန်းသဖြင့် ကုန်သေတ္တာအလုံးရေ၅,၀၀၀ နှင့် ကားစီးရေ ၁,၂၀၀ ထိ ရပ်နားနိုင်ကြောင်း သိရသည်။

ပြောင်းလဲလာသော စီးပွားရေးအခြေအနေများအရ ကုန်သေတ္တာကိုင်တွယ်မှုပမာဏလည်း တိုးလာမည်ဖြစ်ရာ ကုန်သေတ္တာသိုလှောင်ရန်နေရာ လိုအပ်ချက်လည်း ရှိလာခြင်းအတွက် ဒဂုံဆိပ်ကမ်းကုန်သေတ္တာ သိုလှောင်ရေးစခန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်ဟု ဒဂုံဆိပ်ကမ်းအပြည်ပြည်ဆိုင်ရာ ထောက်ပို့လုပ်ငန်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ညွန့်လွင်က ပြောကြားခဲ့သည်။

ယခု ကုန်သေတ္တာစခန်းသည် ရန်ကုန်မြို့ရှိ စက်မှုဇုန်များ အနက် အရှေ့ပိုင်း စက်မှုဇုန်များနှင့် လမ်းကြောင်းအရ နီးသောနေရာတွင်ရှိပြီး ယာဉ်နှင့် ကုန်သေတ္တာခွံကို တစ်ဆက်တည်း၊ တစ်နေရာတည်းမှပင်ထုတ်ယူနိုင်သည့်အတွက် အချိန်ကုန်ပိုမိုသက်သာသည်ဟု ဦးကျော်ညွန့်လွင်က ပြောကြားသည်။

ရန်ကုန်မြို့တွင်ဆိပ်ကမ်းနှင့်တွဲလျက်ရှိသော ကုန်သေတ္တာသိုလှောင်စခန်းများရှိသော်လည်း သိုလှောင်သည့် ကုန်သေတ္တာ အရေအတွက်များပြားလာသောကြောင့် ကုန်သေတ္တာအထပ်ပမာဏမြင့်လာပြီး အသွင်းအထုတ်ပြုလုပ်ရန် အချိန်ကြာမြင့်လာကြောင်း သိရသည်။

ဒဂုံဆိပ်ကမ်း ကုန်သေတ္တာတင်စခန်းတွင် ကုန်သေတ္တာအထပ်အမြင့်ကို သုံးထပ်သာ ထပ်မည်ဖြစ်ပြီး ပျက်စီးကုန်သေတ္တာများအား ပြုပြင်ထိန်းသိမ်းပေးသည့် ဝန်ဆောင်မှုများကိုပါ ပြုလုပ်ပေးသည်ဟု သိရသည်။

ကုန်သေတ္တာစခန်းသို့ လာရောက်လေ့လာသည့် သင်္ဘောလိုင်းတစ်ခုမှ အကြီးတန်းမန်နေဂျာက "ဒီစခန်းက လောလောဆယ်မှာ မြို့နဲ့ ဝေးနေသေးလို့ ဒီမှာ အပ်သင့်၊ မသင့်ကတော့ပြန်ပြီးစဉ်းစားရဦးမှာပါ။ သီလဝါနဲ့ နီးပေမယ့် ရန်ကုန်မြစ်ထဲမှာ ကပ်ထားတဲ့ သင်္ဘောတွေကို ပို့မယ်ဆိုရင်တော့ နည်းနည်းလှမ်းနေသေးတယ်"ဟု ပြောကြားသည်။

ဒဂုံဆိပ်ကမ်းကုန်သေတ္တာစခန်းကို ဒဂုံဆိပ်ကမ်းအပြည်ပြည်ဆိုင်ရာ ထောက်ပို့လုပ်ငန်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်က တည်ထောင်ဖွင့်လှစ်ခြင်းဖြစ်၍ ကုမ္ပဏီကို စက်မှုဇုန်လုပ်ငန်းရှင်များနှင့် သယ်ယူပို့ဆောင်ရေးအသင်းမှ လုပ်ငန်းရှင်များ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကုန်သေတ္တာစခန်းအတွက် မြေနေရာကို နိုင်ငံတော်၏ ခွင့်ပြုချက်အရ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

## ပို့ဆောင်ရေးကဏ္ဍတွင် ဂျပန်အဓိက ပူးပေါင်းပါဝင် ရင်းနှီးမြှုပ်နှံမည်

**အိဖြူလွင်၊ မိုးညို**

**ရန်ကုန်၊ ဩဂုတ် - ၂၅**

မြန်မာနိုင်ငံ၏ပို့ဆောင်ရေးကဏ္ဍတစ်ခုလုံးကို ဂျပန်နိုင်ငံက အဓိကဦးဆောင်၍ ပူးပေါင်းပါဝင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာ Matsouka HaJime ကပြောသည်။

ဩဂုတ်လ ၂၄ရက်က ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသော ဂျပန်-မြန်မာပို့ဆောင်ရေးဆိုင်ရာ နည်းပညာဆွေးနွေးပွဲ၌ ယခုကဲ့သို့ထည့်သွင်းပြောကြားသွားခြင်းလည်းဖြစ်သည်။

ပထမအဆင့်အနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်၏ ဆိပ်ကမ်းများကို တိုးချဲ့ခြင်း၊ ပြည်တွင်းရေကြောင်းပိုင်သင်္ဘောများအား ဂျပန်သင်္ဘောများဖြင့် အစားထိုးပြေးဆွဲခြင်း၊ အမြန်ရထားစီမံကိန်းများ ဆောင်ရွက်ခြင်း၊ မြို့တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် Master Plan ရေးဆွဲခြင်း၊ လေကြောင်းဆိုင်ရာ ထိန်းသိမ်းရေးပစ္စည်းများ ထုတ်လုပ်ခြင်းတွင်ပါဝင်ခြင်း၊ မြို့တွင်းပိုင်းလမ်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးများကို နည်းပညာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် အဓိကလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မစ္စတာ Matsouka HaJime ကပင် ပြောသည်။

"ဒီလုပ်ငန်းတွေ လုပ်ဖို့အတွက် ပို့ဆောင်ရေးနဲ့ဆိုင်တဲ့ ဌာနသုံးခုနဲ့ အခုစတင်ဆွေးနွေးမှုတွေပြုလုပ်နေပါပြီ"ဟု ၎င်းကပင်ပြောသည်။ စီမံကိန်းများရေးဆွဲပြီး တစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်ဖက်စလုံးမှ ရင်းနှီးမြှုပ်နှံမည့် ပမာဏနှင့် စာချုပ် ချုပ်ဆိုသည့် အရေအတွက်ကို ထုတ်ပြန်ခြင်း မရှိသေးပေ။

ဂျပန်အစိုးရက ဆက်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍအပါအဝင် အခြေခံအဆောက်အအုံများ၊ နည်းစနစ်များ ဖွံ့ဖြိုးတိုးတက်ရေး အလေးပေးကူညီဆောင်ရွက်သွားမည်ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာကရှိဆအိတိုကလည်း အထက်ပါဆွေးနွေးပွဲတွင်ပင်ပြောကြားခဲ့သည်။

လက်ရှိတွင်ပြည်တွင်းပို့ဆောင်ရေးကဏ္ဍအချို့ကို ပုဂ္ဂလိကသို့ စတင်လွှဲပြောင်းလုပ်ကိုင်ခွင့်များ ပြုလျက်ရှိရာ တိုင်းရင်းသားလုပ်ငန်းရှင်များထက် ပြည်ပလုပ်ငန်းရှင်များကိုပိုမိုလုပ်ကိုင်ခွင့်ပေးမည့် အနေအထားများလည်းရှိကြောင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကသုံးသပ်သည်။


**စာ(၃၄)သို့**


## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၆၆ | ၈၇၆ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၆ | ၈၇၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၃ | ၇၀၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၈၇ | ၁၁၀၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂ | ၂၇. ၃၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၃ | ၁၃၅ | ကျပ် |

၂၀၁၂ ဩဂုတ် ၂၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၂၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၉၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၆၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၅၄၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၄၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၉၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၄. ၁၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၉၈၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၂၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၉၇. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၂၁၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၆၄ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၀၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၃၁၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၁၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၈၁ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၆ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၇၂. ၉၀၀ |
| ရေနံစိမ်း | စည် | ၁၁၃. ၅၉၀ |
| ငွေ | ၁ အောင်စ | ၃၀. ၇၀၉ |
| ကြေးနီ | ပေါင် | ၃၄၈. ၉၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၇၀၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဩဂုတ် ၂၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# စီဘီဘဏ်၏ နောက်ထပ်မြို့တော်သစ် စီမံကိန်း မူဆယ်မြို့အနီး လျာထားဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၂၅**

မူဆယ်မြို့အနီး ဧက ၅၀,၀၀၀ ကျော် အကျယ်အဝန်းရှိသော မြို့တော်သစ်စီမံကိန်းသစ်တစ်ခု တည်ဆောက်ရန်လျာထားကြောင်း မြို့တော်သစ် စီမံကိန်းများကို အကောင်အထည်ဖော်လုပ်ဆောင်ရန်စီစဉ်နေသောစီဘီဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးကပြောသည်။

အဆိုပါ မြို့တော်သစ်ကို ဒေသခံဖြစ်သော မူဆယ်မြို့ခံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းပြီး ဒေသခံများကို အစုရှယ်ယာများ ခေါ်ယူသွားမည်ဖြစ်ကြောင်း ဦးခင်မောင်အေးက ဆက်လက်ပြောကြားသည်။

"ဒီစီမံကိန်း လုပ်ဖြစ်ရင် မူဆယ်ဒေသဖွံ့ဖြိုးတိုးတက်ပြီး တရုတ်နိုင်ငံဘက်ကိုသွားပြီး အလုပ်နေရတဲ့သူတွေလည်း ကိုယ့်ဒေသကို ပြန်လာပြီး အလုပ်လုပ်နိုင်အောင်လုပ်ဆောင်သွားမှာပါ" ဟု ၎င်းက ဆိုသည်။

သို့သော် ထိုမူဆယ်စီမံကိန်းနှင့် ပတ်သက်၍ လတ်တလော တစ်စုံတစ်ရာလုပ်ဆောင်ထားခြင်း မရှိသေးဘဲ စီမံထားသည့်အနေအထားတွင်သာ ရှိနေသေးကြောင်းသိရသည်။

မြို့တော်သစ် စီမံကိန်းနှင့် ပတ်သက်၍ အစုရှယ်ယာ တစ်စုလျှင်ကျပ်တစ်သောင်းဖြင့်ခေါ်ယူမည်ဖြစ်သည်။ လက်ရှိတွင်လည်း မန္တလေးမြို့အနီးတွင်ဧက ၂၃,၀၀၀ ကျော် ကျယ်ဝန်းသော မြို့တော်သစ်တည်ဆောက်မည့် စီမံကိန်းနှင့်ပတ်သက်၍ အစုရှယ်ယာအဆိုပြုလွှာများကိုခေါ်ယူနေသည်။ ယင်းအဆိုပြုလွှာများတွင် အစုရှယ်ယာအများဆုံးတင်သွင်းထားသူမှာ ကျပ် ၁၀ ဘီလီယံထိ ရှိနေပြီဖြစ်ကြောင်း ဦးခင်မောင်အေးက ပြောသည်။

မန္တလေးမြို့တော်သစ် စီမံကိန်းမှာလည်း တရားဝင်လုပ်ပိုင်ခွင့်ရရှိခြင်းမရှိသေးဘဲ သက်ဆိုင်ရာက လေလံတင်ရောင်းချသည့်အချိန်မှသာ ယင်းစီမံကိန်းအတွက် နေရာရရှိရန် လေလံဝင်ဆွဲရမည်ဖြစ်သည်။

အဆိုပါ မန္တလေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာနှစ်ဘီလီယံအထိ ကုန်ကျနိုင်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ လက်ရှိတွင် ထိုစီမံကိန်းအတွက် မန္တလေးဘက်မှအစုရှယ်ယာအဆိုပြုလွှာထားသူပေါင်း၉,၀၀၀ကျော် ရှိနေပြီဖြစ်ကြောင်း ဦးခင်မောင်အေးက ပြောသည်။

အစုရှယ်ယာ ဝင်သူများသော်လည်း အများစုမှာ လက်ငင်းငွေပေးချေရန် မလိုသေးဘဲ အဆိုပြုလွှာတင်ရခြင်းသာဖြစ်၍ တင်ထားသည့်တိုင် အများစုမှာ စီမံကိန်းအကောင်အထည်မဖော်ဖြစ်သော အနေအထား ရောက်သွားနိုင်သည်ဟု ခန့်မှန်းနေကြောင်း မန္တလေးရှိ အိမ်ခြံမြေ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"မန္တလေးက လုပ်ငန်းရှင်တွေ စိုးရိမ်တာက အခုလုပ်ပိုင်ခွင့်မကျသေးတော့ ရင်းနှီးမြှုပ်နှံဖို့ စိုးရိမ်ကြတဲ့သဘောပေါ့"ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

စိုးရိမ်မှုများ ဖြစ်နေသည်ဟုဆိုသော်လည်း အဆိုပါအိမ်ရာသစ်စီမံကိန်းပြုလုပ်မည်ဟူသော သတင်းကြောင့် တံတားဦးအနီးရှိ အိမ်ခြံမြေဈေးနှုန်းများမှာ ကျပ်သိန်းဆယ်ဂဏန်းမှ ရာဂဏန်းထိ မြင့်တက်လာကြောင်းသိရသည်။




## စာ(၃၃) - ပို့ဆောင်ရေးကဏ္ဍတွင် မှ

ဂျပန်နိုင်ငံ၏ ပထမအဆင့် ရင်းနှီးမြှုပ်နှံမှုအဖြစ်သီလဝါအထူးစီးပွားရေးဇုန်၏ လမ်း၊ တံတားနှင့် မြေဆီလွှာဆိုင်ရာ စစ်ဆေးခြင်းများကို ဂျပန်ထိပ်သီးကုမ္ပဏီသုံးခုက စတင်ဦးဆောင်၍ လုပ်ကိုင်ခွင့်ရရှိထားပြီး ဂျပန်နိုင်ငံမှ ယင်းလုပ်ငန်းအတွက် ၄၉ ရာခိုင်နှုန်းခန့်ပါဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့် ရရှိထားပြီဖြစ်ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံနှင့်နိုင်ငံအလိုက် ကုန်သွယ်မှုအခြေအနေတွင် ဂျပန်နိုင်ငံမှာ အဆင့်-၃ နေရာ၌ ရပ်တည်လျက်ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၃၃၀ ဒသမ ၆၉ အထိရှိကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။






7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# Commodity Watch

## စာ(၂၆) အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ပြည်သူသည်အဓိက မှ

အဂတိလိုက်စားမှုကို ဆန့်ကျင်သော သတင်းစာဆရာများသည် အမဲလိုက်သလို အလိုက်ခံကြရပါသည်။ အနှောင့်အယှက် ပေးခံကြရပါသည်။ တစ်ခါတစ်ခါ ရိုက်နှက်ခံကြရရုံသာမက ဖမ်းဆီးခြင်း၊ အဆုံးမှာ သတ်ဖြတ်ခြင်းများကိုပင် ခံရတတ်ပါသည်။

၁၉၉၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း 'အဂတိလိုက်စားမှုများအကြောင်း' သတင်းလိုက်နေသော သတင်းထောက် ၈၁၂ ယောက်အနက် ၁၂၀ ကျော် အသတ်ခံခဲ့ရကြောင်း အယ်လ်ဘာနီရှိ နယူးယောက် တက္ကသိုလ်မှ ပါမောက္ခရို့စ်မာရီအာမော်၏လေ့လာချက်အရသိရပါသည်။ အာမော် ကိုယ်တိုင်လည်း သတင်းထောက်လုပ်ခဲ့ဖူးပါသည်။

သို့နှင့်တိုင် စုံစမ်းထောက်လှမ်းပြီး သတင်းရေးသားသော သတင်းထောက်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ရှေ့တန်းက ဆက်လက်ပါဝင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံတကာပွင့်လင်းမြင်သာရှိမှုအဖွဲ့ကြီး၏ 'တည်ကြည်ဖြောင့်မတ်မှုဆု'ချီးမြှင့်ခံရသူရှစ်ဦးတွင် သတင်းစာဆရာသုံးဦးပါဝင်ခဲ့ပါသည်။

သည်လို သတင်းစာဆရာများသည် အစိုးရအဖွဲ့တွင်းမှ ပြုပြင်ပြောင်းလဲရေး လိုလားသူများ၊ ပြည်သူပြည်သား တက်ကြွလှုပ်ရှားသူများ၊ တရားမျှတစွာ ယှဉ်ပြိုင်ခွင့်ရလိုသော စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာပွင့်လင်းမြင်သာရှိမှုအဖွဲ့၊ ပွင့်လင်းလူ့အဖွဲ့အစည်း ရန်ပုံငွေအဖွဲ့ (Open Society Foundation) တို့နှင့် လက်တွဲဆောင်ရွက်နိုင်ပါသည်။

သို့သော် အာမော်အဆိုအရ တစ်ခါတလေမှာ တစ်ကိုယ်တော် လုပ်ဆောင်တာ ပိုပြီးထိရောက်သည့် အခါမျိုးလည်းရှိပါသည်။ မိမိတစ်ဦးတည်းဆိုတော့ တစ်ယောက်တစ်ပေါက် ဖြစ်တာမျိုး မရှိတော့ချေ။

တချို့ကမူ အခြားသူများနှင့် လက်တွဲလုပ်ဆောင်ခြင်းက မိမိအတွက် အကွာအကွယ်ရသည်ဟုဆိုကြပါသည်။ အတွေ့အကြုံရှိပြီးသားသူများထံမှ အကြံကောင်းဉာဏ်ကောင်းတွေရရှိနိုင်ပါသည်။ တစ်ဦးတည်း လုပ်ရမလား၊ အုပ်စုဖွဲ့လုပ်ရမလားဆိုသည်ကတော့ အခြေအနေ၊ အချိန်အခါပေါ် မူတည်ပေမည်။ လူအများက လွတ်လပ်၍ ပွင့်လင်းသောဒီမိုကရေစီဖြစ်လာလျှင် အဂတိလိုက်စားမှုတွေ ပျောက်ကွယ်သွားလိမ့်မည်ဟုယူဆကြပါသည်။ ဒါက အခါခပ်သိမ်း မမှန်ပါဟု ပါမောက္ခကလစ်ဂ့ါဒ်က ပြောပါသည်။ ဒီမိုကရေစီထွန်းကားရေးနှင့် အဂတိလိုက်စားမှုပပျောက်ရေးသည် အမြဲပြဲပန်းတိုင် မဟုတ် အပြိုင်ထားရှိအပ်သော ပန်းတိုင်မျှသာဖြစ်လေသည်။

အဆုံးတွင် အရေးကြီးသည်က 'အဂတိလိုက်စားမှုသည် စနစ်တစ်ခုဖြစ်သည်'ဆိုခြင်းကို အမှတ်ရနေရမည်ဟု ကလစ်ဂ့ါဒ်ကပြောသွားပါသည်။ ထိုစနစ်ကို ကိုင်လှုပ်ပစ်နိုင်မည်ဆိုလျှင် အပြောင်းအလဲစတင်လာပါလိမ့်မည်။

အဂတိ လိုက်စားမှုများ လျော့နည်းပပျောက်သွားသည့်တစ်နေ့ ပြည်သူ့ဘဝသည်လည်း တိုးတက်ကောင်းမွန်လာပေလိမ့်မည်ဖြစ်သတည်း။ ။

## စာ(၂၅) ခေတ်သစ်ဖွံ့ဖြိုးရေးပါရာဒိုင်း ပါမောက္ခဖူကူယားမား၏ ပို့ချချက်နှင့် စာရေးသူ၏အတွေးအချို့ မှ

■ **ပတိရူပ နိဒါန်း**

မေးခွန်းမေးသူ အများစုမှာလည်း လူငယ်တွေသာဖြစ်နေသည်။ သူတို့က မြန်မာ့နိုင်ငံရေး အပြောင်းအလဲအပေါ် ပါမောက္ခ၏အမြင်ကိုသိလိုကြဟန်တူသည်။ ပါမောက္ခကတော့ ပညာရှင်ပီပီ သိမ်သိမ်မွေ့မွေ့ပဲဖြေပါသည်။ သို့တစေ သူ့အဖြေက ထိမိသည်။ မေးမြန်းသူတွေ ဘဝင်ကျသွားဟန်ရှိသည်။

စာရေးသူတွင် လူငယ်အချို့က ကိုယ်စားမေးပေးဖို့ ပေးထားသော မေးခွန်းအချို့ရှိသည်။ စာရေးသူကိုယ်တိုင်လည်း မေးချင်တာအချို့ ရှိသည်။ သို့တိုင်အောင်မမေးဖြစ်ခဲ့ပါ။ အချိန်နည်းသည်က တစ်ကြောင်း၊ မေးကြမြန်းကြသည့် လူငယ်တွေကို ဦးစားပေးလို၍ တစ်ကြောင်း၊ ဘာမှမမေးဘဲပီတိဖြင့်သာ နားထောင်နေခဲ့ပါသည်။

သည်လိုနှင့် နှစ်လရှည်ကြာပျောက်ဆုံးနေသော အပျော်တွေတပွေ့တပိုက်ဖြင့် ထိုနေ့က အိမ်ပြန်ဖြစ်ခဲ့သည်။ မင်္ဂလာတရားတော်လာ 'ပတိရူပဒေသဝါသောစ' ဆိုသည်ကို နှလုံးသွင်းရင်း စိတ်ကူးဖြင့် အားတက်နေမိသည်။ 'ပတိရူပ-ပညာရှိတို့နှင့် နီးနှောခွင့်ရသော အရပ်ဒေသတွင် နေထိုင်ရခြင်းသည်မင်္ဂလာမည်ပေ၏'ဟုပရိတ်တော်ကဆိုသည်။ အမိမြန်မာပြည်၏ ပတိရူပနိဒါန်းအစ ရောက်ပြီလော. . . ။

*စာပြီးနေ့စွဲ - ၂၅၊ ဩဂုတ်၊ ၂၀၁၂*

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy S3(White) | 525,000 |
| Galaxy S3 | 520,000 |
| Galaxy S2 | 385,000 |
| Ace SPlus (White) | 290,000 |
| Galaxy Note | 485,000 |
| Galaxy Ace | 175,000 |
| Galaxy Cooper | 215,000 |
| Galaxy Fit | 140,000 |
| Galaxy Gio | 130,000 |
| Galaxy Mini | 120,000 |

**T-Land, New Force Mobile, Best More Smart Mobile, ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### HTC

| Model | Price |
|---|---|
| HTC GIO Desire HD | 258,000 |
| Explorer | 125,000 |
| Incredible S | 370,000 |

### iPhone

| Model | Price |
|---|---|
| iPhone 4S (16 GB) | 630,000 |
| New iPad (32GB) | 700,000 |
| New iPad (16GB) | 600,000 |
| iPod Nano (8 GB) | 130,000 |
| iPod Touch (8GB) | 180,000 |

### Huawei

| Model | Price |
|---|---|
| U 88501 (GSM) | 210,000 |
| U 8520 (GSM) | 115,000 |
| U 8661 (GSM) | 93,000 |
| U 8650 (GSM) | 98,000 |
| U 7520 (GSM) | 70,000 |
| U 7300 (GSM) | 45,000 |
| S 8600 (GSM) | 213,000 |
| S 8520 (GSM) | 170,000 |

**ဩဂုတ်(၂၅)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 245,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 23,000 |
| EVD(Sony) | DVK75 | 25,000 |
| LG | DV808 | 26,000 |
| EVD (AEK) | 8TMI | 31,500 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 165,000 |
| Hitachi | 19AGV7 | 242,000 |
| Panasonic | NR.BT223 | 238,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 175,000 |
| Samsung | WT10J | 170,000 |
| **Aircon** | | |
| Chigo | 1.0HP | 210,000 |
| Mitsubishi | 1.0HP | 255,000 |
| Samsung | 1.0HP | 230,000 |

**အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၂၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ** Capital **နှင့်** OK **မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၂၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၆၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၃၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၇၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၃၄၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၃၂၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၂၅) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧည့်ယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၅,၂၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၈၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၄၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၈၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၇,၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၈၀၀-၃,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၅၀၀-၃၅,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၁၀၀-၁,၂၀၀ |

**ဩဂုတ်(၂၅) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Aug(19) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(20) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(21) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(22) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(23) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(24) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(25) | 3,550 | 3,950 | 4,100 | 4,100 |

**ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3610QM,4GB DDR3,500 HDD, 2GB VGA,14" | 693,500 |
| Intel Core i5-3317UM,4GB DDR3,500 HDD, 1GB VGA,14″ | 598,900 |
| Intel Core i3-M2367, 4GB DDR3,500 HDD, 1GB VGA,14" | 519,900 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 389,700 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,700 |
| **MSI** | |
| Intel Core i7 2.3GHz 8GB DDR3, 750HDD, 2GB VGA,15.6" | 1032,900 |
| Intel Core i5 2.5GHz 4GB DDR3, 500HDD, 2GB VGA, 14" | 589,300 |
| Intel Core i3 2.1GHz 2GB DDR3, 640 HDD, 1GB VGA 14" | 519,900 |
| AMDDualCore1.6GHz 2GB DDR3, 500 HDD, 256 VGA, 14" | 363,600 |
| **HP** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1058,900 |
| Intel Core i5 1.7GHz 6GB DDR3,500HDD,IntelGraphic, 14" | 807,200 |
| Intel Core i5 2.5GHz 4GB DDR3,640 HDD, 2GBVGA,15.6" | 633,600 |

7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# အမေရိကန်၊ တရုတ်၊ ဂျပန်နှင့် အမျိုးသားနိုင်ငံရေး

**ကြည်နေဝင်းမင်း**



ဂျပန်တွင် ဆင်ကာကုကျွန်းများဟုခေါ်၍ တရုတ်တွင် ဒိုင်အိုယုကျွန်းများဟုခေါ်ဆိုသော အငြင်းပွားရာကျွန်းများမှာ တရုတ်အရှေ့ပင်လယ်တွင် တည်ရှိပြီး ဂျပန်က ထိန်းချုပ်ထားသည့်ကျွန်းများဖြစ်သည်

ယခင်ရက်သတ္တပတ်အတွင်းက တရုတ်မြို့ကြီး တစ်ဒါဇင်နီးပါးခန့်တွင် ဂျပန်ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။ ဒေါသထွက်နေသော ဆန္ဒပြသူများက တိုယိုတာကားများကို ပက်လက်လှန်ပစ်ကြစဉ်မှာပင် ဂျပန်စားသောက်ဆိုင်များ၊ စီးပွားရေးလုပ်ငန်းများလည်း ဖျက်လိုဖျက်ဆီး အပြုခံခဲ့ရသည်။ တရုတ်နိုင်ငံအလယ်ပိုင်း ချန်ဒူးမြို့တွင် ကန့်ကွက်ဆန္ဒပြသူများက ဂျပန်နှင့် ပတ်သက်၍ ဆိုးဆိုးရွားရွား ရေးသားထားသောစာတန်းများကိုင်ဆောင်ဆန္ဒပြခဲ့ကြသည်။

အဆိုပါ ဆန္ဒပြချီတက်ခြင်းများ၏ လတ်တလောအကြောင်းရင်းမှာ ဂျပန်နိုင်ငံက ထိန်းချုပ်ထားသော လူနေထိုင်မှု မရှိသည့် အငြင်းပွားကျွန်းစု အနည်းငယ်နှင့် ပတ်သက်ပါသည်။ (ယင်းကျွန်းစုများကို တရုတ်နိုင်ငံတွင် ဒိုင်အိုယုကျွန်းစုများဟု ခေါ်ဝေါ်၍ ဂျပန်နိုင်ငံတွင် ဆင်ကာကုကျွန်းစုများဟု သုံးနှုန်းပါသည်) ဩဂုတ် ၁၅ ရက်တွင် တရုတ်အမျိုးသားရေးဝါဒီများက ၎င်းကျွန်းများပေါ်သို့ တက်ရောက်၍ အလံများ စိုက်ထူခဲ့ကြသည်။ နောက်ပိုင်းတွင် ၎င်းတို့အား ပြည်နှင်ဒဏ်ပေးလိုက်ပါသည်။ ဂျပန်အမျိုးသားရေးဝါဒီများကလည်း လက်တုံ့ပြန်ခဲ့ပြီး အဆိုပါကျွန်းများပေါ်သို့ ရေကူး၍ တက်ရောက်ခဲ့ကြသည်။ ထို့အတွက် တရုတ်နိုင်ငံသားများ၏ခံစားချက်များကို မီးလောင်ရာလေပင့်ဖြစ်စေခဲ့သည်။

တရုတ်လူအုပ်စုများ၏ အမျက်ဒေါသမှာ အစစ်အမှန်ဖြစ်ပါသည်။ ယင်း၏ အရင်းအမြစ်မှာ တရုတ်အမျိုးသားရေးဝါဒီ အတွေးအခေါ်ပေါ်တွင်တည်နေပါသည်။ တရုတ်ကွန်မြူနစ်ပါတီက ၎င်း၏ ပညာပေးရေးနှင့် ဝါဒဖြန့်ချိရေးစနစ်များဖြင့် သမိုင်းကို ထူးထူးခြားခြား နားလည်ရန် နိုင်ငံသားများအား လူမှုရေးရာပြောင်းလဲထားသည်။ မော်စီတုန်းခေတ်အောင်ပွဲခံဝါဒမှာ ၁၉၉၀ ကျော်နှစ်များမှ စ၍ တရုတ်နိုင်ငံသားများခံစားခဲ့ရသော သားကောင်ဖြစ်ခဲ့ရခြင်းအကြောင်းအရာများက နေရာဝင်ယူခဲ့ပြီဖြစ်သည်။

တရုတ်နိုင်ငံသားများ၏ နာကြည်းမှုမှာ အတိတ်ကာလတွင်း နက်ရှိုင်းစွာ နစ်ဝင်နေသည်။ ၁၈၉၄-၉၅ ခုနှစ် တရုတ်-ဂျပန်စစ်ပွဲတွင် တရုတ်တို့၏ အရှက်ရစရာ ရှုံးနိမ့်မှုမှနေ၍ ဒုတိယကမ္ဘာစစ်ကာလ နန်ကင်းမုဒိမ်းမှုကဲ့သို့ လုပ်ရပ်များအထိ ပါဝင်သည်။

တရုတ်အမျိုးသားရေး ဝါဒီ အမျက်ဒေါသမှာ အဓိကအားဖြင့် ဂျပန်အား ပစ်မှတ်ထားသော်လည်း အမေရိကန်နိုင်ငံဘက်သို့လည်း ဦးလှည့်ထားပါသည်။ တရုတ်အမျိုးသားရေးဝါဒီများ၏ ရှုမြင်မှုတွင် အမေရိကန်မှာ ထိုင်ဝမ်၊ ဂျပန်နှစ်နိုင်ငံစလုံးနှင့် တရုတ်အကြားဆက်လက်ဖြစ်ပေါ်နေသော ပြဿနာများ၏ အကြောင်းရင်းဖြစ်သည်။ ကိုရီးယားစစ်ပွဲကာလအတွင်း အမေရိကန်၏ အမှတ် (၇) ရေတပ်အုပ်စုအား ထိုင်ဝမ်ရေလက်ကြားအတွင်း ထိုးထည့်ခဲ့သော အမေရိကန်နယ်ချဲ့ အရင်းရှင်ဝါဒီများကြောင့် သာ မဟုတ်လျှင် ထိုင်ဝမ်မှာ တရုတ်ပြည်မကြီးနှင့်ပြန်လည်ပေါင်းစည်းမိပြီဟု ၎င်းတို့ကဆိုသည်။

ဂျပန်ကဆက်လက်၍ မဆိုင်းသလိုရှိနေခြင်းမှာလည်း အမေရိကန်ကြောင့်ပင်ဖြစ်သည်။ အမေရိကန်နှင့် မဟာမိတ်ဖွဲ့ထားခြင်းအတွက် ဂျပန်အမျိုးသားရေးဝါဒီများအား အင်အားကြီးလာသော တရုတ်ကို အာခံရန်အတင့်ရဲလာစေခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံရေးသမားများ၏ ထုတ်ပြန်ချက်များကလည်း အမေရိကန်အပေါ် ထားရှိသော တရုတ်တို့၏ အမျက်ဒေါသကို ထပ်မံတိုးပွား လာစေသည်။ ယခင်ရက်သတ္တပတ်အတွင်း အိုဟိုင်းယိုးပြည်နယ်၌ စကားပြောကြားစဉ် ရီပက်ဘလေကန်ပါတီ ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းမည့်သူဟု ယူဆရသူ ပေါလ်၊ ဒီရိုင်ယန်က တရုတ်နိုင်ငံအား ဉာဏပစ္စည်းများခိုးယူမှု၊ ဈေးကွက် လက်လှမ်းမမီအောင်တားဆီးမှု၊ ငွေလဲနှုန်းခြယ်လှယ်မှုများဖြင့် စွပ်စွဲခဲ့သည်။ ယင်းအလေ့အကျင့်များ ရပ်တန့်သွားအောင်လုပ်ဆောင်မည်ဟု သမ္မတအိုဘားမားက ပြောကြားခဲ့သော်လည်းဖြစ်မလာခဲ့ကြောင်း ၎င်းတို့လက်ထက်တွင် ယင်းသို့အဖြစ်ခံမည်မဟုတ်ကြောင်း ၎င်းက ကြေညာခဲ့သည်။

မစ္စတာရိုင်ယန်၏အမြင်များမှာ သမ္မတလောင်းဖြစ်နိုင်ခြေရှိသူမစ်ရွမ်နေ၏ အမြင်များပဲ့တင်ထပ်နေပါသည်။ မစ္စတာရွမ်နေကလည်း ၎င်းရွေးချယ်တင်မြှောက်ခံရပါက တရုတ်နိုင်ငံအား ငွေကြေးခြယ်လှယ်သူဟု ကြေညာမည်ဟု ကတိပြုထားသည်။ သို့ဆိုလျှင် တရုတ်မှ သွင်းကုန်များအပေါ် ဒဏ်ခက်သည့် အခွန်အတုပ်များရှိလာကာ ကုန်သွယ်ရေးစစ်ပွဲပင်ဖြစ်ပေါ်လာနိုင်သည်။

သမ္မတရွေးကောက်ပွဲကာလများအတွင်း စိန်ခေါ်သူများက လက်ရှိသမ္မတများအား တိုက်ခိုက်ရန်တရုတ်ကို အသုံးချခြင်းမှာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ယင်းတို့အထဲမှ လူသိများကျော်ကြားဆုံးမှာ ၁၉၉၂ ခုနှစ်တွင် မစ္စတာဘီလ်ကလင်တန်က သမ္မတဂျော့ချ်ဘုရှ်သည် ဘေဂျင်းမှ သားသတ်သမားများကို ပွတ်သပ်နေသည်ဟုစွပ်စွဲခဲ့ခြင်းဖြစ်သည်။ ၁၉၈၉ ခုနှစ် တီယန်မန်ရင်ပြင်အရေးကို ရည်ညွှန်းပြောဆိုခဲ့ခြင်းဖြစ်သည်။

ဒီမိုကရက်တစ်ပါတီအတွင်း တရုတ်နိုင်ငံအပေါ် မနှစ်မြို့မှုတချို့ရှိနေသော်လည်း (အထူးသဖြင့် အလုပ်သမားသမဂ္ဂများနှင့် လူအခွင့်အရေးလှုပ်ရှားသူများထံမှဖြစ်သည်) ယခုနောက်ပိုင်းတွင် တရုတ်ဆန့်ကျင်ရေးခံစားချက်များမှာ အများအားဖြင့် လက်ယာဘက်က ထွက်ပေါ်လာခြင်းဖြစ်သည်။ စီးပွားရေးရာ ရှေးရိုးစွဲများက ဝင်ငွေဖြန့်ဝေမျှချခြင်းနှင့် ဆိုရှယ်လစ်ဝါဒနှင့် ၎င်းတို့တွဲမြင်သော အစိုးရစည်းမျဉ်းများကို မကြိုက်ကြချေ။ လက်ယာခရစ်ယာန်များက ဘုရားမဲ့ ကွန်မြူနစ်ဝါဒဆိုင်ရာ ဘာသာမဲ့မှုကို ရွံ့ကြောက်ကြသည်။

ထို့အတွက်ကြောင့်ပင် တရုတ်နိုင်ငံအပေါ် ပြစ်တင်ပြောဆိုခြင်းမှာ မစ္စတာရွမ်နေနှင့် ရိုင်ယန်တို့အတွက် ရွေးကောက်ပွဲနှစ်နိုင်ငံရေးအတွက် ကောင်းပါလိမ့်မည်။ သို့သော် ယင်းမှာ တရုတ်နှင့် အမေရိကန်ဆက်ဆံရေးအတွက် ဆိုးရွားပါသည်။ ကျွန်ုပ်တို့၏အမျိုးသား လုံခြုံရေးကိုလည်း အားနည်းစေနိုင်ပါသည်။ တရုတ်နိုင်ငံသား အများအပြားက အမေရိကန်တို့၏ ရည်ရွယ်ချက်များကို သံသယဝင်နေပြီ ဖြစ်ပါသည်။ ပစိဖိတ်တစ်ဖက်မှနေ၍ အယူဝါဒအခံဖြင့် ပြောဆိုမှုများက ၎င်းတို့၏အဆိုးဆုံး စိုးရိမ်မှုများကို အတည်ပြုပေးလိုက်မည်သာ ဖြစ်သည်။

ပို၍ဆိုးသည်မှာ ကွန်မြူနစ်ပါတီမှာလက်ရှိတွင်ခေါင်းဆောင်ပိုင်းအပြောင်းအလဲနှင့် ကြုံနေသည်။ ယင်းမှာ အမျိုးသားရေးဝါဒက လူအများအားလမ်းပေါ်ခေါ်ထုတ်လာချိန်တွင်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ပါတီမှာလည်း အမျိုးသားရေးအားသာချက်များအပေါ် အခြေခံထားခြင်းဖြစ်ရာ ခေါင်းဆောင်ပိုင်းအသစ်ကို အပြီးသတ်ရွေးချယ်ပြီးချိန်အထိ အမျိုးသားရေးဝါဒီများကို တိတ်ဆိတ်သွားစေရန် လုပ်ဆောင်နိုင်မည်မဟုတ်ပေ။

နှစ်ဖက်အပြန်အလှန် ယုံကြည်မှု အားနည်းနေရာတွင် ယနေ့အမေရိကန်-တရုတ်ဆက်ဆံရေးမှာ အတိတ်သမိုင်း အပိုင်းအစများ၏ လွှမ်းမိုးမှုအောက်ကျရောက်နိုင်ပါသည်။ ၁၉၉၉ ခုနှစ်တွင် ဆာဘီးယားနိုင်ငံ၊ ဘဲလ်ဂရိတ်မြို့တရုတ်သံရုံးအားနေတိုးအဖွဲ့ကမှားယွင်းဗုံးကြဲမှုကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး တရုတ်နိုင်ငံတစ်ဝန်းတွင် ကြီးမားသော အမေရိကန်ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၀၁ ခုနှစ်က တရုတ်ဂျက်လေယာဉ်နှင့် အမေရိကန်ထောက်လှမ်းရေးလေယာဉ်တို့တိုက်မိရာမှ တရုတ်လေယာဉ်မှူးသေဆုံးခဲ့ပြီး အမေရိကန်လေယာဉ်မှူးများအား နှစ်ပတ်ကြာ ထိန်းသိမ်းမှုဖြစ်ပေါ်ခဲ့သည်။

ယခုနှစ်နွေရာသီတွင်နှစ်နိုင်ငံစလုံး၌ ခေါင်းဆောင်ပိုင်းအပြောင်းအလဲရှိနေစဉ် အလားတူအဖြစ်အပျက်မျိုး ဖြစ်ပေါ်လာပါက ထိပ်တိုက်ရင်ဆိုင်ရေး လူထုဖိအားများမှာ တရုတ်နှင့် အမေရိကန်နိုင်ငံတွင်ပါ ထိန်းချုပ်ရန် ပိုမိုခက်ခဲပါလိမ့်မည်။ ထို့မှနေ၍ အာရှတွင် ပဋိပက္ခဖြစ်နိုင်သည့် အလားအလာမြင့်တက်လာပါလိမ့်မည်။

*—Ref: Why China Resents Japan, and US. by Peter Hays Gries; NY Times*

**TRADEMARK CAUTION**

FELDA GLOBAL VENTURES HOLDINGS BERHAD, a company incorporated in Malaysia at 5th Floor, BALAI FELDA, JALAN GURNEY SATU, 54000 KUALA LUMPUR is the Owner and Sole Proprietor of the following Trademarks:-

Tiara

Reg: 4/7371/2012, Reg: 4/7372/2012

Saji

Reg: 4/7374/2012, Reg: 4/7375/2012

In respect of : Int'l class 29 : "Edible oil, Edible fats, Palm oil for food, Palm kernel oil for food, Sunflower oil for food, Canola Oil, Olive oil for food, Soya bean oil for food, Peanut oil for food, Vegetable oil for food, Salad & frying oils, Cooking oil, Bakery and Confectionery fats, Margarine (including blended margarine), Shortening, Vegetable Ghee (including Vanaspati), Edible oils and fats, Jams, Peanut butter, Marmalades, Coconut milk, Coconut milk for cooking, Coconut fat, Coconut cream."

Int'l class 30 :" Cocoa powder and cocoa-based products, Chocolate Spread, Cocoa-based beverages, Chocolate-based beverages; Cocoa beverages with milk, Chocolate beverages with milk, Candy for food, Peanut confectionery, Confectionary, Ketchup (sauce), Dressing for salad, Soy sauce, Oyster sauce, Sauces (condiments), Tomato sauce, Chilli Sauce, Mayonnaise."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990
Partnership in practice with
**Ms. Saowaluck Lamlert,** Attorney at Law
Siam Premier International Law Office Limited
Email: saowaluck@siampremier.co.th
For FELDA GLOBAL VENTURES HOLDINGS BERHAD
Date: 30.Aug.2012


AC
Alexandre Christie
steel
WORLD TRAVELERS SERIES
6229
LONDON
NEW YORK
LOS A
MILAN
MOSCOW
G.M.T
TRITIME ZONES
HOME
Available At : CHERRY OO Inquiry Ph : 01-373997, 01-381751, 02-72992


SOLO®
COLLECTION
LL007
LL006
LS037
LL008
Hot Line - 09-91009891
WHEREVER YOU GO SOLO WILL FOLLOW

# 7DAY BOOK REVIEW

## ဒီမိုကရေစီဆိုတာ (သခင်ဘသောင်း)




ဒို့ဗမာအစည်းအရုံးကြီးကို စတင်ထူထောင်ခဲ့သူနှင့် ဒို့ဗမာသီချင်းပေါ်ထွက်လာအောင် လှုံ့ဆော်စည်းရုံးခဲ့သူ သခင်ဘသောင်း ရေးသားပြုစုခဲ့သော 'ဒီမိုကရေစီဆိုတာ' စာအုပ်ထွက်ရှိလာသည်။ ယခုအကြိမ်သည် တတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပြီး ခေတ်ကာလနှင့် ကိုက်ညီသော ဒီမိုကရေစီစံအမျိုးမျိုးကို လူပြိန်းနားလည်အောင် ရှင်းလင်းပြေပြစ်သည့် စကားပြေဖြင့်ရေးသားထားသည်။ ဒီမိုကရေစီကျင့်စဉ်တရားနှင့်ပတ်သက်၍ ရှေးယခင်နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်း ဂရိနိုင်ငံအေသင်မြို့တွင် စတင်ဖြစ်ထွန်းလာပုံ၊ အခြေခံလူ့အခွင့်ရေးများနှင့် ဒီမိုကရေစီ၏ အနှစ်သာရအစုစုကို ဖတ်ရှုရပါမည်။ အထူးသဖြင့် ပြည်သူ့အခွင့်အရေးများဖြစ်သော ဘာသာရေးလွတ်လပ်ခြင်း၊ ပြောဆိုရေးလွတ်လပ်ခြင်း၊ အကြောင်းမတန်ဘဲရှာဖွေမှုမှ လွတ်လပ်ခြင်း၊ စုရုံးမှု လွတ်လပ်ခြင်း၊ တိုင်တန်းမှုလွတ်လပ်ခြင်း၊ ခုံသမာဓိနှင့် ရှေ့နေရှေ့ရပ်ရရှိခွင့်၊ သက်သေခေါ် ယူနိုင်ခွင့်၊ မတရားဖမ်းဆီးခွင့်မရှိခြင်း၊ အဆမတန် အာမခံနှင့် ငွေဒဏ်တပ်ခွင့်မရှိခြင်း၊ သင့်လျော်သော လျော်ကြေးရရှိခြင်း အစရှိသည့် ဒီမိုကရေစီ သဘောတရားများကို ဖတ်ရှုရပါမည်။ The Key စာအုပ်တိုက်က တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## စာကြည့်တိုက်မှူးများနှင့် စကားပြောခြင်း (မြင့်ကြိုင်)




"စာကြည့်တိုက်ခွဲတွေ(Branches) ဘယ်လောက်ပဲရှိနေပါစေ။ အများပြည်သူဖတ်ချင်တဲ့၊ စာရှာသူတွေ လိုချင်တဲ့စာအုပ်စာတမ်း နဲ့ တခြားစာပေပစ္စည်းတွေကိုပြည့်ပြည့်စုံစုံ ရှိနေဖို့ပါပဲ။ လိုအပ်တဲ့အချိန်မှာ အချိန်မီ(Just-in-time)ဖြည့်ဆည်းပေးနိုင်ဖို့ အဓိကကျပါတယ်။ စာကြည့်တိုက်ရဲ့ ပုံစံ (Paradigm)ပြောင်းနေပြီလေ။ Go to Library မဟုတ်တော့ဘူး။ Library comes to you ဖြစ်နေပါပြီ။ စာကြည့်တိုက်တွေ သင့်ထံမှောက် အရောက်လာပါပြီဆိုတဲ့ သဘောပေါ့" ဟူ၍ ကဗျာဆရာဝင်းဝေနောင်(စာကြည့်တိုက်ပညာရှင်ဦးရဲဝင်း)၏ အဆိုဖြင့် ဖော်ပြပါရှိသော ယခုစာအုပ်သည် မြန်မာနိုင်ငံတွင် ထင်ရှားသည့် စာကြည့်တိုက်ပညာရှင်များဖြစ်ကြသော ဒေါက်တာသော်ကောင်း၊ ဦးခင်မောင်တင်၊ ဦးချိုအေး၊ ဒေါ် ခင်နှင်းဦး၊ ဦးရဲဝင်း (ဝင်းဝေနောင်) တို့နှင့် အမျိုးသားစာကြည့်တိုက်မှူး(ငြိမ်း)ဦးမြင့်ကြိုင် မေးမြန်းခဲ့သည်များကို ဖတ်ရှုရပါမည်။

ACA ပညာ့ရိပ်ငြိမ်စာပေက တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## တမိုးထဲအောက်မှာ (တက္ကသိုလ်အမှတ်တရ ကဗျာများ)




၁၉၉၄ ခုနှစ်က ရန်ကုန်တက္ကသိုလ်ဝန်းကျင်နှင့် ကြည့်မြင်တိုင်၊ လှိုင်၊ ဗိုလ်တထောင်၊ စက်မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)(၂)တို့တွင် ကျောင်းသားထုကြား လူကြိုက်များခဲ့သည့် ကဗျာစာအုပ်ငယ်လေးများ ထွက်ရှိခဲ့ဖူးရာ ယင်းတို့အထဲတွင် တမိုးထဲအောက်မှာ ကဗျာစာအုပ်သည် စုစည်းမှုအလွန်အားကောင်းပြီး ပျံ့နှံ့မှုရှိခဲ့သော ကဗျာစာအုပ်လေးဖြစ်ခဲ့သည်။ တမိုးထဲအောက်မှာကဗျာစာအုပ်တွင် ဘွဲ့နှင်းသဘင်ခန်းမ၊ ဂျပ်ဆင်၊ တက္ကသိုလ်စာကြည့်တိုက်၊ ဦးချစ်ကဖီး၊ ယမ်းဘီလူးဆိုင်၊ အီကိုကန်တင်း၊ အဓိပတိလမ်းမ၊ အင်းလျား၊ ခရမ်းပြာ၊ ဇေယျာသီရိလမ်း၊ ဦးထွန်းလင်းခြံလမ်း စသည့် တက္ကသိုလ်ပရိဝုဏ်ဝန်းကျင်ရနံ့များကို ရှုရှိုက်ရမည်ဖြစ်ပြီး လွတ်လပ်မှုမရှိသေးသည့် ချုပ်နှောင်ခံထားရသော ကျောင်းသူ၊ ကျောင်းသားဘဝအချို့ကို ခံစားဖတ်ရှုရပါမည်။

စာအုပ်အပြင်အဆင်သေသပ်လှပစွာရိုက်နှိပ်ထားပြီး တန်ဖိုး ၁,၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကမ္ဘာ့အကြီးဆုံး LED တီဗီ ကြည့်ချင်သလား

ဂျပန်နည်းပညာကုမ္ပဏီ Sharp မှ ထုတ်လုပ်သော LED တီဗီသည် မျက်နှာပြင်ထောင့်ဖြတ်အကျယ် လက်မ ၉၀ ရှိ၍ ကမ္ဘာ့အကြီးဆုံး LED တီဗီဟု သတ်မှတ်ခံထားရသည်။ ယင်းထက်ကြီးသော တီဗီဟူ၍ LED အမျိုးအစားမဟုတ်သော ပန်နာဆိုးနစ်က ထုတ်လုပ်ထားသည့် ၁၅၂ လက်မအရွယ် ပလာစမာတီဗီသာရှိသည်။ ထိုတီဗီမှာမူ Plasama တီဗီအမျိုးအစားများထဲတွင် အကြီးဆုံးဖြစ်သည်။ Sharp ၏ ယခုလက်မ၉၀ LED တီဗီမှာ အမြင့်လေးပေနီးပါး(၁ ဒသမ ၂မီတာ)အနံခြောက်ပေ(၁ ဒသမ ၈မီတာ)အကျယ်ရှိ၍ နေအိမ်၌ထားကြည့်လျှင် ကြီးမားကျယ်ဝန်းသော ဧည့်ခန်းတစ်ခုလိုမည်ဖြစ်သည်။

Sharp ၏ ယခုလက်မ၉၀ LED တီဗီမော်ဒယ်အမည်မှာ AQUOS LC-90LE745U ဖြစ်သည်။ တီဗီ၏ ဝပ်အားအသုံးပြုမှုမှာ ၇၅ ဝပ်အားမီးသီးနှစ်လုံးထက်လျော့နည်း၍ တီဗီအတွက် တစ်နှစ်တာ ဓာတ်အားခ ကုန်ကျစရိတ် ၂၈ ဒေါ်လာသာရှိမည်ဟု Sharp ကုမ္ပဏီကဆိုထားသည်။ တီဗီ၏ အထူမှာ လေးလက်မကျော်နှင့် အလေးချိန် ၁၁၄ ပေါင်ရှိသည်။ တီဗီတွင် Built-in Wi-Fi စနစ်ပါဝင်ပြီး Netflix၊ YouTube၊ Cinema Now၊ Hulu Plus နှင့် VUDU ကဲ့သို့သော အွန်လိုင်းဆိုက်များမှ ဗီဒီယိုနှင့် Application မျိုးစုံကို ရယူနိုင်သည်။ Web Browser ပါဝင်၍ အင်တာနက်သုံးနိုင်ပြီး Skype ဖုန်းခေါ် ဆိုမှုအတွက် Webcam တစ်ခုလည်း တပ်ဆင်ထားသည်။ Sharp ၏ ယခုလက်မ ၉၀ အရွယ် ကမ္ဘာ့အကြီးဆုံး LED တီဗီကို ယခုနှစ် ဇွန်လ ၁၉ ရက်တွင် ထုတ်ဖော်ပြသခဲ့ပြီး ဈေးနှုန်းမှာ ဒေါ်လာ ၁၀,၉၉၉ ဒသမ ၉၉ ဟု သိရသည်။

*Source__CNN*






### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ရန်များမည်။ အပြိုင်မနာလိုသူများကြားမှ ဆောင်ရွက်ရမည်။ အလယ်တကူကတိပေးခြင်၊ အာမခံခြင်းများ ကိုယ်ကလည်း မလုပ်သင့်။ ထိုကဲ့သို့ ပြောဆိုလုပ်ကိုင်သူများကိုလည်း သတိနှင့်ဆက်ဆံပါ။ စာရွက်စာတမ်း၊ ငွေကြေးကိစ္စကို အခြေတည်၍ ပြဿနာများ ဖြေရှင်းရမည်။ ထိုနေ့များတွင် ဆောင်ရွက်သည့်ကိစ္စ မှန်သမျှ သတိနှင့်ယှဉ်၍ ဆောင်ရွက်ပါ။ စိတ်အနှောင့်အယှက်များ ကြုံမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရည်မှန်းချက်များ အောင်မြင်မည်။ အကြီးအကဲ မိတ်ဆွေထံမှ အကူအညီကောင်းရမည်။ ရည်ရွယ်ချက်သစ်များ လက်တွေ့ဆောင်ရွက်အကျိုးရှိမည်။ ငွေကြေးရေးရာ လုပ်ငန်းရေးရာကိစ္စများတွင် အထူးအဆင်ပြေခြင်း ရှိမည်။ သတင်းကောင်းများ ရနိုင်သည်။ ရပ်ဝေးနှင့်ပူးတွဲ၍ ဆောင်ရွက်ရသည့်ကိစ္စများမှ အကျိုးကောင်းရရှိမည်။ ပညာရေးအထူးကောင်းမည်။ လူယုံဒုက္ခပေးတတ်သည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ငွေပျောက်တတ်သည်။ အလိမ်အညာခံရတတ်သည်။ ခရီးသွားရင်း လမ်းတွင်ငွေအပါအဝင် အရေးကြီးသည့် စာရွက်စာတမ်းများ မေ့လျော့ပျောက်ရှ ဆုံးရှုံးခြင်း ရှိမည်။ ကျန်းမာရေးအတွက် ငွေကုန်များမည်။ ရန်အတိုက်အခံများနှင့် ဖြေရှင်းရမည်။ ပြဿနာဖြစ်ပြီး ငွေဝင်ကိန်းကြုံမည်။ အရေးကြီးသော စာရွက်စာတမ်းများပျောက်ရှတတ်သည်။ အစာအိမ်ဒုက္ခပေးတတ်သည။ ခရီးသွားရင်း ဖျားနာတတ်သည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရသင့်သည့် ရပိုင်ခွင့်ဟောင်းများ ပြန်လည်ရရှိမည်။ လက်စမသိမ်းသေးသည့် ကိစ္စများမှ အကျိုးဆက်ကောင်းများ ကြုံပြီး လုပ်ငန်းအပြီးသတ် ဆောင်ရွက်နိုင်သည်။ ကြွေးဟောင်းများ ပြန်ရမည်။ အပြောင်းအလဲသစ်များပေါ် မည်။ အပြောင်းအလဲကိစ္စ၊ ခရီးကိစ္စများစီစဉ်ဆောင်ရွက်နိုင်မည်။ ပြည်ပကိစ္စ၊ နိုင်ငံရပ်ခြားနှင့် ဆက်စပ်သည့်ကိစ္စများ ဆောင်ရွက်သင့်သည်။ စန်းပွင့်မည်။ လူချစ်လူခင်ပေါမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

မိမိအပေါ် နှစ်သက်သောသူများ ဝိုင်းဝိုင်းလည်နေတတ်သည်။ ရောက်သောနေရာတိုင်း၌ အကူအညီပေးသောသူများ ရှိမည်။ မေတ္တာနှင့်ကူညီခြင်းမျိုး ဖြစ်သည်။ ပညာရေးရည်မှန်းချက်များ အောင်မြင်မည်။ ပေါ့ပေါ့ဆဆ လုပ်လင့်ကစား ထူးထူးခြားခြား တိုးတက်ခြင်းရမည်။ အစားအသောက်အနေအထိုင် သတိရှိပါ။ မတော်တဆထိခိုက်မှုအန္တရာယ်ကြုံတတ်သည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အိမ်တွင် မကြာခဏ စကားများရမည်။ ငွေကုန်ကြေးကျများခြင်း၊ စကားများခြင်း၊ အပြန်အလှန်ပဋိပက္ခ ဖြစ်ခြင်းကြုံမည်။ ငွေကုန်များမည်။ တန်ဖိုးကြီးသော ပစ္စည်းများဝယ်ယူ၍ အကျိုးမရှိ။ ပျက်စီးလွယ်ခြင်း ဖြစ်မည်။ ငွေကြေးရင်းနှီးမြှုပ်နှံက အကျိုးအမြတ်ဖြစ်ထွန်းမှု နည်းမည်။ ကျန်းမာရေးကြောင့် ပညာရေးတွင် အနည်းငယ်အနှောင့်အယှက်ရှိသည်။ အသွားအလာ အနေအထိုင် ဂရုစိုက်ရမည်။ အသေးစားထိရှမှုများဖြစ်တတ်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

စိတ်ချမ်းသာခြင်းများနှင့် လိုရာပြည့်စုံခြင်းများ ဖြစ်ပေါ် မည်။ ပညာရည်ရွယ်ချက်များ ဖြည့်မြောက် အောင်မြင်မည်။ အလုပ်ရည်မှန်းချက်များကို စနစ်တကျလုပ်၍ တိုးတက်မည်။ လမ်းသစ်ပွင့်၍ ကံမြင့်မားခြင်း ကြုံမည်။ ရည်ရွယ်ချက်သစ်များ လက်တွေ့အကောင်အထည် ဖော်နိုင်မည်။ နေရာအပြောင်းအရွှေ့ရှိသည်။ ခရီးကိစ္စကြုံမည်။ အရပ်ဝေးမှ လူ၊ ပစ္စည်း၊ လက်ဆောင်မွန်များ ရရှိမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ရန်အနှောင့်အယှက် အနည်းငယ်ရှိသည်။ မနာလို အပြိုင်ရှိမည်။ အိမ်တွင်းရေး၊ လူမှုရေးတွင် စိတ်ရှုပ်ရမည်။ မိတ်ကောင်း ဆွေကောင်း အကူအညီရမည်။ မူလစိတ်ကူးထားသည်နှင့် လက်တွေ့ကွာခြားမည်။ သူတစ်ပါးနားနေချိန်တွင် မိမိပင်ပန်းရမည်။ သံယောဇဉ်ရှိသူများနှင့် ခွဲခွာ၍နေရတတ်သည်။ စိတ်ရှုပ်စရာများ၊ ငွေကုန်များစရာများ ကြုံမည်။ မိဘအကြီးအကဲ ကျန်းမာရေး အညံ့ရှိသည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

လမ်းသစ်ပွင့်၍ ကံမြင့်မားခြင်း ကြုံမည်။ ရည်ရွယ်ချက်သစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ အပြောင်းအလဲနှင့် တိုးတက်မှုကောင်းများ ရရှိသည်။ နေရာအပြောင်းအရွှေ့ကြုံမည်။ ခရီးကိစ္စရှိမည်။ ငွေကြေးဥစ္စာတိုးပွားမည်။ ဘာသာရေးကိစ္စ၊ လူမှုရေးရာကိစ္စများအတွက် အချိန်ပေးဆောင်ရွက်ရမည်။ လုပ်သမျှတိုးတက်မည်။ စုပေါင်းလုပ်ငန်း အကျိုးပေးမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

စိတ်ချမ်းမြေ့ဖွယ်ရာများ တစ်မျိုးပြီးတစ်မျိုး ကြုံမည်။ ဥစ္စာနေတိုးပွားမည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူရမည်။ ရပ်တန့်ထားသည့် လုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်မည်။ မိမိအပေါ် အကျိုးပြုသောသူများနှင့် တွေ့မည်။ အလှူမင်္ဂလာပွဲများ ပါဝင်ဆင်နွဲရမည်။ လူမျိုးကွဲအကျိုးပေးမည်။ နေရာထိုင်ခင်းကိစ္စ ပြောဆိုအဆင်ပြေမည်။ မေတ္တာရေး ကံကောင်းသည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

မေတ္တာရေးတွင် အထင်မှား အမြင်မှားစရာများ ကြုံမည်။ မနာလိုသဝန်ကြောင်မှုအပေါ် စိတ်ရှုပ်ရမည်။ ပျိုရွယ်သူများအဖို့ ချစ်သူအပေါ် စိတ်ကုန်၊ မေတ္တာကုန်ခန်း အမုန်းဘက်သို့ စိတ်ဝင်နိုင်သော ကာလဖြစ်သည်။ မိဘအကြီးအကဲ ကျန်းမာရေးအညံ့ရှိသည်။ ကိုယ်တိုင်တွင်လည်း အသွားအလာသတိရှိရမည်။ ညာခြေတွင် မတော်တဆ ထိရှတတ်သည်။ လက်တွင် အကြောလွဲခြင်း ပြတ်ရှခြင်းများ ဖြစ်တတ်သည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

လူမှုရေးကိစ္စ၊ ဘာသာရေးကိစ္စများ ဆောင်ရွက်ရမည်။ ရည်ရွယ်ထားသည်များ လက်တွေ့ဆောင်ရွက်တိုးတက်မည်။ မေတ္တာရေးကောင်းသည်။ စန်းပွင့်မည်။ လူလွတ်များ အိမ်ထောင်ကျမည်။ ပညာသင်တန်းနှင့် ပတ်သက်သောကောင်းသည်။ လုပ်သမျှအောင်မြင်မည်။ ကံမြင့်မည်။ ခက်ခဲသောကိစ္စများဖြေရှင်းအဆင်ပြေမည်။ ငွေကြေးကံကောင်းမည်။ အလှူမင်္ဂလာကိစ္စများ ကြုံမည်။

7DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012



# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၉၇)



## အလျားလိုက်

၂။ ဧရာဝတီကို တင်စားခေါ်ဝေါ်သောအမည်
၄။ တောင်အာရှနိုင်ငံတစ်နိုင်ငံတွင် တိုက်ခိုက်ခံရသောနေရာ
၆။ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နိုင်သော နိုင်ငံတစ်နိုင်ငံ
၈။ 7day News ၏ ကဏ္ဍတစ်ခု
၁၁။ အခမဲ့အများဆုံးကြော်ငြာသောတစ်ပိုင်တစ်နိုင်လုပ်ငန်း
၁၂။ နှိုးဆွပေးခြင်းဟု အဓိပ္ပာယ်ရသောစကား

## ဒေါင်လိုက်

၁။ ကမ္ဘာ့အကြီးဆုံးလူမှုကွန်ရက်
၃။ ကလေးအသက် ၂ နှစ်အတွင်း ဖွံ့ဖြိုးလာသောအရာများ
၅။ အဖမ်းအဆီးကြောင့် ဝမ်းရေးအခက်တွေ့သူများ
၇။ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုတစ်မျိုး
၉။ လျှပ်စီးလက်ခြင်းကြောင့်ဖြစ်ပေါ်နိုင်သောအန္တရာယ်
၁၀။ သက်ကြီးရွယ်အိုများ သောက်သုံးသင့်သည်ဟုဆိုသောဆေးတစ်မျိုး

ပဟေဠိ အမှတ်စဉ်(၁၉၆) အတွက် အဖြေမှန်သူမရှိပါ

ပဟေဠိ အမှတ်စဉ်(၁၉၆)အဖြေမှန်




အမည် .................................... မှတ်ပုံတင်အမှတ် ....................................

နေရပ်လိပ်စာ ....................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဗဟုသုတစမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၃၁-၈-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

### ခရုအိမ်

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

### ဆက်သွယ်နိုင်သည်

စတီရီယိုခေတ်ဦးမှစ၍ ၂၀၀၅ ခုနှစ်အထိ သီချင်းများစီးရီးအလိုက် စုဆောင်းထားသည်။ သီချင်းဝါသနာပါသူများ၊ အသုံးပြုရန်လိုအပ်သူများ။

**ဖုန်း- ၀၉ ၇၃၁၄၇၉၀၄**

### ရောင်းမည်

စိုက်ပျိုးရေးဥယျာဉ်ခြံ လုပ်ကိုင်လိုသူများအတွက် ပုသိမ်-ချောင်းသာကားလမ်းမကြီးဘေး - ၁၅ ဧက၊ ပုသိမ်-ငွေဆောင် ကားလမ်းမကြီးဘေး-၁၂ဧက။

**ဖုန်း- ၀၉ ၄၉၄၅၀၀၅၆**

### ရောင်း၊ ငှားမည်

အသင့်ပြင်ဆင်ပြီး ဆိုင်ပစ္စည်းအပြည့်အစုံပါ လက်ရှိလည်ပတ်နေသော တက္ကသိုလ်စားသောက်လုပ်ငန်း ရောင်း/ငှားမည်။

**ဖုန်း- ၀၉ ၄၂၁၀၂၄၂၆၈**

### MAJA Centre

အခြေခံမှစ၍ အဆင့်မြင့်ဂျပန်ဘာသာစကား သင်တန်းများ၊ စကားပြန်၊ ဘာသာပြန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါသည်။

**ဖုန်း- ၀၉ ၈၆၁၃၈၄၈**

### ဝန်ဆောင်မှု

Windows, Software, Hardware နှင့် Internet ချိန်ခြင်းများကို အိမ်အရောက် စိတ်တိုင်းကျ ဝန်ဆောင်မှု ပေးနေပါသည်။

**ဖုန်း- ၀၉ ၇၃၀၀၂၀၉၁**

### သင်တန်း

ကွန်ပျူတာကို အခြေခံမှစ၍ နည်းစနစ်ကျနစွာ လေ့လာလိုပါလျှင်။

**ဖုန်း- ၀၉ ၇၃၀၃၈၃၈၄**

### New Future

သူငယ်တန်းမှ ဆယ်တန်း၊ International School (Primary-Secondary)၊ GTC၊ Medical Students၊ Arts & Music။ **ဖုန်း- ၀၉ ၇၃၀၇၇၃၀၁**

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရွှေကုန်းလမ်း၊Blazon အနီး၊ (12'x72')၊ မြေညီထပ်၊ ကြွေပြားခင်း၊ 2BR၊ လိုင်းဖုန်း၊ ဘာဂျာတံခါးရှေ့နောက်။

(ကျပ်သိန်း-၁၃၀၀~၁၄၀၀)

**ဖုန်း- ၀၉ ၇၃၀၅၀၀၈၂**

### G & G Car Rental

မြို့တွင်းမြို့ပြင် ခရီးစဉ်အားလုံးအား သစ်လွင်ပြီး စိတ်ချရသော Pajero v46, Pajero v78, Landcruser, Hiace, Cedric များဖြင့် ၂၄ နာရီ ပို့ဆောင်ပေးနေပါသည်။

**ဖုန်း- ၀၉ ၄၉၂၈၄၈၁၄**

### ဆရာဦးမြင့်သန်း

၇၊ ၈၊ ၉၊ ၁၀ တန်းများ ထူးချွန်လိုသူများအတွက် သင်္ချာသီးသန့်အထူးဝိုင်းများ အိမ်အရောက်သင်ကြားပေးပါသည်။ **ဖုန်း- ၀၉ ၇၃၁၆၃၀၄၄**

### လျှုဒါန်းနိုင်ပါသည်

ဒဂုံမြို့သစ်၊ အရှေ့ပိုင်းမြို့နယ်၊ (၁၂၆) ရပ်ကွက်၊ အနန္တမေတ္တာကျောင်းတွင် ခြံစည်းရိုးအုတ်တံတိုင်း ကာနေပါသဖြင့် ၁၀ ပေ တစ်ခန်း နှစ်သိန်းခွဲဖြင့် လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။ (ဆရာတော်-)

**ဖုန်း- ၀၉ ၇၃၁၈၂၈၄၈**

### Min Thurein Publishing Services

မိတ္တူကူးခြင်း၊Color Print ထုတ်ခြင်း။ အမှတ်(၈)၊ CMAရုံးရှေ့(ကြားမှတ်တိုင်အနီး)၊ ရန်ကင်းလမ်းမကြီး။

**ဖုန်း- ၀၉ ၅၁၄၈၅၂၄**

### မြေကွက်အမြန်ရောင်းမည်

မင်္ဂလာဒုံမြို့နယ်ရှိ (၂/ခ)ရပ်ကွက်၊ သုံးရာသီလမ်း၊ ကွန်ကရစ်လမ်းနှင့် ဘူတာလမ်းဘေး (နေရာကောင်း)၊ ပေ(၄၀×၆၀)။

**ဖုန်း- ၀၉ ၅၀၉၇၃၇၉**

### သင်ကြားပေးသည်

မူလတန်းမှ စတုတ္ထတန်းအထိ အမှတ်မြင့်မားစေရန် ဘွဲ့ရ လုပ်သက်ရင့်၊ ဝါရင့်အတွေ့အကြုံရှိ 'ဆရာမ' မှ သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၇၃၀၈၂၅၀၃**

### သင်ကြားသည်

တက္ကသိုလ်ဝင်တန်းနှင့် နဝမတန်း (ရူပဗေဒ)အထူး သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၉၃၁၅၀၄၅**

### မြေကွက်ရောင်းမည်

တောင်ဒဂုံ၊ ၅၅ ရပ်ကွက်၊ ပုဂံလမ်းမကြီးပေါ်၊ ပေ(၄၀×၆၀)။

**ဖုန်း- ၀၉ ၄၉၂၂၇၃၆၅**

### အလှူရှင်များဖိတ်ခေါ်သည်

ကျောင်းအဝင်မုခ်ဦး လှူဒါန်းလိုသူအလှူရှင်များ ဆန္ဒအတိုင်း တည်ဆောက်လှူဒါန်းနိုင်ပါသည်။

**ဖုန်း- ၀၉ ၇၃၀၈၉၆၈၀**

### ရောင်းမည်

၄ ပေတွင်ခုံ၊ ဖောက်စက်၊ ကျောက်စက်၊ ဝရိန်စက်နှင့် တွင်ခုံပါ အတွင်းပစ္စည်းများကို သိန်း(၂၀)ဖြင့် ရောင်းမည်။ ဆိုင်ဖွင့်ရန်သင့်တော်။

**ဖုန်း- ၀၉ ၇၃၀၈၃၁၃၃**

### ကားငှားရန်ရှိသည်

Super Custom, ၇ ယောက်စီး(လချုပ်)၊ ၈ည/၇. . .၊ ညှိနှိုင်းဈေး။

**ဖုန်း- ၀၉ ၄၅၀၀၆၄၇၈**

### ရောင်း၊ ဝယ်၊ ငှားသည်

သဲ၊ ကျောက်စရစ်နှင့် အုတ်မျိုးစုံ၊ ဝါးမျိုးစုံတို့ကို အထိုင်/အရောက် ပို့ရောင်းသည်။

**ဖုန်း- ၀၉ ၄၉၃၄၁၄၈၁**

### အိမ်ရောင်းမည်

မြောက်ဒဂုံ၊ (၃၃)ရပ်ကွက်၊ ကံ့ကော်မြိုင်(၁)လမ်း၊ ပေ(၄၀×၆၀)၊ ဂရန်အမည်ပေါက်၊ ရေ+မီး၊ သိန်း-၇၃၀ (ညှိနှိုင်း)။

**ဖုန်း- ၀၉ ၅၀၉၂၉၆၃**

### သင်တန်း

အပြည်ပြည်ဆိုင်ရာ တေးဂီတအမှတ်အသားများ ရေးသားပုံနည်းစနစ်၊ ဖတ်ရှုပုံနည်းစနစ်၊ ဂီတအမှတ်အသားကိုကြည့်၍ ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားပေးပါသည်။ (ကိုသီဟ-)

**ဖုန်း- ၀၉ ၄၂၅၃၀၅၄၈၃**

### ဂစ်တာသင်တန်း

အမျိုးသမီးဂစ်တာသမား ကိုယ်တိုင် အိမ်အရောက်သင်ကြားပေးနေသည်။ (အမျိုးသမီးသီးသန့်)

**ဖုန်း- ၀၉ ၄၀၃၇၃၂၂၄၇**

### ရောင်းမည်

3F, 36st, (30'x40'), Golf Set Honma 737, Nike Iron+Wedge, FUJI Fine Pix 6000 s. Camera.

**Ph: 09 450015788**

### Queen Fashion

(ဒေါ်တင့်တင့်)

အပ်ချုပ်သင်တန်း(၁)ဖက်ရှင်ဒီဇိုင်း (တစ်ဘာသာ)တစ်ပတ်၊(၂)အခြေခံမှစ၍ ဘာသာစုံအထူးသင်တန်း။

**ဖုန်း- ၀၉ ၅၁၃၂၃၇၃**

### ရောင်းမည်

ဒိုက်ဦးမြို့ပေါ်၊ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်၊ ဂရန်မြေ၊ ပေ(၄၀×၆၀)၊ မြေသီးသန့်၊ ၄၅ သိန်း(ညှိနှိုင်း)။

**ဖုန်း- ၀၉ ၄၂၀၀၀၄၄၂၅**

### MEGA-TECHS Engineering Group

Electrical Installation, Smart System Fire Alarm System (sscp 10) CCTV/PA System အစရှိသော ဝန်ဆောင်မှုများကို ကျွမ်းကျင်ပညာရှင်များမှ စိတ်တိုင်းကျဆောင်ရွက်ပေးနေပါပြီ။

**ဖုန်း- ၀၉ ၇၃၁၈၉၃၄၁**

### သင်တန်း

အခြေခံ ဗေဒင်လက္ခဏာပညာ သင်ကြားလိုသူများ ဆက်သွယ်နိုင်သည်။

**ဖုန်း- ၀၉ ၄၃၀၂၆၈၂၉**

### ရောင်းမည်

အိမ်၊ မြေ၊ တိုက်ခန်း ရောင်းမည်။ သံသုမာလမ်းမကြီးပေါ်၊ သွားဆေးတက္ကသိုလ်အနီး၊ ပေ(၂၀×၉၀) နှစ်ကွက်တွဲ၊ ပေ(၂၀×၆၀) နှစ်ကွက်တွဲ၊ ဂရန်အမည်ပေါက်။

**ဖုန်း- ၀၉ ၇၃၀၃၉၂၀၈**

### သင်ကြားပေးသည်

All International Schools များမှ ကလေးများကို သင်္ချာဘာသာရပ်အတွက် သင်ကြားပေးသည်။ All Subjects လိုအပ်သော ကလေးများကိုလည်း စီစဉ်ဆောင်ရွက်ပေးပါသည်။

**ဖုန်း- ၀၉ ၇၃၄၉၄၃၇၇**

### အမျိုးသမီးသီးသန့်ဘော်ဒါဆောင်

ကမာရွတ်၊ ဘူတာရုံလမ်း၊ မြေညီထပ်၊ ရေမီးစုံ၊ (ထမင်းချက်ခွင့်ပေး)၊ ဈေးလမ်းပေါ်တွင်ရှိ၊ ကားမှတ်တိုင်၊ ရထားဘူတာရုံနှင့် အလွန်နီး၊ တစ်လ ၁၅,၀၀၀ ကျပ်သာ။

**ဖုန်း- ၀၁ ၂၄၃၄၂၀**

### သင်ကြားပေးမည်

၃၊ ၄၊ ၅၊ ၆၊ ၇ တန်းများအတွက် ဘာသာစုံ (ညနေပိုင်း) (သို့မဟုတ်) စနေ၊တနင်္ဂနွေStudy Guide ရှိသည်။

**Yupar-**

**ဖုန်း- ၀၉ ၇၃၀၅၇၂၁၀**

### Teacher Honey

မူလတန်းအကြိုမှစ၍ ၈ တန်းအထိ ဘာသာစုံ အထူးသင်ကြားသည်။ ကြည့်မြင်တိုင်၊ အလုံမြို့နယ်များတွင် အိမ်လက်ခံသင်ကြားသည်။

**ဖုန်း- ၀၉ ၈၆၁၁၀၅၂**

7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# တွမ် ဂျုတ် တွေ ဘယ်ရောက်ကုန်ပြီလဲ

ချမ်းငြိမ်း

ယနေ့ကာလတွင် ကြုံတွေ့နေရသော လယ်ယာမြေပြဿနာများနှင့် ပတ်သက်၍ လွန်ခဲ့သည့် နှစ်ပတ်ကျော်က ‘တွမ်ဂျုတ်တွေရောက်လာပြီလား’ ဟူသောဆောင်းပါး 7Day News ဂျာနယ်တွင် ဖော်ပြခဲ့ရသည်။ အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေ အသိမ်းခံရသော လယ်သမားတို့၏ ဘဝကို ၂၀ ရာစုက အမေရိကန်ပြည်ထောင်စုတွင် ကြုံတွေ့ခဲ့ရသည့် လယ်ယာမြေပြဿနာများနှင့် နှိုင်းယှဉ်ကာ ၎င်းဆောင်းပါးကို ရေးသားခဲ့ခြင်းဖြစ်သည်။ ဆောင်းပါးတွင် ကမ္ဘာကျော် စာရေးဆရာကြီး John Steinbeck ၏ The Grapes of Wrath (ဒေါသမာန်) ဖြစ်ရပ်မှန် ဝတ္ထုကြီးထဲမှ လယ်ယာမဲ့ဖြစ်သွားသော အမေရိကန် လယ်သမား တွမ်ဂျုတ်ဆိုသူနှင့် ယနေ့ကာလတွင် လယ်ယာမဲ့ဖြစ်သွားသော မြန်မာလယ်သမားများ၏ ဘဝအခြေအနေကို နှိုင်းယှဉ်ကာ ရေးသားခဲ့သည်။



**(တစ်)**

လယ်ယာမြေ အရေးကိစ္စများနှင့် ပတ်သက်၍ ပေါ်ပေါက်လာသည့် ပြဿနာအခြေအနေ အရပ်ရပ်ကြောင့် ပြည်ထောင်စုလွှတ်တော်အတွင်း မေးမြန်းမှုများ၊ အဆိုတင်သွင်းမှုများဖြစ်ပေါ်ခဲ့ရာ ယင်းကိစ္စနှင့် ပတ်သက်၍ လယ်/ဆည် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ၁၉၈၈ နောက်ပိုင်းမှစ၍ သိမ်းဆည်းခံရသော လယ်ယာမြေများမှာ **ယခင်အစိုးရများက ဥပဒေနှင့်အညီ** ဆောင်ရွက်ခဲ့သည့်စီမံကိန်းများဖြစ်၍ နောက်ကြောင်းပြန် ဖြေရှင်းပေးနိုင်မည့် အခြေအနေ မရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်ကို မီဒီယာများမှတစ်ဆင့်ကြားသိခဲ့ရသည်။

ဤနေရာတွင် ‘ဥပဒေကဲ့သို့ အာဏာတည်စေရမည်’ဟူသော အမိန့်အဆင့်ဆင့် ထုတ်ပြန်ပြဋ္ဌာန်း အုပ်ချုပ်ခဲ့သော စစ်အစိုးရလက်ထက်က တရားဥပဒေ ဆိုသည်မှာ အဘယ်သို့နည်းဟု မေးခွန်းပြန်လည်ထုတ်ရန်လိုအပ်လာသည်။

လယ်ယာမြေ ပြဿနာများနှင့် ပတ်သက်၍ လိပ်ခဲတည်းလည်း အခြေအနေ၌ ဩဂုတ်လ ၈ ရက်တွင် အစိုးရက ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၅၇ ဦး ပါဝင်သောစုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းပေးခဲ့ကြောင်း ကြားသိရသည်။ ထိုကော်မရှင် ဖွဲ့စည်းပြီးနောက် ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့က စောင့်ကြည့်အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းကာ အချက်ငါးချက်ပါသော တောင်းဆိုချက်ကို ထုတ်ပြန်ခဲ့ကြသည်။ ဤနေရာတွင် စုံစမ်းရေးကော်မရှင် တကယ်အလုပ် ဖြစ်၊ မဖြစ်မှာ အရေးပါလာသည်။ အဘယ်ကြောင့်ဆိုသော် ယခင်အစိုးရ အဆက်ဆက်က ပြဿနာတစ်ခု ဖြစ်ပွားတိုင်း စုံစမ်းရေးကော်မရှင်ဆိုပြီး ဖွဲ့လေ့ရှိရာ ထိုစုံစမ်းရေးကော်မရှင်များသည် များသောအားဖြင့် အလုပ်မဖြစ်ခဲ့။ ဆိုရလျှင် ရလဒ်ကောင်း ထွက်ပေါ်မလာခဲ့။ ဥပမာ ၁၉၈၈ မတ်လနှင့် ဇွန်လများက ဖြစ်ပွားခဲ့သော အဓိကရုဏ်းများနှင့် ပတ်သက်၍ အချုပ်ကားအတွင်း လူအများ မွန်းကျပ်သေဆုံးခဲ့မှုအပေါ် စုံစမ်းရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း မည်သည့်ရလဒ်မျှပေါ်ထွက်မလာခြင်းမျိုးဖြစ်ပါသည်။

ထို့ကြောင့် ယခု စုံစမ်းရေးကော်မရှင်အနေဖြင့် စစ်မှန်သော ရလဒ်များ ပေါ်ထွက်လာရေးမှာ တစ်ဖက်တွင် တိကျခိုင်မာသည့် အချိန်ကန့်သတ်မှုမျိုး ရှိရပါမည်။ ပေါ်ထွက်လာသည့် ရလဒ်များအရ ဆုံးဖြတ်ပိုင်ခွင့်ရှိသော လွှတ်တော်က မြန်ဆန်ထိရောက်သည့် ဆုံးဖြတ်ချက်များ အလျင်အမြန် ချမှတ်ရန် အရေးကြီးပါသည်။ တစ်ဖက်၌လည်း ထိုလယ်ယာမြေပြဿနာများအပေါ် စောင့်ကြည့်အဖွဲ့များက စောင့်ကြည့်ရုံဖြင့်မပြီး ကော်မရှင်၏ ဆောင်ရွက်ချက် ထိရောက်မှု ရှိ၊ မရှိကို ပြည်သူလူထုထံ မျက်ခြည်မပြတ်သတင်းထုတ်ပြန် သွားသင့်သည်။ ယခုကိစ္စတွင် ထူးခြားချက်မှာ ဖွဲ့စည်းလိုက်သော စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌမှာ လယ်ယာမြေ ပြဿနာများကို လွှတ်တော်တွင်း သယ်ဆောင်လာသူပုဂ္ဂိုလ်ဖြစ်နေခြင်းပင် ဖြစ်လေသည်။

**(နှစ်)**

မြန်မာနိုင်ငံတွင် ယနေ့ဖြစ်ပေါ်နေသော လယ်ယာမြေအသိမ်းခံရမှုများ၊ လယ်ယာမြေ ပြဿနာများမှာ လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာ (၂၀)ရာစု အစောပိုင်းက ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတွင်ပေါ်ပေါက်ခဲ့ဖူးသော ပြဿနာမျိုးဖြစ်ပါသည်။ သမားရိုးကျ လယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းချိန်တွင် ငွေရှင်ကြေးရှင် ကုမ္ပဏီများနှင့် လယ်သမားကြား ပေါ်ပေါက်ခဲ့သော ယင်းပြဿနာမှာ အနောက်နိုင်ငံများတွင် ၂၀ ရာစုကတည်းက ဖြစ်ပွားခဲ့ပြီးဖြစ်သော်လည်း မိမိတို့နိုင်ငံတွင်မူကား ၂၁ ရာစုကျမှ ဖြစ်ပွားနေခြင်းသည် တိုင်းပြည်စီးပွားရေး မည်မျှနောက်ကျကျန်ခဲ့သည်ကို ပြသနေခြင်းဖြစ်ပါသည်။

တောင်သူလယ်သမား ဆိုသည်မှာ ခေတ်အဆက်ဆက်တွင် နင်းပြားများအဖြစ်သာ ရှင်သန်ခဲ့ရသူများဖြစ်ပါသည်။ လယ်သမားတို့ ကြုံတွေ့ခဲ့ရသော၊ ယနေ့တိုင် ကြုံတွေ့နေရသော အခက်အခဲများနှင့် ပတ်သက်၍ တောင်သူလယ်သမားရေးရာ သုတေသီ မစ္စတာဘင်းန်စ်က အချက်ကိုးချက်ပါဝင်သော အခြေအနေတစ်ရပ် ထုတ်ပြန်ခဲ့ဖူးသည်။

ယင်းတို့မှာ-

(၁) ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များ (ဥပမာ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ခြင်း)
(၂) ဆည်တာတမံ ကျိုးပေါက်၍ ဆားငန်ရေဝင်ခြင်း၊ ရေတိုက်စားခြင်း၊ ပိုးကိုက်ခြင်း။
(၃) မြန်မာ့စားသုံးကုန်ဈေးကို ကမ္ဘာ့ဈေးကွက်က ချုပ်ကိုင်ခြယ်လှယ်ထားသဖြင့်အဓိကစားသုံးကုန်ဆန်ဈေး အတက်အကျရှိခြင်း။
(၄) စပါးရောင်းရာတွင် အခက်အခဲတွေ့ရခြင်း (ဥပမာ လယ်သမားလက်လှမ်းမီရာ အရပ်တွင် စပါးဒိုင်မရှိခြင်း၊ ငွေထုတ်ရာ၌ ခက်ခဲနှောင့်နှေးခြင်း)
(၅) စပါးခြင်သည့် တင်းစံနမူနာကွဲပြားခြားနားနေတတ်ခြင်း။
(၆) အကြောင်းအမျိုးမျိုးဖြင့် ကျွဲ၊ နွားသေကျေပျက်စီးခြင်း၊ မီးဘေးသင့်ခြင်း စသည့် အရင်းတည်ပစ္စည်းများ ပျက်စီးဆုံးပါးခြင်း။
(၇) နာမကျန်းဖြစ်၍ အလုပ်ပျက်ခြင်း။
(၈) တစ်သီးသာ စားရသော လယ်မြေအပေါ် မှီခိုနေရခြင်း။
(၉) စပါးဈေး အတက်အကျရှိစေကာမူ အခွန်နှင့် သီးစားခ ပုံသေသတ်မှတ်ထားခြင်း စသည်တို့မှာ လယ်သမားတိုင်းလိုလို ရင်ဆိုင်နေရသော အခက်အခဲများဖြစ်ပါသည်။

> မြန်မာကဗျာဆရာတစ်ဦးကမူ Identity ကို ဥပမိရုပ်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ တစ်သက်လုံး ကျောင်းဆရာ လုပ်လာသူသည် ပင်စင်ယူသွားသော်လည်း သူ့ကိုယ်သူကျောင်းဆရာဟုသာ ထင်မှတ်နေခြင်း၊ နှစ်ပေါင်းသုံး၊ လေးဆယ် ဆရာဝန်လုပ်ခဲ့သူသည် အမြဲတစေ ဆရာဝန်အဖြစ်သာ ယုံကြည်နေခြင်း တို့သည် Identity ကြောင့် ဖြစ်ပါသည်။

**(သုံး)**

လူမှုဘဝ လူ့ပတ်ဝန်းကျင်တွင် လူသားတန်ဖိုး (Humanity) မှာ အလွန်အရေးကြီးပါသည်။ လူသားတန်ဖိုးဆိုသည်မှာ ပိုင်ဆိုင်သည့် ငွေကြေးဥစ္စာဓနကြွယ်ဝမှုနှင့် မသက်ဆိုင်ပါ။ ကိုယ်ကျင့်တရားနှင့် ရပ်တည်ချက်ကသာ တန်ဖိုးကို လှစ်ဟပြနေပါသည်။ ထိုလူသားတန်ဖိုးကို မည်သည့်ပုဂ္ဂိုလ်မျိုးဖြစ်ခြင်း ညွှန်ပြသည့် (Identity) အမှတ်အသား လက္ခဏာက ဖော်ပြနေပါသည်။ မြန်မာကဗျာဆရာ တစ်ဦးကမူ Identity ကို ဥပမိရုပ်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

တစ်သက်လုံး ကျောင်းဆရာလုပ်လာသူသည် ပင်စင်ယူသွားသော်လည်း သူ့ကိုယ်သူ ကျောင်းဆရာဟုသာ ထင်မှတ်နေခြင်း၊ နှစ်ပေါင်း သုံး၊ လေးဆယ် ဆရာဝန်လုပ်ခဲ့သူသည် အမြဲတစေ ဆရာဝန်အဖြစ်သာ ယုံကြည်နေခြင်းတို့သည် Identity ကြောင့်ဖြစ်ပါသည်။ ထို့အတူ အသက်မွေးဝမ်းကျောင်းတစ်ခုခုဖြင့် ရှင်သန်ရပ်တည်နေသော လူပုဂ္ဂိုလ်တိုင်းအတွက် Identity သည် အရေးကြီးသော အမှတ်အသား လက္ခဏာတစ်ခု ဖြစ်ပါသည်။ လူမှုဘဝနှင့် လူ့ပတ်ဝန်းကျင်တွင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် သတ်မှတ်ထားသည့် Identity သည် ထိုပုဂ္ဂိုလ်အတွက် အရေးကြီးသော အမှတ်လက္ခဏာ ဖြစ်ပေရာ တစ်သက်လုံး လယ်လုပ်လာသော လယ်သမားတစ်ဦး အနေဖြင့် မည်မျှပင် ဆင်းရဲနိမ့်ပါးစေကာမူ လယ်သမားဟူသော Identity က ၎င်း၏ ဘဝအဓိပ္ပာယ် ရှိမှုကို ပြသနေပါသည်။ လယ်သမားသည် လယ်လုပ်ရန် မြေမရှိလေသောအခါ ၎င်းအတွက် အရေးကြီးသော Identity လည်း မရှိတော့။ ထို့အတူ ဘာကောင်မျှလည်း မဟုတ်တော့၊ လူမှုဘဝ လူ့ပတ်ဝန်းကျင်တွင် Identity ပျောက်ဆုံးသွားခြင်းသည် သူ့အတွက် ဘဝပျက်သွားခြင်းသာ ဖြစ်ပေသည်။ ဤသည်ကို ကိုယ်ချင်းစာရပါမည်။

**(လေး)**

တစ်နေ့က ဗိုလ်တထောင်မြို့နယ်ရှိ အိုးအိမ်ဦးစီးရုံးချုပ်ရှေ့မှ အဖြတ် ယခင်ရက်များက မြင်တွေ့ခဲ့ရသည့် ငြိမ်းချမ်းစွာ စီတန်းထိုင်၍ ဆန္ဒဖော်ထုတ်နေကြသော လယ်သမားများကို မတွေ့ရတော့၊ ဆိုရလျှင် တွမ်ဂျုတ်တွေ မတွေ့ရတော့၊ ထို့အတူ ရုံးချုပ်ဆိုင်းဘုတ်လည်း မရှိတော့ပါ။ သိလို၍ နီးစပ်ရာ မေးကြည့်သောအခါ နေပြည်တော်သို့ ရုံးပြောင်းသွား၍ လယ်သမားများ မလာတော့ကြောင်း ကြားရသည်။ တွမ်ဂျုတ်တွေ ဘယ်ရောက်သွားပြီလဲ။ သူရင်းငှားအဖြစ် လုပ်ကိုင်ရန် လယ်တွေဆီ ပြန်သွားကြပြီလား။ ဒါမှမဟုတ် အခြားကြုံရာကျပန်း အလုပ်အကိုင်တစ်ခုခု ရှာဖွေလုပ်ကိုင်နေကြပြီလား။ လားပေါင်းများစွာဖြင့် တစ်ကိုယ်တည်း မေးခွန်းထုတ်နေမိသည်။

**(ငါး)**

ကိုလိုနီခေတ်က လယ်ယာမြေများကို မလိမ့်တပတ်လုပ်၍ အဆင့်ဆင့် သိမ်းယူသူများကို နတ္တုကြောတိုင်ဟုခေါ်ခဲ့ကြသည်။ ယခု ကြုံတွေ့ရသည်က ထိုလူမျိုးခြား နတ္တုကြောတိုင်များထက် ပိုမိုဆိုးရွားသည့် ကိုယ့်လူမျိုးကို ပြန်မျိုသည့် နတ္တုကြောတိုင်များ. . .၊ ခေတ်သစ်နတ္တုကြောတိုင်များဖြစ်လေသည်။ ။

## JOKE

### မိန်းမနင့်ယောကျ်ား

အမျိုးသားတစ်ယောက် ပြောင်းလဲလာလိမ့်မည်ဟု မျှော်လင့်၍ အမျိုးသမီးက လက်ထပ်သည်။ သို့သော် သူမပြောင်းလဲပါ။

အမျိုးသမီးတစ်ယောက် အပြောင်းအလဲရှိမည်မဟုတ်ဟု မျှော်လင့်၍ အမျိုးသားကလက်ထပ်သည်။ သို့သော် သူမပြောင်းလဲသွားပါသည်။

### ဖုန်းဆက်လိုက်မယ်

စနေနေ့တစ်ရက်ညဘက်တွင် ကျွန်မ၏ သူငယ်ချင်းနှင့် မိသားစုတို့ ကျွန်မတို့အိမ်၌ ညစာလာစားကြသည်။ စားသောက်မှု ပြီးစီးသွား၍ သူငယ်ချင်းမိသားစုပြန်သွားကြချိန်တွင် ထမင်းစားခန်းထောင့်စားပွဲလေးပေါ်၌ အမျိုးသမီးပိုက်ဆံအိတ်တစ်လုံး ကျန်ခဲ့သည်ကိုတွေ့ရသည်။ ကျွန်မက သူငယ်ချင်း၏ အိမ်ကိုဖုန်းဆက်ရန်ပြင်နေချိန်မှာပင် ကျွန်မသားက သူငယ်ချင်း၏ ဟန်းဖုန်းကို လှမ်းဆက်နိုင်ကြောင်း သတိပေးသည်။

သို့ဖြင့် သူငယ်ချင်း၏ဟန်းဖုန်းကို လှမ်း၍ဖုန်းဆက်ရင်း ဆက်သွယ်ရေးကြောင့် အိမ်မရောက်ခင်မှာပင် ပိုက်ဆံအိတ်ကျန်ခဲ့ကြောင်း သူတို့သိသွားမည်ဆိုခြင်းကို ကျွန်မ သဘောကျနေမိသည်။ ထိုသို့ တွေးနေစဉ်မှာပင် ပိုက်ဆံအိတ်က ဖုန်းသံထမြည်ပါတော့သည်။

Environment

7 DAY NEWS JOURNAL

Vol.11, No.25 • AUGUST 30 , 2012

# အငြဖြေရှာရမည့် လောင်စာပြဿနာ

အိဖြူမွန်

**လူဦးရေ သန်း ၆၀ အနက် ၄၂ သန်းသော ပြည်သူများက ထင်းမီးသွေးကို လောင်စာအဖြစ် အဓိကထားသုံးစွဲနေရသောကြောင့် လောင်စာပြဿနာသာ မဖြေရှင်းနိုင်ပါက သစ်တောပြုန်းတီးမှု လျော့ကျနိုင်ဖွယ်မရှိကြောင်း စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်း ဆွေးနွေးပွဲတွင် ပညာရှင်များကပြောကြားသည်။**

ယင်း ၄၂ သန်းသည် ကျေးလက်ဒေသတွင် နေထိုင်သောသူများဖြစ်ပြီး အိမ်ထောင်စုတစ်စု၏ တစ်နှစ် ပျမ်းမျှ ထင်းလောင်စာ သုံးစွဲမှုသည် ၂ ဒသမ ၅ တန်ရှိသည်။ စုစုပေါင်း သစ်တောပြုန်းတီးမှုတွင် မည်သည့်ရာခိုင်နှုန်းသည် ထင်းလောင်စာ သုံးစွဲမှုကြောင့်ပြုန်းတီးသည်ဟု ကောက်ယူထားခြင်းမရှိသော်လည်း တစ်နိုင်ငံလုံးတွင် ၇၅ ရာခိုင်နှုန်းသော ပြည်သူများမှာ လျှပ်စစ်ဓာတ်အားလိုအပ်လျက်ရှိကြောင်းနှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိသော ပြည်သူများသည် ထင်းလောင်စာကို အဓိကထား သုံးစွဲနေသည်ကိုတွေ့ရှိရကြောင်း သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်ပညာရှင်များနှင့် စွမ်းအင်တွက်ချက်သူများက ကောက်ယူထားသော အချက်အလက်များအရ သိရသည်။

ကျေးလက်ပြည်သူများ၏ ၉၀ ရာခိုင်နှုန်းသည် ထင်းလောင်စာကို အဓိကသုံးစွဲကြောင်း၊ မြို့နေလူထု သုံးစွဲသည့် တစ်နှစ်လျှင် ၄ ဒသမ ၄ ကုဗတန်သုံးစွဲကြသော်လည်း ကျေးရွာလူထုသည် ယင်းပမာဏ နှစ်ဆခန့် သုံးစွဲကြောင်း ထင်းသုံးစွဲမှုမှာ လျော့ကျလာခြင်းမရှိဘဲ လူဦးရေတိုးလာသည်နှင့်အမျှ သုံးစွဲမှုများလာကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(Food and Agriculture Organization)မြန်မာဆီထွက်သီးနှံဖွံ့ဖြိုးရေးစီမံကိန်းမှ တာဝန်ခံဦးစောလယ်ဝါးက ပြောသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ကောက်ယူသော စာရင်းဇယားများအရ ၁၉၈၉ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှု ၅၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၄၇ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။ မြန်မာဘုရင်များ အုပ်စိုးစဉ် ကုန်းဘောင်ခေတ်က တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ၇၀ ရာခိုင်နှုန်းရှိခဲ့ရာမှ တဖြည်းဖြည်းလျော့ကျလာခြင်းဖြစ်သည်။

"၁၀ နှစ် အပိုင်းခြားလိုက် ကောက်ယူထားတဲ့သစ်တောပြုန်းတီးမှုကို ကြည့်မယ်ဆိုရင် တစ်နှစ်ကို ပျမ်းမျှ ၁ ဒသမ ၁ရာခိုင်နှုန်းနဲ့ ပြုန်းတီးနေတယ်လို့ပြောလို့ရမယ်။ အခုကျန်တဲ့ ၄၇ ရာခိုင်နှုန်းသော သစ်တောကို မထိန်းသိမ်းဘူးဆိုရင် နှစ်ပေါင်း ၄၇ နှစ်ကြာရင် သစ်တောတွေ ရှိတော့မှာမဟုတ်ဘူး" ဟု ဂေဟစနစ်ဖွံ့ဖြိုးရေးနှင့် စီးပွားဖွံ့ဖြိုးရေးအဖွဲ့မှ မန်နေဂျင်း ဒါရိုက်တာဦးဝင်းမျိုးသူက ပြောသည်။



မန်းရွှေစက်တော်ဘုရားပွဲဈေးတွင်တွေ့ရသည့် ဒေသခံထင်းသုံးစွဲသူများ

ထင်းမီးသွေးလောင်စာ အသုံးပြုမှုကြောင့် သစ်တောပြုန်းတီးလာသလို တစ်ဖက်တွင်လည်း သစ်တောပြုန်းတီးလာခြင်းကြောင့် ထင်းမီးသွေးရရှိမှု ခဲယဉ်း၍လောင်စာဈေးနှုန်းမြင့်မားလာကြောင်း၊ ကျေးလက်ဒေသတွင်လူတစ်ဦး၏ ဝင်ငွေသုံးပုံတစ်ပုံကို စွမ်းအင်လိုအပ်ချက် ဖြေရှင်းနေရကြောင်း၊ ရေရှည်နည်းလမ်းကို ဖြေရှင်းရန် စဉ်းစားသင့်ကြောင်း မြန်မာစွမ်းအင်လိုအပ်ချက်စစ်တမ်းကောက်ယူသည့် အဖွဲ့များတွင် ပါဝင်ခဲ့သော MercyCorps မှ ပရောဂျက်မန်နေဂျာကပြောသည်။

"မိသားစုကုန်ကျစရိတ်ကို ထည့်သွင်းတွက်ချက်ရင် ထင်းအတွက် တစ်လမှာ ကုန်ကျစရိတ်က ကျပ်ရှစ်ထောင်နဲ့ တစ်သောင်းကြား ရှိတာကိုတွေ့ရတယ်"ဟု ဒီရေတောကွန်ရက်အဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်ကပြောသည်။

သစ်တောပြုန်းတီးရခြင်း အကြောင်းရင်းများမှာ သစ်အလွန်အကျွံခုတ်ယူခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ ထင်းမီးသွေးလောင်စာထုတ်ယူခြင်းတို့ကြောင့်ဖြစ်ကြောင်း လေ့လာသူများကခန့်မှန်းကြသည်။ သစ်တောပြုန်းတီးခြင်းအကြောင်းအရာများအနက် သတ်မှတ်ထားသော သစ်ထုတ်လုပ်မှုစံနှုန်းများထက် ကျော်လွန်၍ သစ်အလွန်အကျွံ ထုတ်ယူခြင်းကို ထိန်းချုပ်ရန်အတွက် ဈေးကွက်ဝင်ကျွန်းနှင့် သစ်မာထုတ်လုပ်မှုကို ၂၀၁၂ မှစတင်ပြီး နှစ်အလိုက် တဖြည်းဖြည်းလျှော့ချမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှပြည်ထောင်စုဝန်ကြီးက နှစ် ၃၀ သစ်တောစီမံအုပ်ချုပ်မှုကို ပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။

သစ်တောပြုန်းတီးခြင်း အကြောင်းအရာများအနက် သစ်အလွန်အကျွံခုတ်ယူခြင်းကိုထိန်းချုပ်ရန် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြတ်သားသော ဆုံးဖြတ်ချက်များနှင့် ပါဝင်လှုပ်ရှားမှုများ ရှိလာသော်လည်း တာဝန်ရှိသူများကြားတွင် တစ်နိုင်ငံလုံးလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသောသူများ အဓိကထားသုံးစွဲနေရသည့် ထင်းလောင်စာသုံးစွဲမှုကို ဖြေရှင်းမည့် ဆုံးဖြတ်ချက်ချရန် အားနည်းနေသေးကြောင်း စွမ်းအင်အသုံးချမှုနှင့် သစ်တောပြုန်းတီးခြင်းဆက်စပ်မှုလေ့လာသူများကပြောသည်။

အများပြည်သူ လက်လှမ်းမီနိုင်မည့် စွမ်းအင်လိုအပ်ချက်ကို ဖြေရှင်းနိုင်ပါက ထင်းအပေါ် မှီခိုနေသည့် ၄၂ သန်းသော ပြည်သူများ ထင်းအစားထိုးလောင်စာများသုံးစွဲလာမည်ဆိုပါက စွမ်းအင်အသုံးချမှုနှင့် ဆက်စပ်နေသော သစ်တောပြုန်းတီးမှုလည်း လျော့ကျလာနိုင်ကြောင်း၊ အိမ်သုံးလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကြီးမားနေသော မြန်မာနိုင်ငံအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချဖြေရှင်းသင့်ကြောင်း စွမ်းအင်အသုံးချမှုနှင့် သစ်တောပြုန်းတီးခြင်းဆက်စပ်မှုလေ့လာသူများကပြောသည်။

"အလယ်ပိုင်းမှာနေတဲ့ ကျေးလက်နေပြည်သူတွေမှာ ကျွဲနွားကို အဓိကထား မွေးမြူကြတဲ့အတွက် တိရစ္ဆာန်ချေးကို အဓိကထားပြီး ဘိုင်အိုဂက်စ်(ဇီဝဓာတ်ငွေ့)ထုတ်ယူတဲ့ စက်ရုံဆောက်လုပ်မှုတွေကို အားပေးမယ်။ နောက် အလကားမဟုတ်ဘဲနဲ့ ကျေးရွာလူထုပါဝင်နိုင်တဲ့ အမြတ်ရှယ်ယာနဲ့ ချပေးပြီး လုပ်မယ်ဆိုရင် အိမ်သုံးပြဿနာကိုဖြေရှင်းနိုင်မယ်" ဟုဦးစောလယ်ဝါးက ပြောသည်။

ရှမ်းပြည်နယ်တွင် အသေးစား ရေအားလျှပ်စစ်ထုတ်ယူခြင်းနှင့် နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲရာတွင် နည်းပညာအကူအညီဆောင်ရွက်ပေးနေသူ ဦးခွန်စိုင်းက တောင်တန်းဒေသများတွင် တစ်ပိုင်တစ်နိုင် ထုတ်ယူသုံးစွဲနိုင်သည့် ရေအရင်းအမြစ်များရှိကြောင်း၊ လေနှင့် နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်သော အရင်းမြစ်များရှိကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် အာရှဒေသတွင် ဒုတိယအဆင်းရဲဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာ အလွန်ဆင်းရဲသောအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများထက် စွမ်းအင်သုံးစွဲမှု စံချိန်စံညွှန်းများ နောက်ကျကျန်ခဲ့ကြောင်း ဆင်းရဲမှု၊ စွမ်းအင်လိုအပ်ချက်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော အရင်းအမြစ်စီမံခန့်ခွဲခြင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ လူသားဖွံ့ဖြိုးမှုစံညွှန်းစစ်တမ်းအရသိရသည်။

အဆင်းရဲဆုံးနိုင်ငံများ စာရင်းတွင် ပါဝင်သောမြန်မာနိုင်ငံ၌ လတ်တလော ထင်းလောင်စာ ပြဿနာကို ဖြေရှင်းရန်အတွက် ထင်းသုံးစွဲမှု လျော့နည်းသက်သာစေမည့် ကျေးလက်သုံး မီးဖိုများ တစ်နိုင်ငံလုံးအနှံ့ သုံးစွဲရန် နည်းပညာဖြန့်ဖြူး၍ ထုတ်လုပ်ရောင်းချခြင်းများ ပြုလုပ်ခဲ့ပြီး ၈၀ ရာခိုင်နှုန်းခန့် အောင်မြင်မှုရရှိကြောင်း မီးဖိုထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ လေးဖွဲ့က ပြောသည်။

## ENVIRONMENT Cartoon



မျိုးသုဉ်းပျောက်ကွယ်တော့မယ့် သက်ရှိတစ်မျိုးကို မြင်ဖူးချင်ရင် မှန်ရှေ့မှာ သွားရပ်ကြည့်ပါ။

John Young




Authourized Distributor : SILVER TIGER CO., LTD.
Yangon ♦ ရွှေကျားတံဆိပ် ♦ Showroom - 1 : G - 4,5,6 Pearl Centre, Kaba Aye Pagoda Rd. Tel : 01-559433, 555155, 09-73026363
Showroom - 2 : G - 15, West Aung San Stadium. Tel : 01-371533, 394821, 09-73026464
Showroom - 3 : No.159/161, Ground Floor, Room No.2, 29th St, Middle Block. Tel : 01-250615
Showroom - 4 : No.360, Ground Floor,Room No.5,Pyay Road (ဟံသာဝတီအဝိုင်းအနီး). Tel : 01-526850.
Mandalay ♦ ရွှေကျားတံဆိပ် ♦ No.267, 26th St, Between (83x84) St. Tel : 02-34957, 66636, 09-91007808
Nice Electric : 83rd St, Between (29x30) St. Tel : 02-21601, 09-515 4686, 09-91007474
E-Mail:silvertiger@wimaxmail.net.mm

# Tourism

7 DAY NEWS JOURNAL

Vol.11, No.25 • AUGUST 30 , 2012


## ရန်ကုန် – ဆိုးလ် တိုက်ရိုက်လေကြောင်းပျံသန်းမည်


နိုင်ချို


**ရန်ကုန်၊ ဩဂုတ် - ၂၅**

ရန်ကုန်နှင့်ကိုရီးယားနိုင်ငံဆိုးလ်မြို့သို့တိုက်ရိုက်လေကြောင်းလိုင်းစက်တင်ဘာလ ၁၃ ရက်မှစ၍ စတင်ပျံသန်းနိုင်တော့မည်ဖြစ်ကြောင်း Sun Far ခရီးသွားလုပ်ငန်းမှ သိရသည်။

"အရင်က ရန်ကုန်နဲ့ဆိုးလ်ကို တိုက်ရိုက်လေကြောင်းလိုင်းမရှိပါဘူး။ ထိုင်းနဲ့စင်ကာပူနိုင်ငံ တို့ကနေတစ်ဆင့် စီးပြီးသွားရတာ ပါ"ဟု Sun Far မှ မဆုမွန်မြင့်ဦးက ပြောသည်။

ရန်ကုန်နှင့်ဆိုးလ်မြို့ရှိအင်ချွန်းလေဆိပ်သို့ကိုရီးယားလေကြောင်းလိုင်းမှ တိုက်ရိုက်ပြေးဆွဲတော့မည်ဖြစ်ပြီး အင်္ဂါ၊ ကြာသပတေး၊ စနေနှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းသွားမည်ဖြစ်သည်။

လေယာဉ်စီးနင်းခများကိုမူ ယခုအချိန်ထိ အတိအကျမသိရှိရသေးပေ။ လေယာဉ်စီးနင်းခကို စက်တင်ဘာလဆန်းတွင် ကိုရီးယားလေကြောင်းလိုင်းက ကြေညာမည်ဖြစ်သည်။

## ပုဂ္ဂလိကလေကြောင်းလိုင်း Golden Myanmar အစုရှယ်ယာများ ရောင်းမည်


သိမ့်သိမ့်စိုး


**ရန်ကုန်၊ ဩဂုတ် - ၂၂**

Golden Myanmar လေကြောင်းလိုင်းကို အများပိုင်ကုမ္ပဏီ တည်ထောင်လုပ်ဆောင်သွားရန် အစုရှယ်ယာများ ခေါ်ယူသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းပိုင်ရှင်ဖြစ်သော CB ဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေးကပြောကြားသည်။

လက်ရှိတွင် အဆိုပါလေကြောင်းလိုင်း ပျံသန်းခွင့်ကို စီစဉ်ညှိနှိုင်းနေဆဲ အခြေအနေသာရှိပြီး ပျံသန်းခွင့်မရရှိသေးကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းတွေ အများကြီးဖြစ်ပေါ်လာပေမယ့် မြန်မာနိုင်ငံသား အများစုပိုင်တဲ့ လေယာဉ်မရှိဘူး။ လူအများစု ပူးပေါင်းပါဝင်လာအောင်လို့ အစုရှယ်ယာ ဈေးနှုန်းနည်းနည်းနဲ့ လုပ်တာပါ။ နိုင်ငံတကာလေကြောင်းရောပြည်တွင်းပါ ပျံမယ်။ အဓိကကတော့ ကိုယ့်နိုင်ငံသားတွေ လေကြောင်းပို့ဆောင်ရေးမှာ သက်သက်သာသာ သွားနိုင်အောင်လုပ်တာပါ"ဟု ဦးခင်မောင်အေးကပြောသည်။

ယခင်က Golden Myanmar လေကြောင်းလိုင်းကို CB ဘဏ်နှင့် MGS ကုမ္ပဏီတို့ ပူးပေါင်းလုပ်ဆောင်မည်ဟု ဆိုထားသော်လည်း လုပ်ဆောင်ခွင့်ရလာပါက အများပြည်သူကို အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ရောင်းချရန်စီစဉ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လေကြောင်းလိုင်းအသစ်နှစ်ခုကို ပုဂ္ဂလိက လုပ်ငန်းရှင်များက လုပ်ဆောင်ရန် စီစဉ်နေကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ပြီးခဲ့သည့် အပတ်တွင်ပြုလုပ်ခဲ့သောသတင်းစာရှင်းလင်းပွဲ၌ပြောကြားခဲ့သည်။

လေကြောင်းလိုင်း ပျံသန်းခွင့်ရရှိပြီးပါက ယင်းလေကြောင်းလိုင်းအနေဖြင့် ပြည်တွင်းပြည်ပခရီးစဉ်နှစ်မျိုးလုံးပြေးဆွဲမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင်ပြည်တွင်း၌ပြေးဆွဲနေသော ပုဂ္ဂလိကလေကြောင်းလိုင်းငါးခုရှိနေပြီဖြစ်ရာ ယခုလိုင်းသစ်နှစ်ခုပါ ပြေးဆွဲဖြစ်ပါက စုစုပေါင်း ပုဂ္ဂလိကလေကြောင်းလိုင်းခုနစ်ခုအထိရှိလာမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ့ရှေးဟောင်းမြို့များ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရာတွင် အခက်အခဲရှိနေ


အေးသူစံ


**ရန်ကုန်၊ ဩဂုတ်-၁၇**

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရန် ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ် အဆင့်ဆင့်၌ အတွေ့အကြုံအားနည်းခြင်းနှင့်လုပ်ကိုင်ဆောင်ရွက်ရသည့် အချိန်ကာလ တိုတောင်းခြင်းတို့ ကြုံတွေ့နေရကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြောသည်။

"အခု ပျူမြို့ဟောင်းတွေကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် ပြုစုရာမှာ အချိန်ကာလတိုတောင်းခြင်း၊ ပျူမြို့သုံးမြို့ဖြစ်တဲ့အတွက် တင်ပြမှုတွေကိုသုံးကြိမ်ပြုလုပ်ရခြင်း၊ ယူနက်စကိုရဲ့မူအတိုင်း ရေးသားရတဲ့အတွေ့အကြုံ အားနည်းခြင်းနဲ့ လိုအပ်တဲ့ ဒစ်ဂျစ်တယ်မြေပုံတွေနဲ့ အချက်အလက်တွေ မပြည့်စုံခြင်း၊ ဒေသခံတွေရဲ့ ပူးပေါင်းကူညီမှုနဲ့ လိုက်နာဆောင်ရွက်မှု အားနည်းနေသေးခြင်းတို့ကို ကြုံတွေ့နေရတယ်"ဟု ဒေါ်စန္ဒာခင်က ဩဂုတ်လ ၁၃ ရက်က အမျိုးသားပြတိုက်တွင် ပြုလုပ်ခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းရေးအတွက် ပညာရှင်များနှင့်တတိယအကြိမ်အစည်းအဝေးတွင်အထက်ပါအတိုင်းထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်ကပင် ယူနက်စကို လက်အောက်ခံ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးစင်တာ (World Heritage Center)အောက်ရှိ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေး ကွန်ဗင်းရှင်းတွင် လက်မှတ်ရေးထိုးထားပြီး ၁၉၉၆ ခုနှစ်တွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို အဆိုပြုလွှာတင်သွင်းထားပြီးဖြစ်သော်လည်း နှစ်ပေါင်းနှစ်ဆယ်နီးပါးကြာ ၂၀၁၁ ခုနှစ် အောက်တိုဘာလရောက်မှပွင့်လင်းလာသည့် နိုင်ငံရေးအခြေအနေအရ ပျူမြို့သုံးမြို့ကို မူကြမ်းစတင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ - www.goldenpagodatravel.com

*သရေခေတ္တရာပျူမြို့ဟောင်းတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဆက်လက်တူးဖော်ရရှိနေဆဲဖြစ်သည်*

နှစ်တစ်နှစ်၏ စက်တင်ဘာလတွင် ပုံကြမ်းတင်သွင်းရသည့် ယူနက်စကို၏မူအရ ပြင်ဆင်ချိန် တစ်နှစ်သာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

"ဝန်ကြီး ပြောသွားသလိုပဲ ကျွန်တော်တို့မှာ ယူနက်စကိုနဲ့ ပူးပေါင်းပြီးလုပ်ရတဲ့ အတွေ့အကြုံမရှိတဲ့အခါ လုပ်ငန်းအသစ်ဖြစ်တယ်။ ဘာသာစကားကလည်း ရှေးဟောင်းယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့ အခေါ်အဝေါ်တွေက နည်းနည်းခြားနားမှုလေးတွေရှိနေတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာ ဘုရားပုထိုးစေတီများအနီး နေထိုင်သူများ၊ မြို့ဟောင်းများတွင် နေထိုင်သူဒေသခံအချို့မှာ ဘုရားပုထိုးများအား စနစ်တကျမဟုတ်ဘဲ မိမိတို့၏ ကိုးကွယ်ယုံကြည်မှုအရ ထုံးသုတ်ခြင်း၊ ဆေးသုတ်မွမ်းမံခြင်းများကြောင့် နှစ်ပေါင်းများစွာ တည်တံ့ခဲ့သော နံရံဆေးရေးပန်းချီများ ပျက်စီးခြင်းဖြစ်ပေါ်ပြီး လယ်ယာစိုက်ပျိုးခြင်းများ ပြုလုပ်ခြင်းတို့ကြောင့် မူလရှိရင်းစွဲယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးများ ယုတ်လျော့လာသည်ကိုဒေသခံများကလည်းသတိပြုမိလာရန်လိုအပ်ကြောင်း တာဝန်ရှိသူများနှင့် သမိုင်းပညာရှင်များက ထောက်ပြပြောဆိုသည်။


Assumption University (ABAC)
(1st International University in Thailand)

TEL:
507043 , 507047 ,095028489
EMAIL:
samhom@newklink.com
eisandra@newklink.com

NOW Accepting Application for

+M.B.A Fast Track - Batch 5 @ Yangon , Batch 1 @ Mandalay
+Pre-Master Bridging Courses - Batch 1 @ Yangon and Mandalay
(Applicants with Graduate Diploma or Passed 2nd year Bachelor Degree in any Universities)

Application Deadline : August 30,2012
English Entrance Exam : September 4, 2012
Instruction Begin : September 2012

MPDC EDUCATION

Myanmar Professional Development Center
Room(1), Building No. (4), Myanmar Info-Tech
Universities Hlaing Campus,
Hlaing Township, Yangon, Myammar



7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# The Cartoon Logo















7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012



တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျင်းခရိုင်ဒေသကြီး ဟာဘင်မြို့တွင် ရှစ်လမ်းသွားလမ်းမ မိုးပျံတံတားကြီး ပြိုကျပျက်စီးနေခြင်းကို ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးနေသည်ကို ဩဂုတ်လ ၂၄ ရက်က တွေ့ရစဉ်။ စတင်ဖွင့်လှစ်ပြီး ကိုးလအကြာမှာပင် တံတားကျိုးကျသွားသော နံနက်စောစောအဖြစ်အပျက်ကြောင့် လူ ၃ ဦး သေဆုံးပြီး ၅ ဦးဒဏ်ရာရရှိခဲ့သည်။
ဓာတ်ပုံ - AFP

# တရုတ်နိုင်ငံတွင် မိုးပျံတံတားပြိုကျ၍ လူသုံးဦးသေ ငါးဦးဒဏ်ရာရ

**ဘေဂျင်း၊ ဩဂုတ် - ၂၄**
တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟာဘင်မြို့တွင် လေဆိပ်သွားရာ အဝေးပြေးလမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မိုးပျံတံတားတစ်ခု ပြိုကျခဲ့ရာ လူသုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာကဖော်ပြသည်။ အဆိုပါ ရှစ်လမ်းသွား ခုံးတံတားသည် ၂၀၁၁ နိုဝင်ဘာလကမှ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂ နှစ်ကြာတည်ဆောက်ခဲ့ကာ ကုန်ကျစရိတ် ယွမ် ၁ ဒသမ ၉ ဘီလီယံ (ဒေါ်လာသန်း ၃၀၀) ခန့်ရှိခဲ့ကြောင်း ချိုင်းနားနယူးစ်ဆားဗစ်က ဖော်ပြသည်။

ပြိုကျခဲ့သော နေရာမှာ တံတား၏ မီတာ ၁၀၀ (ပေ ၃၂၀) ရှည်သော အပိုင်းတစ်ခုဖြစ်ပြီး တံတားပေါ်သို့ ကုန်ကားကြီးလေးစီးမောင်းတက်လာစဉ် ကားရော တံတားပါပြိုကျသွားခြင်းဖြစ်သည်။ အဆိုပါတံတားမှာ တစ်နာရီလျှင် ကားစီးရေ ၉,၈၀၀ ခန့် ဖြတ်သန်းနိုင်စေရန် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်။ အခင်း ဖြစ်ပွားရာတွင် လူနှစ်ဦးပွဲချင်းပြီးသေဆုံးခဲ့ပြီး ကျန်သုံးဦးမှာ ဆေးရုံ၌ကုသမှုခံယူနေရဆဲဖြစ်သည်။

ဒဏ်ရာရသူငါးဦးကိုလည်း ဆေးရုံတင်ကုသနေရဆဲဖြစ်သည်။ တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်း၏အဆိုအရ ပြီးခဲ့သည့်နှစ်ဂျူလိုင်မှစ၍ တရုတ်နိုင်ငံပိုင်အတွင်း အနည်းဆုံး တံတားကြီးခြောက်စင်းခန့်ပြိုကျမှု ဖြစ်ပွားခဲ့ပြီး တံတားများကိုအမြန်ပြီးစီးရန်တည်ဆောက်သဖြင့် လုံခြုံမှုပိုင်းတွင် အာရုံစိုက်မှုအားနည်းနေကြောင်း ဝေဖန်သူများက ပြောသည်ဟုသိရသည်။

အာဏာပိုင်များအနေဖြင့် ယခုပြိုကျခဲ့သော တံတား၏ ဒီဇိုင်းနှင့် ဆောက်လုပ်ရေးလုပ်ဆောင်ခဲ့ပုံ၊ တံတားပေါ်ဖြတ်သန်းသော ယာဉ်ဖြတ်သန်းမှုပမာဏတို့ကိုပါ အသေးစိတ်စုံစမ်းစစ်ဆေးသွားမည်ဟု သိရသည်။

—Ref: AP

# ကျွန်းစုများ ပိုင်ဆိုင်မှု အငြင်းပွားနေခြင်းကြောင့် ကိုရီးယားငွေတိုက်စာချုပ်များ ဝယ်မည့်အစီအစဉ် ဂျပန်ရပ်ဆိုင်းဖွယ်ရှိ

**တိုကျို၊ ဩဂုတ် - ၂၅**
ဂျပန်အစိုးရသည် တောင်ကိုရီးယားအစိုးရ၏ ငွေတိုက်စာချုပ်များကို ဝယ်ယူမည့် အစီအစဉ်အား နှစ်နိုင်ငံအကြား ကျွန်းများပိုင်ဆိုင်မှုအရေး သံတမန်ခင်းအရ အငြင်းပွားနေခြင်းကြောင့် ရပ်ဆိုင်းသွားဖွယ်ရှိကြောင်းသိရသည်။ ယခုကဲ့သို့ ဂျပန်၏ ခြိမ်းခြောက်မှုသည် ဂျပန်ဝန်ကြီးချုပ် ယိုရှိဟီကိုနာဒါက တောင်ကိုရီးယားသည် နှစ်နိုင်ငံရေပိုင်နက်အကြား အငြင်းပွားကျွန်းစုများကို တရားမဝင်ကျူးကျော်ထားကြောင်းဝေဖန်အပြီး ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဝန်ကြီးချုပ် နိုဒါက ၎င်း၏ အစိုးရသည်ဂျပန်မှ တာကေရှီးမားဟုခေါ်ပြီး ကိုရီးယားဘက်မှ ဒေါ့က်ဒိုဟုခေါ်သော ကျွန်းစုများသို့ တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်သွားရောက် လည်ပတ်ခြင်းကိုခိုင်မာစွာ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥပဒေပြုအမတ်များအား ပြောသည်။

ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဂျွန်အဇူမိကလည်း၎င်းသည်ဆိုးလ်သို့ သွားရောက်ကာတောင်ကိုရီးယား ငွေတိုက်စာချုပ်များ ဝယ်ယူရေးကိစ္စကို သံတမန်ရေးအငြင်းပွားမှုကြောင့် မသွားဘဲစောင့်ကြည့်ဦးမည်ဟု သတင်းထောက်များကို ပြောကြားသည်။ သမ္မတလီမြောင်ဘတ်က ၎င်း၏စော်ကားသည့် အပြုအမူအတွက် ပြန်လည်တောင်းပန်မှသာ စာချုပ်များဝယ်ယူရေးဆုံးဖြတ်မည်ဟု ၎င်းက ပြောသည်။



ဓာတ်ပုံ - AFP

တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်သည် ဩဂုတ် ၁၀ ရက်က တောင်ကိုရီးယားဘက်မှ ထိန်းချုပ်ထားသည့် အငြင်းပွားကျွန်းစုများရှိရာသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် တိုကျိုမှ ဝေဖန်မှုများ စတင်ပေါ်ထွက်လာသည်။ ထို့နောက်ရက်အနည်းငယ်အတွင်း ၎င်းက ဂျပန်ဘုရင်အကီဟီတိုသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်ကျူးကျော်မှုများအတွက် တောင်းပန်သင့်ကြောင်းဝေဖန်ခဲ့ရာ ဂျပန်အောက်လွှတ်တော်က လီမြောင်ဘတ်အားတစ်ခဲနက် ရှုတ်ချကြောင်းဆုံးဖြတ်ချက်ချမှတ်ကာ တာကေးရှီးမားကျွန်းစုတွင် ကိုရီးယားတို့ တရားမဝင်ကျူးကျော်ဝင်ရောက်နေမှုကို ရပ်တန့်ရန်တောင်းဆိုခဲ့သည်။

—Ref: AFP









7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.25 2012



# Leader's Profile

## ဂျမေကာဝန်ကြီးချုပ်
## မစ္စက်ပေါ်တီယာ ဆင်ပဆင်မီလာ

ရဲမင်း

ပေါ်တီယာဆင်ပဆင်မီလာသည် ဂျမေကာနိုင်ငံ၏ သတ္တမမြောက်နှင့်လက်ရှိဝန်ကြီးချုပ်ဖြစ်သည်။ ပြည်သူ့အမျိုးသားပါတီအား ကိုယ်စားပြု၍ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ဂျမေကာ ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ကျမ်းသစ္စာကျိန်ဆို တာဝန်ယူခဲ့သည်။ မစ္စက်ဆင်ပဆင်သည် ၂၀၀၆ -၂၀၀၇ တွင် နိုင်ငံ၏ ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။

ဆင်ပဆင်မီလာအား ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်တွင် စိန့်ကက်သရင်းဒေသ ကျေးလက်ဒေသ၌ မွေးဖွားခဲ့သည်။ စိန့်မာတင်ကျောင်းတွင် အထက်တန်းပညာသင်ကြားခဲ့ပြီး ဂျမေကာစီးပွားရေးတက္ကသိုလ်၌တက်ရောက်ခဲ့သည်။ မီယာမီတက္ကသိုလ်မှ ပြည်သူ့အုပ်ချုပ်ရေး (ဘီအေ)ဘွဲ့ရရှိခဲ့ပြီး ကယ်လီဖိုးနီးယား တက္ကသိုလ်မှ အဆင့်မြင့် စီမံခန့်ခွဲမှုလက်မှတ်ရရှိခဲ့သည်။

မစ္စက်ဆင်ပဆင်မီလာသည် ၁၉၇၆ ခုနှစ်တွင် နိုင်ငံရေးလောကသို့စတင်ဝင်ရောက်ခဲ့သည်။ ပြည်သူ့အမျိုးသားပါတီ (PNP) ကိုယ်စားပြု၍ စိန့်အင်ဒရူးအနောက်တောင် မဲဆန္ဒနယ်၌ ဂျမေကာပါလီမန်အတွက် ရွေးချယ်ခံရသည်။ ၁၉၈၃ ခုနှစ်ရွေးကောက်ပွဲအပေါ် PNPပါတီကသပိတ်မှောက်ခဲ့သည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့သော်လည်းနောက်တစ်ကြိမ်ရွေးကောက်ပွဲတွင် အဆိုပါမဲဆန္ဒနယ်မှပင် ထပ်မံရွေးချယ်ခံရသည်။

မစ္စက်ဆင်ပဆင်သည်၁၉၈၉ ခုနှစ်တွင် အလုပ်သမား၊ သက်သာချောင်ချိရေးနှင့် အားကစားဝန်ကြီးအဖြစ် စတင်တာဝန်ယူခဲ့သည်။ ၁၉၉၃ မှ ၁၉၉၅ ခုနှစ်အထိအလုပ်သမားနှင့် သက်သာချောင်ချိရေးဝန်ကြီး၊ ၁၉၉၅ မှ ၂၀၀၀ပြည့်နှစ်အထိ အလုပ်သမားလူမှုရေး အာမခံနှင့် အားကစားဝန်ကြီး၊ ၂၀၀၀ မှ ၂၀၀၂ ခုနှစ်အထိခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီး၊ ၂၀၀၂ ခုနှစ်မှစ၍ ဒေသဆိုင်ရာ အစိုးရနှင့် အားကစားဝန်ကြီး တာဝန်များကို ထမ်းဆောင်ခဲ့သည်။

မစ္စက်ဆင်ပဆင်သည်၁၉၇၈ မှ ၂၀၀၆ ခုနှစ်အထိ PNP ပါတီဒုတိယဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့ပြီး ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပသောပါတီရွေးကောက်ပွဲ၌ပါတီဥက္ကဋ္ဌအဖြစ်ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၀၈ ခုနှစ်ပါတီ ရွေးကောက်ပွဲတွင် ၂၀၀၆ ၌ ရှုံးနိမ့်ခဲ့သူ၊ မစ္စတာဖီးလစ်၏ စိန်ခေါ်မှုနှင့် ထပ်မံကြုံတွေ့ခဲ့သော်လည်းမစ္စက်ဆင်ပဆင်က ပင်ထပ်မံအောင်ပွဲခံခဲ့သည်။

၂၀၀၆ ခုနှစ်တွင် PNP ပါတီဥက္ကဋ္ဌဖြစ်လာပြီးနောက်မစ္စက်ဆင်ပဆင်သည် ယင်းနှစ်မတ်လမှာပင် ဝန်ကြီးချုပ်ပက်တာဆန်အား အစားထိုး၍ ဂျမေကာနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် ဒုတိယအကြိမ်ထပ်မံ ရွေးချယ်ခံရသည်။

တိုင်းမ်မဂ္ဂဇင်း၏ ကမ္ဘာပေါ်တွင် ဩဇာလွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ်(၁၀၀)စာရင်း၌ပါဝင်ခဲ့ပြီး အမျိုးသမီးကမ္ဘာ့ခေါင်းဆောင်များ ကောင်စီတွင်ပါဝင်သူ မစ္စက်ဆင်ပဆင်သည် စီးပွားရေးလုပ်ငန်းရှင် အာရယ်လ်မီလာနှင့် အိမ်ထောင်ပြုထားသည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - ကနေဒါကုန်သွယ်ရေးဝန်ကြီး ပထမဆုံးမြန်မာနိုင်ငံခရီးစဉ်အဖြစ် စက်တင်ဘာ ၂ ရက်တွင် လာမည် မှ

ဝန်ကြီးသည်မြန်မာနိုင်ငံသို့ မလာမီသောကြာနေ့တွင် ကမ္ဘောဒီးယား၌ကျင်းပမည့် ကနေဒါနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ ပထမဆုံးအကြိမ် အစည်းအဝေးသို့တက်ရောက်မည်ဖြစ်သည်။ ကမ္ဘောဒီးယားအပြင် ဗီယက်နမ်နှင့်ထိုင်းနိုင်ငံသို့လည်း သွားရောက်လည်ပတ်မည်ဖြစ်သည်။ ၎င်း၏ရုံးမှထုတ်ပြန်သော ကြေညာချက်၌ဝန်ကြီးဖတ်စ်က “ကျွန်တော်တို့ဟာ ကနေဒါသမိုင်းမှာ ရည်မှန်းချက်ကြီးတဲ့ကုန်သွယ်ရေးခြဲ့ထွင်မှုစီမံကိန်းတစ်ရပ်ရဲ့အစိတ်အပိုင်းအဖြစ် ကမ္ဘာ့အကြီးဆုံးနဲ့ အလျင်မြန်ဆုံးတိုးတက်နေတဲ့ (အာဆီယံ) စီးပွားရေးနိုင်ငံတွေနဲ့ ပိုမိုနက်ရှိုင်းတဲ့ ဆက်သွယ်မှုတွေ ဆက်လုပ်သွားမှာပါ” ဟု ပြောကြားသည်။

အာဆီယံနိုင်ငံများသည် ကနေဒါ၏ သတ္တမမြောက်အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး ယမန်နှစ်က အာဆီယံ-ကနေဒါ ကုန်သွယ်မှုပမာဏမှာကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံရှိခဲ့သည်။ ဝန်ကြီးဖတ်စ်သည် ၎င်း၏ အာဆီယံခရီးစဉ်ကို လာမည့်(တနင်္ဂနွေ)စက်တင်ဘာ ၂ ရက်တွင်စတင်မည်ဖြစ်ပြီး စက်တင်ဘာ ၃ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

*—Ref: CNA*

## နောက်ကျောဖုံး - ကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ဟက်ကာနီအဖွဲ့ခေါင်းဆောင် သေဆုံးသွားကြောင်း အာဖဂန်ပြောကြား မှ



သို့သော် ဟက်ကာနီကွန်ရက်နှင့် မဟာမိတ်ဖွဲ့ထားသည့် အာဖဂန်နစ္စတန်တာလီဘန်များကမူ ဟက်ကာနီသေဆုံးခြင်းကို ငြင်းဆိုထားပြီး ယင်းမှာ ပါကစ္စတန်စစ်ဘက်နှင့် နေတိုး-အာဖဂန်မဟာမိတ်အဖွဲ့၏ ဝါဒဖြန့်မှုဟု ပြောဆိုသည်။

မကြာသေးမီက အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အဆိုးဝါးဆုံးတိုက်ခိုက်မှုများအတွက် အမေရိကန်အရာရှိများက ဟက်ကာနီအဖွဲ့အားပြစ်တင်ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုများတွင် ဇွန် ၁၅ ရက်သံရုံးများတိုက်ခိုက်ခံရမှု၊ အာဖဂန်နစ္စတန် ပါလီမန်တိုက်ခိုက်ခံရမှုများ ပါဝင်သည်။

*—Ref: Reuters*

# အမျိုးသားရေးဝါဒီများ၏ ခြိမ်းခြောက်မှုကို တန်ပြန်ရမည်ဟု ပူတင်ပြောကြား

**ဆာရန့်၊ ဩဂုတ် - ၂၅**

ဒီမိုကရက်တစ်လွတ်လပ်မှုများကို အခွင့်ကောင်းယူ၍ လူမျိုးစုများပေါင်းစည်းထားသော နိုင်ငံတွင် အမျိုးသားရေးဝါဒီများက ဩဇာထူထောင်ရန် ကြိုးပမ်းသည့် လေးနက်သော ခြိမ်းခြောက်မှုကို ရုရှားနိုင်ငံက တန်ပြန်သွားရမည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။



**မြို့တော်မော်စကိုမှ ၆၅၀ ကီလိုမီတာအကွာ မော်ဒိုဗီယာဒေသမြို့တော် ဆာရန့်သို့အလည်အပတ်ရောက်ရှိစဉ် ရိုးရာဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးများနှင့်အတူ ဓာတ်ပုံအရိုက်ခံနေသော ရုရှားသမ္မတ ဗလာဒီမာပူတင်ကိုတွေ့ရစဉ်။ မော်ဒိုဗီယာနှင့် ရုရှားပေါင်းစည်းခြင်း နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ရန် မစ္စတာပူတင်သည် ယင်းဒေသသို့ ရောက်ရှိနေခြင်းဖြစ်သည်။** ဓာတ်ပုံ - AFP

မစ္စတာပူတင်က ဒေသဆိုင်ရာအာဏာပိုင်များကို ပြစ်တင်ပြောကြားခဲ့ပြီး မကြာသေးမီက ဖြစ်ပေါ်ခဲ့သော လူမျိုးရေးအကြမ်းဖက်မှုများမှာ ဥပဒေများအကောင်အထည်ဖော်မှု အသက်မဝင်ခြင်းနှင့် ဗျူရိုကရက်များ၏ တာဝန်ယူမှု မရှိခြင်းများကြောင့် ဖြစ်သည်ဟု ဆိုသည်။

“အခုအခါမှာ ဒီမိုကရေစီဖွံ့ဖြိုးမှုနဲ့ လွတ်လပ်မှုကိုအကာအကွယ်ယူပြီး လူမျိုးရေးဆိုင်ရာ အမျိုးသားရေးဝါဒီ အုပ်စုတွေ ခေါင်းထောင်လာပါတယ်။ သူတို့ဟာ လူထုချီတက်ပွဲတွေမှာ ပါဝင်ပြီး အင်တာနက်နဲ့ လူငယ်တွေ၊ ကျောင်းသားတွေကြားမှာလည်း လှုပ်ရှားနေကြပါတယ်”ဟုမစ္စတာပူတင်က ပြောကြားသည်။

၎င်းတို့ အားလုံးဟာ ရုရှားနိုင်ငံတွင်းမှ ခွဲထွက်ရေးယိမ်းယိုင်မှုများဆီသို့တွန်းအားပေးလှုံ့ဆော်နေခြင်းဖြစ်သည်ဟု လူမျိုးစုများ အပြန်အလှန်ဆက်ဆံရေးကောင်စီ ပထမဆုံးအစည်းအဝေးတွင် မစ္စတာပူတင်ကပြောကြားသည်။

“အန္တရာယ်ရှိတဲ့ ဒီလိုလွှမ်းမိုးမှုတွေကို ရင်ဆိုင်ဖို့ အရေးကြီးပါတယ်” ဟုရုရှားသမ္မတပူတင်က ဆိုသည်။

*—Ref: Reuters*

ဦးကျော်သီဟ B.A (Korean) MUFL ဦးစီးသော
Ever Stand
ကိုရီးယား လုပ်ငန်းခွင်ဝင်ခွင့် စာမေးပွဲ
(EPS-TOPIK)အတွက်သီးသန့်(7)ယောက်ဝိုင်းများ
09-43107402, 09 420 132133
သင်တန်း(၁) တိုက်(19)အခန်း(501)ဝါဝါဝင်းအိမ်ယာ ရန်ကင်းမြို့နယ်။
သင်တန်း(၂) အမှတ်(81)၊(3)လွှာ၊လှည်းတန်းလမ်းမကြီး (တာလီရွှေဆိုင်အနီး)၊ကမာရွတ်မြို့နယ်။
ဝန်ဆောင်မှုပေးသည်

TRADEMARK CAUTION
Walter Stauffenberg GmbH & Co. KG, a company incorporated in Germany at Im Ehrenfeld 4, 58791 Werdohl, Germany is the Owner and Sole Proprietor of the following Trademark:-
STAUFF®
Reg: 4/8247/2012
In respect of : Int'l class 6 : " Pipe clamps and fitting elements for pipes, made of metal."
Int'l class 20 : " Pipe clamps and fitting elements for pipes, not of metal."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 30.Aug.2012

7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012



# အကျပ်အတည်းကို ဖြေရှင်းဖို့ ရိုးရိုးရှင်းရှင်းနည်းတွေရှိနေမယ်လို့ မထင်ပါဘူး

## ဖင်လန်ဝန်ကြီးချုပ် ဂျီရာကီကတ်တိုင်နန်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ဥရောပဘဏ္ဍာရေး အကျပ်အတည်းပြဿနာမှာ ဖင်လန်နိုင်ငံဟာလည်း သီးခြားကင်းလွတ်နေခြင်းမရှိပါဘူး။ မကြာမီက ပြုလုပ်ခဲ့တဲ့ ဂျာမန်စပိုင်းဂဲလ်မီဒီယာနဲ့ အင်တာဗျူးမှာလည်း ဖင်လန်ဝန်ကြီးချုပ် ဂျီရာကီကတ်တိုင်နန်က ဥရောပတောင်ပိုင်းက အကျပ်အတည်းဒဏ်ခံနေရတဲ့ နိုင်ငံတွေကို နိုင်ငံပိုင် ခနဥစ္စာတွေနဲ့ ကျားကန်ပေးထားတဲ့ ငွေတိုက်စာချုပ်တွေ ထုတ်ပြန်ဖို့ တိုက်တွန်းခဲ့ပါတယ်။

ဒါပေမဲ့ ၎င်းက ယူရိုငွေကယ်ဆယ်ရေးရန်ပုံငွေအဖွဲ့ကို ဘဏ်လုပ်ငန်းလုပ်ပိုင်ခွင့် လိုင်စင်ပေးဖို့ အဆိုပြုချက်ကိုတော့ ငြင်းပယ်ထားပါတယ်။ သူက ယူရိုငွေကြေး သုံးစွဲတဲ့ ယူရိုဇုန်ဟာ မိသားစုတစ်စုနဲ့တူပြီး ဒီထဲမှာ တချို့ မိသားစုဝင်တွေက သူတို့လေးစားလိုက်နာပါမယ်လို့ ပြောထားတဲ့ စည်းမျဉ်းဥပဒေတွေကို ချိုးဖောက်နေတယ်လို့ ဆိုလိုက်ပါတယ်။

**ဝန်ကြီးချုပ် ခင်ဗျာ လူတော်တော်များများက ယူရိုဇုန်ကနေ နိုင်ငံတချို့ ထွက်ခွာတော့မယ်လို့ ထင်နေကြပါတယ်။ သူတို့ထင်တာ မှန်ပါသလား။**

ဒီခံစားမှုကို ကျွန်တော်နားလည်နိုင်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စဖြစ်မလာပါစေနဲ့လို့ ကျွန်တော် မျှော်လင့်နေဆဲပါ။ အဲဒါဟာ မသိနိုင်တဲ့ အရာတစ်ခုထဲ ခုန်ဆင်းလိုက်တာမျိုးဖြစ်သွားမယ်။ ဒီကိစ္စဖြစ်မလာဘူးဆိုရင် ကျွန်တော်တို့ အားလုံးအကျိုးရှိပါလိမ့်မယ်။

**ဒါပေမဲ့ စိုးရိမ်မှုတွေက တိုးပွားနေပါတယ်။ အီတလီဝန်ကြီးချုပ် မာရီယိုမွန်တီကလည်း ပြီးခဲ့တဲ့ အပတ်က စပိုင်းဂဲလ်နဲ့ အင်တာဗျူးမှာ အစိုးရတွေအပေါ် ပါလီမန်တွေရဲ့ ဒီမိုကရေစီနည်းကျကျ ထိန်းချုပ်ရေးမှုတွေ များလာနေတာကြောင့် ဥရောပဟာ အပိုင်းပိုင်းကွဲပြားဖို့ ဖြစ်နိုင်ခြေပိုများလာနေပြီလို့ ပြောခဲ့ပါတယ်။ ဝန်ကြီးချုပ်ရဲ့ အမြင်ကရော ဒီလိုမျိုးပဲလား။**

ဟင့်အင်း။ ဖင်လန်မှာ ကျွန်တော်တို့ဟာ ပါလီမန်ထဲ နည်းလမ်းပေါင်းစုံကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးနေပါတယ်။ ဒါဟာ ဒီမိုကရေစီရဲ့ အနှစ်သာရပါ။ အစိုးရရဲ့ အနေအထားနဲ့ ပါလီမန်ထဲက လူများစုရဲ့ အနေအထားကြားမှာ ဘာကွာခြားချက်မှ မရှိပါဘူး။ **အီတလီဝန်ကြီးချုပ်က ယူရိုငွေအကြောင်းလည်း သီးသန့်ပြောခဲ့ပါတယ်။ တကယ်လို့ ယူရိုငွေကယ်ဆယ်ရေးအတွက် အီးယူထိပ်သီးစည်းဝေးပွဲတက်ခဲ့တဲ့ အစိုးရတစ်ရပ်ဟာ သူ့ရဲ့ပါလီမန်က ချမှတ်တဲ့ လမ်းညွှန်ချက်တွေကို လုံးဝယန္တရားဆန်ဆန် ပုံသေနည်းနဲ့ ဖြေရှင်းမယ်ဆိုရင် ယူရိုငွေဟာ အန္တရာယ်ဖြစ်လိမ့်မယ်လို့ ပြောခဲ့ပါတယ်။**

ဖင်လန်အစိုးရဲ့ အနေအထားကတော့ ပါလီမန်မပါဘဲ ကွဲပြားခြားနားမှု ရှိမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့က ဥရောပယူရိုကယ်ဆယ်ရေးရန်ပုံငွေက ငွေတွေကို ဖြစ်နိုင်သလောက် အကျိုးရှိရှိ သုံးဖို့ပဲ ပိုကြိုက်ပါတယ်။ ပါလီမန်ထဲမှာလည်း ဒီအနေအထားနဲ့ပဲ ရပ်တည်ထားပြီး ပါလီမန်အမတ်တွေကလည်း ထောက်ခံထားကြပါတယ်။

**ဖင်လန်ပါလီမန်ထဲမှာ** True Finns **လို့ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ခေါ်ဝေါ်ထားတဲ့ အားကောင်းတဲ့ အတိုက်အခံပါတီ တစ်ရပ်ရှိနေပါတယ်။ ဒီအဖွဲ့က ဖင်လန်ကို ယူရိုဇုန်နဲ့ ဥရောပသမဂ္ဂထဲက ထွက်ဖို့ တိုက်တွန်းနေတယ်မဟုတ်လား။**

အဲဒီ True Finns အဖွဲ့ဟာ အစိုးရရဲ့အနေအထားကို ဘာသြဇာလွှမ်းမိုးမှုမှ မရှိပါဘူး။ ဒါပေမဲ့ ဒီပါတီဟာ ယူရိုဇုန်ထဲက ထွက်ခွာဖို့လည်း မတောင်းဆိုတော့ပါဘူး။ ဒါဟာ ဥရောပမှာ နောက်ဆုံးကယ်ဆယ်ရေးရန်ပုံငွေကိုအတည်ပြုပြီးချိန်မှာ ဖင်လန်ပါလီမန်ထဲ ကျွန်တော့်မေးခွန်းကို တုံ့ပြန်တဲ့အနေနဲ့ ပြောခဲ့တာပါ။ နောက်ဆုံးကောက်ယူထားတဲ့ လူထုသဘောထားစစ်တမ်းအရလည်း ဖင်လန်နိုင်ငံသား သုံးပုံနှစ်ပုံဟာ ယူရိုငွေကို ထောက်ခံထားပါတယ်။ ဒါပေမဲ့ ဥရောပကယ်ဆယ်ရေးရန်ပုံငွေ အစီအစဉ်တွေရဲ့ အရွယ်ပမာဏနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့ စိုးရိမ်မိပါတယ်။

**အီတလီနဲ့ စပိန်တို့ရော ဒီအကျပ်အတည်းကနေ ကိုယ့်ဘာသာ ရုန်းထွက်နိုင်စွမ်းရှိပါ့မလား။**

အနည်းဆုံးအားဖြင့်တော့ ပြီးခဲ့တဲ့ အီးယူထိပ်သီးဆွေးနွေးပွဲမှာကျွန်တော်တို့ဖန်တီးခဲ့တဲ့အဆိုပြုချက်က ကူညီနိုင်မှာပါ။ လက်ရှိမှာတော့ အခက်အခဲတွေ့နေတဲ့ နိုင်ငံတွေအတွက် ကုန်ဈေးနှုန်းတွေသိပ်ကျဆင်းနေချိန်မှာ နိုင်ငံတော်ပိုင်ဥစ္စာခနတွေကိုရောင်းချဖို့ဒီအစီအစဉ်နဲ့မတန်သေးပါဘူး။ အဲဒီ့အစားသူတို့ဟာ အဲဒီပိုင်ဆိုင်မှုတွေကိုင်စွဲထားပြီး ချေးငွေတွေ စိတ်ချအောင်လုပ်ဖို့ သုံးနိုင်ပါတယ်။ နောက်မှ ဈေးကွက်ထဲပြန်ရောင်းပေ့ါလေ။

**ဥရောပနိုင်ငံတွေဟာ ယူရိုငွေ ဘီလီယံရာနဲ့ချီပြီး စုစည်းထားပေမယ့်စပိန်ကိုငွေထုတ်ချေးမယ်ဆိုရင် ကယ်ဆယ်ရေးရန်ပုံငွေဟာ မြန်မြန်ကုန်သွားမယ်လို့ ပြောနေကြပါတယ်။**

အချိန်သိပ်မရှိတော့ပါဘူး။ မကြာခင်ပဲ ကျွန်တော်တို့ဟာ နောက်ထပ် ဘဏ္ဍာရေးအကာအကွယ်တစ်ခု ဘယ်လို လုပ်နိုင်မလဲဆိုတာကို ငြင်းခုံဆွေးနွေးရတော့မှာပါ။ ကျွန်တော်တို့နိုင်ငံသားတွေအတွက် ဒါကို ဆင်ခြင်နည်းကျမျှော်လင့်လို့ ရနိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ရှိထားတဲ့ ငွေတွေကိုပဲ ဖြစ်နိုင်သလောက် လိမ္မာပါးနပ်စွာနဲ့ အသုံးပြုရပါမယ်။

**ယူရိုငွေကြေးဟာ မူလအားဖြင့်ကတော့ ဥရောပတိုက်ရဲ့ ပြည်သူတွေကို စုစည်းဖို့ ရည်ရွယ်ခဲ့တာပါ။ အခုတော့ ဥရောပဟာ တည်ငြိမ်မှု ဦးစားပေးတဲ့ မြောက်ပိုင်းနဲ့ ငွေတွေကူညီဖို့ ထပ်ပြီးတောင်းဆိုနေတဲ့ တောင်ပိုင်းအဖြစ် နှစ်ခြမ်းကွဲတော့မယ်ပုံဖြစ်နေပါတယ်။**

ဥရောပဆိုတာ မိသားစုတစ်ခုနဲ့ တူပြီး ဒီထဲမှာ အဖွဲ့ဝင်၊ မိသားစုဝင်အားလုံးဟာ ဥပဒေစည်းမျဉ်းတွေကို လေးစားဖို့ကတိပေးထားပြီးသားပါ။ ဒီအကျပ်အတည်းက အဲဒီလို မဖြစ်နိုင်တော့ဘူးလို့ ထုတ်ပြခဲ့ပြီးပါပြီ။ ကျွန်တော်တို့ ဖင်လန်လူမျိုးတွေကတော့ ဒါဟာမမျှတဘူးလို့ထင်ပါတယ်။ ဖင်လန်လူမျိုးတော်တော်များများလည်း ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ထိခိုက်ခဲ့တာ အခုဆို အလုပ်လက်မဲ့ ဖြစ်ခဲ့ရတာတွေကို မမေ့ပါနဲ့။ ဒါ့ကြောင့် ဘရပ်ဆဲလ်မှာ ရှိတဲ့ ဥရောပကော်မရှင်အတွက် ပိုကျယ်ပြန့်တဲ့ စောင့်ကြည့်စစ်ဆေးပိုင်ခွင့်တွေ၊ ပိုတင်းကျပ်တဲ့ စည်းမျဉ်းတွေ လုပ်ဖို့ ကျွန်တော်တို့ တိုက်တွန်းနေတာပါ။ လုပ်ဆောင်မှုတွေကို မျှတတဲ့ အပြုအမူနဲ့ လုပ်နေတာလို့ လူတွေခံစားမိရပါမယ်။

**အကျပ်အတည်းကို တုံ့ပြန်တဲ့အနေနဲ့ ဘရပ်ဆဲလ်မှာလည်း စီမံကိန်းကြီးတွေ ပြုလုပ်ခဲ့ပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေဟာ ငွေတိုက်စာချုပ်ပမာဏအချို့ကိုလည်း စွန့်လွှတ်ဖို့ မျှော်လင့်ထားရပါတော့မယ်။ တချို့ကလည်းဥရောပအတွက် ဘဏ္ဍာရေးဝန်ကြီး တစ်ဦးတည်းထားရှိဖို့ တောင်းဆိုနေပါတယ်။ ဒါဟာ ကောင်းတဲ့အရာလို့ ဝန်ကြီးချုပ် မြင်ပါသလား။**

အဖွဲ့အစည်းအသစ်တွေ လုပ်မှာကို ကျွန်တော်ဆန့်ကျင်ပါတယ်။ ကျွန်တော်တို့ဟာ မကြာခဏပဲ ဥရောပရဲ့ ပြဿနာတွေကို အေဂျင်စီအသစ်တွေနဲ့ဖြေရှင်းဖို့ကြိုးစားခဲ့ဖူးတယ်။ ကျွန်တော်တို့ အားပေးပံ့ပိုးပေးသွားရမှာက ဥရောပကော်မရှင်ပါပဲ။ နိုင်ငံတွေက ဥပဒေတွေကို မလိုက်နာတဲ့အခါမှာ ကော်မရှင်က ဝင်ရောက်စွက်ဖက်ရပါမယ်။ စည်းမျဉ်း ဥပဒေတွေ အားလုံးကို လေးစားလိုက်နာကြရပါမယ်။ နိုင်ငံတိုင်းဟာ သူ့ကိုယ်ပိုင် စီးပွားရေးစနစ်အတွက် တာဝန်ယူမှုရှိရပါမယ်။

**ဥရောပတည်ငြိမ်ရေး ယန္တရား** ESM (European Stability Mechanism) **အဖွဲ့ကိုဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်လိုင်စင်ထုတ်ပေးဖို့ စိတ်ကူးကိုရော ဘယ်လိုမြင်ပါသလဲ။ ဒီလိုလုပ်ရင်ဥရောပကို ဘဏ္ဍာရေးကယ်ဆယ်ဖို့ အဖွဲ့အနေနဲ့ အကန့်အသတ်မဲ့ ကာကွယ်ရေးစွမ်းအားရသွားမှာဆိုတော့လေ။**

ကျွန်တော်တို့ အဲဒါကိုဆန့်ကျင်ပါတယ်။ ဘဏ်လုပ်ငန်းလိုင်စင်ဆိုတာက ဘာအကန့်အသတ်မှ မရှိတော့တဲ့သဘောမျိုးပဲ။ ဒီတော့ အကူအညီအထောက်အပံ့တွေဟာ ယုံကြည်လောက်စရာ အခြေအနေမျိုး မဟုတ်တော့တဲ့ အနေအထားကို ရောက်သွားပြီး ဝန်ထုပ်ဝန်ပိုးကို ပိုတိုးပွားစေပါလိမ့်မယ်။ အကျပ်အတည်းကို ဖြေရှင်းဖို့ ရိုးရိုးရှင်းရှင်းနည်းတွေ ရှိနေမယ်လို့ ကျွန်တော်မထင်ပါဘူး။

*—Ref: "There are no simple Tricks to resolve the Crisis:" interview with finnish prime minister Jyrki Katainen. Speigel*

မွန်မြတ်ဆေးခန်း မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ
ရန်ကုန်/မော်လမြိုင်
လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။
ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။
လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၀ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

နိလာ
အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီမအေးအေးမော်ဦးစီးသောနိလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာ၌လေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပါယ်လေးဝမလားရ လားရာလှနတ်ပြည်"
(၁၂)ရက်ခရီး - ဗုဒ္ဓဂယာ (ဖွား၊ပွင့်၊ဟော၊စံ)(အိန္ဒိယ - နီပေါ) →စရိတ်ငြိမ်း(၈)သိန်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊တဇ်မဟာ →စရိတ်ငြိမ်း (၉)သိန်း
ကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ
(၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ (စွယ်တော်) + ဘန်ကောက် (မြဘုရား)→(၁၂)သိန်း (စရိတ်ငြိမ်း) (၂၅.၉.၂၀၁၂)ထွက်ခွာမည်။
မိခင်ကြီးဒေါ်နီလာ၏ အသက်(၇၀)ပြည့် မွေးနေ့ကုသိုလ်ယူအထူးအစီအစဉ်
(၁၁.၈.၂၀၁၂)မှ (၃၀.၉.၂၀၁၂)အတွင်း နီလာရုံးချုပ်နှင့်ရုံးခွဲရှိသောမြို့များတွင် မိမိတို့သွားလိုသည့် နေ့၊လ၊ရက်များကို ရွေးချယ်ပြီး စရံငွေ (၁)သိန်းသွင်း၍စာရင်းပေးပါက တစ်ဦးလျှင် (၅)သောင်းကျပ်တိတိကို ထပ်မံလျှော့ပေးမည်ဖြစ်ပါသည်။
မည်သည့်ခရီးစဉ်မဆို(၁၀)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်းဘုရားဖူးမမ္မဓိတ်ဆွေ မိတ်ဟောင်း မိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။ မှတ်ချက်။ ။သက်မှတ်ရက်ကာလအတွင်းသာ အကျုံးဝင်ပါသည်။
အထူးအစီစဉ်အနေဖြင့် ဗုဒ္ဓဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်။အသင်းလိုက် အဖွဲ့လိုက်သီးသန့်သွားလိုသောသူများကိုလည်းအထူးအစီအစဉ်ဖြင့် ပို့ဆောင်ပေးပါသည်။ နိုင်ငံကူးလက်မှတ် သက်တမ်း(၆)လအထက် လက်ဝယ်ရှိသူများကို(၄၀၀၀၀ိ/-ကျပ်)ထပ်မံလျှော့ပေးမည်၊
အထူးအစီအစဉ်အနေဖြင့်(စနေ၊တနင်္ဂနွေ)နေ့များတွင်ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးခရိုင်အတွင်းရှိရဟန်းရှင်လူ၊မိဘပြည်သူများအား ဘုရားဖူးခရီးစဉ်များနှင့်ဝန်ဆောင်မှုအသေးစိပ်ကိုကုမ္ပဏီမှအိမ်တိုင်ရာရောက်ဝန်ဆောင်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်၊
ဝန်ဆောင်မှုနှင့်ပတ်သက်၍နေထိုင် စားသောက်ရေး စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ရန်အတွက် ကုမ္ပဏီမှ တာဝန်ယူပို့ဆောင်ပေးနေပါပြီ။
ထွက်ခွာမည့်ရက်များ-
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးရုံးခွဲ (၁) အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း။ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။
ရုံးခွဲ (၂) - မော်လမြိုင် ၊ ရုံးခွဲ(၃)-ပုသိမ် ၊ ရုံးခွဲ (၄)-တောင်ကြီး ၊ ရုံးခွဲ (၅)-လားရှိုး
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ-၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆

7 DAY NEWS JOURNAL

# Entertainment

Vol.11, No.25 • AUGUST 30 , 2012

## ကနေဒီယမ်ရော့ခ် အဆိုတော်မလေး အေဗရီလာဗင်း Nickelback အဆိုတော်ချတ်ဒ်ခရိုဂါနှင့်စေ့စပ်

**လော့စ်အိန်ဂျလိစ်၊ ဩဂုတ် - ၂၄**

ကနေဒီယန်အဆိုတော်နှစ်ဦးဖြစ်သည့်အေဗရီလာဗင်းနှင့် Nickelbackအဖွဲ့၏အဆိုရှင် ချတ်ဒ်ခရိုဂါတို့သည် ဩဂုတ် ၂၂ရက်တွင် စေ့စပ်လိုက်ကြကြောင်း သိရသည်။

People မဂ္ဂဇင်း၏ သတင်းဖော်ပြချက်အရ၎င်းတို့နှစ်ဦးသည် မိမိတို့နှစ်ဦး၏ ချစ်ဇာတ်လမ်းကို လျှို့ဝှက်ထားခဲ့ပြီး စေ့စပ်ကြောင်း သတင်းထုတ်ပြန်လိုက်ရာ ပရိသတ်များ အံ့ဩခဲ့ရကြောင်း သိရသည်။

မဂ္ဂဇင်းက ခရိုဂါ (၃၇ နှစ်) သည် လာဗင်း (၂၇ နှစ်) အတွက် ၁၄ ကာရတ်အရည်အသွေးရှိ စိန်လက်စွပ်တစ်ကွင်းပေးအပ်ကာ စေ့စပ်ရန် အဆိုပြုခဲ့ကြောင်း ဖော်ပြသည်။ ပလက်တီနမ်ဖြင့် ပြုလုပ်ထားသော ယင်းစေ့စပ်လက်စွပ်မှာတန်ဖိုးဒေါ်လာ၃၅၀,၀၀၀ ခန့်ရှိနိုင်ကြောင်း ကျောက်မျက်ကျွမ်းကျင်သူ မိုက်ကယ်အိုကွန်းနား၏အဆိုကိုကိုးကား၍ ယူအက်စ်အပတ်စဉ်စာစောင်က ဖော်ပြသည်။ ၎င်းတို့နှစ်ဦးသည် အေဗရီလာဗင်း၏ ပဥ္စမမြောက် စတူဒီယိုအယ်လ်ဘမ်အတွက် ပူးတွဲအလုပ်လုပ်ခဲ့ရာမှ ချစ်ကြိုက်ခဲ့ခြင်းဖြစ်သည်။





ရော့ခ်အဆိုတော်မလေး အေဗရီလာဗင်းသည် ၂၀၀၆ မှ ၂၀၁၀ အထိ ကနေဒီယန်ပန့်ခ်ရော့ခ်ဂီတအဖွဲ့ Sum 41 ၏ အဆိုတော်ဂစ်တာသမား ဒဲရစ်ဝစ်ဘလေနှင့် လက်ထပ်ခဲ့ဖူးသည်။ ခရိုဂါနှင့် လာဗင်းတို့သည် ၎င်းတို့ လက်ထပ်မည့်ရက်ကိုမူ မကြေညာသေးဟု သိရသည်။ Ref: Starpulse

---

## မင်္ဂလာပွဲအစီအစဉ်အသေးစိတ်ကို မပြောလိုသေးတဲ့ချောရတနာ

**အေးသူစံ**

**အနုပညာသက်တမ်း ဆယ်စုနှစ်နီးပါး ရှိနေပြီဖြစ်သည့် သရုပ်ဆောင် ချောရတနာမှာ ယခုနှစ်ကုန်ပိုင်းတွင် သူမ၏ချစ်သူနှင့် လက်ထပ်မင်္ဂလာပွဲဆင်နွှဲတော့မည်ဟုသတင်းများပေါ် ထွက်နေသည်။ တစ်ကိုယ်တည်းအပျိုကြီးဘဝဖြင့် အနုပညာအလုပ်များ လုပ်ကိုင်နေသော သူမ၏ အချစ်ရေးနှင့်ပတ်သက်သည့် သတင်းများမှာ စာမျက်နှာများထက်တွင် အတွေ့ရနည်းသော်လည်း ယခုလက်တွဲဖော် ချစ်သူနှင့် ချစ်သူသက်တမ်း ဆယ်နှစ်နီးပါးရှိနေပြီဖြစ်ကြောင်း၊ သူမ၏ လက်တွဲဖော်မှာ လူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ကြောင်းကိုလည်း သူမတို့ ချစ်သူနှစ်ဦးနှင့် 7Day News တို့ ဆုံတွေ့စဉ် သိရှိခဲ့ရပါသည်။ သို့သော် မင်္ဂလာပွဲအစီအစဉ်များကိုတော့ အသေးစိတ်မထုတ်ပြန်သေးလိုကြောင်း ပြောကြားလာသည့် ချောရတနာနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များမှအချို့ကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**ဒီဇင်ဘာ ၁ ရက် မင်္ဂလာဆောင်မယ်လို့ ကြားပါတယ်။ လက်ထပ်မယ့် သတင်းတွေအပေါ်မှာ ပြောပါဦး။**

အဲဒါ မဖြေချင်သေးဘူး။ (ရယ်လျက်) ဒီ့ပြင်အကြောင်းတွေပဲ ပြောချင်သေးတယ်။ အိမ်ထောင်ပြုမယ့်အစီအစဉ်ရှိလားလို့ မေးလာကြတော့ စာနယ်ဇင်းတွေနဲ့ကလည်း မိသားစုလို ဖြစ်နေတော့ ရှိတော့ရှိတယ်။ ဒါပေမဲ့ လိုပါသေးတယ်လို့ ဖြေလိုက်တာပါ။ သေသေချာချာ ရေရေရာရာကြီး ပြောမထားသေးပါဘူး။

အင်း အခုဟာက အရမ်းအလုပ်ရှုပ်နေတယ်။ ကားရိုက်တွေတော့ လက်မခံထားသေးဘူး။ ကြော်ငြာတွေလောက်ပဲ လက်ခံထားတယ်။ ကြော်ငြာတွေရိုက်ဖို့တော့ ရှိပါတယ်။

**အလုပ်ရှုပ်နေတယ်ဆိုတာ မင်္ဂလာပွဲအတွက်လား။**

(ရယ်လျက်) လူမှုရေးကိစ္စလေးတွေ နည်းနည်းရှုပ်နေလို့ပါ။

**ဒါဆိုအစ်မရဲ့လက်အရှိအချစ်ရေးကရော။**

သာသာယာယာပါပဲ။ အေးအေးဆေးဆေးပါပဲ။

**အစ်မရဲ့ လက်တွဲဖော်ကိုရော ပရိသတ်နဲ့ မိတ်ဆက်မပေးသေးဘူးလား။**

နောက်မှမိတ်ဆက်ပေးမယ်နော်။ ရည်းစားသက်တမ်းကတော့ တော်တော်ကြာပါပြီ။ ယူသင့်တဲ့ အရွယ်တွေလည်း တော်တော်ကို ကျော်လာပါပြီ။ ၂၀၀၂ လောက်ကတည်းကစတွေ့ခဲ့တာဆိုတော့ အရမ်းကြာပါပြီ။

**အိမ်ထောင်ပြုသင့်တဲ့ အရွယ်ကို တော်တော်ကျော်လာပြီလို့ ပြောတော့ အစ်မရဲ့ အချစ်နဲ့ အိမ်ထောင်ရေးအပေါ် ထားတဲ့ သဘောထားကို ပြောပြပါဦး။**

ပျော်ပျော်ရွှင်ရွှင်နဲ့ မိသားစုဘဝလေးကို ဖန်တီးချင်ပါတယ်။ အဲဒါက အစ်မရဲ့စိတ်ရင်းအမှန်ပါ။ အိမ်ထောင်တစ်ခုကို ထူထောင်ပြီဆိုရင် ကိုယ့်မှာသားသမီးတွေရလာပြီဆိုရင် သူတို့ကို စိတ်ချမ်းသာမှု အပြည့်အဝပေးချင်တယ်။ အကုန်လုံးကို ပျော်ရွှင်စေချင်တယ်။ မိသားစု သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်ပျော်ရွှင်ရွှင်နေတာကို သဘောကျတယ်။ တစ်ယောက်နဲ့တစ်ယောက် မာနတွေမထားဘဲ ညှိနှိုင်းပြီး တည်ဆောက်သွားချင်တယ်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**လက်တွဲဖော်က အစ်မရဲ့ အနုပညာလုပ်ငန်းတွေကို ဘယ်လိုသဘောထားလဲ။**

သူက အစ်မအလုပ်ကိုအားပေးလားဆိုတော့လည်း အားမပေးဘူး။ တိုက်လည်း မတိုက်တွန်းဘူး။

စာ(၄၉)သို့

## ဗီလိန်ဇာတ်ရုပ်အတွက်မငံ့မရဲဖြစ်နေတဲ့ စိုးနန္ဒာကျော်

**ကြူကြူဟန်**

**ရန်ကုန်၊ဩဂုတ်- ၂၄**

MRTV-4 မှထုတ်လွှင့်လျက်ရှိသော ‘အချစ်၏သင်္ကေတ’ ဇာတ်လမ်းတွဲတွင် အဓိကပါဝင်သရုပ်ဆောင်ထားသည့်စိုးနန္ဒာကျော်က ဇာတ်လမ်းတွဲတွင် မြတ်နိုးခင်မှ ဗီလိန်ဇာတ်ရုပ် မာယာချိုအဖြစ် စိတ် ချင်းပြောင်းကာ သရုပ်ဆောင်ရသည့်အတွက် ဇာတ်ရုပ်နှင့် အံဝင် ခွင်ကျ မဖြစ်မှာကို စိုးရိမ်မိခဲ့ကြောင်း ပြောသည်။

“ဇာတ်လမ်းလေးက ပထမထက်စာရင် နည်းနည်းဆန်းတယ်ပေါ့။ ညီမနဲ့ မာယာချိုနဲ့ စိတ်ချင်း ချိတ်ဆက်ထားတော့ နည်းနည်းဆန်းသလိုဖြစ်နေတယ်။ အဲဒီလို ကာရိုက်တာပြောင်းပြီး သရုပ်ဆောင်ရတာ အခက်အခဲရှိတယ်။ မာယာချိုက ပထမဇာတ်လမ်းတွဲမှာ အရမ်းတော်ထားတယ်လေ။ မမီမှာလည်း ကြောက်တယ်။ ကြိုးစားပြီး လုပ်ရတယ်။ မာယာချိုကာ ရိုက်တာကို အဓိကထားပြီး ကြည့်ဖြစ်လာတယ်။ ပြောပုံ၊ လမ်းလျှောက်ပုံ၊ သူ့ရဲ့နေပုံထိုင်ပုံကို သတိထားပြီး ကြည့်မိလာတဲ့အခါကျတော့ ဒုတိယဇာတ်လမ်းတွဲမှာ လုပ်လိုက်တဲ့ အရာရာတိုင်းမှာ ငါ မာယာချိုဆိုပြီး စိတ်သွင်းရတာ တစ်ခုပဲခက်ခဲတယ်။ ဒီဇာတ်ရုပ်ဝင်ဖို့ အရမ်းကြိုးစားရတယ်”ဟု စိုးနန္ဒာကျော်ကပြောသည်။

စိုးနန္ဒာကျော်သည် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားခြင်း မဟုတ်ဘဲ အရန်အဖြစ်သာ သရုပ်ဆောင်ထားသော ဗီဒီယိုဇာတ်ကားများထွက်ရှိနေပြီး ထိုဇာတ်ကားများအနက် နို့တိုက်မိခင်၊ ဂီတအမိန့်တော် စသည့်ဇာတ်ကားများ ထွက်ရှိထားကာ ထိုဇာတ်ကားများမှာ ဇာတ်လမ်းတွဲမရိုက်ကူးခင်က ရိုက်ထားသောဇာတ်ကားများဖြစ်ကြောင်း သိရသည်။

“တချို့ကလည်း ပြောတယ်။ ဒီနေရာကို ရောက်ပြီးမှ ဘာလို့ အဲဒီဟာကို ရိုက်တာလဲတဲ့။ အမှန် တော့ မဟုတ်ပါဘူး။ သမီးဟိုးအရင်က အနုပညာလမ်းကြောင်းပေါ် စလျှောက်တုန်းက ရိုက်ခဲ့တဲ့ကားလေးတွေပါ။ သမီး အခုတော့ ဒီ ‘အချစ်သင်္ကေတ’ ဇာတ်လမ်းတွဲကလွဲရင် တခြားဘာမှ မရိုက်ဖြစ် သေးပါဘူး”ဟု စိုးနန္ဒာကျော်က ပြောသည်။

ယခုအချိန်တွင် စိုးနန္ဒာကျော်အား ကြော်ငြာရိုက်ကူးရန် ကမ်းလှမ်းမှုများရှိပြီး ဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးမှသာ ကြော်ငြာများ ရိုက်ကူးမည်ဖြစ်ကြောင်း သူမက ပြောသည်။



7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# မီးဖွားဖို့ ပြန်လာရင်း အင်္ဂလိပ်စာအခမဲ့သင်ပေးမယ့် နိုင်းနိုင်းရဲ့ ဇနီး



မိသားစုနှင့်ပျော်ပျော်ရွှင်ရွှင်တွေ့ရသည့် နိုင်းနိုင်း ဓာတ်ပုံ-Sandy cho's FB

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၂၃**

အမေရိကန် ပြည်ထောင်စုမှ ဩဂုတ်လဆန်းပိုင်းက ပြန်လည်ရောက်ရှိနေသော ရုပ်ရှင်သရုပ်ဆောင်နိုင်းနိုင်း၏ဇနီး စန္ဒီချိုက ယခုတစ်ခေါက်မြန်မာပြည်အပြန်ခရီးစဉ်တွင် ရန်ကုန်မြို့ပြင်ဒေသများရှိ လူငယ်လူရွယ်များအား အင်္ဂလိပ်စာအခမဲ့သင်ကြားပေးရန်စီစဉ်လျက်ရှိကြောင်းပြောကြားသည်။

သူမ၏ တတိယမြောက်ရင်သွေးကို မွေးဖွားရန် ပြန်လာခြင်းဖြစ်သော်လည်း တစ်ဖက်တွင် အင်္ဂလိပ်ဘာသာစကားသင်ကြားရန် အခွင့်အလမ်း နည်းပါးနေသူများအတွက် ယခုအစီအစဉ်ကို ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သူမကပြောသည်။

"ကျွန်မ မြန်မာနိုင်ငံကို ရောက်စဉ်ခဏမှာ ကျွန်မရဲ့ အားလပ်ချိန်တွေကို အင်္ဂလိပ်ဘာသာစကားသင်ကြားဖို့ အခွင့်အရေးသိပ်မရှိဖြစ်နေတဲ့သူတွေကို စာသင်ပေးရင်း ကုန်ဆုံးမယ်လို့စဉ်းစားမိတယ်။ ဒါကြောင့် ဒီမှာ ပရဟိတအဖြစ် စာလိုက်သင်ပေးနေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ အကူအညီနဲ့ အင်းစိန်၊ ဒါမှမဟုတ် သန်လျင်ဘက်မှာ တစ်ပတ်တစ်ရက်လောက်ဖြစ်ဖြစ် သင်ဖို့စီစဉ်နေပါတယ်"ဟု စန္ဒီချိုက ပြောသည်။

စန္ဒီချိုသည် အမေရိကန်နိုင်ငံ၊ Stony Brook တက္ကသိုလ်မှ နိုင်ငံတကာ ဆက်ဆံရေးဘာသာဖြင့် ဘွဲ့ရရှိထားသူဖြစ်သည်။

"သူအမေရိကားမှာ ယူထားတဲ့ဘွဲ့ကလည်းနောက်ပိုင်းတောက်လျှောက် ယူအင်န်တို့ အင်န်ဂျီအိုတို့နဲ့ ချိတ်ပြီး ဆက်လုပ်ဖို့ အစီအစဉ်ရှိတော့ သူ့လုပ်ရပ်လေးကို ကျွန်တော်က အားပေးပါတယ်"ဟု နိုင်းနိုင်းက ပြောသည်။

နိုင်းနိုင်းနှင့် စန္ဒီချိုတို့သည် ၂၀၀၇ နှစ်ကုန်ပိုင်းက လက်ထပ်ခဲ့ပြီး ယခုအခါ သမီးတစ်ယောက်နှင့် သားတစ်ယောက် မွေးဖွားခဲ့ပြီးဖြစ်သည်။ ယခုတတိယမြောက်လွယ်ထားရသည့် ရင်သွေးမှာ လေးလခန့်ရှိပြီဖြစ်ကြောင်းနှင့် ပန်းလှိုင်အထူးကုဆေးရုံတွင် မွေးဖွားရန် စီစဉ်ထားကြောင်း နိုင်းနိုင်းက ပြောသည်။










# စာ-၄၇၊ ချောရတနာနှင့် တွေ့ဆုံခြင်း မှ

ဒီအလုပ်ကို စိတ်ပါရင်လုပ်။ စိတ်မပါရင်မလုပ်နဲ့ဆိုတဲ့သဘောပေါ့။ သိပ်ပြီး ဒါကိုအဓိကထားတဲ့သဘောတော့ မဟုတ်ဘူး။ ဒါပေမဲ့ အစ်မကို ဗီလိန်ဇာတ်ရုပ်တွေရိုက်တာတော့ သူသိပ်မကြိုက်ဘူး။ အစ်မတို့ကျတော့ သရုပ်ဆောင်အလုပ်လုပ်နေတာဆိုတော့ ဘယ်ဇာတ်ကောင်စရိုက်မဆိုရိုက်ပြချင်တယ်။ ပရိသတ်ကလည်း အဲဒီလိုဇာတ်ကောင်မျိုးကိုကြိုက်သွားတယ်ဆိုတော့လည်း ကိုယ်က ဘယ်တတ်နိုင်မလဲနော်။

**နှစ်ရှည်လများ တစ်ကိုယ်တည်း အပျိုကြီးဘဝကို စွန့်လွှတ်တော့မယ်ဆိုတော့ နှမြောတဲ့စိတ်ဖြစ်မိလား။**

မနှမြောပါဘူး။ (ရယ်လျက်) ဒီလိုပါပဲပေါ့နော်။

**အိမ်ထောင်ကျပြီး နောက်ပိုင်းကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးတည်ထောင်ပြီး ရိုက်ကူးဖို့ရှိလား။**

ထုတ်လုပ်ရေးတော့ မလုပ်ဘူး။ ဒီသရုပ်ဆောင်အလုပ်တောင် စိတ်ဖိစီးမှုက အနည်းနဲ့ အများရှိတာ။ ပရိုဂျူဆာက ပိုပြီးဖိစီးမှုများတယ်။ ဒါကြောင့် ပရိုဂျူဆာလုပ်ဖို့တော့ မရှိဘူး။ အရင်က ပရိုဂျူဆာလုပ်ဖူးတယ်။ စိတ်ခတ်တော်တော်ကျလို့ မလုပ်တော့ဘူး။ တခြားစီးပွားရေးကတော့ လောလောဆယ် မစဉ်းစားရသေးဘူး။ အနုပညာနဲ့ ဆက်နွှယ်တဲ့အလုပ်လေးတွေပဲ လုပ်ဖြစ်မှာပါ။

**အစ်မရဲ့ညီမ သန္တာဗိုကလည်း အနုပညာအလုပ်တွေလုပ်နေပြီဆိုတော့ သူ့ကိုဘယ်လိုအကြံဉာဏ်လေးတွေပေးဖြစ်လဲ။**

သူက အဆိုဘက်ကို ပိုပြီးလုပ်ဖြစ်တယ်။ ခုလည်းတစ်ကိုယ်တော်ခွေအတွက် သီချင်းတွေစသွင်းနေပြီ။ ကိုယ်ကသီချင်းနဲ့ပတ်သက်ပြီး သိပ်နားမလည်ဘူး။ ဒါပေမဲ့ကိုယ်နားလည်သလောက်ကြိုးစားပြီး သီချင်းတွေရွေးပေးရတာပေါ့။ တတ်နိုင်သလောက် ပံ့ပိုးပေးပါတယ်။

**အနုပညာအလုပ်တွေနဲ့ပတ်သက်ပြီးရော စိတ်ကူးထားတာမျိုး၊ ဖန်တီးပြီး လုပ်ချင်တာမျိုးရှိလား။**

မရှိပါဘူး။ အရင်တိုင်းပါပဲ။ ကိုယ့်ဆီလာတဲ့အလုပ်တွေအပေါ်မှာပဲ အကောင်းဆုံးကြိုးစားပြီး သရုပ်ဆောင်ပါတယ်။ စိတ်ကူးထားတယ်ဆိုတာကလည်း ကိုယ့်စိတ်ကူးကိုအကောင်အထည်ဖော်ဖို့က ပိုက်ဆံရှိဦးမှလေ။ ပရိုဂျူဆာလုပ်နိုင်မှကိုယ့်စိတ်ကူးဆိုတာအကောင်အထည်ဖော်နိုင်မှာ။ အရင်က မရှိမဲ့ ရှိမဲ့လေးတွေစုပြီး လုပ်ဖူးသေးတယ်။ အဲဒီကတည်းက စိတ်ညစ်ပြီး မလုပ်ချင်တော့တာ။

**အခု ရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ် လက်ထက်မှာ အစ်မတို့ရုပ်ရှင်လောကသားတွေအနေနဲ့ ဘာတွေပြောင်းလဲတိုးတက်သွားတယ်လို့ ထင်ပါသလဲ။**

အခုဟာက အပြောင်းအလဲလုပ်ခါစလေးပဲ ရှိသေးတာလေ။ ဒါပေမဲ့ အကုန်လုံးကတော့ စည်းစည်းလုံးလုံး တက်တက်ကြွကြွ နဲ့ လူမှုရေးပိုင်းတွေကအစ လုပ်ကြတယ်။ မြင်ရသမျှကတော့ အလားအလာကောင်းမှာပါ။

**အခု အကယ်ဒမီကို နှစ်နှစ်ပေါင်းပေးမယ်ပြောနေတဲ့အပေါ် အစ်မရဲ့ သဘောက ဘယ်လိုရှိပါသလဲ။**

နှစ်နှစ်ပေါင်းပေးမယ်ဆိုတာက တစ်နှစ်စာစီကို တစ်နှစ်သက်သက်ပေးမှာလား အဲဒီလိုမျိုးဆိုရင်တော့ ကောင်းပါတယ်။ နှစ်နှစ်စာလုံးအတွက်ကို မင်းသမီးတစ်ဆု၊ မင်းသားတစ်ဆုပေးမယ်ဆိုရင်တော့ မကောင်းဘူးပေါ့။ တစ်နှစ်စာရဲ့ဆုကို အကုန်ပေးသလို နောက်တစ်နှစ်စာရဲ့ ဆုကိုလည်း အကုန်ပေးမယ်ဆိုရင် ပိုကောင်းမှာပေါ့။

**ပြိုင်ဆိုင်မှု ပြင်းထန်လာတဲ့ အကယ်ဒမီလို့ပြောရင်ရတော့မယ့် အခြေအနေဆိုတော့ ဒီအပေါ်မှာ မင်းသမီးတစ်ယောက်အနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ကောင်းပါတယ်။ ပရိုဂရမ်တွေ ရိုက်တာတို့ ဘာတို့တော့ အစ်မသေချာမသိဘူး။ ဒါပေမဲ့ ရုပ်ရှင်ကင်မရာနဲ့ ရိုက်တဲ့အရုပ်၊ ထွက်တဲ့အသံတို့က ဘာနဲ့မှ မတူဘူး။ အစ်မတို့ သရုပ်ဆောင်ရတာ ဆယ်တန်းစာမေးပွဲဖြေနေရသလိုပါပဲ။

**အစ်မက အကယ်ဒမီပွဲနှစ်တိုင်းတက်နေကျဆိုတော့ နောက်နှစ်အကယ်ဒမီကိုရော စုံတွဲတက်ဖို့ရှိပါသလား။**

မသေချာသေးပါဘူး။

**ခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။**

## ၈၈ မျိုးဆက်ကျောင်းသားများ ရန်ပုံငွေပွဲတွင် အနဂ္ဂနှင့် သံသာဝင်း မဆိုဖြစ်တော့

အေးသူစံ

ရန်ကုန်၊ ဩဂုတ် - ၂၅

စက်တင်ဘာ ၁ ရက်တွင် ကျင်းပမည့် ၈၈ မျိုးဆက်ကျောင်းသားများ ရန်ပုံငွေဖျော်ဖြေပွဲ၌ ပါဝင်သီဆိုမည့် အဆိုတော်အနဂ္ဂနှင့်သံသာဝင်းတို့မှာ ပြည်ပခရီးစဉ်တစ်ခုသွားရောက်ရမည့်ရက်နှင့် တိုက်ဆိုင်နေခြင်းကြောင့် ပါဝင်သီဆိုနိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

"နိုင်ငံခြားခရီးစဉ်က အရင်က စက်တင်ဘာ ၂ ရက်နေ့လို့ စီစဉ်ထားတာပါ။ အခုကျတော့ ဩဂုတ် ၃၁ရက် သွားရဖို့ဖြစ်လာတော့ ပွဲမှာ သီဆိုပေးဖို့ အဆင်မပြေဖြစ်သွားတဲ့အခါ ကိုမင်းကိုနိုင်တို့ကိုလည်း အားနာမိတယ်။ မဆိုဖြစ်တဲ့အကြောင်း ပရိသတ်ကိုလည်း တောင်းပန်ပါတယ်"ဟု အနဂ္ဂကပြောသည်။

"ဒီပွဲ စစီစဉ်ကတည်းက တောက်လျှောက်တိုင်ပင်ကူညီပြီး လုပ်လာခဲ့ပြီးမှ အခုလို မဆိုဖြစ်တာကို စိတ်မကောင်းဘူး။ ကိုယ်တွေက နိုင်ငံရေး၊ လူမှုရေးပွဲတွေ ရှေ့ဆုံးက ပါနေကျ။ ဒီတစ်ခေါက်ကျတော့ အန်တီ(ဒေါ်အောင်ဆန်းစုကြည်)ကိုယ်တိုင်လွှတ်တဲ့ ခရီးစဉ်မို့ဒီဘက်ပွဲကိုဆိုပေးဖို့မဖြစ်တော့တဲ့သဘောပါ"ဟုသံသာဝင်းကပြောသည်။

အနဂ္ဂနှင့် သံသာဝင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်၏စေလွှတ်မှုဖြင့်ဩဂုတ်လ၃၁ရက်တွင်ပိုလန်နိုင်ငံသို့ထွက်ခွာရမည်ဖြစ်ပြီး ယင်းနိုင်ငံတွင် SENSE (Strategic Economic Needs and Security Exercise Program) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

ယင်းဆွေးနွေးပွဲသို့ အနုပညာရှင်များထဲမှ အနဂ္ဂနှင့် သံသာဝင်းတို့သာပါဝင်ပြီး နိုင်ငံရေးပါတီဝင်များ၊ အခြားပါတီများအပါအဝင် မြန်မာနိုင်ငံမှ စုစုပေါင်း ၅၀ ကျော် သွားရောက်ရမည်ဖြစ်ကြောင်း အနဂ္ဂကပြောသည်။ ခြောက်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲအပြီး ဘန်ကောက်သို့လည်း ဈေးဝယ်ထွက်မည်ဖြစ်သောကြောင့်စက်တင်ဘာလလယ်ခန့်မှသာပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်းသိရသည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Expendables 2 | Lionsgate | ၂၈,၅၉၁,၄၀၀ | ၁ |
| ၂။ | The Bourne Legacy | Universal Pictures | ၆၉,၆၁၈,၅၀၀ | ၂ |
| ၃။ | ParaNorman | Focus Features | ၁၄,၀၈၇,၀၀၀ | ၁ |
| ၄။ | The Campaign | Warner Bros. Pic: | ၅၁,၄၃၅,၈၀၀ | ၂ |
| ၅။ | Sparkle | Sony Pictures | ၁၁,၆၄၃,၃၀၀ | ၁ |
| ၆။ | The Dark Knight Rises | Warner Bros. Pic: | ၄၀၉,၇၈၇,၀၀၀ | ၅ |
| ၇။ | The Odd Life of Timothy Green | Walt Disney Pic: | ၁၅,၁၀၀,၉၀၀ | ၁ |
| ၈။ | Hope Springs | Sony Pictures | ၃၅,၀၆၃,၃၀၀ | ၂ |
| ၉။ | Diary of a Wimpy Kid: Dog Days | 20th Century Fox | ၃၈,၇၄၇,၁၀၀ | ၃ |
| ၁၀။ | Total Recall | Sony Pictures | ၅၁,၇၅၅,၃၀၀ | ၃ |

## Movie Review

### Lawless




အမေရိကန်နိုင်ငံတွင် အရက်ချက်ခြင်း၊ ဖြန့်ဖြူးခြင်းကို တရားမဝင်လုပ်ငန်းအဖြစ် ပိတ်ပင်ထားစဉ်က အမှန်တကယ်ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းကို အခြေခံထားသည်။ စာရေးဆရာ Matt Bondurants ၏မိသားစုဇာတ်လမ်းဖြစ်သော "The Wettest County In the World" ကိုရုပ်ရှင်အဖြစ် ရိုက်ကူးရာတွင် ညီအစ်ကိုသုံးယောက်၏ တစ်ဦးအပေါ် တစ်ဦးသစ္စာခံမှုမှာ အမေရိကန်၏ နာမည်ဆိုးနှင့် အကျော်ကြားဆုံးဂိုဏ်းအဖွဲ့၏ စမ်းသပ်မှုကို ခံရသည်။ မှုခင်းနှင့်ဒရာမာပေါင်းစပ်ထားသောဇာတ်ကားအား ဒါရိုက်တာ John Hillcoat ကရိုက်ကူးထားပြီး Shia Labeouf, Tom Hardy, Jessica Chastain နှင့် Jason Clarke တို့ဦးဆောင်ပါဝင်ထားသည်။ The Weinstein Company ကဩဂုတ်လ ၂၉ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။




"ဘဝအခြေမြင့်စေဖို့ သက်မွေးပညာသင်ကြစို့"

နိုင်ငံတကာ စီးပွားရေး လုပ်ငန်းကြီးများနှင့် တွဲဖက်လုပ်ကိုင်လိုသူများအတွက်
"ဖရန်ချိုက်စီးပွားရေးလုပ်ငန်းသင်တန်း"
၁.၉.၂၀၁၂ မှ ၉.၉.၂၀၁၂ ထိ နံနက် (၉:၀၀) မှ (၁၂:၀၀)နာရီထိ (အပတ်စဉ်)

အိမ်ခြံမြေလုပ်ငန်းရှင်နှင့် ပွဲစားလုပ်လိုသူများအတွက်
"အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးမှုသင်တန်း"
၁.၉.၂၀၁၂ မှ ၃၀.၉.၂၀၁၂ ထိ နေ့လည် (၂:၀၀) မှ (၄:၀၀)နာရီထိ (အပတ်စဉ်)

မူကြိုကျောင်းထောင်လိုသူများနှင့် ဆရာမလုပ်လိုသူများအတွက်
"မူကြိုဆရာဖြစ်သင်တန်း"
၃.၉.၂၀၁၂ မှ ၁၄.၉.၂၀၁၂ ထိ နံနက် (၇:၀၀) မှ (၉:၀၀)နာရီထိ

နိုင်ငံတကာကျောင်းများတွင် ဆရာ/မ လုပ်လိုသူများအတွက်
"နိုင်ငံတကာအဆင့်ဆရာဖြစ်သင်တန်း"
၁.၉.၂၀၁၂ မှ ၂.၁၂.၂၀၁၂ ထိ ညနေ (၃:၀၀) မှ (၅:၀၀)နာရီထိ (အပတ်စဉ်)

TIP TOP: Capacity Development Institute of Myanmar
အမှတ်(၃၄၇)၊ ဒုတိယထပ်၊၃၉×မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်။ ၀၉-၇၃၀ ၅၀ ၃၇၀
အမှတ်(၁၇၅)၊ ၂၆ဘီလမ်း၊ ၈၀-၈၁လမ်းကြား၊ မန္တလေး။ ၀၉-၉၁၀၀ ၁၈၁၈

Sports
7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# ၂၀၁၃ ဆီးဂိမ်းတွင် ရွှေတစ်ဆုရလျှင် အနည်းဆုံးကျပ်သိန်းတစ်ရာ ချီးမြှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**နေပြည်တော်၊ ဩဂုတ်-၂၄**

လာမည့် ၂၀၁၃ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် ရွှေတံဆိပ်တစ်ခုရရှိသည့် မြန်မာအားကစားသမားတစ်ဦးကို အနည်းဆုံး ငွေကျပ်သိန်းတစ်ရာ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“အိမ်ရှင်လုပ်မည့် ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်တစ်ခုရရင် နိုင်ငံတော်က ကျပ်သိန်းတစ်ရာ ချီးမြှင့်မှာဖြစ်ပါတယ်။ ဒါ့အပြင် တခြားအလှူရှင်တွေကလည်း ချီးမြှင့်ဖို့ရှိတဲ့အတွက် မြန်မာအားကစားသမားတစ်ဦး အနေနဲ့ ရွှေတံဆိပ်တစ်ခုရရင် အနည်းဆုံး ကျပ်သိန်းတစ်ရာ ချီးမြှင့်ခြင်းခံရဖို့ ရှိပါတယ်။ အသင်းလိုက် အားကစားနည်းတွေအတွက်ကလည်း ဒီပမာဏထက်ပိုရဖို့ပဲ ရှိပါတယ်” ဟု အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဆီးဂိမ်းအတွက် ကြိုတင်လေ့ကျင့်နေသည့် ကစားသမားများကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် တွေ့ရစဉ်

မြန်မာနိုင်ငံသည် ၁၉၆၁ နှင့် ၁၉၆၉ ခုနှစ်တို့တွင် ကျွန်းဆွယ်အားကစားပြိုင်ပွဲ (ယခုအရှေ့တောင်အာရှအားကစားပြိုင်ပွဲ)တို့ကို အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့တွင် လက်ခံကျင်းပခဲ့သည်။ နှစ်ပေါင်း ၄၄ နှစ်အကြာတွင် အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၃ ခုနှစ်၌(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုလက်ခံကျင်းပခွင့်ရရှိခြင်းဖြစ်သည်။

အဆိုပါဆီးဂိမ်းပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်ကမ်းခြေတို့တွင် လက်ခံကျင်းပသွားမည်ဖြစ်ပြီး အားကစားနည်း ၃၀ ဝန်းကျင်ခန့်ထည့်သွင်းကျင်းပရန် စီစဉ်လျက်ရှိသည်။ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့်လည်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် အားကစားသမားများကို စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီခန့်တွင် ဆီးဂိမ်းအကြိုပြိုင်ပွဲကြီးတစ်ရပ်ကိုနေပြည်တော်၌ကျင်းပကာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် အားကစားသမားများကို နောက်ဆုံးအဆင့်ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




# ရတနာပုံသရေကျခဲ့ခြင်းကြောင့် ချန်ပီယံကာကွယ်ရန် အခြေအနေကောင်းသွားသည့် ရန်ကုန်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ်-၂၆**

မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၂၃ အထိ အမှတ်ပေးဇယားထိပ်မှ ဦးဆောင်ထားသော ရတနာပုံအသင်းသည် ယခုတစ်ပတ်ပွဲစဉ်တွင် ဇေယျာဝတီယူနိုက်တက်အသင်းနှင့် သရေကျခဲ့သောကြောင့် ပထမနေရာကို ရန်ကုန်ယူနိုက်တက်အသင်းထံ လွှဲပေးခဲ့ရသည်။

ရတနာပုံအသင်းသည် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် ဇေယျာဝတီယူနိုက်တက်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သောကြောင့် ချန်ပီယံမျှော်လင့်ချက်အတွက် ဖိအားပိုတိုးလာခဲ့ပြီဖြစ်သည်။ ပွဲစဉ် ၂၃ အထိ ရတနာပုံအသင်းနောက်မှ တစ်မှတ်အကွာဖြင့် ကပ်လိုက်နေခဲ့သော ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ် ၂၄ တွင် မနောမြေအသင်းအား ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအသင်းထက် တစ်မှတ်အသာရကာ အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ချန်ပီယံမျှော်လင့်ချက်ရှိနေသေးသော ကမ္ဘောဇအသင်းသည်လည်း ပွဲစဉ် ၂၄ တွင် မကွေးအသင်းကို ၁-၀ ဂိုးဖြင့် အနိုင်ယူကာ ရတနာပုံအသင်းနှင့် ရမှတ်တူဖြစ်သွားခဲ့ပြီး ဂိုးကွာခြားချက်အရ တတိယနေရာတွင်ရပ်တည်လျက်ရှိသည်။ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၂၅ တွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ဇွဲကပင်အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်ကာ ရတနာပုံအသင်းသည် ကမ္ဘောဇအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# ကျောင်းများမှ အားကစားသမားများ ထွက်ပေါ်လာရန် လုပ်ဆောင်နေပြီဟုဆို

**ဗိုလ်ဗိုလ်ဝင်း**

**နေပြည်တော်၊ ဩဂုတ်-၂၄**

အားကစားသမားများအနေဖြင့် ဉာဏ်ရည်ဉာဏ်သွေး(အိုင်ကျူ)ပါ မြင့်မားရန်လိုအပ်သည့်အတွက် အခြေခံ ပညာအဆင့်နှင့်တက္ကသိုလ်ကျောင်းများ၌ အားကစားစိတ်ဝင်စားမှုရှိစေရန်နှင့် အလားအလာရှိသော အားကစားသမားများ ထွက်ပေါ်လာစေရန် လုပ်ဆောင်နေပြီဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

“အားကစားအောင်မြင်တဲ့ တစ်ချိန်တုန်းက တက္ကသိုလ်ကျောင်းသားတွေဟာ တော်တော်များများပါဝင်ပြီးတော့ နိုင်ငံတော်အတွက် ရွှေတံဆိပ်တွေ ရယူပေးခဲ့ကြတာပါ။ လက်ရှိအားကစားလောကအနေအထားအရလည်း အားကစားထူးချွန်ဖို့ တင်မကဘဲ အိုင်ကျူမြင့်မားဖို့ပါ လိုအပ်တဲ့အတွက် ကျောင်းတွေကနေ အားကစားကို စိတ်ဝင်စားပြီး ပေါ်ထွက်လာဖို့ကို တစ်စိုက်မတ်မတ်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်” ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

လတ်တလော ဘတ်ဂျက်အနေအထားအရ တက္ကသိုလ် ၂၀ နှင့် အခြေခံပညာကျောင်း ၃၀ တွင် အားကစနည်းပြများ တွဲဖက်ပေးပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးကာ ကျောင်းသားများ စိတ်ဝင်စားမှုရှိလာအောင် လုပ်ဆောင်နေပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

“လတ်တလော အကြိုစီမံချက်အနေနဲ့ ရန်ကုန်က ဒဂုံတက္ကသိုလ်နဲ့ မန္တလေးရတနာပုံတက္ကသိုလ်တွေမှာ အားကစားပစ္စည်းတွေ လက်ရှိကွင်းတွေ ပြင်ဆင်ဖို့နဲ့ အားကစားရုံအသစ်တွေ တည်ဆောက်ဖို့အတွက်ပါ တစ်ကျောင်းကို ကျပ်သိန်းသုံးထောင်အကုန်ကျခံလုပ်ဖို့ အစပျိုးနေပါပြီ။ ရှေ့ဘတ်ဂျက်နှစ်အစမှာလည်း အထက်အောက်မြန်မာပြည်တက္ကသိုလ် တစ်ခုစီနဲ့ အထက်ကျောင်းနှစ်ကျောင်းစီကိုပါ ဒုတိယအဆင့်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ လက်ရှိမှာတော့ အထက်၊ အောက်မြန်မာပြည်က ကျောင်းတွေမှာ အားကစားနည်း၁၈ နည်းစီ လေ့ကျင့်ပေးလျက်ရှိပါတယ်” ဟု တာဝန်ရှိသူက ပြောသည်။

အားကစားဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ၂၀၁၃ တွင် အိမ်ရှင်လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲအတွက် တက္ကသိုလ်ကောလိပ်ကျောင်းများမှ အားကစားသမားများ ထွက်ပေါ်လာစေရန်လည်း စီမံထားရှိခြင်းဖြစ်ကာ ရေရှည်စီမံချက်များအဖြစ် ဆက်လက်ဖြစ်လာပါက အနာဂတ်မြန်မာ့အားကစားတိုးတက်မှုအတွက် ကောင်းမွန်သည့် အခြေအနေဖြစ်ကြောင်း အားကစားလေ့လာသူများက သုံးသပ်သည်။




Cheers to Happiness, Myanmar.
Coca-Cola

7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

## ဘာစီလိုနာ ဆက်လက်အနိုင်ယူဦးမယ့် လာလီဂါပွဲစဉ် (၃)

**ကိုထိုက်**

ယခုနှစ်လာလီဂါရာသီအဖွင့်မှာတော့ ဘာစီလိုနာက ထုံးစံအတိုင်း သွင်းဂိုးတွေ အများအပြားနဲ့ပွဲထွက်ခဲ့ပါတယ်။ လာလီဂါရဲ့ ပြိုင်ဆိုင်မှုအနေအထားနဲ့ ထိပ်သီးအသင်းကြီးတွေစိုးမိုးမှုကတော့ ဒီရာသီမှာလည်း ဆက်ရှိနေမှာပါပဲ။ လာလီဂါပွဲစဉ် (၃) ကိုတော့ စနေ၊ တနင်္ဂနွေ၊ တနင်္လာနဲ့ အင်္ဂါနေ့များ ဆက်တိုက်ကြည့်ရှုကြရမှာပါ။ ယခုတစ်ပတ်အတွက် ရီးရဲမက်ဒရစ်-ဂရန်းနာဒါ၊ ဘာစီလိုနာ-ဗလင်စီယာ ပွဲနှစ်ပွဲကို ရွေးချယ်လိုပြီး ကျန်ပွဲများကို အကျဉ်းချုပ်တင်ပြလိုပါတယ်။

**စက်တင်ဘာ ၁၊ စနေ။**

**ဆဲလ်တာဗီဂို - အိုဆာဆူနာ**
(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ် - မရှိ
ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁၊ ၂-၀

**ရီးရဲဇာရာဂိုဇာ - မာလာဂါ**
(ည ၁၀း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၀-၀
ဖြစ်နိုင်ဖွယ်ရလဒ် ၀-၁၊ ၁-၂

**ရီးရဲဘတ်တစ် - အသလက်တီကိုမက်ဒရစ်**
(နံနက် ၂း၀၀ နာရီ)
ယမန်နှစ်ရလဒ် - ၂-၂
ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁၊ ၁-၂

**စက်တင်ဘာ ၂၊ တနင်္ဂနွေ။**

**ဒီပို့တီဗို - ဂီတာဖေး**
(နံနက် ၀၀း၃၀ နာရီ)
ယမန်နှစ်ရလဒ် - မရှိ
ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁၊ ၁-၁

**မာယော်ကာ - ရီးရဲဆိုစီဒက်**
(နံနက် ၂း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၂-၁
ဖြစ်နိုင်ဖွယ်ရလဒ် ၃-၂၊ ၂-၁

**ရာယိုဗယ်လီကာနို - ဆီဗီလာ**
(ညနေ ၄း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၂-၁
ဖြစ်နိုင်ဖွယ်ရလဒ် ၀-၁၊ ၁-၃

**အသလက်တစ် - ဗယ်လာဒိုလစ်**
(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ် - မရှိ
ဖြစ်နိုင်ဖွယ်ရလဒ် ၂-၂၊ ၁-၃

**လီဗန်တေး - အက်စပန်ညို**
(ည ၁၀း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၃-၁
ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁၊ ၁-၀

**စက်တင်ဘာ ၃၊ တနင်္လာ။**

**ရီးရဲမက်ဒရစ် - ဂရင်းနာဒါ**
(နံနက် ၀၀း၂၀ နာရီ)
ယမန်နှစ်ရလဒ် - ၅-၁

ရီးရဲတို့အိမ်ကွင်းအကောင်းဆုံးခြေစွမ်းမပြနိုင်တောင် နှစ်ဂိုးလောက်ရနိုင်တဲ့ပွဲပါ။ ဟီဂူအင်၊ အိုဇေး၊ ဘင်ဇီမား၊ ရော်နယ်ဒို၊ ဒီမာရီယာတို့က တိုက်စစ်ပုံစံနဲ့ပဲ ဖိကစားပြီး ဂိုးပြတ်နိုင်တဲ့ပွဲဖြစ်မယ်။

**ဘာစီလိုနာ - ဗလင်စီယာ**
(နံနက် ၂း၀၀ နာရီ)
ယမန်နှစ်ရလဒ် - ၅-၁

ဘာကာအတွက်နှစ်စဉ်တွေ့နေကျ ပြိုင်ဘက်ကောင်းနဲ့ ပြန်တွေ့တာပါပဲ။ နှစ်သင်းစလုံး အကြိတ်အနယ်ကစားနိုင်ပြီး ဂိုးများနိုင်ခြေရှိတဲ့ပွဲပါ။ ဘာကာတို့ အိမ်ကွင်းမှတ်တမ်းကောင်းရှိထားပြီး ဗလင်စီယာကို နှစ်ဂိုး ဒါမှမဟုတ် ဒီထက်ပိုသွင်းနိုင်တယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ဘာစီလိုနာနိုင်ပါမယ်။

## လီဗာပူး-အာဆင်နယ် တနင်္ဂနွေပွဲကြီးပွဲကောင်းနဲ့ ပရီးမီးယားလိဂ် ပွဲစဉ် (၃)

**ကိုအေးမြတ်**

ဒီအပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၃)မှာတော့မန်စီးတီး၊ ချယ်လ်ဆီးတို့ရဲ့ အိမ်ကွင်းပွဲစဉ်တွေကိုဆက်လက်ကြည့်ရှုရမှာဖြစ်သလို တနင်္ဂနွေပွဲကြီးအဖြစ် လီဗာပူး-အာဆင်နယ်ပွဲအပြင် ဆောက်သမ်တန်ကိုအဝေးကွင်းမှာ ကစားမယ့် မန်ယူရဲ့ ပွဲတွေကိုလည်း ကြည့်ရှုသွားကြရမှာပါ

**စက်တင်ဘာ ၁၊ စနေ။**

**ဝက်စ်ဟမ်း - ဖူလ်ဟမ်**
(ညနေ ၆း၁၅ နာရီ)
ယမန်နှစ်ရလဒ် - မရှိ

ဒီနှစ်တန်းပြန်တက်လာတဲ့ ဝက်စ်ဟမ်းတို့အိမ်ကွင်းနိုင်ပွဲ ရနိုင်ခြေနည်းနေတယ်။ ဖူလ်ဟမ်ခြေစွမ်းအကောင်းဆုံးမဟုတ်ပေမယ့် အဝေးကွင်းမှာလည်းအောင်ပွဲရနိုင်တာပါ။ ဖူလ်ဟမ်ကို ဂိုးအနည်းနဲ့ အားပေးသင့်တယ်။

**ဆွမ်းဆီး - ဆန်းဒါးလန်း**
(ညနေ ၆း၁၅ နာရီ)
ယမန်နှစ်ရလဒ် - မရှိ

ဆွမ်းဆီးဟာ ယမန်နှစ်က ဆန်းဒါးလန်းကို နှစ်ကျော့စလုံးမှာ တစ်ပွဲရှုံး၊ တစ်ပွဲသရေပဲရခဲ့တယ်။ ဒါပေမဲ့ ဒီနှစ်ရာသီအဖွင့်အိမ်ကွင်းပွဲမှာ ဆွမ်းဆီးအနည်းငယ်သာနိုင်ပြီး ကပ်နိုင်ခြေများပါတယ်။

**စပါး - နော့ဝစ်ချ်**
(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၁-၂

မနှစ်ကအရှုံးကို ပြန်ချေပြီး စပါးတို့ အိမ်ကွင်းနိုင်ပွဲရယူမယ့်ပွဲပါ။ နော့ဝစ်ချ်ခံစစ်ပိုင်း တောင့်တင်းသလိုရှိပေမယ့် စပါးတို့နှစ်ဂိုးလောက်ရကိန်းရှိနေပါတယ်။

**ဝက်စ်ဘရွန်း - အဲဗာတန်**
(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၀-၁

နှစ်သင်းစလုံးခြေမကွာဘဲ အမှားစောင့်ကစားရမှာပါ။ ညှော်သည်အဲဗာတန်တို့ အဝေးကွင်းကံကောင်းနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်ခြေရှိတယ်။

**ဝီဂန် - စတုတ်စီးတီး**
(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၂-၀

ဝီဂန်တို့ပြီးခဲ့တဲ့ ရာသီကထက်ပိုကောင်းမလာသေးပါဘူး။ ညှော်သည်စတုတ်တို့ အခွင့်အရေးပိုရနိုင်ပြီး ဂိုးကွာခြားချက် နှစ်ဂိုးအသာလောက်ရနိုင်ပါတယ်။

**မန်စီးတီး - ကျူပီအာ**
(ည ၁၁း၀၀ နာရီ)
ယမန်နှစ်ရလဒ် - ၃-၂

မန်စီးတီးအနေနဲ့ အိမ်ကွင်းမှာခံစစ်ပိုင်းအဓိက ပြင်ဖို့ပဲလိုပါတယ်။ တိုက်စစ်အားကောင်းပြီးသားအိမ်ရှင်တို့ပဲ ဦးဆောင်မယ့်ပွဲပါ။ မန်စီးတီး နှစ်ဂိုးပြတ်လောက်ရနိုင်တယ်။

**စက်တင်ဘာ ၂၊ တနင်္ဂနွေ။**

**လီဗာပူး - အာဆင်နယ်**
(ည ၇း၀၀ နာရီ)
ယမန်နှစ်ရလဒ် - ၂-၁

ယခင်ထိပ်တိုက်တွေ့ဆုံမှုရလဒ်တွေအရရော၊ ခြေစွမ်းအရပါ အကြိတ်အနယ်ရှိတဲ့ နှစ်သင်းဖြစ်ပါတယ်။ ဒါပေမဲ့ အာဆင်နယ်တို့ အသင်းလိုက် ကစားပုံပိုင်းမှာ ပိုကောင်းဖို့လိုနေပြီး လီဗာပူးက ပိုအားသာနေတယ်။ လီဗာပူးကိုပဲ ဂိုးအနည်းနဲ့ အားပေးသင့်တယ်။ မထင်မှတ်ဘဲ သရေလည်းဖြစ်နိုင်ပါတယ်။

**နယူးကာဆယ် - ဗီလာ**
(ည ၉း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၂-၁

နယူးကာဆယ်တို့ အိမ်ကွင်းနိုင်ပွဲယူသွားမယ့်ပွဲပါ။ ဗီလာအမြင့်ဆုံးသရေပဲမျှော်မှန်းနိုင်မယ်။ နယူးကာဆယ် နှစ်ဂိုးလောက်ရနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်သွားဖို့များတယ်။

**ဆောက်သမ်တန် - မန်ယူ**
(ည ၉း၃၀ နာရီ)
ယမန်နှစ်ရလဒ် - မရှိ

အိမ်ရှင်ဆောက်သမ်တန်တို့ နိုင်ဖို့မလွယ်ဘူး။ မန်ယူတို့အဖွင့်ပွဲစဉ်ကပ်ရှုံးခဲ့ရတဲ့ ဖိအားကို ဒီပွဲမှာ ချေဖျက်လိမ့်မယ်။ မန်ယူဘက်ကနှစ်ဂိုးအသာလောက်ရမယ်ပွဲပါ။ ဂိုးများနိုင်တယ်။



7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# နော်ဝေအကြမ်းဖက် တိုက်ခိုက်သူအား အမြင့်ဆုံးထောင်ဒဏ် ၂၁ နှစ် ချမှတ်

**အော်စလို၊ ဩဂုတ် - ၂၅**

နော်ဝေနိုင်ငံတွင် လူပေါင်း ၇၇ ဦးအားသတ်ဖြတ်၍ အကြမ်းဖက် တိုက်ခိုက်မှုကျူးလွန်ခဲ့သော အန်ဒါးစ်ဘရီဗစ်သည် ရူးသွပ်နေသူ မဟုတ်ကြောင်း နော်ဝေတရားရုံးက ကြေညာခဲ့ပြီး အမြင့်ဆုံးထောင်ဒဏ် ၂၁ နှစ်ချမှတ်လိုက်ကြောင်း သိရသည်။

လူသတ်မှုများ ကျူးလွန်ခဲ့သည်ဟု ဝန်ခံထားသူ ဘရီဗစ်အားအမြင့်ဆုံးထောင်ဒဏ်ချမှတ်ရန် အစိုးရရှေ့နေများက နော်ဝေခရိုင် တရားရုံးမှ တရားသူကြီးများအား တိုက်တွန်းခဲ့သည်။ ယင်းပြစ်ဒဏ်မှာ ပြစ်မှုကျူးလွန်သူသည် လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ရှိသည်ဟု ယူဆပါက ဆက်လက်သက်တမ်းတိုးနိုင်သည်။

၂၀၁၁ ဇူလိုင်လ ၂၂ရက်က ဘရီဗစ်သည် အော်စလိုမြို့ရှိ အစိုးရအဆောက်အအုံများအား ဗုံးဖောက်ခွဲခဲ့ခြင်းကြောင့် လူရှစ်ဦး သေဆုံးခဲ့သည်။ ယင်းနောက် လက်ရှိအာဏာရလေဘာပါတီ၏ လူငယ်များစခန်းချ နေရာယူတေးယာ ကျွန်းပေါ်သို့ သွားရောက်၍ လူငယ်များအား သေနတ်ဖြင့် စိမ်ပြေနပြေလိုက်လံပစ်ခတ်ခဲ့ရာ ၆၉ ဦးသေဆုံးခဲ့ရသည်။

လူသတ်မှုများ ကျူးလွန်ခဲ့ကြောင်းဘရီဗစ်က ဝန်ခံထားသော်လည်း ၎င်းသည် ရူးနှမ်းနေသူမဟုတ်ကြောင်း ဩဂုတ်လ ၂၄ ရက်တွင် တရားသူကြီးများက ဆုံးဖြတ်ချက်ချခဲ့သည်။

၇ နာရီခွဲကြာမြင့်ခဲ့သောမာရသွန်ကြားနာမှုတွင် တရားသူကြီးများက ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ဖတ်ကြားခဲ့ပြီးနောက် အဆိုပါပြစ်ဒဏ်အား အယူခံဝင်သွားမည် မဟုတ်ဟု ဘရီဗစ်က ပြောကြားပြီး တရားရုံး၏ ဥပဒေအရ အကျုံးဝင်မှုကို အသိအမှတ်မပြုဟုထပ်မံပြောကြားခဲ့သည်။

—*Ref: Ria Novosti/AFP*



နော်ဝေသမိုင်းတွင် စောင့်ကြည့်ခံရမှုအများဆုံး အမှုများထဲမှ တစ်မှုဖြစ်ခဲ့သော လူသတ်သမားအန်ဒါဘာရင်းစ် ဘရီဗစ်၏ အမှုစီရင်ချက်ချခဲ့သည့် ဩဂုတ် ၂၄ ရက်က အော်စလိုရှိ ဗဟိုတရားရုံးတွင် ၎င်း၏ရှေ့နေနှစ်ဦးနှင့်အတူ စီရင်ချက်နားထောင်ကာ ညာလက်သီးဆုပ်၍ ဝှေ့ယမ်းအလေးပြုနေပုံ။ ဘရီဗစ်သည် ပြီးခဲ့သည့်နှစ်က လူ ၇၇ ဦးသေဆုံးခဲ့သည့် ဗုံးခွဲမှုတစ်ခုနှင့် သေနတ်ဖြင့်ပစ်ခတ် အကြမ်းဖက်မှုများအတွက် အပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီးနောက် တရားရုံးက ထောင်ဒဏ် ၂၁ နှစ် ချမှတ်ခြင်း ခံခဲ့ရသည်။ ဓာတ်ပုံ - AFP

## နယူးယောက်မြို့တွင် အလုပ်ပြုတ်သွားသော အလုပ်သမားတစ်ဦး ပစ်ခတ်မှုကြောင့် လူနှစ်ဦးသေ၊ ကိုးဦးဒဏ်ရာရ

**နယူးယောက်၊ ဩဂုတ် - ၂၅**

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိEmpire State အဆောက်အအုံအနီးတွင် လွန်ခဲ့သော တစ်နှစ်ကအလုပ်ပြုတ်သွားသော အလုပ်သမားတစ်ဦးက မကျေမနပ်ဖြစ်ကာသေနတ်ဖြင့် ပစ်ခတ်သဖြင့် လုပ်ဖော်ကိုင်ဖက်ဟောင်းတစ်ဦး သေဆုံးခဲ့ပြီး အခြားလူကိုးဦးဒဏ်ရာရရှိသွားကြောင်းသိရသည်။

လူအသွားအလာများချိန် ဖြစ်ပေါ်ခဲ့သော ပစ်ခတ်မှုတွင် ရဲတပ်ဖွဲ့က သေနတ်သမားအား ပစ်သတ်ခဲ့သည်။ အမေရိကန်၏ အထင်ကရ မိုးမျှော်အဆောက်အအုံအနီးတွင် ဖြစ်ပေါ်ခဲ့သော ပစ်ခတ်မှု၌ ဒဏ်ရာရရှိသူ ကိုးဦးစလုံး အသက်အန္တရာယ် မစိုးရိမ်ရကြောင်း ရဲမင်းကြီး ရေးတယ်လီက ပြောကြားသည်။

ယင်းမှာ အကြမ်းဖက်မှုမဟုတ်ကြောင်း ဖယ်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို (FBI) ကပြောကြားသည်။ ယင်းသို့သော ဖြစ်ရပ်မှာနယူးယောက် အာဏာပိုင်များ အမြဲပူပန်နေသည့် အကြောင်းအရာမျိုးဖြစ်သည်။

သေနတ်သမားမှာ မကျေမချမ်းဖြစ်နေသော အလုပ်သမားဟောင်းတစ်ဦးဖြစ်သူ ဂျက်ဖရီဂျွန်ဆင်ဖြစ်ကြောင်း ရဲမင်းကြီးကယ်လီက ပြောကြားသည်။ ၎င်းသည် အမျိုးသမီး အသုံးအဆောင်များရောင်းချသည့်ဆိုင်တွင် ဒီဇိုင်နာတစ်ဦးအဖြစ် ခြောက်နှစ်ကြာလုပ်ကိုင်ခဲ့ကြောင်း ဩဂုတ်လ ၂၄ ရက် နံနက် ၉ နာရီခန့်တွင် အဆိုပါဆိုင်သို့ သွားရောက်၍ အရောင်းဌာနဒုတိယအကြီးအကဲ စတီဗင်အာကိုလီနိုနှင့်စကားများရာမှ အသင့်ပါလာသော ပစ္စတိုဖြင့် ၎င်းအား အနီးကပ်ပစ်သတ်၍ သေနတ်အား အိတ်ထဲပြန်ထည့်ပြီး ထွက်ပြေးရန် ကြိုးစားစဉ်ရဲတပ်ဖွဲ့နှင့် ရင်ဆိုင်တိုးကာ ပစ်ခတ်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲမင်းကြီးကယ်လီက ပြောကြားသည်။ —*Ref: AFP*

## ကဒါဖီ၏ သားကို စက်တင်ဘာလတွင် ရုံးတင်စစ်ဆေးမည်

**ထရီပိုလီ၊ ဩဂုတ် - ၂၄**

သည်ဟေ့ဂ်မြို့ရှိနိုင်ငံတကာ ရာဇဝတ်မှုခုံရုံးတွင် ရုံးတင်စစ်ဆေးရန် တိုက်တွန်းပြောကြားမှုများရှိသော်လည်းလစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ၏ ဒုတိယသားဖြစ်သူ ဆာအစ်အယ်လ် အစ္စလာမ်ကို လစ်ဗျားနိုင်ငံ ဇင်တန်မြို့တွင် ရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း အယ်လ်အာရေးဗီးယားသတင်းဌာနက ပြောကြားသည်။

ဖေဖော်ဝါရီ ၁၅ ရက် လစ်ဗျားတော်လှန်ရေးစတင်ချိန်ကစ၍ ဆာအစ်အစ္စလာမ်ကျူးလွန်ခဲ့သည့် အမှုများကို လစ်ဗျားအစိုးရရှေ့နေများ ရုံးချုပ်မှ ကော်မတီတစ်ရပ်က စုံစမ်းစစ်ဆေးခဲ့ပြီး ယခုအခါ ၎င်း၏အမှုတွဲကို ပြင်ဆင်နေပြီဖြစ်ကြောင်းအစိုးရရှေ့နေစွဲချက်တင်သူများအဖွဲ့ ပြောခွင့်ရ ပုဂ္ဂိုလ်တာဟာနာဆာအားကိုးကား၍ သတင်းတွင်ဖော်ပြသည်။

ဆာအစ် (၄၀ နှစ်)အားလစ်ဗျားနိုင်ငံအနောက်ပိုင်း တောထောင်ထူထပ်ရာ ဇင်တန်မြို့တွင် လက်နက်ကိုင်အုပ်စုတစ်စုက ဖမ်းမိခဲ့ပြီး ထိုအချိန်မှစ၍ ၎င်းအား အဆိုပါမြို့မှာပင် ထိန်းသိမ်းထားခဲ့သည်။

ကမ္ဘာ့တစ်ဝန်း စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့် ပုဂ္ဂိုလ်များအား ရုံးတင်စစ်ဆေးရေးတာဝန်ပေးအပ်ထားခြင်းခံရသော ICC က ဆာအစ်အစ္စလာမ်၏ အမှုအားလစ်ဗျားနိုင်ငံ၌ပင် စစ်ဆေးလျှင် တရားမျှတမှု ရရှိမည်လားဆိုသည်ကို စိုးရိမ်နေသည်။ လစ်ဗျားနိုင်ငံ ကြားဖြတ်အုပ်ချုပ်သူများမှာလည်း လူမျိုးစုများနှင့်လက်နက်ကိုင်အဖွဲ့အများအပြားကြား အာဏာလုပွဲများ ဖြစ်ပေါ်နေခြင်းကို ထိန်းချုပ်ရေး ခက်ခဲနေသည်။ —*Ref: Rianovosti*



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

## နောက်ကျောဖုံး - လပေါ်သို့ ပထမဦးဆုံးခြေချခဲ့သည့် ကန်အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်း ကွယ်လွန် မှ

မစ္စတာအမ်းစထရောင်းသည် ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်တွင် လပေါ်သို့ ခြေချခဲ့ပြီး ယင်းမှာ လူတစ်ယောက်အတွက် သေးငယ်သော ခြေလှမ်းလေးတစ်လှမ်းသာ ဖြစ်သော်လည်း လူသားတစ်ရပ်လုံးအတွက်မူ ကြီးကျယ်သော ခုန်ပျံကျော်လွှားမှုတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း မစ္စတာအမ်းစထရောင်းသည် သူ့ခေတ်အချိန်အခါတွင် သာမက အမေရိကန်သမိုင်းတစ်လျှောက် အကြီးကျယ်အခမ်းနားဆုံးအမေရိကန်သူရဲကောင်းတစ်ဦးဟု ဂုဏ်ပြုပြောကြားသည်။

ယမန်နှစ် နိုဝင်ဘာလက မစ္စတာအမ်းစထရောင်းအား အမေရိကန်အစိုးရက ကွန်ဂရက်၏ ရွှေတံဆိပ်ကို ချီးမြှင့်ခဲ့သည်။ အဆိုပါ ရွှေတံဆိပ်မှာ အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးအရပ်ဘက်ဆိုင်ရာဆုတံဆိပ် ဖြစ်သည်။ မစ္စတာအမ်းစထရောင်းသည် လပေါ်သို့ သွားရောက်ရန် အပိုလို (၁၁)အာကာသယာဉ် မောင်းနှင်ခဲ့ပြီး အခြားအာကာသယာဉ်မှူး အက်ဒဝင် အယ်လ်ဒရီယန်နှင့်အတူ လပေါ်တွင် သုံးနာရီကြာလမ်းလျှောက်၍ နမူနာပစ္စည်းများ ကောက်ယူကာ စမ်းသပ်မှုများပြုလုပ်ခဲ့ပြီး ဓာတ်ပုံများ ရိုက်ယူနိုင်ခဲ့သည်။ —Ref: BBC



ဓာတ်ပုံ - AFP

**၁၉၆၉ခုနှစ် ဇူလိုင်လတွင် ရိုက်ကူးထားသော အမေရိကန်အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်း၏ ဓာတ်ပုံ။ မစ္စတာအမ်းစထရောင်းသည် ၁၉၆၉ခုနှစ်ဇူလိုင် ၂၀ရက်တွင်လပေါ်သို့ဆင်းသက်ခဲ့သည့် Apollo11 အာကာသယာဉ်ကို ပဲ့ကိုင်မောင်းနှင်ခဲ့သူဖြစ်ပြီး လပေါ်သို့ ပထမဦးဆုံး ခြေချခဲ့သည့် လူသားဖြစ်သည်။**



**ရေနံချက်စက်ရုံပေါက်ကွဲပြီး နောက်တစ်ရက်တွင် အာမွေးရေနံချက်စက်ရုံသို့သွားရောက်၍ ရေနံချက်လုပ်သားများနှင့် စကားပြောနေသော ဗင်နီဇွဲလားသမ္မတဟူဂိုချားဗက်စ်ကိုတွေ့ရစဉ်။ နောက်ဆုံးသတင်းများအရလူပေါင်း၄၁ဦးသေဆုံးခဲ့သောမီးလောင်ပြင်ကိုမစ္စတာချာဗက်စ်စစ်ဆေးကြည့်ရှုနေစဉ်မှာပင် ရေနံချက်စက်ရုံမီးမှာ အရှိန်ကောင်းကောင်းဖြင့် ဆက်လက်လောင်ကျွမ်းနေဆဲဖြစ်သည်။** ဓာတ်ပုံ - AFP

## နောက်ကျောဖုံး - ဗင်နီဇွဲလား အကြီးဆုံး ရေနံချက်စက်ရုံ ပေါက်ကွဲ လူ ၃၉ ဦးသေဆုံး မှ

ဗင်နီဇွဲလားစွမ်းအင်ဝန်ကြီး ရာဖယ်ရာမီရက်စ်ကမူ ရေနံချက်စက်ရုံ၏ ရေနံထုတ်လုပ်ရေး လုပ်ငန်းများ မထိခိုက်ကြောင်းနှင့် ရေနံတင်ပို့မှုကို ရပ်တန့်သွားရန်အစီအစဉ်မရှိကြောင်းပြောကြားခဲ့သဖြင့် ရေနံဈေးနှုန်းမြင့်တက်လာနိုင်သည်ဟူသော စိုးရိမ်မှုများကို သက်သာ စေခဲ့သည်။

နံနက်စောစော ဖြစ်ပေါ်ခဲ့သည့် ပေါက်ကွဲမှုမြင်ကွင်းဓာတ်ပုံများတွင် ပျက်စီးနေသော ကားများနှင့် ခြံစည်းရိုးများ လဲကျနေသည်ကိုတွေ့ရသည်။ ရေနံလှောင်ကန်ကြီးတစ်ခု ပြိုကျသွားပုံကိုလည်း တွေ့မြင်ရပြီး မီးတောက်များက ကောင်းကင်ယံတစ်ခုလုံးကိုလင်းထိန်သွားစေခဲ့သည်။ အနီးအနားတွင်ရှိသော အမျိုးသားကာကွယ်ရေးအဆောက်အအုံ ပျက်စီးသွားခဲ့ပြီး သေဆုံးသူများတွင် ကလေးငယ်တစ်ဦးလည်းပါဝင်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလား ရေနံဝန်ကြီးက ဓာတ်ငွေ့ပိုက်တစ်ခု ယိုစိမ့်ရာမှ ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့သည်ဟု ပြောကြားသည်။ ဗင်နီဇွဲလား သမ္မတ ဟူဂိုချားဗက်စ်ကမူ ယင်းပေါက်ကွဲမှုအပေါ် အမြန်ဆုံးစုံစမ်းစစ်ဆေးရန် ညွှန်ကြားထားပြီး သေဆုံးသူများအတွက် သုံးရက်ကြာ အမျိုးသားဝမ်းနည်းကြောင်း နေ့ရက်များအဖြစ် ကြေညာထားသည်။ —Ref: Reuters

## ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ အစည်းအဝေး အီရန်တွင် စတင်ကျင်းပ

**တီဟီရန်၊ ဩဂုတ် - ၂၇**

နိုင်ငံပေါင်း ၁၂၀ မှ အရာရှိများ တက်ရောက်သည့် (၁၆) ကြိမ်မြောက်ဘက်မလိုက်လှုပ်ရှားမှုနိုင်ငံများအဖွဲ့ (NAM) အစည်းအဝေးကို အီရန်နိုင်ငံတွင် စတင်ခဲ့ရာ အခြားနိုင်ငံများအပေါ် ခြိမ်းခြောက်အကျပ်ကိုင်သော အနောက်နိုင်ငံများ၏ ပေါ်လစီကို အီရန်က ရှုတ်ချပြောဆိုခဲ့သည်။ အီရန်၏ဈကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အနောက်နိုင်ငံများက ဦးဆောင်ကာတင်းကျပ်သော ပိတ်ဆို့တားဆီးမှုများ အဆုံးသတ်ရန်နှင့် ဘက်မလိုက်အဖွဲ့ကြီး၏ထောက်ခံမှုကို ရရှိရန် ကြိုးစားခဲ့သည်။

"ခြိမ်းခြောက်အကျပ်ကိုင်ရေးနဲ့ သိက္ခာကျ အရှက်ရစေရေးအပေါ် အခြေခံတဲ့ ဟောင်းနွမ်းနေတဲ့ ပေါ်လစီတွေ ကျင့်သုံးတာဟာ တရားမျှတမှုရှိအောင် မလုပ်ဆောင်နိုင်သလို ကုလသမဂ္ဂရဲ့ ပဋိညာဉ်ရဲ့ရည် မှန်းချက်တွေအကောင်အထည် ပေါ်လာရေးနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း အားနည်းစေပါတယ်" ဟုအီရန်နိုင်ငံခြားရေးဝန်ကြီးအလီအက်ခ်ဘာဆာလီဟီက ပြောကြားသည်။

ဘက်မလိုက် နိုင်ငံများ၏ အစည်းအဝေးအဖွင့်မိန့်ခွန်းတွင် မစ္စတာဆာလီဟီက "ဒါတွေဟာ ကျရှုံးသွားမှာပဲဆိုတာကို ဒီပေါ်လစီချမှတ်သူတွေ မကြာခင် သိရပါလိမ့်မယ်" ဟုလည်း ပြောကြောင်း ဖားစ်သတင်းအေဂျင်စီက ဖော်ပြသည်။

ထို့အပြင် အီရန်နိုင်ငံခြားရေးဝန်ကြီးက ဘက်မလိုက်နိုင်ငံများ၏ ထောက်ခံမှုကို ကျေးဇူးတင်သည်ဟုဆက်လက်ပြောကြားသည်။ အီရန်သည် ၎င်း၏ဈကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် အနောက်နိုင်ငံများ၏ တင်းကျပ်သောစီးပွားရေး၊ ဘဏ္ဍာရေးပိတ်ဆို့တားဆီးမှုများ ကြုံတွေ့နေရသည်။ —Ref: PTI

## အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဂျပန်နိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်

**တိုကျို၊ ဩဂုတ် - ၂၇**

ဆယ်စုနှစ်များစွာအတွင်း အင်အားအပြင်းထန်ဆုံး မုန်တိုင်းကြီးတစ်ခု ဂျပန်နိုင်ငံတောင်ပိုင်းအိုကီနာဝါဒေသသို့ဝင်ရောက်ခဲ့ကြောင်း သိရသည်။ မိုးလေဝသနှင့် ဇလဗေဒပညာရှင်များက ယင်းမုန်တိုင်းကြောင့် စံချိန်တင်မိုးရွာသွန်းမှုများဖြစ်ပေါ်ပြီး ၄၃ ပေခန့်အထိမြင့်သော လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားသည်။

လေတိုက်နှုန်းတစ်နာရီ၁၅၇ မိုင်နှုန်းအထိရှိသော ဘိုလဗင် တိုင်ဖွန်းမုန်တိုင်းသည် အိုကီနာဝါမြို့တော်နာဟာ၏ အရှေ့ဘက် ကီလိုမီတာ ၉၀ အကွာတွင် ရောက်ရှိနေကာ အနောက်မြောက်နှင့် မြောက်ဘက်ဆီသို့ တဖြည်းဖြည်းချင်းရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသဌာနကပြောကြားသည်။

"မုန်တိုင်းဟာ တဖြည်းဖြည်းချင်းရွေ့လျားနေတဲ့အတွက် အိုကီနာဝါကျွန်းပေါ်မှာ လေပြင်းတိုက်ခတ်မှုဟာ နာရီပေါင်းများစွာကြာမြင့်နိုင်ပါတယ်" ဟု မိုးလေဝသအေဂျင်စီက ပြောသည်။

တိုင်ဖွန်း၏ လေဖိအားနည်းရပ်ဝန်းကို တိုင်းတာမှုအရ လွန်ခဲ့သော နှစ်ပေါင်း ၆၀ တွင်း အပြင်းထန်ဆုံးဖြစ်ကြောင်း ဒေသခံမီဒီယာများကပြောသည်။

နာဟာမြို့သူမြို့သားများအား မိမိနေအိမ်တွင်း၌သာနေရန် ကြေညာထားပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျနေပုံကို NHK သတင်းဌာနက ပြသခဲ့သည်။ နေအိမ်များ ရေမြုပ်နိုင်သည်ဟု ယူဆရသော ဒေသမှ လူပေါင်း ၃၀၀ ခန့်ကိုလည်း ဘေးကင်းရာသို့ ရွှေ့ပြောင်း ပေးထားသည်။ —Ref: AFP

7DAY SHOPPING GUIDE JOURNAL
၇ရက် ဈေးဝယ်လမ်းညွှန်ဂျာနယ်
www.7dayshoppingguide.com
ဂျာနယ် ၃ နှစ်ခရီး အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကြေးပေးသွင်းမှာကြားလျှင်
ဩဂုတ်၃၁ရက်အထိ ၅၀% လျှော့မည် ဖြစ်သဖြင့်
သတ်မှတ်ရက်သိပ်မကျန်တော့ပါ။ တစ်နှစ်အတွက် တစ်သောင်းကျပ်သာပေးသွင်းရမည်ဖြစ်သဖြင့်
HOT LINE - 09 730 53320 သို့အမြန်ဆက်သွယ်လိုက်ပါ။
အခန်း (G-12)၊ မြေညီထပ်၊တိုက်(B)၊ Diamond Centre၊ အမှတ် ၄၉၇၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၁၃၅၁၅~၉, Fax: ၅၁၃၅၁၉။ Email-editor@7dayshoppingguide.com


VITAHOME
Soft Cap.
VITAHOME SPECIAL PROMOTION
Soft Cap.
Vitahome
(10)လုံးကဒ်ခွဲ (3)ခု
ဘောလ်ပင် (1)ချောင်း
Vitahome
(10)လုံးကဒ်ခွဲ (6)ခု
Alarm Clock (1)လုံး
Vitahome
(10)လုံးကဒ်ခွဲ (12)ခု
S-Shirt (1)ထည်
PROMOTION PERIOD
August to September, 2012
VITAHOME
ကိုရီးယားနိုင်ငံတွင်ထုတ်လုပ်သည်
"မိသားစုတစ်စုလုံး ကျန်းမာဖို့ ဗိုက်တာဟုမ်း ကိုသုံးကြစို့"
PACIFIC
Manufactured under License by
Korea Pharma Co., Ltd. Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.


ပွေး၊ ညှင်း၊ ယားနာ ကင်းစင်အောင်
နိုင်ဇိုရယ်လ် ကိုဆောင်
TRADEMARK
Nizoral
ketoconazole
စိုထိုင်းပြီး အနံ့အသက်
မကောင်းသော
အဝတ်အစားများကြောင့်
ပွေး၊ ညှင်း ပေါက်ခြင်း၊
အစိုဓာတ်များသော
မိုးရာသီတွင် ရေငွေ့နှင့်
အညစ်အကြေးများကြောင့်
မှိုနှင့် ယားနာအဖု ဖြစ်ခြင်း၊
စွတ်စိုအေးမြသော
အရေပြားအောက်တွင်
မှိုရှိခြင်းဖြင့် ယားယံစေပြီး
နေရထိုင်ရမသက်သာခြင်း၊
ပွေးကောင်
ညှင်းကောင်
ယားနာကောင်
Nizoral ketoconazole cream
တစ်နေ့တစ်ကြိမ်
မှန်မှန်လိမ်းပါ
ဆေးလိမ်းပြီး (၁)နာရီအတွင်း
အရေပြားထဲသို့ စိမ့်ဝင်ရောက်ပြီး
(၁၆) နာရီကြာခံသော ဆေးအာနိသင်အစွမ်းကြောင့်
တစ်နေ့တစ်ကြိမ်သာ လိမ်းရန်လိုသည်။
Nizoral cream
ketoconazole
5 g cream
Topical Antifungal
JANSSEN-CILAG
Nizoral သည်အရေပြားရောင်ရမ်းခြင်း၊ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာ၊ အရေပြားရောဂါအမျိုးမျိုးနှင့်
မှိုရောဂါအမျိုးမျိုးတို့ကို အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ ပျောက်ကင်းစေပါသည်။
JANSSEN-CILAG

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

# International

Vol.11, No.25 ▪ AUGUST 30 , 2012



လပေါ်သို့ ပထမဦးဆုံးခြေချခဲ့သည့် အမေရိကန်အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်း

## လပေါ်သို့ ပထမဦးဆုံးခြေချခဲ့သည့် ကန်အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်း ကွယ်လွန်

**စင်စင်နတီ၊ ဩဂုတ် - ၂၅**

လပေါ်သို့ ပထမဦးဆုံးခြေချခဲ့သည့်လူသားဖြစ်သူအမေရိကန်အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်းသည် အသက်၈၂ အရွယ်တွင် ကွယ်လွန်သွားပြီဖြစ်သည်။

မစ္စတာအမ်းစထရောင်းသည် ယခုလစောစောပိုင်းတွင် ပြုလုပ်ခဲ့သည့် နှလုံးခွဲစိတ်ကုသမှုအပြီး နောက်ဆက်တွဲရှုပ်ထွေးမှုများကြောင့် ဆုံးပါးသွားခဲ့ကြောင်း အိုဟိုင်းယိုးပြည်နယ်တွင် နေထိုင်သည့် ၎င်း၏မိသားစုက ပြောကြားသည်။

စာ(၅၄)သို့

## NEWS ANALYSIS



အမေရိကန်၊ တရုတ်၊ ဂျပန်နှင့် အမျိုးသားနိုင်ငံရေး

စာ(၃၆)သို့

## ASIA

တရုတ်နိုင်ငံတွင် မိုးပျံတံတားပြိုကျ
လူသုံးဦးသေ ငါးဦးဒဏ်ရာရ

စာ(၄၄)သို့

## INTERVIEW



အကျပ်အတည်းကို ဖြေရှင်းဖို့
ရိုးရိုးရှင်းရှင်းနည်းတွေရှိနေမယ် မထင်ပါဘူး
ဖင်လန်နိုင်ငံဝန်ကြီးချုပ် ဂျိုရာကီကတ်တိုင်နန်နှင့် တွေ့ဆုံခြင်း

စာ(၄၆)သို့

## ကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ဟက်ကာနီအဖွဲ့ခေါင်းဆောင် သေဆုံးသွားကြောင်း အာဖဂန်ပြောကြား

**ကဘူးလ်၊ ဩဂုတ် - ၂၇**

အမေရိကန်မောင်းသူမဲ့လေယာဉ်က တိုက်ခိုက်မှုတစ်ခုကြောင့် စစ်သွေးကြွဟက်ကာနီအဖွဲ့၏ ထိပ်တန်းခေါင်းဆောင် သေဆုံးသွားသည်ဟု ယုံကြည်ရကြောင်း အာဖဂန်နစ္စတန်နိုင်ငံက ထောက်လှမ်းရေးအစီရင်ခံစာများကို ကိုးကား၍ ပြောကြားသည်။ ယင်းမှာ ဘာရူဒင်ဟက်ကာနီတစ်ယောက် အသက်ရှင်သန်နေဆဲဖြစ်ကြောင်း အာဖဂန်တာလီဘန်တို့၏ ပြောဆိုမှုအပေါ် တုံ့ပြန်ခြင်းလည်းဖြစ်သည်။

ဟက်ကာနီအဖွဲ့ စစ်ဆင်ရေးများ၏ အကြီးအကဲနှင့် အဖွဲ့၏ စီးပွားရေးလုပ်ငန်းများကို ဦးဆောင်သူ ဟက်ကာနီသည် ယခင်ရက်သတ္တပတ်က ပါကစ္စတန်တောင်ပေါ် သားလူမျိုးစုများ၏ မြောက်ဝါဇီရစ္စတန်တိုက်ခိုက်မှုအတွင်း သေဆုံးသွားသည်ဟု အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ထောက်လှမ်းရေး အေဂျင်စီကပါ ပြောကြားသည်။

"ဘာရူဒင် ဟက်ကာနီကို ဖယ်ရှားလိုက်နိုင်တာဟာ ဟက်ကာနီကွန်ရက်အတွက် ကြီးမားတဲ့ ထိုးနှက်ချက်ပဲဖြစ်ပါတယ်"ဟု အာဖဂန် ပြည်ထဲရေးဝန်ကြီး ဆီဒစ်ဆီဒစ်ကီက ပြောသည်။

စာ(၄၅)သို့

## ကနေဒါကုန်သွယ်ရေးဝန်ကြီး ပထမဆုံးမြန်မာနိုင်ငံခရီးစဉ်အဖြစ် စက်တင်ဘာ ၂ ရက်တွင် လာမည်



ကနေဒါကုန်သွယ်ရေးဝန်ကြီး အက်ဒ်ဖတ်စ်

**အော့တဝါ၊ ဩဂုတ် - ၂၇**

ကနေဒါကုန်သွယ်ရေးဝန်ကြီး အက်ဒ်ဖတ်စ်သည် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၂ ရက်တွင် လာရောက်မည်ဖြစ်ကြောင်း ၎င်း၏ရုံးက သတင်းထုတ်ပြန်သည်။ ဝန်ကြီးဖတ်စ်၏ ယခုခရီးစဉ်သည် ကနေဒါကုန်သွယ်ရေးဝန်ကြီး တစ်ဦးအနေဖြင့်မြန်မာသို့ပထမဆုံးအကြိမ်လာရောက်မှုဖြစ်ပြီး ၎င်း၏ အရှေ့တောင်အာရှခရီးစဉ်အဆုံးသတ်အဖြစ် မြန်မာနိုင်ငံသို့နောက်ဆုံးဝင်ရောက်လာခြင်းဖြစ်သည်။

စာ(၄၅)သို့

## ဗင်နီဇွဲလား အကြီးဆုံး ရေနံချက်စက်ရုံ ပေါက်ကွဲ လူ ၃၉ ဦးသေဆုံး

**ကာရာကတ်စ်၊ ဩဂုတ် - ၂၅**

ဗင်နီဇွဲလားနိုင်ငံ၏ အကြီးဆုံးရေနံချက်စက်ရုံတွင် ဩဂုတ်လ ၂၅ ရက်က ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပေါ်ခဲ့ရာ လူ ၃၉ ဦးသေဆုံးပြီး လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ ယင်းမှာ အိုပက်အဖွဲ့ဝင်နိုင်ငံ ဗင်နီဇွဲလားတွင် ကြုံတွေ့ရသမျှထဲ၌အဆိုးရွားဆုံးအဖြစ်အပျက်ဖြစ်ကာ စက်ရုံလုပ်ငန်းများအားလုံး ရပ်တန့်သွားစေခဲ့သည်။

စာ(၅၄)သို့



ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL အချပ်ပို
Vol.11, No.25 • AUGUST 30 , 2012

# ကေအင်န်ယူနှင့် အစိုးရငြိမ်းချမ်းရေးအဖွဲ့ တွေ့ဆုံမည့်ရက် သုံးကြိမ်မြောက်ရွှေ့

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၂၇**

ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့်မြန်မာအစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့တတိယအကြိမ်အဖြစ် ဩဂုတ်လ ၂၇ ရက်မှ ၂၉ ရက်အထိ ဘားအံမြို့တွင် တွေ့ဆုံရန် ညှိနှိုင်းဆုံးဖြတ်ခဲ့သော်လည်း မြန်မာအစိုးရဘက်မှ ရွှေ့ဆိုင်းလိုက်ကြောင်း KNU က သတင်းထုတ်ပြန်သည်။

"အခုလုပ်မယ့် အစည်းအဝေးက ဇူလိုင်လလောက်မှာလုပ်ဖို့ သဘောတူထားတာ။ ညှိနှိုင်းစရာရှိလို့ သုံးခါလောက် ရွှေ့ခဲ့ရတယ်။ အခုလည်း ပြင်ဆင်ဖို့ အချိန်မလောက်တဲ့အတွက် ခြောက်ရက်၊ ခုနစ်ရက်လောက် နောက်ရွှေ့တဲ့ သဘောပါ" ဟု ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးက ပြောသည်။

ထို့ကြောင့် အကြမ်းဖျင်းအားဖြင့် စက်တင်ဘာလဆန်းတွင်ပြန်လည်တွေ့ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

အပစ်အခတ် ရပ်စဲရေးသဘောတူထားသော်လည်း နှစ်ဖက်တပ်များ နေရာချထားရေးနှင့် ကျင့်ဝတ် စည်းကမ်းပိုင်းဆိုင်ရာများ၊ သဘောတူလက်ခံထားသည့်အချက်များအသေးစိတ်ဆွေးနွေးရန် ဩဂုတ် ၅ ရက် ဆွေးနွေးပွဲ၌ သဘောတူခဲ့ခြင်းဖြစ်သည်။

စစ်မှန်သည့်ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်ရေးအတွက် ယုံကြည်မှုကို ပိုမိုခိုင်မာအောင် နှစ်ဦးနှစ်ဖက်မှ လုပ်ကိုင်သွားရန် မြန်မာအစိုးရကို တိုက်တွန်းလိုပါသည်ဟု KNU ဘက်က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် မြန်မာအစိုးရတို့သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလက အပစ်အခတ် ရပ်စဲရေး သဘောတူ လက်မှတ်ရေးထိုးပြီးနောက် ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်မြို့၌ ဒုတိယအကြိမ် တွေ့ဆုံခဲ့သည်။

# ပြည်ပရောက် မြန်မာပညာရှင်များကို အမြဲတမ်းနေထိုင်ခွင့်ပုံစံမျိုးပေးရန် သမ္မတစဉ်းစား

**အားမာန်**

**ရန်ကုန်၊ဩဂုတ်-၂၇**

ပြည်ပရောက်မြန်မာပညာရှင်များ မြန်မာနိုင်ငံသို့ ပြန်လာ၍ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် ၎င်းတို့ကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည်မခံယူသေးပါကလည်း အမြဲတမ်းနေထိုင်ခွင့် (PR-Permanent Resident) ကဲ့သို့ ပုံစံမျိုးဖြင့် ခွင့်ပြုရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က စဉ်းစားနေကြောင်း သတင်းရရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီနှင့် ဩဂုတ် ၂၁ ရက်က လယ်တော်ရိပ်သာတွင် တွေ့ဆုံဆွေးနွေးစဉ် ပြည်ပရောက် (ပြည်ပနိုင်ငံသားခံယူထားသော)မြန်မာပညာရှင်များ အမိနိုင်ငံပြန်လာ၍ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကူညီလုပ်ကိုင်နိုင်စေရန် အခြားနိုင်ငံများ၌ အောင်မြင်စွာ လုပ်ကိုင်ခဲ့သော အမြဲတမ်းနေထိုင်ခွင့်ကဲ့သို့ ပုံစံမျိုးဖြင့် ခွင့်ပြုရန် ဖြစ်နိုင်ခြေရှိ၊ မရှိ အလေးထားဆွေးနွေးခဲ့ကြောင်း ဆွေးနွေးပွဲတက်ရောက်ခဲ့သော အကြံပေးကောင်စီဝင်ပုဂ္ဂိုလ်များကပြောသည်။

"အရေးကြီးတဲ့ အချက်က သမ္မတကြီးအနေနဲ့ ဒါကို အထူးလိုလားတယ်"ဟု အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးက ပြောသည်။

"ဝိုင်းစဉ်းစားတော့ အနီးစပ်ဆုံးပုံစံက PR ပုံစံလေးနဲ့များ ပေးရင် အဆင်ပြေမလားပေါ့။ အဲဒါတွေ ဆွေးနွေးတာပါ။ အသေးစိတ်ကတော့ သမ္မတကြီးအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းတွေနဲ့ဆက်လုပ်ရမှာပေါ့။ အဲဒီအဆင့်ပဲရှိပါသေးတယ်။ အဖွဲ့ဝင်(အကြံပေးကောင်စီအဖွဲ့ဝင်များ) အများစုရဲ့ သဘောထားအရတော့ ဒါဖြစ်နိုင်ခြေအရှိဆုံးနည်းလမ်းပေါ့။ အဲဒီလို မြင်တာပေါ့" ဟု ဦးတင်ထွဋ်ဦးက ဆက်လက်ပြောသည်။

ပြည်ပရောက် မြန်မာပညာရှင်များ မိခင်နိုင်ငံ ပြန်လာ၍ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းကူညီရန် သမ္မတဦးသိန်းစိန်က ၂၀၁၁ ဩဂုတ် ၁၇ ရက်တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ၎င်းပြောကြားသော မိန့်ခွန်းများတွင် မကြာခဏ ဖိတ်ခေါ်ခဲ့သည်။ ထို့အတူ အဝေးရောက် မြန်မာပညာရှင်အချို့မှာ နိုင်ငံရေးအကူးအပြောင်းကာလတွင် မိခင်နိုင်ငံပြန်လာ၍ ဝိုင်းဝန်းကူညီပေးနေသူများရှိနေပြီဖြစ်ပြီး အချို့မှာလည်း ပြန်လာရန် ကြိုးပမ်းနေသူ၊ အခြေအနေကို စောင့်ကြည့်နေသူများ ရှိသည်။ ပြည်ပနိုင်ငံသား ခံယူထားသော မြန်မာပညာရှင်များ အနေဖြင့် ချက်ချင်း အခြားနိုင်ငံသား ခံယူထားမှုကို စွန့်လွှတ်၍ မြန်မာနိုင်ငံသား ခံယူရန်မလွယ်ကူပေ။ ထိုနည်းတူ မြန်မာနိုင်ငံ၏ ဥပဒေများအရလည်း လူပုဂ္ဂိုလ်တစ်ယောက်တည်း နှစ်နိုင်ငံသားအဖြစ် ခံယူ၍မရဟု အကြံပေးကောင်စီဝင်များက ပြောသည်။

ထို့ကြောင့် ပြည်ပနိုင်ငံသားခံယူထားမှုကို စွန့်လွှတ်ရန် မလိုဘဲ ပြည်တွင်းပြန်လာ၍ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်ရန် အမြဲတမ်းနေထိုင်ခွင့် ပုံစံမျိုးကို ခွင့်ပြုရန် စဉ်းစားနေခြင်းဖြစ်သည်။

"သူတို့လည်း ဒီမှာလာပြီး လုပ်သာကိုင်သာရှိအောင်၊ လုပ်နိုင်ကိုင်နိုင်ရှိအောင် ကျွန်တော်တို့ ဘယ်လိုလုပ်ပေးမလဲ။ ဘယ်နိုင်ငံတွေမှာ ဘယ်လိုလုပ်ပေးနေသလဲ။ အိန္ဒိယတို့ ဘာတို့လည်း ဒီလိုပဲခေတ္တပြန်လာပြီးနေနိုင်တဲ့ PR



ပုံစံမျိုးလေးတွေနဲ့ လုပ်ပေးနေတဲ့နိုင်ငံတွေရှိတယ်။ ဥပမာ ကျွန်တော်တို့ဆီက လူတွေတောင်မှ စင်ကာပူသွားပြီး အလုပ်လုပ်ပြီး PR ရနေတဲ့သူတွေ အများကြီးရှိတယ်။ သူတို့ ပြန်လာမယ်။ PR နဲ့ လုပ်မယ်။ အားလုံးအဆင်ပြေတယ်။ Citizenship ကို သူတို့ ပြန်လိုချင်တယ်ဆိုတော့မှ အပြီးလျှောက်ကြပေါ့။ စသဖြင့်ပေါ့။ အဲလိုနည်းလမ်းလေးတွေ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာလေးတွေ နည်းနည်းဆွေးနွေးတာပါ" ဟု အထက်ပါအကြံပေးကောင်စီဥက္ကဋ္ဌက ပြောသည်။

"ပြန်လာရင် သူတို့ရဲ့ ပညာကို ပြန်သုံးချင်တာ။ အိန္ဒိယတို့၊ တောင်ကိုရီးယားတို့၊ ဗီယက်နမ်တို့ နောက်ဆုံး တရုတ်တို့လည်း ဒီလိုပုံစံမျိုးနဲ့ သူတို့ဆီက ပညာရှင်တွေကို ပြန်ခေါ်တာရှိတယ်။ ဒါကြောင့် အဓိကကတော့ ပြည်ပရောက်ပညာရှင်တွေကို ဘယ်လိုစနစ်နဲ့ လက်ခံမလဲဆိုတာပေါ့" ဟု အကြံပေးကောင်စီအဖွဲ့ဝင်ဦးသန်းလွင်က ပြောသည်။ ပြည်ပရောက်မြန်မာပညာရှင်များကို အမြဲတမ်းနေထိုင်ခွင့် ပုံစံမျိုးပေး၍ လက်ခံရန် စနစ်မှာ ဆွေးနွေးဆဲအဆင့်သာဖြစ်၍ အသေးစိတ်အချက်အလက်များ ပါဝင်မည့် နောက်ဆက်တွဲ ဆွေးနွေးပွဲများပြုလုပ်ရန်လိုသေးကြောင်း ဦးသန်းလွင်က ပြောသည်။ ဦးသန်းလွင်မှာ ပြည်ပရောက် မြန်မာများကို ဖိတ်ခေါ်၍ နိုင်ငံဖွံ့ဖြိုးရေးတွင် ၎င်းတို့၏ ပညာနှင့် အတွေ့အကြုံများ အကျိုးရှိစွာ အသုံးချရန် သမ္မတကို အကြံပေးသူများအနက်မှ တစ်ဦးအပါအဝင်ဖြစ်သည်။

ပြည်ပရောက် နိုင်ငံသားများ လက်ခံရာတွင် အောင်မြင်ခဲ့သော အိန္ဒိယ၊ တောင်အာဖရိက၊ ဗီယက်နမ်၊ တရုတ် စသောနိုင်ငံများ၏ ပုံစံများကို ဥပမာပေး၍ အဝေးရောက် မြန်မာများကို ပြန်လက်ခံရေးအတွက် သမ္မတကိုယ်တိုင် အလေးအနက်ဆွေးနွေးခဲ့ကြောင်း ကောင်စီအဖွဲ့ဝင် ဦးလှမောင်ရွှေကလည်း ပြောသည်။ သမ္မတနှင့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီတို့ တွေ့ဆုံဆွေးနွေးမှုမှာ လေးကြိမ်မြောက်ဖြစ်ပြီး ဩဂုတ် ၂၁ ရက်တွေ့ဆုံမှုတွင် လယ်ယာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာရေး၊ နိုင်ငံဖွံ့ဖြိုးရေး၊ နည်းပညာ စသောကဏ္ဍများနှင့်ပြည်ပရောက်မြန်မာများအရေးနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။

# မူးယစ်ဆေးဝါး တရားခံတစ်ဦး ဆေးရုံတက်ကုသနေစဉ် ထွက်ပြေး

**ချယ်ရီမြင့်**

**ရန်ကုန်၊ ဩဂုတ် - ၂၇**

အင်းစိန်အကျဉ်းထောင်တွင် မူးယစ်ဆေးဝါးအမှုဖြင့် ထောင်ဒဏ် ၁၂ နှစ်ကျခံနေရသော တရားခံတစ်ဦး ဩဂုတ်လ ၂၆ ရက် နံနက် ၆ နာရီခန့်က ထွက်ပြေးလွတ် မြောက်သွားကြောင်း အင်းစိန်သင်ကြားရေးနှင့် ကုသရေးဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

"ကျွန်မတို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆေးရုံမှာ ဒီနေ့အစည်းအဝေးလုပ်ပါတယ်။ ဆေးရုံမှာနောက်ဒီလိုမဖြစ်အောင် ဆောင်ရွက်သွားမှာပါ။ ရဲလုံခြုံရေးယူထားတဲ့ကြားကနေ ထွက်ပြေးသွားတာဖြစ်ပါတယ်" ဟု၎င်းဆေးရုံမှ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ထို့သို့ ထွက်ပြေးလွတ် မြောက်သွားသူသည်အင်းစိန်ထောင်အတွင်းနေထိုင်စဉ် ကျန်းမာရေးချို့ယွင်းလာ၍ ကျောက်ကပ်နှင့် ဆီးချိုရောဂါကုသရန် အင်းစိန်ထောင်တွင်း ဆေးရုံမှတစ်ဆင့်၊ အင်းစိန်ဆေးရုံကြီးသို့ ပို့ဆောင်ကုသမှုခံယူနေစဉ်ယင်းသို့ ထွက်ပြေးသွားခြင်းဖြစ်သည်။

၎င်းသည်မူးယစ်ဆေးဝါးမှုဖြင့်ထောင်ဒဏ်၁၂နှစ်ကျခံနေရသူဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေသူဖြစ်ကာ မင်္ဂလာဒုံမြို့နယ် တရားရုံးက အမှတ် ၄၈၃/၁၂ မူးယစ်ပုဒ်မ ၁၅/၁၆ (ဂ) ဖြင့် အမိန့်ချမှတ်ခံထားရသူတစ်ဦးဖြစ်ကြောင်း သိရသည်။

"အင်းစိန်ဆေးရုံမှာ တာဝန်ကျလုံခြုံရေး သုံးယောက်ကစောင့်ကြပ်ပြီး ဆေးကုသခွင့်ပေးခဲ့တာပါ။ ခုတင်သံတိုင်နဲ့ သူ့ခြေထောက်ကိုသံကြိုးတွေနဲ့ချည်နှောင်ထားတဲ့ကြားကနေထွက် ပြေးသွားတာဖြစ်ပါတယ်။ တရားခံကို ပြန်လည်ဖမ်းဆီးဖို့ ဆောင်ရွက်သွားမှာပါ" ဟုအင်းစိန်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# ရခိုင်ပြည်နယ်တွင် ဆရာဝန် ၁၀၀ခန့် လိုအပ်နေ

**မြတ်စုမွန်**

**ရန်ကုန်၊ ဩဂုတ် - ၂၄**

ပဋိပက္ခများဖြစ်ပွားသဖြင့် အရေးပေါ် အခြေအနေ ထုတ်ပြန်ထားရသော မြို့နယ်များအတွက် ဆရာဝန်ဦးရေ ၁၀၀ ခန့် လိုအပ်နေကြောင်း ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်က စစ်တွေမြို့တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများလုပ်ကိုင်နေသည့် လူမှုရေး အဖွဲ့အစည်းများသို့ ပြောကြားသည်။

စစ်တွေမြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့်လူမှုရေးအဖွဲ့အစည်းများကို ပြည်နယ်ဝန်ကြီးချုပ်က ယခုလတတိယပတ်အတွင်း ခေါ်ယူတွေ့ဆုံစဉ်ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကယ်ဆယ်ရေးစခန်းများ၌ သာမက ပတ်ဝန်းကျင်ရှိ ဒေသခံများကိုပါကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ပြုလုပ်နိုင်ရန် ယခုကဲ့သို့ လိုအပ်နေခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးက ပြောသည်။

"ပုံမှန်ကျန်းမာရေးဝန်ထမ်းတွေရှိပေမယ့် ဒီမှာရှိတဲ့ရခိုင်တိုင်းရင်းသား ဝန်ထမ်းတွေက ဘင်္ဂါလီတွေရှိတဲ့နေရာတွေကို မသွားရဲဘူး။ ဒါ့ကြောင့် ဆရာဝန်တွေ ထပ်လိုတာပါ။ ဒီကိုလာမယ့် ဆရာဝန်တွေအတွက် ကျွန်တော်တို့ကလုံခြုံရေးစီစဉ်ပေးသွားမှာပါ" ဟုပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းထွန်းအောင်က ပြောသည်။

ရခိုင်ပြည်နယ်ရှိအရေးပေါ် ထုတ်ပြန်ထားရသည့် မြို့နယ်များအနက် စစ်တွေ၊ မောင်တော၊ ကျောက်တော်၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် တာဝန်ထမ်းဆောင်ရန်အတွက် ယခုကဲ့သို့ ဆရာဝန်အင်အား လိုအပ်နေခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

လိုအပ်နေသော ဆရာဝန်အင်အားရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ အင်န်ဂျီအိုများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံ အကူအညီတောင်းခံထားကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012



ရွှေပြည်သာမြို့နယ်မှ ကျူးကျော်တဲအချို့ကို ဩဂုတ်လကုန်ပိုင်းက တွေ့ရစဉ်
ဓာတ်ပုံ - ဇေမောင်မောင်(အရေးပုံ)

# ဝါတွင်း၊ ဝါပ ရွှေ့ခွင့်မရသည့် 'ကျူး' များ

ထွန်းနိုင်

ဧရိယာစတုရန်းမိုင်ပေါင်း ၄,၀၀၀ နီးပါး ကျယ်ဝန်းသည့် မြို့တော်ရန်ကုန်ဧရိယာအတွင်း လူတချို့အတွက်တော့ ကျောတစ်ခင်းစာ နေရာရရန်ခက်ခဲလှသည်။ ရန်ကုန်ဧရိယာနှင့် နှိုင်းယှဉ်ပါက မြူမှုန်လောက်သာရှိသည့် သူတို့နေထိုင်ရာ ၁၀ ပေ ပတ်လည်ခန့်ရှိ တဲအိမ်များသည် ပြီးခဲ့သည့် လပိုင်းများအတွင်းက ဖြိုဖျက်ခံခဲ့ရသည်။

သူတို့က နေထိုင်စရာမရှိ၍ လွတ်နေသော မြေနေရာများတွင် ရှာဖွေနေထိုင်ကြသူများ ဖြစ်ပြီး ဌာနဆိုင်ရာနှင့် တာဝန်ရှိသူတို့ဘက်ကမူ ဌာနပိုင်မြေများအတွင်း ကျူးကျော်နေထိုင်သူများဟု ခေါ်ကြသည်။

ပြီးခဲ့သည့် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ရန်ကုန်တွင် အိမ်ထောင်စု ၂၀၀ ထက်မနည်း ကျူးကျော်ဟုဆိုကာ ဖယ်ရှားရှင်းလင်းခံခဲ့ရကြောင်း 7Day News မှ စုဆောင်းရရှိသည်။

၎င်းတို့အရေးလှုပ်ရှားသူများက ထိုအရေအတွက်ထက် ပိုနိုင်သည်ဟုခန့်မှန်းကြသည်။ လှိုင်သာယာနှင့်ရွှေပြည်သာမြို့နယ်များအတွင်းရှိ နောက်ထပ် အိမ်ထောင်စု ရာပေါင်းများစွာသည်လည်း နေထိုင်သည့် နေရာများမှ ဖယ်ရှားပေးရန် ဖိအားပေးခံနေရကြောင်း ၎င်းတို့အရေးဆောင်ရွက်နေသူများက ပြောသည်။

မရမ်းကုန်းမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်စသည်တို့ရှိ ကျူးကျော်အစုများမှာ ရှင်းလင်းဖယ်ရှားခံရမှုတွင်ပါဝင်ခဲ့သည်။

ကျူးကျော်ဟုဆိုကာ ဖယ်ရှားခံရသည့် သူများအား အင်အားသုံး ဖယ်ရှားခိုင်းခြင်း၊ ဗုဒ္ဓဘာသာဝင်အများစု အိမ်ရာပြောင်းလေ့ပြောင်းထမရှိသည့် ဝါတွင်းကာလတွင် ရွှေ့ပြောင်းခိုင်းခြင်းများအတွက် ဝေဖန်မှုများလည်း ထွက်ပေါ်နေခဲ့သည်။

"ကျွန်မသာ အစိုးရဆိုရင် သူတို့ကို မိုးတွင်းမှာ ပြောင်းရွှေ့ခိုင်းမှာ မဟုတ်ပါဘူး။ ဒီလိုရာသီဉတုမျိုးမှာ အိုးမဲ့အိမ်မဲ့နဲ့ လမ်းပေါ်မှာ လျှောက်သွားနေရင် သူတို့အပေါ်မှာ မငဲ့ညှာရာကျမယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက ပြောသည်။

ကျူးကျော်ဟုဆိုကာ ဖယ်ရှားရှင်းလင်း ခံရသူများသည် ၎င်းတို့စတင်ဝင်ရောက်နေထိုင်စဉ်က အဆိုပါ မြေနေရာများတွင် အိမ်ဆောက်လုပ်ခအတွက် တစ်အိမ်လျှင် ကျပ်နှစ်သောင်းခွဲနှုန်းအထိ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးရသည်ဟု ဆိုသည်။

"အစကတည်းက ပိုင်ရှင်ရှိတယ်ဆိုရင် ဘာလို့ ပိုက်ဆံတွေ တောင်းပြီး လက်ခံလဲ"ဟု ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၂) အမှတ် ၁၈ ရပ်ကွက်ရှိ မြေကွက်လပ်များတွင် တဲထိုးနေထိုင်ရာမှ ဖယ်ရှားခံရမည့်အရေး ကြုံတွေ့နေသူတစ်ဦးကပြောသည်။

ဟိုးယခင်က ရန်ကုန်မြို့တွင်း ပလက်ဖောင်းများပေါ်တွင် တက်ရောက်နေထိုင်သူများအား အိမ်စောင့်အစိုးရလက်ထက် ၁၉၅၈ ပတ်ဝန်းကျင်တွင်တောင်ဥက္ကလာ၊ မြောက်ဥက္ကလာနှင့် သာကေတမြို့သစ်များ တည်ထောင်ပြီး ရွှေ့ပြောင်းပေးခဲ့ဖူးကြောင်း ကိုယ်တွေ့ကြုံခဲ့သူများက ပြောသည်။ ယခုတစ်ကြိမ်ဖယ်ရှား ရှင်းလင်းခံခဲ့ရသည့်သူများအတွက် မည်သည့်နေရာတွင်ပြန်လည်နေရာချထားပေးမည်ကိုမူ တရားဝင်ထုတ်ပြန်ခြင်းမျိုး မတွေ့ရသေးချေ။

"သွားလိုရာ သွားဆိုပြီး မောင်းထုတ်လိုက်တာပဲ"ဟု ဖယ်ရှားခံရသူများအရေး ကူညီဆောင်ရွက်ပေးနေသူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ရွှေပြည်သာမြို့နယ် အတွင်းရေးမှူး ဒေါ်မျိုးမျိုးအေးကပြောသည်။

ဖယ်ရှားခံရသူများအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အစိုးရအဖွဲ့ထိပ်ပိုင်း တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သော်လည်း ပြောင်းရွှေ့ဖယ်ရှားခိုင်းမှုများ ဆက်တိုက်ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း ဒေါ်မျိုးမျိုးအေးကပြောသည်။

"ဒါဟာ ပြည်သူကို ကျောခိုင်းတာပဲ"ဟု ၎င်းကဆိုသည်။

ဌာနပိုင်မြေများအတွင်း ဝင်ရောက်နေထိုင်သူများအား ဖယ်ရှားခိုင်းရာတွင် အခက်အခဲရှိကြောင်း၊ ၎င်းတို့အား မည်သည့်အချိန်ကမှ ဝင်ရောက်နေထိုင်ရန် တရားဝင် ခွင့်ပြုထားခြင်း မရှိခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူး ဦးသန်းလွင်ဦးကပြောသည်။

"မြေပြန်အစားပေးဖို့ အစီအစဉ် မရှိပါဘူး"ဟု ၎င်းကဆိုသည်။

၎င်းတို့ဌာနမှ ဖယ်ရှားရှင်းလင်းခဲ့သည့် မိသားစုများထဲမှ အနည်းဆုံးတစ်ဦးသည် သန့်ရှင်းရေးဌာနတွင် ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ပါက အိမ်ရာမဲ့မဖြစ်စေရန်အတွက် ၎င်းတို့မိသားစုအတွက်နေထိုင်ရန် လိုင်းခန်းများ စီစဉ်ပေးမည်ဟု ဦးသန်းလွင်ဦးက ပြောသည်။ အဆိုပါလိုင်းခန်းများတွင် ရေမီးအခမဲ့သုံးခွင့်လည်း ပေးမည်ဟု၎င်းကဆိုသည်။

ကျူးကျော်ဟု သတ်မှတ်ကာ ဖယ်ရှားခံရသူ အများစုသည် စက်မှုဇုန်များမှ လုပ်ခနည်းအလုပ်သမားများဖြစ်ကြောင်း၊ ၎င်းတို့ ဝင်ငွေဖြင့် အတည်တကျ အိမ်ရာပိုင်ဖြင့် နေထိုင်ရန်မဖြစ်နိုင်သောကြောင့် မြို့စွန်မြေကွက်လပ်များတွင်တဲထိုးနေထိုင်ခြင်းဖြစ်ကြောင်း ဖယ်ရှားခံရသူများက ပြောသည်။ မိုးတွင်းကာလ ကလေးသူငယ်များ ကျောင်းတက်ချိန်တွင် ဖယ်ရှားရှင်းလင်းခံရသောကြောင့်လည်း အခက်အခဲများ ဖြစ်ပေါ်နေရကြောင်း ၎င်းတို့ကဆိုသည်။

ကျူးကျော်သူဟုဆိုကာ ဖယ်ရှားခိုင်းမည်ဆိုပါက တရားဥပဒေအတိုင်း ဆုံးဖြတ်သင့်ကြောင်း၊ အချိန်တစ်ခု သတ်မှတ်မပေးဘဲ အားချင်းဖယ်ရှားခိုင်းခြင်းမှာ မသင့်တော်ကြောင်း ဒေါ်မျိုးမျိုးအေးက ပြောသည်။

"စက်မှုဇုန်ဆိုပြီးတော့ စက်ရုံမရှိတဲ့ နေရာတွေမှာ နေတဲ့သူတွေကို ကျူးကျော်လို့ မခေါ်သင့်ပါဘူး။ ဒီစက်ရုံပိုင်ရှင်တွေလည်း သူများလယ်တွေပေါ် ကျူးကျော်ထားတာပဲ"ဟု ၎င်းကဆိုသည်။

ကျူးကျော်သူများဟုဆိုသည့် အဆိုပါ လူအုပ်စုများအတွက် တာဝန်ယူမည့်သူမရှိ။ ဖြေရှင်းပေးမည့် သူမရှိ။ တစ်နေရာမှသည် တစ်နေရာသို့ ရွှေ့ရင်းနှင့်သာ။ ။

**ပြင်ဆင်ဖတ်ရှုပါရန် -**
7Day News အတွဲ-၁၁၊ အမှတ်-၂၄ အချပ်ပို E ပါ "ဒုတိယသမ္မတဦးညဏ်ထွန်းဖြစ်လာ" သတင်းတွင် "ဦးညဏ်ထွန်းသည် စစ်တက္ကသိုလ်အပါတ်စဉ်၁၈ဆင်း" စာသာအစား "ဦးညဏ်ထွန်းမှာစစ်တက္ကသိုလ်အပါတ်စဉ်၁၆ဆင်း" ဟုလည်းကောင်း၊ ဂျာနယ် အတွဲ-၁၁၊ အမှတ်-၂၃၊ စာ-၉ မှ "ယမကာနှင့်ဘဝ" ဆောင်းပါးတွင် "Rum သည်စက်မှု(၁)ဝန်ကြီးဌာနမှထုတ်လုပ်သော" စာသားအစား "Mandalay Rum သည်မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ထုတ်လုပ်ရောင်းချသော" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## မျက်နှာဖုံး-ပြည်ထောင်စုဝန်ကြီးကိုးဦး ပြောင်းလဲတာဝန်ပေး မှ

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးများအဖြစ် ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးလှထွန်းနှင့် ဦးတင်နိုင်သိန်းတို့ကို ပြောင်းလဲခန့်အပ်တာဝန်ပေးလိုက်သည်။ ထို့ကြောင့် သမ္မတရုံးဝန်ကြီးဌာနမှာ နဂိုရှိပြီး ပြည်ထောင်စုဝန်ကြီးနှစ်ဦး အပါအဝင် ခြောက်ဦးရှိနေသည်။

ဝန်ကြီးအပြောင်းအလဲဖြစ်မည်ဟု သတင်းများထွက်ပေါ်တိုင်း ပါလေ့ရှိသော ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးအောင်ကြည် ဖြစ်လာသည်။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းမှာ သမဝါယမဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ယူရမည်ဖြစ်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးအုန်းမြင့် ဖြစ်လာသည်။ ယခင် ဦးအုန်းမြင့်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့၏ပြည်ထောင်စုဝန်ကြီး ဖြစ်သည်။

အားကစားဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှစ်ခု၏ ပြည်ထောင်စုဝန်ကြီးဖြစ်ခဲ့သော ဦးတင့်ဆန်းမှာ အားကစားဝန်ကြီးဌာနတစ်ခုတည်း၏ ပြည်ထောင်စုဝန်ကြီး ဖြစ်လာသည်။

ယခင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်မှာ စက်မှုဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးဖြစ်လာသည်။

ပြောင်းလဲတာဝန်ပေးအပ်လိုက်သော ပြည်ထောင်စုဝန်ကြီးအချို့၏ မူလဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်မည့် ပြည်ထောင်စုဝန်ကြီးအမည်များကိုမူ ကြေညာခဲ့ခြင်းမရှိသေးပေ။ ထို့ကြောင့်ဦးအောင်မင်းတာဝန်ထမ်းဆောင်ခဲ့သော ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဦးလှထွန်း တာဝန်ထမ်းဆောင်ခဲ့သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဦးတင်နိုင်သိန်း တာဝန်ထမ်းဆောင်ခဲ့သော အမျိုးသားစီမံကိန်းနှင့် စီးပွားဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဦးအောင်ကြည် တာဝန်ထမ်းဆောင်ခဲ့သော အလုပ်သမားဝန်ကြီးဌာန၊ ဦးကျော်ဆန်း တာဝန်ထမ်းဆောင်ခဲ့သော ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဦးအေးမြင့် တာဝန်ထမ်းဆောင်ခဲ့သော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဦးတင့်ဆန်း တာဝန်ထမ်းဆောင်ခဲ့သော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ပြည်ထောင်စုဝန်ကြီးများ မည်သူဖြစ်လာမည်ကို ပြည်သူများက အထူးစိတ်ဝင်စားကာ ထင်ကြေးအမျိုးမျိုးပေးလျက် စောင့်ကြည့်နေကြသည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးပြောင်းလဲခန့်အပ်မှုများမှာ ထပ်မံကြေညာဦးမည်ဟု နိုင်ငံရေးလေ့လာစောင့်ကြည့်သူများက ခန့်မှန်းနေကြသည်။ ပြည်ထောင်စုဝန်ကြီးအပြောင်းအလဲသတင်းများကို ပြည်တွင်းရှိ အင်တာနက်သုံးစွဲ သူများ အထူးစိတ်ဝင်စားခဲ့ပြီး သမ္မတရုံးဝက်ဘ်ဆိုက်ကြေညာပြီး မိနစ်ပိုင်းအတွင်း ထိုအကြောင်းကိုသာ အဓိက ဝင်ရောက်ပြောဆို ဆွေးနွေးနေကြသည်။ နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများကို ခန့်အပ်တာဝန်ပေးနိုင်ပြီး၊ ခန့်အပ်တာဝန်ပေးလျှင် ပြည်ထောင်စုလွှတ်တော်သို့ အကြောင်းကြားပြီး သဘောတူညီချက်ရယူရန်လိုကြောင်း အခြေခံဥပဒေတွင် ဖော်ပြထားသည်။

နိုင်ငံတော်သမ္မတရုံးက ပြည်ထောင်စုဝန်ကြီးဌာန ၁၃ ခုအတွက် ဒုတိယဝန်ကြီး ၁၅ ဦးကိုလည်း အမိန့်အမှတ် ၂၀/၂၀၁၂ ဖြင့် ခန့်အပ်တာဝန်ပေးခဲ့သည်။ ဒုတိယဝန်ကြီး ၁၅ ဦးတွင် ထူးခြားမှုမှာ အရပ်ဘက်မှ အများဆုံးဖြစ်ပြီး၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပညာရှင်များပါဝင်ခဲ့သည်။ ထို့အပြင် အမျိုးသမီးလေးဦး ပါဝင်လာသည်။ အစိုးရအဖွဲ့အတွင်း မူလက ဒုတိယဝန်ကြီးအဖြစ် အမျိုးသမီးနှစ်ဦးသာရှိရာမှ ယခု ခြောက်ဦးရှိလာပြီဖြစ်သည်။

"၈ နာရီ(ည) မထိုးခင်လေးမှ သမ္မတရုံးဝက်ဘ်ဆိုက်က စာရင်းတွေ့လို့ဆိုပြီးမိတ်ဆွေတွေက လှမ်းပြောလို့သိတာ။ သမ္မတရုံးကတရားဝင်ဆက်သွယ်အကြောင်းကြားတာမျိုးတော့ မရှိသေးပါဘူး"ဟု ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးက 7Day News သို့ ည ၈ နာရီကျော်တွင် ပြောသည်။

## သမ္မတဦးသိန်းစိန် အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများဆက်တိုက်ပြုလုပ်

**ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဦးခင်မောင်မြင့်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဦးလွန်းမောင်တို့အားရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်**

**ရန်ကုန်၊ ဩဂုတ်- ၂၈**

အစိုးရအဖွဲ့တွင်း အပြောင်းအလဲများ ဆက်တိုက်ပြုလုပ်နေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဩဂုတ် ၂၈ရက်တွင်ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးဇော်မင်း၊ ဦးခင်မောင်မြင့်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်တို့အား ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်မြင့်တို့အား ရာထူးမှနုတ်ထွက်ခွင့်ပြုကြောင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၂၃/ ၂၀၁၂)ဖြင့် ကြေညာခဲ့သည်။

ထို့အတူပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်အား ရာထူးမှနုတ်ထွက်ခွင့် ပြုကြောင်းကို နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၂၄/ ၂၀၁၂)ဖြင့် ကြေညာခဲ့သည်။

ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၅/ ၂၀၁၂)ဖြင့် ကြေညာခဲ့သည်။

အမိန့်ကြေညာချက်အားလုံးကိုနိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက်က ဩဂုတ် ၂၈ရက် ၁၈း၀၀နာရီ(ညနေ၆နာရီ) တွင် တစ်ချိန်တည်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၂၇ရက်တွင်ပြည်ထောင်စုဝန်ကြီးကိုးဦးကို ပြောင်းလဲတာဝန်ပေးအပ်ခဲ့ပြီး၊ ဒုတိယဝန်ကြီး ၁၅ဦးကို ခန့်အပ်အပြီး တစ်ရက်အကြာတွင် အထက်ပါအပြောင်းအလဲများကို ဆက်လက်ပြုလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့်ပြည်ထောင်စုဝန်ကြီးဌာနများ၏ လစ်လပ်လျက်ရှိသော ပြည်ထောင်စုဝန်ကြီးနေရာများအတွက် အစားထိုးခန့်အပ်မှုများ ထပ်မံမြင်တွေ့ရဦးမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတက နိုင်ငံရေးအပြောင်းအလဲ ပြုလုပ်နေချိန်တွင် ခေတ်နောက်ပြန်ဆွဲနေသူများကို ချန်ထားခဲ့မည်ဖြစ်ကြောင်း မိန့်ခွန်းများတွင် ထည့်သွင်းပြောကြားခဲ့ပြီး၊ ယခုလအတွင်း ဗီအိုအေနှင့်ပြုလုပ်သော အင်တာဗျူးတွင် အစိုးရအဖွဲ့တွင်း အပြောင်းအလဲများ ပြုလုပ်တော့မည်ဟု ဖြေကြားခဲ့သည်။ ယခုအခါ ပြောထားသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။

## ပြည်ပရောက် မြန်မာနိုင်ငံသား ၂,၀ဂ၂ ဦးကို အမည်မည်းစာရင်းမှ ပယ်ဖျက်ပေး

**ပြည်သိမ်း**

**ရန်ကုန်၊ ဩဂုတ် - ၂၈**

အမည်မည်း(Black List)စာရင်းဝင် ၆,၀၀၀ ကျော်ထဲမှ ပြည်ပရောက် မြန်မာနိုင်ငံသား ၂,၀၈၂ ဦးကို အမည်မည်းစာရင်းမှ ပယ်ဖျက်ပြီး မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရေး ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

"ဘယ်သူဘယ်ဝါမှန်း မသိပေမယ့် အခုလို နာမည်ပျက်စာရင်းပယ်ဖျက်ပြီး ဖိတ်ခေါ်တာတော့ ဝမ်းသာပါတယ်။ ဒီမိုကရေစီအင်အားစုတွေကိုတော့ နွေးနွေး ထွေးထွေး ဖိတ်ခေါ်မယ်ဆိုရင်ပိုအကျိုးရှိမယ်"ဟု ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုဂျင်မီက ပြောသည်။

ပြည်ပရောက် မြန်မာများထဲမှ အမည်မည်း(Black List) သတ်မှတ်ရေးသွင်းထားသူ ၆၁၆၅ ဦးရှိသည်။ ယခင်က ၎င်းတို့ကို နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရန်အလို့ငှာ ကုမ္ပဏီများ၊ နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များ၊ သတင်းမီဒီယာသမားအပါအဝင် အချို့အား အကြောင်းအမျိုးမျိုးကြောင့် အမည်မည်းစာရင်းသွင်းထားရခြင်းဖြစ်ပြီး၊ ယခုအခါ ပြောင်းလဲလာသောမူဝါဒများနှင့်အညီ စိစစ်ဖြေလျှော့ပေးခြင်းဖြစ်သည်ဟု နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

## ခုံရုံးအား စွပ်စွဲပြစ်တင်သောအဆိုကို အမျိုးသားလွှတ်တော်က အတည်ပြု

**အိဖြူလွင်**

**နေပြည်တော်၊ ဩဂုတ် - ၂၈**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ မထမ်းဆောင်ခြင်းတို့အရ စွပ်စွဲပြစ်တင်သည့်အဆိုကို ဩဂုတ် ၂၈ ရက်တွင် ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေး၌မဲခွဲဆုံးဖြတ်ရာ တက်ရောက်သောကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံကျော် ထောက်ခံသဖြင့် အတည်ဖြစ်သွားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ တင်သွင်းသော စွပ်စွဲပြစ်တင်သည့်အဆိုကို တပ်မတော်သားကိုယ်စားလှယ်ခြောက်ဦးအပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးက ပါဝင်ဆွေးနွေးခဲ့သည်။ ဆွေးနွေးမှုများအပြီး မတ်တပ်ရပ်၍ မဲခွဲဆုံးဖြတ်ရာတွင် လွှတ်တော်ကိုယ်စားလှယ် ၂၂၃ ဦးရှိသည်တွင် ၁၆၃ ဦးက မတ်တပ်ရပ်ထောက်ခံပြီး၊တက်ရောက်သောကိုယ်စားလှယ်အရေအတွက်၏ သုံးပုံနှစ်ပုံကျော်သဖြင့် အဆိုမှာ အတည်ဖြစ်သွားခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော်ရှိနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၁၀ ဦးစလုံးက အဆိုကို ထောက်ခံဆွေးနွေးပြီး၊ တပ်မတော်သားကိုယ်စားလှယ်ခြောက်ဦးက လွှတ်တော်နှင့်အစိုးရအဖွဲ့ကိုပြည်သူလူထုက အထင်မှားနိုင်၍ စွပ်စွဲပြစ်တင်ခြင်းကိုပြန်လည်စဉ်းစားသင့်ကြောင်း အကြံပြုတင်ပြခဲ့ကြသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဆိုသည်မှာ လွှတ်တော်ရေးရာကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များကို ရည်ညွှန်းကြောင်းနှင့် အခြေခံဥပဒေနှင့်လည်း ညီညွတ်သည်ဟု ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ပြောကြားထားရာ လွှတ်တော်နှစ်ရပ်မှ ဒုဥက္ကဋ္ဌများမှာ တည်ဆဲဥပဒေများအရ နုတ်ထွက်ရမည့် အခြေအနေရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့ကပြောကြားခဲ့သည်။

တည်ဆဲဥပဒေများဖြစ်သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေပုဒ်မ-၁၇ တွင် "ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်"ဟုပါရှိထားသည်။

လွှတ်တော်နည်းဥပဒေပုဒ်မ -၅၄ တွင် လွှတ်တော်အခွင့်အရေးကော်မတီကို ၁၅ ဦးထက်မပိုသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက် ကော်မတီ၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်ဟုပါရှိထားသည်။

ခုံရုံးဥက္ကဋ္ဌဦးစိုးသိန်းက အထက်ပါအဆိုကို မဲခွဲမဆုံးဖြတ်မီအောက်ပါအတိုင်း ပြန်လည်ရှင်းလင်းခဲ့သည်။ "ယခုကိစ္စမှာ ဥပဒေပြုရေးကဏ္ဍဟာ တရားစီရင်ရေးကိုလွှမ်းမိုးစွက်ဖက်ခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတယ်။ တရားစီရင်ရေးရဲ့ဆုံးဖြတ်ချက်ကို ဥပဒေပြုအမတ်များက မဲခွဲဆုံးဖြတ်ခြင်းဟာ ကမ္ဘာ့အစဉ်အလာမရှိပါ။ တရားရုံးရဲ့ စီရင်ခွင့်ကိုပြင်ပမှမဲခွဲဆုံးဖြတ်ခြင်းက အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို မျက်ကွယ်ပြုခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမလိုက်နာဘဲ အတိအလင်းချိုးဖောက်ခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။ . . . အခြေခံဥပဒေကိုပစ်ပယ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လိုအင်ဆန္ဒကိုဆောင်ရွက်နေခြင်းဖြစ်ပါတယ်"။

## မိတ္ထီလာတွင် စက်သုံးဆီဆိုင် မြို့ပြင်ပြောင်းရွှေ့ရေး ဆန္ဒဖော်ထုတ်

**ညီညီဇော်**

**မိတ္ထီလာ၊ ဩဂုတ် - ၂၈**

ယနေ့နံနက် ၉ နာရီမှ စတင်ကာ မိတ္ထီလာမြို့ အောင်ဆန်းနယ်မြေ (၁)ရပ်ကွက်တွင် ဖွင့်လှစ်ရောင်းချနေသော ကျော်စက်သုံးဆီဆိုင်ကို မြို့ပြင်သို့ ပြောင်းရွှေ့ဖွင့်လှစ်ပေးရန် ယင်းရပ်ကွက်ရှိ ရပ်ကွက်သူရပ်ကွက်သားများက နည်းဥပဒေနှင့်အညီ တစ်နာရီခန့် ဆန္ဒထုတ်ဖော်ခဲ့သည်။

ကျော်စက်သုံးဆီဆိုင်ကို မြို့ပြင်သို့ ထုတ်ပေးရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး အစရှိသည့် ဆိုင်းဘုတ်များကို ချိတ်ဆွဲပြီး လူအင်အား (၁၀၀)ဝန်းကျင်ခန့်ပါဝင်သောဆန္ဒထုတ်ဖော်ပွဲကို ယင်းစက်သုံးဆီဆိုင်အနီးတွင်ပင် ပြုလုပ်ခဲ့သည်။ မိတ္ထီလာမြို့ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက်မြို့ခံစက်သုံးဆီအရောင်းဆိုင်များ နည်းတူ ကျော်စက်သုံးဆီဆိုင်အား မြို့ပြင်သို့ ဖယ်ရှားပေးရန်၊ မိတ္ထီလာမြို့သည် ၁၉၉၁ ဧပြီလ ၇ ရက်က မီးအကြီးအကျယ် လောင်ကျွမ်းဖူးသောမြို့ဖြစ်သဖြင့် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ပြည့်စုံလုံလောက်သော ဥပဒေညွှန်ကြားချက်များ ထုတ်ပြန်ပေးရန်၊ မိတ္ထီလာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပြန်သည့် ဥပဒေညွှန်ကြားချက်များကိုလည်း သက်ဆိုင်ရာဌာန အသီးသီးနှင့် မြို့သူမြို့သားများ လိုက်နာမည့် စည်းစနစ်ကျနသော အမိန့်များ ဖြစ်ပေါ်စေရန်တို့ကို တောင်းဆိုဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း ဦးဆောင်ဆန္ဒထုတ်ဖော်သူ ဒေါ်မေသက်ဦးကပြောသည်။

"ကျွန်မတို့က တိုင်လို့ ဒီနေရာမှာ စက်သုံးဆီဆိုင် မဖွင့်လှစ်ဖို့ အမိန့်ကြေညာစာလည်း ထွက်ထားတယ်။ ဒါပေမဲ့ ဖွင့်တုန်းပါပဲ။ ခုဆန္ဒပြတာနဲ့ မလုံလောက်ဘူးဆိုရင် နောက်ထပ် ဆန္ဒထုတ်ဖော်ပွဲ ဆက်လုပ်သွားမှာပါ"ဟု အဆိုပါအမျိုးသမီးကပြောသည်။

ကျော်စက်သုံးဆီဆိုင်ပိုင်ရှင် ဒေါ်အေးအေးတင့်၏ အစ်ကိုဖြစ်သူ ဦးဟာမာညွန့်က "ကျွန်တော်တို့က သက်ဆိုင်ရာဌာနအသီးသီးရဲ့ထောက်ခံချက်တွေနဲ့ သတ္တုတွင်းဝန်ကြီးဌာနက တရားဝင်လိုင်စင် ချထားပေးလို့ ဖွင့်တာပါ။ တရားဝင်ပဲ ဆက်ရောင်းမှာပါ"ဟု ပြောသည်။

## အောင်ချမ်းသာအိမ်ရာတွင် တွေ့ရသောအထုပ် ဗုံးမဟုတ်ဟုဆို

**ထွန်းခိုင်၊ မိုးညို**

**ရန်ကုန်၊ ဩဂုတ် - ၂၈**

ဗဟန်းမြို့နယ် အောင်ချမ်းသာအိမ်ရာဝင်းအတွင်း တွေ့ရှိရသော မသင်္ကာဖွယ်အထုပ်မှာ ပေါက်ကွဲနိုင်သည့်ဗုံးမဟုတ်ကြောင်းဗဟန်းမြို့နယ်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ အတည်ပြုပြောကြားသည်။

ဩဂုတ် ၂၈ ရက် နံနက် ၇ နာရီ၄၅မိနစ်ဝန်းကျင်ခန့်က တာမွေအဝိုင်းအနီး ရွှေဂုံတိုင်လမ်းမပေါ် အောင်ချမ်းသာအိမ်ရာဝင်းအတွင်းရှိ ဒီလှိုင်းစာစောင်ရုံးခန်းရှေ့တွင် ရပ်ထားသော မီနီလိုက်ထရပ်ကား၏ နောက်ခန်းမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အောင်ချမ်းသာအိမ်ရာဝင်းအတွင်းနေထိုင်သူ အမျိုးသားတစ်ဦးကပြောသည်။

အဆိုပါကားမှာ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုပိုင်ကားဖြစ်ပြီး ယင်းမသင်္ကာဖွယ်ရာအထုပ်



ဗုံးဟု သံသယရှိခဲ့သော အထုပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဖယ်ရှားစဉ်

ကို အဆိုပါကား၏ ယာဉ်မောင်းကစတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အထက်ပါအမျိုးသားကပင်ပြောသည်။

စတင်တွေ့ရှိပြီး နာရီဝက်အကြာတွင် သက်ဆိုင်ရာမှ လာရောက်စစ်ဆေးပြီး ယင်းအိမ်ရာနေပြည်သူများအား အန္တရာယ်မရှိကြောင်း အတည်ပြုပြောကြားသွားခဲ့သည်ဟု ယင်းအိမ်ရာနေ အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးကပြောသည်။

7DAY NEWS JOURNAL
Vol.11, No.25 • AUGUST 30 , 2012

# မြန်မာနိုင်ငံသည် အာရှ၌ အစိုးရဝင်ငွေတွင် အခွန်ငွေပါဝင်မှု အနည်းဆုံးနိုင်ငံဖြစ်ဟု အေဒီဘီဆို

**ကိုကိုကြီး**

ရန်ကုန်၊ ဩဂုတ်-၂၇

အာရှဖွံ့ဖြိုးရေးဘဏ်တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအနက် မြန်မာနိုင်ငံသည် ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ)အရ အစိုးရဝင်ငွေတွင် အခွန်ကောက်ခံရရှိမှု ငွေပမာဏပါဝင်မှု အနည်းဆုံး နိုင်ငံဖြစ်ကြောင်း ၎င်းဘဏ်က ယခုလအတွင်း ထုတ်ပြန်သည့် လေ့လာသုံးသပ်ချက် အစီရင်ခံစာတွင် ဖော်ပြထားချက်အရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုကဲ့သို့ အခွန်ကောက်ခံရရှိမှု နည်းပါးရခြင်းသည် ကျင့်သုံးသည့် အခွန်စနစ်အားနည်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်သည့် အပိုင်းတွင် ချို့ယွင်းချက်များရှိခြင်း၊ အခွန်အာဏာပိုင်များက လိုအပ်သလို ဆောင်ရွက်နေခြင်း စသည့် အကြောင်းများကြောင့် ဖြစ်သည်ဟု ၎င်းအစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံတွင် အစိုးရဝင်ငွေရရှိမှုသည် ၁၃ ဒသမ ၉ ရာခိုင်နှုန်း ရှိနေချိန်တွင် ၎င်းဝင်ငွေတွင် အခွန်ကောက်ခံရရှိမှု ပါဝင်မှုသည် ၃ ရာခိုင်နှုန်းသာရှိကြောင်း ယင်းလေ့လာသုံးသပ်ချက်တွင် ဖော်ပြထားသည်။

"အစိုးရဝင်ငွေမှာ အခွန်ကောက်ခံမှုက လေးပုံတစ်ပုံလောက်ပဲရှိတယ်လို့ ပြောလို့ရတယ်" ဟု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတွင် နှစ်ပေါင်း ၃၀ ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် အခွန်ပညာကျွမ်းကျင်သူ ဦးဟန်ထွန်း(အခွန်)က ပြောသည်။

အခွန်သည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးစနစ်ကိုထိန်းကျောင်းပေးသည့် ဘဏ္ဍာရေးကိရိယာတစ်ခုဖြစ်ကြောင်း၊ ၎င်းကိရိယာကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်နိုင်ခြင်း မရှိပါက ငွေကြေးဖောင်းပွမှုကို ကနဦး ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပြီး နိုင်ငံ၏ ဘတ်ဂျက်လိုငွေ ပမာဏမြင့်တက်လာနိုင်ကြောင်း ဦးဟန်ထွန်းကပြောသည်။

ဘဏ်လုပ်ငန်းပညာရှင် ဦးစံသိန်းက အစိုးရတစ်ရပ်ရရှိသည့် ဝင်ငွေအပိုင်းတွင် ပါဝင်သည့် ဘဏ္ဍာရေးရင်းမြစ်များမှာ အခွန်အကောက်၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် နိုင်ငံခြားအစိုးရနှင့်နိုင်ငံခြားအဖွဲ့အစည်းများမှ ထောက်ပံ့ငွေများဖြစ်ကြောင်း၊ ၎င်းတို့အနက် အဓိကကျသည့် အခွန်ကောက်ခံရရှိမှုကို ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ကြုံတွေ့ရလေ့ရှိသည့် အခွန်တိမ်းရှောင်ခြင်း၊ အခွန်လျှော့ပေါ့ရန် ကြိုးပမ်းခြင်း၊ အခွန်ကောက်ခံသည့်စနစ်တွင် ထင်သာမြင်သာမရှိခြင်း၊ အခွန်နှုန်းအမျိုးမျိုးဖြင့် ရှုပ်ထွေးခြင်း၊ အခွန်စနစ်တို့တွင် ချို့ယွင်းအားနည်းချက်များ ရှိနေခြင်းတို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အခွန်စနစ်နှင့် အခွန်အကောက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုတို့ကို ပြန်လည်သုံးသပ်သင့်သည်ဟု ၂၀၁၁ ခုနှစ် ဩဂုတ်လ ဒုတိယပတ်အတွင်း နေပြည်တော်တွင် ကျင်းပခဲ့သည့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၌ပြောကြားခဲ့သည်။

၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ငါးနှစ်တာ ဘဏ္ဍာရေးနှစ်အတွင်း အခွန်ကောက်ခံမှုမှ ရရှိသည့် ပမာဏသည် တစ်နှစ်လျှင် ပျမ်းမျှကျပ် ၅၆၉ ဘီလီယံရှိခြင်းကြောင့် ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းမျှသာ ရှိသည်ဟု ၎င်းပညာရှင်၏ စာတမ်းအရ သိရသည်။

လက်ရှိ အခွန်ဥပဒေများတွင်ပြဋ္ဌာန်းထားသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည်လည်း အရေးကြီးသည့် အချက်တစ်ရပ်ဖြစ်ကြောင်း ဦးဟန်ထွန်းက ပြောသည်။

"ဥပဒေတွေပြဋ္ဌာန်းပြီးတော့ အဲဒီဥပဒေတွေ အာဏာမသက်ရောက်ဘူးဆိုရင် ဘာမှထိရောက်မှုမရှိဘူး" ဟု ၎င်းကဆိုသည်။

ထို့အပြင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အဂတိလိုက်စားသည့် စနစ်ကိုပပျောက်သွားအောင် ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ရသင့်ရထိုက်သည့် သတ်မှတ်အခွန်များကို ကောက်ခံရရှိနိုင်မည် မဟုတ်ကြောင်း၊ မျှမျှတတ ဖြစ်လာနိုင်သည့် အခြေအနေလည်း နည်းပါးကြောင်း ၎င်းကပြောသည်။

သက်ဆိုင်ရာ အခွန်ရုံးများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် အခွန်နှင့်ဆက်စပ်သည့် မူဝါဒ၊ ငွေကြေးဆိုင်ရာ ပညာရပ်များကို နားလည်မှုရှိပြီး ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန် လိုအပ်နေသေးကြောင်း ဦးဟန်ထွန်းက ဆက်လက်ပြောကြားသည်။

မြို့နယ်ရုံးများရှိအခွန်ရုံးများတွင် တာဝန်ယူလုပ်ကိုင်ရသည့် ဝန်ထမ်းအင်အားနှင့် လုပ်ငန်းပမာဏ မျှတခြင်းမရှိခြင်းကြောင့် အခွန်ကောက်ခံမှုနှင့် အခွန်ကြွေးစာရင်းမှန်ကန်မှု မရှိခြင်းတို့ဖြစ်လာနိုင်ကြောင်းလည်း ပြောသည်။

ထို့အပြင် အခွန်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုမရှိဘဲ အခြားနယ်ပယ်မှ ပြောင်းရွှေ့လာသူများသည် အဆင့်မြင့်ရာထူး တာဝန်ယူပြီး လုပ်ကိုင်သည့် ဖြစ်ရပ်များရှိခြင်းကြောင့် လုပ်ငန်းပိုင်းဆောင်ရွက်ရာတွင် အားနည်းချက်များရှိကြောင်း ဝါရင့်အခွန်ကျွမ်းကျင်သူ ၎င်းကပြောသည်။

"သုံးသပ်ချက်တွေက ယေဘုယျသုံးသပ်ချက်တွေဖြစ်တယ်။ အဲဒီ သုံးသပ်ချက်တွေအပေါ်မှာ တာဝန်ရှိသူတွေက အလေးထားပြီး အသေးစိတ် လေ့လာပြီး လိုအပ်သလိုပြုပြင်ဆောင်ရွက်သွားဖို့ အများကြီး အရေးကြီးတယ်" ဟု ဦးဟန်ထွန်းကပြောသည်။

## အချပ်ပို(II)တစ်နိုင်ငံလုံး ရေမြုပ်စပါးကောခြောက်သိန်းကျော် မှ

ယခုအခြေအနေအားထိထိရောက်ရောက်မပံ့ပိုးနိုင်ပါက အစိုးရက ယခုနှစ်အတွက် ပြည်ပသို့ ဆန်တန်ချိန်တစ်သန်းခွဲတင်ပို့နိုင်ရန် မလွယ်ကူတော့ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

၂နှစ်ဆက်တိုက်ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် တောင်သူအများစုမှာ ယခုနှစ် မိုးစပါးအား ကုန်ကျစရိတ်သက်သာသော ကြဲခင်းစနစ်သာ စိုက်ပျိုးခဲ့ကြသည်။

"စိုက်ထားတဲ့ကေ ၂၀ကတော့ လုံးဝဆုံးရှုံးသွားပြီ။ စိုက်ပျိုးစရိတ်နဲ့ မျိုးစပါးနဲ့ဆို ၁၇သိန်းနဲ့၊ သိန်း ၂၀ ကြားမှာရှိတယ်" ဟု ကဝမြို့နယ် အလယ်ဘူတာရွာအုပ်စုမှ လယ်သမားကြီး ဦးညဏ်စိန်က ပြောသည်။ ပြီးခဲ့သည့် မိုးစပါးရာသီတွင်လည်း ရေကြီးခဲ့သဖြင့် မိုးစပါးတင်းသန်းပေါင်း ၁၂၇ သန်းလျော့ခဲ့ပြီး နွေစပါးတွင်လည်း ရာသီဥတုဖောက်ပြန်ခဲ့သဖြင့် တင်းသန်းပေါင်း ၃၇သန်း အထွက်လျော့ခဲ့သည်။

ယခုနှစ်မိုးစပါးတွင် ရခိုင်ပြည်နယ်မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အထွက်နှုန်းများစွာ မလျော့နိုင်ကြောင်း ဦးချစ်ခိုင်က ရှင်းပြသည်။ ဆန်စပါးအများပိုင်ကုမ္ပဏီသည်ဩဂုတ်လအတွင်းကလည်း ဆန်တန်ချိန် ၄,၆၀၀ ကျော်ကို နိုင်ငံတော် အရန်ဆန်မှ ထုတ်ရောင်းပေးခဲ့သည်။

နိုင်ငံတော် အရန်ဆန်များ ထုတ်ရောင်းနေသော်လည်း ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းဈေးမှာ တစ်အိတ်လျှင် ၁၅,၀၀၀ ကျပ်မှ ၁၆,၀၀၀ ကြားရှိကြောင်း လမ်းမတော်မော်တင်ဆန်ကုန်စည်ဒိုင်ရှိကုန်သည်တစ်ဦးထံမှ စုံစမ်းသိရသည်။လက်ရှိအချိန်တွင် ဆန်ချောဈေးမှာ တည်ငြိမ်နေပြီး ဆန်ကြမ်းသာ တစ်အိတ်လျှင် ကျပ် ၁,၀၀၀ ကျော်ဈေးတက်လာသည်။

ယခုကဲ့သို့စပါးစိုက်ပျိုးရာဒေသများတွင်ရေကြီးနေသော်လည်း ဆီထွက်သီးနှံအဓိကစိုက်ပျိုးသောမြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးခေါင်ခဲ့သဖြင့် ယာခင်းများပျက်စီးကာ ပဲဆီဈေးများတက်လာခဲ့သည်။

## ဝန်ထမ်းအလိုရှိသည်

7Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

**Marketing Assistant M / F (2) Posts**

- အသက် (၁၉)နှစ်မှ (၂၅)နှစ်အတွင်း ရှိရမည်။
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့) ဘွဲ့ရဖြစ်ရမည်။
- သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။
- အကျင့်စာရိတ္တနှင့် ကျန်းမာရေးအထူးကောင်းမွန်ရမည်။
- လုပ်ငန်းအတွေ့အကြုံမရှိသူများလည်းလျှောက်ထားနိုင်သည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ (၁)ပုံ၊ မှတ်ပုံတင် မိတ္တူ၊ သန်ခေါင်းစာရင်းမိတ္တူ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (၁၅.၉.၁၂) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အခန်းအမှတ်( G-12) မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Tel: 523911~918

## ဝန်ထမ်းအလိုရှိသည်

INFORMATIONMATRIX မှ ထုတ်ဝေသော မြန်မာပီးပဲလ် မဂ္ဂဇင်းတွင် တာဝန်ထမ်းဆောင်ရန် အရည်အချင်းရှိသော အောက်ဖော်ပြပါ ဝန်ထမ်းများ အမြန်အလိုရှိသည်။

**Marketing Executive Female (2) Posts**

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ပြီး၊ အသက် (၁၉)နှစ်မှ (၂၅)နှစ်အတွင်း ရှိရမည်။
- သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
- ဈေးကွက်ရှာဖွေရေး အတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိပြီး၊ Target ပြည့်မီအောင် လုပ်ဆောင်နိုင်ရမည်။
- ရုပ်ရည်အသင့်အတင့်ရှိရမည်။
- ကွန်ပျူတာ အသုံးပြုနိုင်သူဖြစ်ပြီး၊ အင်္ဂလိပ်စာ ကောင်းမွန်စွာ ပြောဆိုနိုင်ရမည်။
- အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ (၁)ပုံ၊ မှတ်ပုံတင် မိတ္တူ၊ သန်ခေါင်းစာရင်းမိတ္တူ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (၁၅.၉.၁၂) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အခန်းအမှတ်( G-12) မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Tel: 523911~918




ညဏ်ကြွယ်

ရုံးလုပ်ငန်းသုံး

မသိမဖြစ်အခြေခံကွန်ပျူတာပညာ

- Word
- Excel
- Powerpoint

2003, 2007, 2010 တို့ တွဲစပ်ပြောင်းလဲအသုံးပြုနည်း Office Program အား Install ပြု လုပ်ပုံအဆင့်မှစပြီး ရှင်းပြပေးထားတယ်။ Office အခြေခံအသုံးပြုပုံပြုနည်းအပြင် လုပ်ငန်းစဉ်များမှာ ကြုံတွေ့ရ တတ်တဲ့ ပြဿနာများကိုလည်း ဖြေရှင်းပေးထားပါတယ်။




ကွန်ပျူတာစက်ပြင်ဆရာများလက်စွဲ ...

ကွန်ပျူတာမှ ပြဿနာများဖြေရှင်းနည်း

ညဏ်ကြွယ်

Sotfware ကြောင့် ကွန်ပျူတာပျက်ပါက ဆိုင်ပို့မည့်အစား မိမိကိုယ်တိုင် စမ်းသပ်ပြုပြင်နိုင်စေရန်၊ Window Install ပြုလုပ်နည်း၊ Back & Restore ပြုလုပ်နည်း ကွန်ပျူတာ၏ ပြဿနာများ သောင်းခြောက်ထောင်ကို ဖြေရှင်းနည်းများ ပါဝင်သည်။ ကွန်ပျူတာပြဿနာ တစ်ခုခြင်းစီကို စဉ်းစား ဖြေရှင်းရပုံကို လက်တွေ့ရှင်းပြထားတယ်။




လူငယ်အင်တာနက်စတင်အသုံးပြုသူများအတွက်...

**Everyday Internet**

နေ့စဉ်သုံး အင်တာနက် မျိုးသူရ

ebook, Music နှင့် Google earth တွင်ရှာဖွေခြင်း၊ Social Network နှင့် Online Game တို့တွင်ပါဝင်ကစားနည်း၊ Online တွင် သူငယ်ချင်းရှာခြင်းနှင့် Chatroom ရွေးချယ်နည်း၊

Gtalk, VZO, MIRC, VIOP, Youtube, Skype, Pfingo တို့ဖြင့် ဖုန်းခေါ်ခြင်း၊ Video Chat နည်း၊

email အသစ်စဖွင့်နည်း Attachment File တွဲပို့ခြင်း၊ ebook ရှာဖွေစုဆောင်းနည်း။ Video များ download ဆွဲယူနည်း၊ ကိုယ်ပိုင် Music Station ဖန်တီး တည်ဆောက်နည်း၊ online storage အသုံးပြုနည်း၊ Internet forum များအသုံးပြုနည်း စသည်တို့ပါဝင်သည်။

ထွက်ပြီ မျက်မှန်စာပေ – ဖုန်း–၀၉–၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ


C B BANK
20th
Anniversary
နှစ်နှစ်ဆယ်ပြည့် အခါသမယမှာ ကောင်းမွန်သော
ဝန်ဆောင်မှုများ နှင့် အတူ နှုတ်ခွန်းဆက်သလိုက်ပါသည်။
We value what you value most.
သင် တန်ဖိုးအထားဆုံးအရာ ကျွန်တော်တို့အတွက် အဓိကပါ။

# တစ်နိုင်ငံလုံး ရေမြုပ်စပါးကေခြောက်သိန်းကျော်

## နိုင်ငံတော်အရန်ဆန် တန်ချိန်၅,၀၀၀ ပြည်တွင်းဈေးကွက်သို့ ထပ်ရောင်းပေးမည်

**အောင်သူရ၊ ပြည်သိမ်း**
**ရန်ကုန်၊ ဩဂုတ် - ၂၅**

စံချိန်တင် မိုးရွာသွန်းခဲ့သောကြောင့် ဩဂုတ်လ ၁၈ ရက်ထိ စာရင်းအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မိုးစပါးစိုက်ကေခြောက်သိန်းတစ်သောင်းကျော် ရေနစ်မြုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကပြုစုထားသည့် စာရင်းအရသိရသည်။

စပါးခင်းများ ရေကြီးနစ်မြုပ်ခဲ့သောဒေသများမှာ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး၊ တနင်္သာရီ၊ မကွေး တိုင်းဒေသကြီးတို့နှင့် ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်တို့အပါအဝင် နေပြည်တော်ဒေသတို့လည်းပါဝင်သည်ဟုဖော်ပြထားသည်။

“ရေကြီးတာက ဇူလိုင်လကုန်ပိုင်းက စတာဆိုတော့ တစ်လလောက်ရှိနေပြီ။ ဒါကြောင့် ၈၀ ရာခိုင်နှုန်းလောက်ပျက်စီးနိုင်တယ်။ ရှင်တဲ့စပါးတွေလည်း အထွက်လျော့မှာပဲ”ဟု စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းကသုံးသပ်သည်။

ရေကြီးရေနစ်မြုပ်ခဲ့သဖြင့် ပြည်တွင်းဆန်ဈေးမြင့်တက်မည်ကိုထိန်းနိုင်ရန် အရန်ဆန်ကော်မတီက နိုင်ငံတော်အရန်ဆန်မှဆန်တန်ချိန်ငါးထောင်ကိုစက်တင်ဘာလအတွင်းပြည်တွင်းဈေးကွက်သို့ ထပ်မံရောင်းချပေးရန်ရှိကြောင်း သိရသည်။

“ဈေးသိပ်မမြင့်သွားအောင် ဈေးလည်း မကျအောင် ထိန်းဖို့ အခုလို ထုတ်ရောင်းတာပါ” ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌဦးချစ်ခိုင်ကဆိုသည်။

ရေမြုပ်သွားသောလယ်မြေများအားလည်း သက်ဆိုင်ရာတာဝန်ရှိသူများက သွင်းအားစုနှင့် မျိုးစပါးများ ထောက်ပံ့ပေးပါက ပုံမှန်ထက် စပါးပိုထွက်နိုင်ကြောင်းဒေါက်တာထွန်းဝင်းကဆိုသည်။

“ရေကျသွားတဲ့ လယ်မြေတွေမှာ သာမန် လယ်မြေတွေနဲ့ မတူတဲ့ အရမ်းအဖိုးတန်တဲ့ မြေဆီလွှာနုန်းတွေ ပါလာပြီး ကျန်ခဲ့တယ်။ ဒါကြောင့် အထွက်နှုန်းက ၁၀၀အထက်မှာရှိနိုင်တယ်။ လယ်သမားလိုအပ်တာ ပံ့ပိုးလိုက်ရင် ရပြီ”ဟု ၎င်းကဆိုသည်။

လက်ရှိတွင် ရရှိထားသော စာရင်းများအရဧရာဝတီတိုင်းဒေသကြီးတစ်ခုတည်း၌ပင် လယ်ဧကရှစ်သောင်းကျော်ရှိပြီးရေမကျသေးသည့်လယ်များလည်းရှိကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ပြောကြားသည်။ ပဲခူးတိုင်းဒေသကြီးတွင်မူ ဧကတစ်သောင်းကျော်ရှိကြောင်း တိုင်းဒေသကြီးအစိုးရက ထုတ်ပြန်သောစာရင်းအရသိရသည်။

ပျက်စီးသွားသော လယ်မြေများအတွက် နိုင်ငံတော်သမ္မတက မျိုးစပါးတင်းပေါင်း ၈၀,၉၀၀ ကျော်အတွက် ကျပ်ငွေသိန်း ၄,၀၀၀ ကျော် ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကလည်း မျိုးစပါးတင်းသုံးသောင်း ထောက်ပံ့ရန် စီစဉ်ထားသည်။

“မျိုးစပါးကို အလကားပေးမှာတော့ မဟုတ်ဘူး။ တစ်တင်းယူတဲ့လူက စပါးပေါ်ရင် သာမန်စပါးနှစ်တင်း ပြန်ပေးရမယ်”ဟု ဦးချစ်ခိုင်ကပြောသည်။

လယ်မြေများ ရေမြုပ်သွားသောကြောင့် လယ်သမားများမှာ လုပ်အားခများဆုံးရှုံးသွားသည့်အတွက် အလှူရှင်များအနေဖြင့် လုပ်အားခပါ ထောက်ပံ့ပေးစေလိုကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းက အကြံပြုသည်။ အချပ်ပို(D)သို့



**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေမြုပ်လယ်များကို ဩဂုတ် ၂၄ရက်က ရဟတ်ယာဉ်ပေါ်မှမြင်ရစဉ်** ဓာတ်ပုံ-နိုင်ငံတော်သမ္မတရုံး











အမျိုးသားတွေမှာ ဗောက် ပိုဖြစ်တတ်တယ်ဆိုတာ
သိပါသလား ?
Unilever
အေးမြလန်းဆန်းမှုတွေ ပေးစွမ်းမယ့် COOL SPORT MENTHOL တွင်
PRO NUTRIUM 10 ပါဝင်ပြီး ဦးရေပြားအပေါ်ယံက ဗောက်တွေကို
ရှင်းပေးနိုင်ရုံမက ဗောက်လုံးဝပြန်မဖြစ်အောင် ကာကွယ်တားဆီးပေးပါတယ်။
NEW
CLEAR
NOURISHING SCALP CARE
MEN
ANTI-DANDRUFF SHAMPOO
COOL SPORT MENTHOL
INTENSE COOLING FRESHNESS
CLEAR™
MEN
ဗောက်လုံးဝရှင်းသည်
Christiano Ronaldo
FACEBOOK.COM/CLEARMM

အဆင့်မြင့် Luxury condo စစ်စစ် တခုတွင် နေထိုင်ရခြင်းသည်
သင့်ဘဝအတွက် ထပ်မံပိုင်ဆိုင်လာမည့် ဂုဏ်ဒြပ်တစ်ခု

# Royal Yaw Min Gyi
## condominium

Coner of 52 Yaw Min Gyi Road & Bo Yar Nyunt Street, Dagon Township.



FULLY COMPLETED







RAISE YOUR STATUS AND STANDARD
BY LIVING IN OUR LUXURY CONDOMINIUM



**ROOMS YOU CAN CHOOSE**

Ground Floor - 2 | Penthouse - 2 | Typical Units - 5

NAING GROUP
Unique Stable Advanced

**Sales & Marketing Team**

**Yangon** : 76, Bo Yar Nyunt Street, Dagon Township.
Ph : 01 - 255766, 251951.
09 - 5112139, 49346390, 73066635, 73206698.
Fax : 951 - 373800.

**HOT LINE :**
09 73187850
09 43202967
09 43202968